# ဗုဒ္ဓသာသနာ သမိုင်း



၃၀၉
ဒစ

## အရှင်အာဒိစ္စဝံသ

တောင်ပေါ်ကျောင်း၊ ဆားလင်းကြီးမြို့

# ဗုဒ္ဓသာသနာသမိုင်း

အရှင်အာဒိစ္စဝံသ
**သာသနဓဇသိရီပဝရဓမ္မာစရိယ**
ရေးသားပြုစုသည်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၅ ခုနှစ်၊ ပထမ အကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး ၉၅၀ ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အဓရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဗုဒ္ဓသာသနာသမိုင်း နိဒါန်း

## ကြုံတောင့်ကြုံခဲ ရာပြည့်ပွဲ

မိမိသည် ရင်းနှီးလှသော သာသနဲ့ရဲဘော် ကလျာဏမိတ္တများနှင့်အတူ မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာ၊ ကန်သာရွာ၊ ကျွန်းခုံသာရွာတို့ အလယ်ဗဟို၌ တည်ရှိသော 'ကန်တောရ'ကျောင်းတိုက်ကြီး၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပူဇော်ပွဲသို့ ရောက်ရှိနေသည်။ ယင်းကန်တောရကျောင်းတိုက်ကြီးကား သမိုင်းမှတ်တမ်းတင်လောက်အောင် ကြီးကျယ်ခမ်းနားလှသည်။ ကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူခဲ့သော ဆရာတော်ကြီး (၂) ပါးတို့၏ ပရိယတ်၊ ပဋိပတ်သာသနာပြုစွမ်းရည်ကား အံ့မခန်းဖွယ် ဆန်းကြယ်ပြောင်မြောက်လှပေသည်။ ရာပြည့်ပူဇော်ပွဲသို့ ကြွရောက်လာကြသော ဆရာတော်များကလည်း စုန္ဒသမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့်တကွ စာချအကျော် ဆရာတော်များ၊ နိုင်ငံကျော်ဓမ္မကထိကများ၊ ကျမ်းပြုပုဂ္ဂိုလ်များ စသည်ဖြင့် စုံလင်လှပါသည်။ ဤပွဲ၌ ဆားလင်းကြီးမြို့တောင်ပေါ်ကျောင်းဆရာတော် ဦးအာဒိစ္စဝံသကိုလည်းတွေ့ရာ ဆရာတော်က သူရေးသားစီရင်ထားသော "ဗုဒ္ဓသာသနာသမိုင်း" စာမူကို မိမိအား ပြသကာ တိုတိုတုတ်တုတ် နိဒါန်းတစ်ပုဒ်ရေးသားပေးရန် အမိန့်ရှိပါသည်။ မိမိကား စာရေးသွက်သူမဟုတ်၍ မိမိကျောင်းသို့ရောက်မှ ရေးပေးပါမည်ဟု လျှောက်သော်လည်း ဆရာတော်က အချိန်မရတော့ပါ၊ ယခုပဲရေးပေးပါဟု အမိန့်ရှိသဖြင့် မိမိဉာဏ်တွင် ထင်မြင်သမျှ ရေးသားရပါသည်။

**ဗုဒ္ဓသာသနာသမိုင်း။** ဗုဒ္ဓမြတ်စွာ သာသနာ၏ အဖြစ်သနစ်၊ အကြောင်းအရာတို့ကို မှတ်တမ်းတင်ထားသည့် ဗုဒ္ဓသာသနာဝင်ကျမ်းကိုပင် ဗုဒ္ဓသာသနာသမိုင်းဟု ခေါ်ပါသည်။ ဗုဒ္ဓသာသနာသမိုင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓဝံသပါဠိတော်နှင့်တကွ ဒီပဝံသ၊ မဟာဝံသစသော သာသနာဝင်ကျမ်းအစောင်စောင်တို့က ရှုထောင့်စုံမှ အမျိုးမျိုး မှတ်တမ်းတင်ကာ ဖော်ပြခဲ့ကြပါသည်။ သို့ရာတွင် ဗုဒ္ဓသာသနာသမိုင်းကား ပြည့်ဝစုံလင်ပြီဟု မဆိုနိုင်သေးပါ။ ဗုဒ္ဓမြတ်စွာလက်ထက်တော်မှစ၍ တတိယသင်္ဂါယနာခေတ်တိုင်အောင် သာသနာဝင်ကို အရှင်ဥပါလိမှစ၍ အရှင်မောဂ္ဂလိပုတ္တတိဿတိုင်အောင် ပရိဝါပါဠိတော်နှင့် ပါရာဇိကကဏ္ဍ အဋ္ဌကထာတို့က တစ်မျိုးတစ်စားတည်း ဖော်ပြထားကြပါသည်။ တတိယသင်္ဂါယနာမှစ၍ ယခုမျက်မှောက်ခေတ်တိုင်အောင် သာသနာဝင်ကို သီရိလင်္ကာနိုင်ငံ (သီဟိုဠ်ကျွန်း)သား မထေရ်မြတ်တို့က အရှင်မဟိန္ဒမထေရ်မှစ၍ မျက်မှောက်ခေတ်မထေရ်များ

တိုင်အောင် ရေးသားဖော်ပြကြပါသည်။ မြန်မာနိုင်ငံဖွား မထေရ်မြတ်တို့အား သုဝဏ္ဏဘူမိ သထုံပြည် အရှင်သောဏ၊ အရှင်ဥတ္တရမထေရ်တို့မှစ၍ သထုံသာသနာဝင်၊ ပုဂံသာသနာဝင်၊ ကူးခန်းကြီးသာသနာဝင်၊ ပင်းယ-အင်းဝသာသနာဝင်၊ ကုန်းဘောင်သာသနာဝင်တို့နှင့်တကွ မျက်မှောက်ခေတ်အထိ ရေးသားဖော်ပြထားကြပါသည်။ ယောနကတိုင်း သာသနာဝင်ကို အရှင်မဟာရက္ခိတမထေရ်မှ အစပြုကာ ဖော်ပြရမည်ဖြစ်၍ အပရန္တတိုင်း သာသနာဝင်ကို ယောနကဓမ္မရက္ခိတမထေရ်မှအစပြုကာ ဖော်ပြရမည်ဖြစ်ပါသည်။ ဤသို့လျှင် ကိုးတိုင်းကိုးဌာန သာသနာဝင်သည် (၉) မျိုးအထိ ရှိရပါမည်။

**အရှင်မဟာကဿပသာသနာဝင်။** ။ ဗုဒ္ဓမြတ်စွာလက်ထက်တော်မှစ၍ တတိယသင်္ဂါယနာခေတ်တိုင်အောင် သာသနာဝင်ကို အရှင်ဥပါလိ၊ အရှင်ဒါသက၊ အရှင်သောဏက၊ အရှင်သိဂ္ဂဝ၊ အရှင်မောဂ္ဂလိပုတ္တတိဿဟူ၍ အရှင်ဥပါလိ၏ဆရာ၊ တပည့် အစဉ်အဆက် (၅) ဆက်ကိုသာ ပရိဝါပါဠိတော်နှင့် ပါရာဇိကကဏ္ဍ အဋ္ဌကထာတို့၌ ဖော်ပြထားပါသည်။ အခြားသောဇေတဒဂ်ဘွဲ့တော်ရ မဟာသာဝကမထေရ်များ၏ ဆရာ၊ တပည့်အစဉ်အဆက် သာသနာဝင်သည်လည်း ရှိရမည်သာဖြစ်ပါသည်။ အဆိုပါ သာသနာဝင်ကိုလည်း မှတ်တမ်းတင်ကာထားသင့်ပါသည်။ ဣတိဝုတ်ပါဠိတော် သီလသမ္ပန္နသုတ်၌ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံကြသော မထေရ်မြတ်တို့ကို အတုလိုက်၍ ရဟန်းပြုခြင်း (အနုပဗ္ဗဇ္ဇာ) ၏ အလွန်ကျေးဇူးများခြင်းကို ဘုရားရှင်ဟောတော်မူပါသည်။ ယင်းကို ဖွင့်ပြသော ဣတိဝုတ်အဋ္ဌကထာ၌ မဟာသာဝက အရှင်မဟာကဿပမထေရ်မြတ်ကြီးကို အတုလိုက်ကာ ရဟန်းပြုကြသော မထေရ်မြတ်တို့၏ ဆရာ၊ တပည့် အစဉ်အဆက် သာသနာဝင်ကို ထူးထူးခြားခြား ဖော်ပြထားသည်ကို တွေ့ရပါသည်။ အရှင်မဟာကဿပမထေရ်မြတ်ကို အတုလိုက်ကာ ရဟန်းပြုသော ရဟန်းတော်တစ်သိန်း၊ ၎င်းတပည့် အရှင်စန္ဒဂုတ္တ၊ ၎င်းတပည့် အရှင်သူရိယဂုတ္တ၊ ၎င်းတပည့် အရှင်အဿဂုတ္တ၊ ၎င်းတပည့် အရှင်ယောနကဓမ္မရက္ခိတတို့ကို အတုလိုက်ကာ ရဟန်းပြုသော ရဟန်းတော်ပေါင်းတစ်သိန်းစီ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါသည်။ ဤသို့လျှင် အရှင်မဟာကဿပမထေရ်မြတ်မှစ၍ တတိယသင်္ဂါယနာခေတ်တိုင်အောင် သာသနာဝင် အစဉ်အဆက်တစ်ခုမှတ်တမ်းတင်ပြီး ဖြစ်ပါသည်။ ဤအတူပင် အရှင်အာနန္ဒာမထေရ်မြတ်ကို အစပြု၍ ဖြစ်ထွန်းခဲ့သော သာသနာဝင်သည်လည်း ရှိရမည်သာ ဖြစ်ပါသည်။

## ဗုဒ္ဓသာသနာသမိုင်း

**အရှင်အာဒိစ္စဝံသ၏ ဗုဒ္ဓသာသနာသမိုင်း။** ။ ပြဆိုခဲ့ပြီးသည့်အတိုင်း အရှင်မဟာကဿပမှအစပြုသော သာသနာဝင် အစဉ်အဆက်တစ်ခုကို ဣတိဝုတ်ပါဠိတော် သီလသမ္ပန္နသုတ် အဋ္ဌကထာ၌ တွေ့ရှိရသဖြင့် နှစ်ထောင်းအားရ ဖြစ်ရပါသည်။ ဤအတူပင် ဆားလင်းကြီးမြို့ တော်ပေါ်ကျောင်းဆရာတော် အရှင်အာဒိစ္စဝံသ၏ ဗုဒ္ဓသာသနာသမိုင်း (စာမူကို) ကို အနည်းငယ်ဖတ်ရှုကာ နိဒါန်းရေးခွင့်ရရှိသဖြင့် အလွန်အမင်း ဝမ်းမြောက်ခြင်းဖြစ်ရပါသည်။ အဆိုပါ ဗုဒ္ဓသာသနာသမိုင်း၌ အကြောင်းအရာ၊ မာတိကာ၊ ပုဒ်ပေါင်း (၁၄၄) ခုရှိ၍ ကျမ်းပမာဏ မကြီးလှသော်လည်း အကြောင်းအရာစုံလင်ကြောင်း တွေ့ရပါသည်။ သုဝဏ္ဏဘူမိ သထုံပြည်နှင့်စပ်လျဉ်း၍ ခေတ်ဟောင်းအမြင်၊ ခေတ်သစ်အမြင်တို့ကို ဖော်ပြပြီးလျှင် ဖြစ်သင့်သော အယူအဆကိုလည်း တင်ပြထားပါသည်။ မြန်မာပြည် သာသနာဝင်တွင် မင်းဆက် (၈) ဆက်ကြာအောင် ကွဲပြားခဲ့သော အတင်ဂိုဏ်း၊ အရုံဂိုဏ်း တို့နှင့်စပ်သည့် သိမှတ်ဖွယ်ရာများကို မထုတ်ဖော်ဖူးသေးသော ပေမူအထောက်အထားဖြင့် ထူးထူးခြားခြား ထုတ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

**အာသီသ။** ။ ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာ၏ အဖြစ်သနစ်၊ အကြောင်းအရာတို့ကို ထုတ်ဖော်တင်ပြသော ဗုဒ္ဓသာသနာသမိုင်းကျမ်းတို့တွင် ထူးခြားပြောင်မြောက်သော သမိုင်းကျမ်းတစ်စောင် ထွက်ပေါ်လာသဖြင့် အလွန်ပင်ဝမ်းမြောက်ရပါသည်။ စာရှုသူ သုတေသီပုဂ္ဂိုလ်တို့သည် ဤဗုဒ္ဓသာသနသမိုင်းကျမ်း၏ ထူးခြားသောအမြင်၊ သစ်လွင်သော အဆိုအမိန့်တို့ကို လေ့လာသုံးသပ် အထပ်ထပ်ဆင်ခြင်တော်မူကြပြီး တိုးတက်သော သမိုင်းအမြင်ဖြင့် သန့်စင်သော အနာဂတ်သာသနာဝင်ကို ပြုပြင်ဖန်တီးနိုင်ကြပါစေဟု အာသီသပြုရပါသတည်း။

အရှင်အဂ္ဂညာနာဘိဝံသ<br>
စည်ရှင်နာယကဆရာတော်<br>
မဟာဝိသုဒ္ဓါရုံတိုက်သစ်<br>
မဟာအောင်မြေ၊ မန္တလေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဗုဒ္ဓသာသနာသမိုင်းနိဒါန်း | |
| ၁ | သမိုင်းအမှာ | က |
| ၂ | ကျေးဇူးစကား | ခ |
| ၃ | ပဏာမနှင့် ပဋိညာဉ် | ဂ |
| ၄ | ဗုဒ္ဓသာသနာသမိုင်း | ၁ |
| ၅ | သုမေဓာ ရသေ့ဘဝ | ၂ |
| ၆ | ဗုဒ္ဓကောလာဟလ | ၃ |
| ၇ | ပဋိသန္ဓေ ယူတော်မူခြင်း | ၄ |
| ၈ | ဘုရားလောင်း ဖွားတော်မူခြင်း | ၄ |
| ၉ | ထီးနန်းစည်းစိမ် စံစားတော်မူခြင်း | ၅ |
| ၁၀ | တောထွက်တော်မူချိန် ဘုရားလောင်းဘဝ | ၆ |
| ၁၁ | ဘုရားဖြစ်တော်မူခြင်း | ၆ |
| ၁၂ | ဘုရားဖြစ်တော်မူချိန် | ၆ |
| ၁၃ | ကလိယုဂ်ဆန်းချိန် အခြေအနေ | ၇ |
| ၁၄ | ဘုရားပွင့်တော်မူချိန် ကလိယုဂ်နှစ် | ၇ |
| ၁၅ | သတ္တသတ္တာဟ စံတော်မူခြင်း | ၈ |
| ၁၆ | သရဏဂုံအစ မြန်မာက | ၁၀ |
| ၁၇ | တရားမဟောရန် စိတ်အကြံ | ၁၀ |
| ၁၈ | ပဉ္စဝဂ္ဂီငါးဦး တရားဦးဟောရန်ကြံ | ၁၀ |
| ၁၉ | ဝါဆိုစဉ် | ၁၂ |
| ၂၀ | မုံရွေးဇေတဝန်ဆရာတော်၏ ဆုံးဖြတ်ချက် | ၁၃ |
| ၂၁ | ပရိနိဗ္ဗာန် စံတော်မူ | ၁၄ |
| ၂၂ | တေဇောဓာတ် မလောင် | ၁၄ |
| ၂၃ | သာသနာ ဖျက်မည့်သူ | ၁၅ |
| ၂၄ | အရှင်မဟာကဿပ၏ စိတ်အကြံ | ၁၅ |
| ၂၅ | ဆပ်၍မကုန် ကျေးဇူးဂုဏ် | ၁၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆ | သုဘဒ္ဒရဟန်းကြီး၏ ရန်ငြိုး | ၁၇ |
| ၂၇ | နှင်ထုတ်နိုင်သော်လည်း | ၁၈ |
| ၂၈ | ၂၁ ရက် ပူဇော်ပွဲ | ၁၈ |
| ၂၉ | အရှင်မဟာကဿပ မိန့်ခွန်းတော် | ၁၉ |
| ၃၀ | သံယာရွေးချယ်ခြင်း | ၂၀ |
| ၃၁ | အရှင်မဟာကဿပ ရာဇဂြိုဟ်သို့ကြွ | ၂၁ |
| ၃၂ | ရာဇဂြိုဟ်ပြည်မှာ စုညီစွာ | ၂၁ |
| ၃၃ | နန်းတော်သို့ကြွ | ၂၂ |
| ၃၄ | အဇာတသတ်မင်း၏ ရဲတင်းသောလျှောက်ထားချက် | ၂၂ |
| ၃၅ | သင်္ဂါယနာတင် ဓမ္မသဘင် | ၂၃ |
| ၃၆ | ပထမသင်္ဂါယနာတင် အန်ချင်း | ၂၄ |
| ၃၇ | ကောဇာသက္ကရာဇ်နှင့် သာသနာနှစ် | ၂၅ |
| ၃၈ | အာဂုံဆောင်ရွက် အဆက်ဆက် | ၂၅ |
| ၃၉ | အုံ့ချီးမကုန် စိစဉ်ပုံ | ၂၆ |
| ၄၀ | သင်္ဂါယနာတင် ဆရာစဉ် | ၂၆ |
| ၄၁ | အရှင်ဒါသကထေရ်ဘဝ | ၂၇ |
| ၄၂ | အရှင်သောဏကထေရ် | ၂၈ |
| ၄၃ | အရှင်သိဂ္ဂဝနှင့် အရှင်စန္ဒဝဇ္ဇီ | ၂၉ |
| ၄၄ | ပွင့်လင်းရောင်ဝါ သာသနာ | ၃၀ |
| ၄၅ | ဒုတိယသင်္ဂါယနာတင် | ၃၀ |
| ၄၆ | သံယာတော်များ လျှောက်ထားစေ | ၃၄ |
| ၄၇ | အရှင်သဗ္ဗကာမိထေရ်ထံသို့ | ၃၅ |
| ၄၈ | ဒုတိယသင်္ဂါယနာတင်ချိန် | ၃၆ |
| ၄၉ | ဒုတိယသင်္ဂါယနာတင် အန်ချင်း | ၃၆ |
| ၅၀ | စင်ပြိုင်သင်္ဂါယနာ | ၃၇ |
| ၅၁ | ထေရဝါဒဂိုဏ်း | ၃၇ |
| ၅၂ | မဟာသင်္ဂီတိဂိုဏ်းခွဲများ | ၃၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃ | ထေရဝါဒဂိုဏ်းကွဲများ | ၃၈ |
| ၅၄ | အနာဂတ် သာသနာရေး ရှုမျှော်တွေး | ၃၉ |
| ၅၅ | ဘယ်သူ စွမ်းနိုင်သလဲ | ၄၀ |
| ၅၆ | သင်တို့ တာဝန် | ၄၀ |
| ၅၇ | အတုယူဖွယ် ကြည်ညိုဖွယ် | ၄၁ |
| ၅၈ | ခုနစ်နှစ်တိုင် ဆွမ်းခံကြွ | ၄၁ |
| ၅၉ | ဓမ္မာသောကမင်း နန်းတက်ခြင်း | ၄၆ |
| ၆၀ | နိဂြောဓ သာမဏေ | ၄၇ |
| ၆၁ | စေတီနှင့်ကျောင်း ရှစ်သောင်းလေးထောင် | ၄၉ |
| ၆၂ | ကျောင်းပူဇော်ပွဲ မြို့ထဲကြေညာ | ၅၀ |
| ၆၃ | ကျောင်းပေါင်းစုံလင် အကုန်မြင် | ၅၁ |
| ၆၄ | သာသနာ့ဆွေမျိုး (သာသနာ့အမွေခံ) မဖြစ်သေး | ၅၂ |
| ၆၅ | တိတ္ထိများ သာသနာတော်တွင်း ဝင်လာခြင်း | ၅၄ |
| ၆၆ | အမတ်တစ်ယောက်ကို စေလွှတ် | ၅၅ |
| ၆၇ | နှလုံးနှစ်ခွ သံသယ | ၅၆ |
| ၆၈ | မင်းခေါ်၍မကြွ | ၅၇ |
| ၆၉ | အသောကဘုရင် အိပ်မက်မြင် | ၅၈ |
| ၇၀ | ဥယျာဉ်တော်သို့ ပင့်ဆောင် | ၅၉ |
| ၇၁ | အယူကို စိစစ်ခြင်း | ၆၁ |
| ၇၂ | တတိယသင်္ဂါယနာ တင်ခြင်း | ၆၂ |
| ၇၃ | တတိယသင်္ဂါယနာတင် အနှစ်ချုပ် | ၆၃ |
| ၇၄ | တတိယသင်္ဂါယနာတင် ဆရာစဉ် | ၆၃ |
| ၇၅ | ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ် | ၆၄ |
| ၇၆ | သီရိလင်္ကာ သာသနာ | ၆၄ |
| ၇၇ | ဘာကြောင့် နောက်ကျရသနည်း | ၆၅ |
| ၇၈ | သီရိလင်္ကာသို့ ကြွ | ၆၅ |
| ၇၉ | မိဿကတောင်၌ ဝါကပ် | ၆၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈၀ | သာသနာအမြစ် မဆင်းသေး | ၆၆ |
| ၈၁ | ဝဋ္ဋဂါမဏိမင်း နန်းတက်ခြင်း | ၆၈ |
| ၈၂ | ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူပါ | ၆၈ |
| ၈၃ | အသက်နှင့်လဲ၍ သာသနာစောင့်ရှောက် | ၆၉ |
| ၈၄ | နှစ်မူမကွဲ တစ်မူတည်း | ၆၉ |
| ၈၅ | စတုတ္ထ သင်္ဂါယနာတင် | ၇၀ |
| ၈၆ | စတုတ္ထ သင်္ဂါယနာတင် အန်ချင်း | ၇၀ |
| ၈၇ | သီဟိုဠ်ကျွန်း သံဃာဂိုဏ်းကွဲခြင်း | ၇၁ |
| ၈၈ | ဇေတဝန ဝါသီဂိုဏ်း | ၇၂ |
| ၈၉ | သာသနာ့စာပေ တည်ရာမြေ | ၇၃ |
| ၉၀ | မြန်မာနိုင်ငံသို့ သာသနာဆင်းသက်ခြင်း | ၇၄ |
| ၉၁ | ပထမဦးစွာ သာသနာရောက်ခြင်း | ၇၄ |
| ၉၂ | အရှင်ဂဝံပတိထေရ် | ၇၄ |
| ၉၃ | အရှင်ဂဝံပတိထေရ် သာသနာပြု | ၇၅ |
| ၉၄ | တတိယသာသနာ ရောက်ခြင်း | ၇၆ |
| ၉၅ | သုဝဏ္ဏဘူမိသို့ ကြွ | ၇၇ |
| ၉၆ | မနုသီဟရုပ် | ၇၉ |
| ၉၇ | သထုံသာသနာ ဆရာစဉ် | ၈၀ |
| ၉၈ | သုဝဏ္ဏဘူမိ အယူအဆ | ၈၂ |
| ၉၉ | သုဝဏ္ဏဘူမိ သထုံမဟုတ်ခဲ့လျှင် | ၈၂ |
| ၁၀၀ | ဆရာကြီးဦးဆန်းထွန်း၏ အဆို | ၈၂ |
| ၁၀၁ | အပရန္တတိုင်း သာသနာပြု | ၈၄ |
| ၁၀၂ | ယောနကတိုင်း သာသနာပြု | ၈၅ |
| ၁၀၃ | ပုဂံ သာသနာ | ၈၆ |
| ၁၀၄ | မင်းပေါင်း ၃၆ ဆက် | ၈၇ |
| ၁၀၅ | အရှင်အရဟံ ပုဂံသို့ကြွ | ၈၈ |
| ၁၀၆ | အနော်ရထာမင်းနှင့် တွေ့ဆုံခြင်း | ၈၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၇ | ပရိယတ်ရှိမှ သာသနာတော်တည် | ၉၀ |
| ၁၀၈ | ပိဋကတ်တော် အစုံ ၃၀ | ၉၁ |
| ၁၀၉ | အရှင်အရဟံ ပရိနိဗ္ဗာန်စံ | ၉၁ |
| ၁၁၀ | သာသနာနှင့် ပုဂံပြည် | ၉၂ |
| ၁၁၁ | ပုဂံ ပရိယတ္တိသာသနာ | ၉၂ |
| ၁၁၂ | အမျိုးသမီးများပင် စာပေသင် | ၉၃ |
| ၁၁၃ | ပုဂံပြည်တွင် ဆရာစဉ် | ၉၄ |
| ၁၁၄ | အရှင်ဥတ္တရာဇီဝ သီဟိုဠ်ကြွ | ၉၄ |
| ၁၁၅ | အရှင်ဆပဒ ပုဂံပြန်ကြွ | ၉၅ |
| ၁၁၆ | ပုဂံ၌ ဂိုဏ်းလေးဂိုဏ်းကွဲ | ၉၆ |
| ၁၁၇ | ဆပဒထေရ် ပျံလွန်ခြင်း | ၉၇ |
| ၁၁၈ | ပုရိမသံဃာ ပစ္ဆိမသံဃာ | ၉၉ |
| ၁၁၉ | ပုဂံခေတ်ရေး ကျမ်းစာများ | ၉၉ |
| ၁၂၀ | သရေခေတ္တရာ သာသနာ | ၁၀၀ |
| ၁၂၁ | အရှင်သဒ္ဓမ္မဇ္ဈောတိထေရ် | ၁၀၁ |
| ၁၂၂ | အရှင်အတုလဝံသ | ၁၀၁ |
| ၁၂၃ | အရှင်သဒ္ဓမ္မပါလ | ၁၀၂ |
| ၁၂၄ | မဟာသဒ္ဓမ္မသာမိထေရ် | ၁၀၂ |
| ၁၂၅ | ရာမညတိုင်း သာသနာ | ၁၀၃ |
| ၁၂၆ | သာသနာအတွက် စဉ်းစားချက် | ၁၀၄ |
| ၁၂၇ | ကလျာဏီမြစ်၌ ရဟန်းခံ | ၁၀၆ |
| ၁၂၈ | ကလျာဏီ ကျောက်စာ | ၁၀၆ |
| ၁၂၉ | ပင်းယ သာသနာ | ၁၀၇ |
| ၁၃၀ | စကား ခုနစ်ကျောင်း | ၁၀၇ |
| ၁၃၁ | အင်းဝ သာသနာ | ၁၀၉ |
| ၁၃၂ | အတင်ဂိုဏ်း၊ အရုံဂိုဏ်း ကွဲပြားခြင်း | ၁၀၉ |
| ၁၃၃ | အတင် အရုံ ပထမပြောခြင်း | ၁၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၄ | အတင် အရှုံ ဒုတိယပြောဆိုခြင်း | ၁၁၁ |
| ၁၃၅ | ကုန်းဘောင်ခေတ် | ၁၁၂ |
| ၁၃၆ | နောင်တော်ကြီးမင်း လက်ထက် | ၁၁၂ |
| ၁၃၇ | စဉ့်ကူးမင်း နန်းတက်ခြင်း | ၁၁၃ |
| ၁၃၈ | ဘိုးတော်ဗဒုံမင်း နန်းတက်ခြင်း | ၁၁၅ |
| ၁၃၉ | မဟာဓမ္မသင်္ကြန်နှင့် နံမော်ဆရာတော် | ၁၁၅ |
| ၁၄၀ | တိစီဝရိက အာစရိယဝံသ | ၁၁၇ |
| ၁၄၁ | တောဝင် စာချ | ၁၁၈ |
| ၁၄၂ | သာသနာရေး ဆောင်ရွက်ချက်များ | ၁၁၉ |
| ၁၄၃ | ဆုံထားဆရာတော် မေတ္တာစာသွင်းခြင်း | ၁၂၀ |
| ၁၄၄ | အမရပူရနှင့် သီဟိုဠ် ဆက်ဆံရေး | ၁၂၃ |
| ၁၄၅ | မုခါရုဠ ပဌမသင်္ဂါယနာ | ၁၂၅ |
| ၁၄၆ | ပဌမသင်္ဂါယနာတင် အန်ချင်း | ၁၂၅ |
| ၁၄၇ | ဆဋ္ဌသင်္ဂါယနာ | ၁၂၆ |
| - | ကိုးကားမှီငြမ်းပြုသော ကျမ်းများ | ၁၂၉ |

# သမိုင်းအမှာ

ဗုဒ္ဓသာသနာသမိုင်းသည် သက်တမ်းအားဖြင့် ၂၅၄၇ ခုနှစ် ရှိခဲ့လေပြီ။ ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူချိန်မှစ၍ ရေတွက်လျှင် ၂၅၉၂ နှစ်သို့ ရောက်ခဲ့ရာ ရှည်လျားသော သမိုင်းခရီးကို လျှောက်ခဲ့ရလေပြီ။ သမိုင်းခရီးရှည်သဖြင့် အတက်၊ အဆင်း၊ အနိမ့်၊ အမြင့် ခရီးတို့နှင့်လည်း ကြုံခဲ့ရလေသည်။

ဤဗုဒ္ဓသာသနာသမိုင်းကို ရေးသားရာ၌ သာသနာတော်ကို တည်ထောင်တော်မူခဲ့သော မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။ ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ရေးသားရာ၌ ဆရာများ အယူအဆမှားခဲ့သော ကလိယုဂ်နှစ်နှင့် ဓမ္မပဒ အဋ္ဌကထာတွင် သာဝတ္ထိပြည်၌ ၂၅ ဝါ ဝါဆိုသည်ဟု ရေးသားထားရာ ၂၅ ဝါမဟုတ် ၂၄ နှစ်သာ ဖြစ်ကြောင်း မုံရွေးဇေတဝန်ဆရာတော်၊ မန်လည်ဆရာတော်တို့၏ အဆုံးအဖြတ်ကို ရေးသားထားပါသည်။ မြန်မာနိုင်ငံသို့ သာသနာတော် စတင်ရောက်ပုံကိုလည်း သာသနာဝင်ကျမ်းများအဆို အမိန့်များဖြင့် ရေးသားထားပါသည်။

တတိယသင်္ဂါယနာတင်ပြီး ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ရာတွင် အရှင်သောဏ၊ အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိ (သထုံ)သို့ ရောက်ကြောင်း မြန်မာသာသနာဝင်ကျမ်းများက အတည်ပြုထားသည်။ နောက်သမိုင်းဆရာတို့က မြန်မာနိုင်ငံ သထုံသည် သုဝဏ္ဏဘူမိ မဟုတ် ဆိုထားသည်။ သထုံသည် သုဝဏ္ဏဘူမိ ဖြစ်နိုင်ကြောင်း အယူအဆတစ်ရပ်ကို တင်ပြထားပါသည်။ သထုံ၊ ပုဂံ၊ သရေခေတ္တရာ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက် သာသနာသမိုင်းများကိုလည်း ရေးသားထားပါသည်။ ကျယ်ဝန်းမည်စိုး၍ အားပါးတရမရေးနိုင်ခဲ့ပေ။

မြန်မာနိုင်ငံသာသနာဝင်တွင် ခေတ်နှစ်ခေတ်၊ မင်းဆက် ရှစ်ဆက် အထိ ကြာမြင့်ခဲ့သော အတင်ဂိုဏ်း၊ အရုံဂိုဏ်း ကွဲပြားပုံကိုလည်း သာသနာဝင်ကျမ်းများတွင် မရေးသားဖူးသေးသော ပေမူအထောက်အထားဖြင့် ရှာဖွေရေးသားထားပါသည်။ ထို့အတူ သာသနာဝင်များတွင် မဖော်ပြဖူးသေးသော ဘိုးတော်မင်းတရားထံ တင်သွင်းသော ဆုံထားဆရာတော်၏ မေတ္တာစာကိုလည်း ဖော်ပြထားပါသည်။

ကုန်းဘောင်ခေတ်နှောင်း မန္တလေးခေတ်၊ မင်းတုန်းမင်းကြီး၏ ပဥ္စမသင်္ဂါယနာတင်သမိုင်းနှင့် ဆဋ္ဌသင်္ဂါယနာတင်သမိုင်းတို့ကို စာမျက်နှာငဲ့၍ အကျဉ်းမျှ ရေးသားပြီး နိဂုံးချုပ်ထားပါသည်။

## ကျေးဇူးစကား

ဗုဒ္ဓသာသနာသမိုင်းကို ရိုက်နှိပ်ဖြန့်ချိ ထုတ်ဝေပေးသော ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ရုံးချုပ်) အားလည်းကောင်း၊ ဗုဒ္ဓသာသနာသမိုင်း နိဒါန်းကို ရေးသားချီးမြှင့်သော ဆရာတော် အရှင်အဂ္ဂဉာနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)အားလည်းကောင်း၊ စာရေးသူရေးသားပြီးသော လက်ရေးမူများကို လက်နှိပ်စက် စာမူဖြစ်အောင် စေတနာထက်သန်စွာဖြင့် ရိုက်နှိပ်ပေးကြသော ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အထက်တန်းစာရေးကြီး ဦးအောင်ကြည်နှင့် ဆားလင်းကြီးမြို့၊ အခွန်ဦးစီးဌာနမှ ဦးကျော်သောင်းတို့အား အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်အာဒိစ္စဝံသ
တောင်ပေါ်ကျောင်း
ဆားလင်းကြီးမြို့

၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်
(၁၀ - ၉ - ၂၀၀၃)

## ပဏာမနှင့် ပဋိညာဉ်

လူနတ်ပြဟ္မာ၊ သတ္တဝါကို
ချမ်းသာတိုးပွား၊ အကျိုးများဖို့
သနားငဲ့ညှာ၊ သာသနာကို
ကောင်းစွာတည်ထား၊ မြတ်ဘုရားနှင့်
တရားသံဃာ၊ အရိယာကို
သဒ္ဒါမြတ်နိုး၊ လက်စုံမိုး၍
ရှိခိုးပြီးကာ၊ သာသနာ၏
ဖြစ်ရာကုန်စင်၊ သမိုင်းစဉ်ကို
စုံလင်သေချာ၊ ရေးသားပါအံ့
ပညာလိုလား၊ အမျိုးသားတို့
ကြိုးစားကြည့်ရှု နိုင်စေသောဝ်။

# ဗုဒ္ဓသာသနာသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သာသနာဟူသော ဝေါဟာရသည် မြန်မာစကား၊ မြန်မာဝေါဟာရအစစ်မဟုတ်ပေ။ 'သာသန' ဟူသော ပါဠိကို ပါဠိသက် ဝေါဟာရအနေဖြင့် 'သာသနာ' ဟု ပြန်ဆိုထားခြင်းဖြစ်သည်။ သာသနာဟူသော ဝေါဟာရသည် မြန်မာ့ဝေါဟာရအသွင်ကိုပင် ဆောင်လျက်ရှိပေပြီ။ သာသနာဟုဆိုလျှင် မြန်မာတို့နားဝယ် ဘုရားသာသနာ (ဗုဒ္ဓသာသနာ)ဟု နားလည်ထားသည်။ ယခုအခါတွင် 'သာသနာ' ဟူသော ဝေါဟာရကို အခြားဘာသာများကလည်း သူတို့ဘာသာနှင့်တွဲဖက်၍ အသုံးပြုနေကြသည်။ ဤ 'သာသနာ့သမိုင်း' ကား ဗုဒ္ဓသာသနာ့သမိုင်းဖြစ်သည်။ ဗုဒ္ဓသာသနာ့သမိုင်းဖြစ်ရာ သာသနာတော်ကို တည်ထောင်တော်မူသော မြတ်ဗုဒ္ဓ၏အကြောင်း အတ္ထုပ္ပတ္တိ (ဗုဒ္ဓဝင်)ကို ဖော်ပြမှသာ အခြားသာသနာ့သမိုင်းများနှင့် မသက်ဆိုင်ကြောင်း ထင်ရှားပေမည်။ ဗုဒ္ဓဝင်ကျမ်းများကား များလှပါသည်။ ပါဠိမြန်မာနှစ်ဘာသာဖြင့် ရေးသားပြုစုထားသော ဗုဒ္ဓဝင်ကျမ်းများရှိနေပေပြီ။ ပါဠိဘာသာရေး ဗုဒ္ဓဝင်ကျမ်းများမှာ -

၁။ ဗုဒ္ဓဝင်ပါဠိတော်

၂။ ဗုဒ္ဓဝင်အဋ္ဌကထာ

၃။ ဇာတတ္တကီ

၄။ သောတတ္တကီ

၅။ ဇိနာလင်္ကာရဋီကာ

၆။ ဇိနစရိတ

၇။ တထာဂတုပ္ပတ္တိ

၈။ မဟာအဘိဋ္ဌာန်ဗုဒ္ဓဝင် ဟု (၈) ကျမ်းရှိသည်။

မြန်မာဘာသာရေး ဗုဒ္ဓဝင်ကျမ်းများမှာလည်း -

၁။ တထာဂတ ဥဒါနဒီပနီကျမ်း

၂။ မာလာလင်္ကာရကျမ်း

၃။ ဇိနတ္ထပကာသနီကျမ်း

၄။ ဇမ္ဗူမိတ်ဆွေ မဟာဗုဒ္ဓဝင်

၅။ ပထမငါးခုန်ဆရာတော် မဟာဗုဒ္ဓဝင်ဝတ္ထု

၆။ ၇ နေ့ ဗုဒ္ဓဝင်ဘုရားရှိခိုး

၇။ သုမေဓာဝတီ ဗုဒ္ဓဝင်ဝတ္ထု

၈။ ဝိုင်အမ်ဘီအေ ဗုဒ္ဓဝင်

၉။ ဗုဒ္ဓသာသန (ဆဋ္ဌ) မဟာဗုဒ္ဓဝင်ကျမ်းတို့ဖြစ်သည်။ ထိုကျမ်းများရှိနေရာ ဤသာသနာ့သမိုင်း၌ ဗုဒ္ဓဝင်ကို အကျဉ်းမျှသာ ဖော်ပြပါမည်။

**သုမေဓာ ရသေ့ဘဝ**

ဤကမ္ဘာမှပြန်၍ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဒီပင်္ကရာမြတ်စွာဘုရားပွင့်တော်မူ၏။ ဘုရားအလောင်းတော်သည် အမရဝတီပြည်၌ ဗြာဟ္မဏမဟာသာလမျိုး၌ဖြစ်၍ 'သုမေဓာ' အမည်ဖြင့် ထင်ရှား၏။ သုမေဓာသည် ငယ်စဉ်ကပင် နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်းနှင့်တကွ ဣရုဗေဒင်၊ ယဇုဗေဒင်၊ သာမဗေဒင်၊ ဗေဒင်သုံးပုံကို ကောင်းစွာတတ်ကျွမ်း၏။ သုမေဓာငယ်စဉ်ကပင် အမိအဖတို့ ကွယ်လွန်ခဲ့ကြ၏။ တစ်နေ့တွင် သီရိဝဍ္ဎနအမည်ရှိသော ဘဏ္ဍာစိုးအမတ်သည် ဘဏ္ဍာတိုက်တို့ကို ဖွင့်လှစ်ပြီး ပုရပိုက်ကိုဖွင့်လျက် "အမောင်သုမေဓာ - ဤမျှသောဥစ္စာသည် သင်၏အမိဘက်မှပါသော ဥစ္စာတည်း၊ ဤမျှသောဥစ္စာသည် သင်၏အဖဘက်မှပါသောဥစ္စာတည်း"ဟု ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တို့ စုဆောင်းထားခဲ့သော ဘဏ္ဍာစာရင်းကိုဖတ်ကြား၍ ပြောပြီး 'ဤပစ္စည်းဥစ္စာစုသည် အမောင်သုမေဓာလက်သို့ရောက်၏' ဟု ပြောကြားလေသည်။

ထိုအခါ အလောင်းတော်သုမေဓာသည် ငါ၏ဘိုးဘွားမိဘတို့သည် ဤပစ္စည်းဥစ္စာများကို စုဆောင်းထားခဲ့ကြ၏။ ပစ္စည်းဥစ္စာစုဆောင်းခဲ့သော ငါ၏ဘိုးဘွားမိဘတို့သည် တစ်ယောက်မျှမရှိတော့ပါတကား၊ စုဆောင်းထားသော ပစ္စည်းဥစ္စာများကို တစ်ဦးတစ်ယောက်မျှ ယူမသွားကြပါတကားဟု စဉ်းစားဆင်ခြင်ပြီး ငါသည်အကုန်ယူသွားမည်ဟု၊ ရှိသမျှပစ္စည်းများကို အလိုရှိသူတိုင်း ယူကြလော့ဟု စွန့်လွှတ်လှူဒါန်း၍ တောထွက်ကာ ရသေ့ပြုလေသည်။ ထို့ကြောင့် သုမေဓာရသေ့ဖြစ်လာသည်။

လူသာမန်တို့ စွန့်လွှတ်ဖို့ရန်ခဲယဉ်းသော ပစ္စည်းဥစ္စာများကို စွန့်လွှတ်၍ တောထွက်ခဲ့ရာတွင် သုမေဓာဘဝကပင် ကြည်ညိုဖွယ်ကောင်းလှသည်။ သုမေဓာရသေ့သည် ဈာန်သမာပတ်များကို ဝင်စားနေရာ ဒီပင်္ကရာဘုရားအလောင်းတော် ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာတရားဦးကို ဟောတော်မူသောအခါတို့၌ စကြဝဠာတုန်လှုပ်ခြင်း စသောနိမိတ်ထူးများ ထင်ရှားဖြစ်ပါ

လျက် မသိလိုက်ပေ၊ ဒီပင်္ကရာမြတ်စွာဘုရား ဒေသစာရီကြွချီ၍ ရမ္မဝတီပြည်သို့ရောက်သောအခါ ရမ္မဝတီပြည်သူပြည်သားများက ဆွမ်းဆက်ကပ်ရန် ပင့်ဖိတ်ကြလေသည်။ ဘုရားနှင့်သံဃာတော်များ ကြွမည့်လမ်း၌ ရေစီး၍ရွံ့ညွန်ပျောင်းများရှိနေသဖြင့် စုပေါင်းကာ လမ်းပြင်နေကြသည်။ သုမေဓာရသေ့သည် ကောင်းကင်မှချာန်ယာဉ်ဖြင့်ကြွလာရာ ဝမ်းမြောက်ဝမ်းသာ လမ်းပြင်နေကြသူများကို မြင်လေသည်။ ကောင်းကင်မှဆင်းသက်၍ မေးမြန်းလေရာ 'ဒီပင်္ကရာမြတ်စွာဘုရား ဒေသစာရီကြွတော်မူရန် လမ်းပြင်နေကြောင်း' ပြောကြားသည်ကို ကြားရသောအခါ "ဘုရား - ဘုရား" ဟူသောအသံကိုကြားရသဖြင့် နှလုံးသားတွင် ဝမ်းမြောက်ခြင်းပီတိဖြင့် စိမ့်၍သွားလေသည်။

ဒီပင်္ကရာဘုရားကြွမည်ဆိုလျှင် 'ငါ့အတွက်လည်း လမ်းပြင်ဖို့ခွင့်ပေးကြပါ' ဟု တောင်းလေသည်။ သုမေဓာရသေ့သည် သူ့အဖို့တာဝန်ကျသော လမ်းကိုပြင်၍ မပြီးမီ ဘုရားကြွလာရာ ဆံကိုဖြည်လျက် လျှော်တေသက်န်းနှင့် သစ်နက်ရေကို ညွန်ပျောင်း၌ ခင်းပြီး အလျားမှောက်၍ တံတားခင်းလိုက်သည်။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လေးသိန်းသောတပည့်သားသံဃာတို့နှင့်တကွ နင်း၍ကြွတော်မူပါဘုရား'ဟု အသက်ကိုစွန့်၍ လျှောက်ထားလေသည်။ ဘုရားဖြစ်ရန်လည်း ဆုတောင်းသည်။ ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့ဦးခေါင်းအနီး၌ ရပ်တော်မူပြီး 'ဤကမ္ဘာမှ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဂေါတမဘုရားဖြစ်လိမ့်မည်' ဟု နိယတဗျာဒိတ်စကား မိန့်ကြားတော်မူသည်။ ဘုရားအလောင်းတော်သည် ထိုဘဝမှစ၍ ဒါန၊ သီလ၊ နေက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ပါရမီတို့ကို ဘဝပေါင်းများစွာ ဖြည့်ကျင့်တော်မူပြီး၊ နောက်ဆုံးဝေဿန္တရာမင်းဘဝသို့ ရောက်လေသည်။ ဝေဿန္တရာမင်းဘဝမှစုတေ၍ တုသိတာနတ်ပြည်၌ သေတကေတုအမည်ဖြင့် နတ်မင်းဖြစ်လေသည်။ နတ်တို့၏အရေအတွက်ဖြင့် အနှစ်လေးထောင်၊ လူတို့၏အရေအတွက်ဖြင့် ငါးဆယ့်ခုနစ်ကုဋေခြောက်သန်း နတ်သက်စေ့အောင် ခံစားနေတော်မူသည်။

ဗုဒ္ဓကောလာဟလ

ထိုအခါ လူ့ပြည် လူ့လောက၌ အနှစ်တစ်ထောင်ကပင် 'လူတွင်ထင်ရှားဘုရားဖြစ်လိမ့်မည်' ဟု ဗုဒ္ဓကောလာဟလ အသံသည် ပဲ့တင်ထပ်၍နေသည်။ ထိုအသံသည် နတ်ပြည်အထိ လွှမ်းတက်လာသည်။ စကြဝဠာတစ်သောင်းရှိ သိကြား၊ သုယာမ၊ သန္တုသိတ စသော နတ်ပြဟ္မာ အပေါင်းတို့သည် ဘုရားအလောင်းကိုရှာဖွေကြည့်ရှုကြရာ အလောင်းတော်

နတ်သားကို တွေ့မြင်ကြသည်။ နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားအလောင်းနတ်သားထံ လာကြကုန်၍ 'အလောင်းတော်နတ်သား၊ ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့သွား၍ ဘုရားဖြစ်တော်မူပါ' ဟု တောင်းပန်ကြသည်။ ထိုသို့ တောင်းပန်ကြသော်လည်း ဘုရား အလောင်းနတ်သားသည် ဝန်ခံတော်မမူသေးဘဲ -

၁။ ဘုရားဖြစ်ထိုက်သောကာလ

၂။ ဘုရားဖြစ်ရာကျွန်း (ဒီပ)

၃။ ဘုရားဖြစ်ရာအရပ် (ဒေသ)

၄။ ဘုရားဖြစ်ထိုက်သောအမျိုးအနွယ် (ကုလ)

၅။ မယ်တော်၏အသက်အပိုင်းအခြား (အာယုပရိစ္ဆေဒ) ဟူသော ကြည့်ခြင်းကြီး ငါးပါးကိုကြည့်ရှုပြီးမှ နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ခြင်းကို ဝန်ခံတော်မူသည်။ ယင်းသို့ဝန်ခံပြီး နတ်ဗြဟ္မာအပေါင်း ခြံရံလျက် နန္ဒဝန်ဥယျာဉ်သို့ဝင်၍ စုတေတော်မူသည်။

## ပဋိသန္ဓေ ယူတော်မူခြင်း

ဤသို့တုသိတာနတ်ပြည်မှ စုတေတော်မူပြီး အဝန်းကိုးရာရှိသော မဇ္ဈိမဒေသ သက္ကတိုင်း ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင် တောင်ညာစံဒေဝီဖြစ်သော သိရိမာယာမယ်တော်ဝမ်း၌ စွဲပိုက်သန္ဓေတည်နေတော်မူသည်။ ထိုအချိန်ကား ဘိုးတော် အဥ္စနမင်းကြီးသည် ဆရာဒေဝီလရှင်ရသေ့နှင့် တိုင်ပင်၍မဟာသက္ကရာဇ် ၈၆၄၅ ခုကို *(ဏာဝစန္ဒာ) ဖြိုကိန်းကျ၍ မဟာသက္ကရာဇ် ၈၆၄၅ ကိုဖြိုပြီး တစ်ခုကစ၍ ကလိယုတ်သက္ကရာဇ် ကို ထားခဲ့သည်။ ထိုသက္ကရာဇ်မှစ၍ ရေတွက်ရာ သားတော်သုဒ္ဓေါဒနမင်းကြီး စိုးစံတော်မူ သောအခါ သက္ကရာဇ် ၆၇ ခုသို့ ရောက်ပေပြီ။ ဘုရားအလောင်းတော်သည် -

သက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့ သန်းခေါင်ယံအချိန် ဥတ္တရာ သန် နက္ခတ်နှင့်စန်းယှဉ်၍ ပဋိသန္ဓေယူတော်မူသည်။

## ဘုရားလောင်း ဖွားတော်မူခြင်း

ဤသို့သန္ဓေတည်၍ ဆယ်လစေ့သောအခါ သိရိမာယာမဟာဒေဝီမယ်တော် မိဖုရားကြီးသည် မယ်တော်၊ ခမည်းတော်၊ ဆွေတော်မျိုးတော်တို့၏ နေရာဖြစ်သော ဒေဝဒဟပြည်သို့သွားလိုသောဆန္ဒဖြစ်ပေါ်လာသည်။ သုဒ္ဓေါဒနမင်းကြီးကို လျှောက်ကြား

---

* ဏာဝစန္ဒာ - ပိဋကတ်သင်္ချာအရ (၈၆၄၅) ဖြစ်သည်။

ရာ၊ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်တို့အကြား ငါးယူဇနာခရီးကို သန့်ရှင်းညီညွတ်အောင် ပြင်ဆင်စေ၍ မဏ္ဍပ်၊ ကနား၊ ကုက္ကားတံခွန်တို့ဖြင့် ပြင်ဆင်ဆောက်လုပ်စေသည်။ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်၏အကြား၌ သာယာနုပျိုရှုလိုဖွယ်ရာ ပင်လုံးကျွတ်ပွင့်နေသော လုမ္ဗိနီအင်ကြင်းတောသို့ရောက်လျှင် နားနေလိုသောဆန္ဒဖြစ်ပေါ်လာသဖြင့် ရွှေထမ်းစင်ထက်မှဆင်း၍ အင်ကြင်းပင်အောက်သို့ဝင်တော်မူသည်။ ထိုအခါ ကမ္မဇလေလှုပ်ရှားလာသဖြင့် အထိန်းအယမောင်းမတို့အား ပြောကြားရာ တင်းတိမ်အရံများ ကာရံနေစဉ် ဘုရားအလောင်းတော်ကို မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

## ထီးနန်းစည်းစိမ် စံစားတော်မူခြင်း

ဘုရားအလောင်းတော်ဖွားမြင်တော်မူ၍ သက်တော် ၁၆ နှစ်သို့ ရောက်ပေပြီ။ သက္ကရာဇ် ၈၄ ခုနှစ်တွင် ဘထွေးတော် သုပ္ပဗုဒ္ဓမင်းကြီး၏ သမီးတော်ဘဒ္ဒကစ္စာနာ ယသောဓရာနှင့် စုံဖက်ထိမ်းမြား၍ ရွှေနန်းစည်းစိမ်ကို အပ်နှင်းတော်မူသည်။ ဘုရားအလောင်းတော်သည် ရွှေနန်းစည်းစိမ်ကိုစံစားတော်မူ၍ သက်တော် ၂၈ နှစ် သက္ကရာဇ် ၉၆ ခုသို့ ရောက်သောအခါ ဥယျာဉ်တော်သို့ ထွက်တော်မူစဉ် နတ်များဖန်ဆင်း၍ ပြသောသူအိုကိုမြင်တော်မူသည်။ 'အချင်းရထားမှူး . . ဖောက်ပြန်ယိုယွင်း အဆင်းသဏ္ဍာန်ဖြင့် လာနေသည်ကား အဘယ်သူနည်း' ဟု မေးတော်မူသည်။

'မင်းမြတ် . . သူအိုဖြစ်ပါသည် ဘုရား'ဟုရထားမှူးက လျှောက်ထားလေသည်။ 'ငါတို့လည်း အိုရဦးမည်လော'ဟု မေးမြန်းတော်မူသည်။ ရထားမှူးက 'မင်းမြတ် . . ဇာတိရှိက အိုရမည်။ ဇရာသဘောကို သတ္တဝါတိုင်း မလွန်ဆန်နိုင်ပါ။ အိုရမည်ဧကန် အမှန်ပင်ဖြစ်ပါသည်' ဟု လျှောက်ထားရာ -

'အချင်းတို့ . . ဇာတိသည် စက်ဆုတ်ဖွယ်ရာကောင်းလေစွ၊ ဇာတိရှိသော သတ္တဝါအား အိုခြင်းတရားသည် ထင်ရှားအမှန်ဖြစ်ပေတော့သည်တကား' ဟု ဆင်ခြင်စဉ်းစား၍ ဥယျာဉ်တော်သို့ထွက်ရာ သူနာ၊ သူသေ၊ ရှင်ရဟန်းဟူသော နိမိတ်ကြီးလေးပါးမြင်တော်မူသည်။ ရွှေနန်းစည်းစိမ်ကို စံစား၍ ၁၃ နှစ်ရှိသောအခါ သက်တော် ၂၉ နှစ်သို့ ရောက်ပေပြီ။ ထိုအခါ သားတော်ရာဟုလာကို ဖွားမြင်တော်မူသည်။ သားတော်ရာဟုလာကို ဖွားမြင်သည့်နေ့သက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့ သန်းခေါင်ယံတွင် ဖွားဖက်တော်ဆန္နအမတ်ကို ခေါ်တော်မူ၍ ကဏ္ဍကမြင်းတော်စီးပြီး တောထွက်တော်မူသည်။

### တောထွက်တော်မူချိန် ဘုရားလောင်းဘဝ

ဘုရားလောင်း တောထွက်တော်မူချိန် ဘဝကို စဉ်းစားလျှင် လူသာမန်တို့ တောထွက်ဖို့ရန် မဆိုထားဘိ၊ စိတ်ကူးပင်ကူးမိမည်မဟုတ်ပေ၊ အမျိုးအားဖြင့် အမြင့်မြတ်ဆုံး မင်းမျိုး၌ဖြစ်သည်။ အဆင့်အတန်းအားဖြင့် ဘုရင်ဖြစ်၍ ထီးနန်းစည်းစိမ်ကိုလည်း ခံစားနေရသည်။ ကမ္ဘာပေါ်တွင် အလှဆုံးဖြစ်သော ယသောဓရာအမှူးပြုသော မိဖုရားအခြွေအရံများကလည်း များလှသည်။ သက်တော်အားဖြင့် ၂၉ နှစ်သာရှိ၍ နုပျိုချိန်ဖြစ်သည်။ သားဦးရတနာ ရာဟုလာ သားတော်လေးကို ဖွားမြင်သောနေ့လည်းဖြစ်သည်။ ဘဝတစ်ခုလုံးအတွက် မပြည့်စုံသောအရာဟု ရှာ၍ပင်မတွေ့နိုင်ပေ။ ဤသို့အမျိုး ရာထူး စည်းစိမ်ခံစားဖွယ်ရာ အားလုံးကိုစွန့်လွှတ်၍ တောထွက်ခြင်းကား လူသာမန်တို့စွန့်ဖို့ရန် ခဲယဉ်းလှသောဘဝကို စွန့်လွှတ်ခြင်းဖြစ်ရာ ပါရမီရှင်တစ်ပါးဖြစ်ကြောင်း ထင်ရှားလှပါသည်။

### ဘုရားဖြစ်တော်မူခြင်း

တောထွက်တော်မူ၍ ဥရုဝေလတော၌ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။ မဟာဗောဓိပင်အရင်း အပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ ခွေစံနေတော်မူလျက် တရားအားလုံးစုံကို သိတတ်သော သဗ္ဗညုတဉာဏ်တော်ကိုရ၍ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့်တစ်ပြိုင်နက် လောကသုံးပါး၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

### ဘုရားဖြစ်တော်မူချိန်

မြတ်ဗုဒ္ဓဘုရားဖြစ်တော်မူချိန်တွင် လူတို့သက်တမ်းသည် တစ်ရာတန်းဖြစ်ရာ အလွန်တိုလှသည်။ ယုဂ်အားဖြင့်လည်း ကလိယုဂ်ဆုတ်ကပ်ကာလဖြစ်သည်။ ယုဂ်သည် ကတယုဂ်၊ တေတာယုဂ်၊ ဒွါပရယုဂ်၊ ကလိယုဂ်ဟု လေးမျိုးရှိသည်။ ကတယုဂ်၏သက်တမ်းသည် နှစ်ပေါင်း ၁၇၂၈၀၀၀ (ဆယ့်ခုနစ်သိန်းနှစ်သောင်းရှစ်ထောင်) ရှိသည်။ ကတယုဂ်ဆန်းသောအခါ ကမ္ဘာပေါ်ရှိလူများကို လေးပုံပုံလျှင် လေးပုံလုံး တရားစောင့်သည်။ အကောင်းဆုံးအချိန်ပင်ဖြစ်သည်။

တေတာယုဂ်၏ သက်တမ်းသည် နှစ်ပေါင်း ၁၂၉၆၀၀၀ (ဆယ့်နှစ်သိန်းကိုးသောင်းခြောက်ထောင်) ရှိသည်။ ကမ္ဘာပေါ်ရှိ လူဦးရေကို လေးပုံပုံက သုံးပုံသာတရားစောင့်သည်။ ဒွါပရယုဂ်၏သက်တမ်းမှာ နှစ်ပေါင်း ၈၆၄၀၀၀ (ရှစ်သိန်းခြောက်သောင်းလေးထောင်)

ရှိသည်။ လူဦးရေလေးပုံပုံလျှင် နှစ်ပုံသာတရားစောင့်သည်။ ကလိယုဂ်၏သက်တမ်းသည် နှစ်ပေါင်း ၄၃၂၀၀၀ (လေးသိန်းသုံးသောင်းနှစ်ထောင်) ရှိသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ လေးပုံပုံလျှင် တစ်ပုံသာတရားစောင့်သည်။ ခြေလေးချောင်းရှိ ခုတင်သည် ခြေထောက် သုံးချောင်းကျိုး၍ တစ်ချောင်းသာထောက်သည်နှင့်တူသည်။

## ကလိယုဂ်ဆန်းချိန် အခြေအနေ

ကလိယုဂ်ဆန်းချိန်၌ လူသားတို့၏ စိတ်ဓနသဘောထားဖြစ်ပုံကို ကပ္ပဒ္ဒုမကျမ်း၌-

ကလိယုဂေ သမာယာတေ၊
သဗ္ဗပါပေက မန္ဒိရေ။
ဧကပါဒေါ ဘဝေဓမ္မော၊
သဗ္ဗေ ပါပရတာဇနာ။

မကောင်းမှုအားလုံး၏စုရုံးတည်နေရာအိမ်နှင့်တူသော ကလိယုဂ်သည် ကောင်းစွာ ရောက်လာသည်ရှိသော် တရားသည် ခြေတစ်ချောင်းထောက်သည်နှင့်တူ၏။

အလုံးစုံသောလူတို့သည် မကောင်းမှု၌မွေ့လျော်ကုန်၏ဟုဆိုထားသည်။ ကလိယုဂ် ဆုတ်ကပ်ထဲ၌ ဗုဒ္ဓရှင်တော်ပွင့်တော်မူလာခြင်းကား အလျှံအဟုန်ရဲရဲတောက်သော မီးပုံကြီး အလယ်မှ ပွင့်ချပ်တစ်ရာ ပဒုမ္မာကြာပန်းကြီး ပွင့်လာခြင်းနှင့်တူ၏ဟု မိန့်ဆိုတော်မူကြသည်။

## ဘုရားပွင့်တော်မူချိန် ကလိယုဂ်နှစ်

ဘုရားပွင့်တော်မူချိန် ကလိယုဂ်နှစ်ဆန်းအရေအတွက်မှာ အယူအဆကွဲပြားနေ သည်။ မုံရွေးဇေတဝန်ဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း၌ ဂေါတမပူရာဏ်ကျမ်းကို ကိုးကား၍ ကလိယုဂ်နှစ်ဆန်း ၂၅၇၀ ပြည့်နှစ်၌ ဘုရားဖြစ်တော်မူသည်ဟု ရေးသားထား သည်။ မန်လည်ဆရာတော်မေး၍ မင်းကွန်းတောရဆရာတော် ဖြေကြားတော်မူသော သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်း၌လည်း ဂေါတမပူရာဏ်ကျမ်းကိုပင် ကိုးကား၍ ကလိယုဂ် နှစ်ဆန်း ၂၅၇၀ ပြည့်နှစ်တွင် ဘုရားဖြစ်တော်မူသည်ဟု ရေးသားထားသည်။ (အကျယ်ကို ထိုကျမ်းများတွင်ကြည့်ပါ)။

ဆန်းနိဿယသစ် စသောကျမ်းပေါင်းများစွာကို ပြုစုတော်မူသော ဆရာတော် အရှင် သီရိကုမာရ၏ ဘူမိစာလနိဒါန်းကျမ်းတွင် -

ကလိယုဂ်နှစ်ဆန်း ၂၄၇၇၊ မဟာသက္ကရာဇ် ၆၄ ခု၊ ကဆုန်လပြည့် သောကြာနေ့ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်အခါတွင် ဖွားမြင်တော်မူသည်။

ကလိယုဂ် ၂၅၇၀ ပြည့်နှစ်သည် ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက်မှ ရေတွက်၍ ယူသော သာသနာတော်တစ်ဆယ့်ငါးနှစ်နှင့်အမျှဖြစ်၍ အလွန်နောက်ကျလေ သတည်းဟု ဂါထာနှင့်တကွ ရေးသားထားသည်။

ကလိယုဂ်ဆန်း ၂၅၁၀ ပြည့်နှစ်သို့ရောက်သောအခါ ဂေါတမမြတ်စွာဘုရားသည် မြေဗဟိုဦးကိုင် ဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်တော်မူသည်ဟု ဂါထာဖြင့် ဘူမိစာလနိဒါန်းကျမ်းတွင် ရေးသားထားသည်။ (ရှည်လျားနေမည်ကြောင့် ဂါထာများမဖော်ပြလိုက်ပါ)

**သတ္တသတ္တာဟ စံတော်မူခြင်း**

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် ဗောဓိပင်နှင့် လေးတောင်ကွာ အရှေ့မျက်နှာအရပ်၌တည်ရှိသော အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေစံနေတော်မူပြီး ဖလသမာပတ်ကိုဝင်စား၍ ခုနစ်ရက်ပတ်လုံး စံနေတော်မူသည်။ ပလ္လင်္ကသတ္တာဟဟု ခေါ်သည်။ (ပလ္လင်္က-ပလ္လင်တော်၌၊ သတ္တာဟ-ခုနစ်ရက်)

ထို့နောက် ရွှေပလ္လင်မှထတော်မူ၍ ဗောဓိပင်၏အရှေ့မြောက် တစ်ဆယ့်လေးလံကွာသောအရပ်၌ ရပ်တော်မူ၍ "ငါသည် ဤဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတဉာဏ်ကို ရပေသည်တကား"ဟု မမှိတ်သော မျက်လုံးတော်အစုံဖြင့် ကြည့်လျက် ခုနစ်ရက် စံပယ်တော်မူသည်။ အနိမိသသတ္တာဟဟုခေါ်သည်။

ထိုသို့ ပလ္လင်တော်ကို တစိမ့်စိမ့်စူးစိုက်၍ ကြည့်တော်မူသောအခါ နတ်အများက သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် စံကော်မူခဲ့ရာပလ္လင်တော်ကို ခင်မင်တောင့်တလျက်ရှိချေသည်။ မဂ်ကိစ္စမပြီးသေးဟု ယုံမှားသံသယဖြစ်သည်ကို သိတော်မူသည်။ ယင်းသို့သိတော်မူသဖြင့် တစ်ယူဇနာမျှလောက် ကောင်းကင်သို့ပျံတက်တော်မူ၍ ရေမီးအစုံ တန်ခိုးပြာဋိဟာကိုပြတော်မူပြီး ကောင်းကင်မှဆင်းသက်တော်မူ၍ ရွှေပလ္လင်နှင့် အနိမိသ အကြား အတောင်ခြောက်ဆယ်ရှိသော ရတနာ စင်္ကြံတော်ကိုဖန်ဆင်းပြီး ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူသည်။ ရတနာစင်္ကမသတ္တာဟ ဟုခေါ်သည်။

ထို့နောက် ဗောဓိပင်မှ အနောက်မြောက် နတ်တို့စီမံဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေစံနေတော်မူပြီး ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ကို သုံးသပ်ဆင်ခြင်တော်မူသည်။ အဘိဓမ္မာပိဋကတ်ကို ဆင်ခြင်တော်မူရာ အနန္တနယမဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်တော်မူသောအခါ သဗ္ဗညုတဉာဏ်တော်ကကြီးမား၊ ဒေသနာတော်ကကျယ်ပြန့်သဖြင့် ရွှေဉာဏ်တော်ကွန့်မြူးခွင့်ရရှိ၍ နီလ ပီတ လောဟိတ ဩဒါတ မဉ္ဇိဋ္ဌ ပဘဿရဟူသော ရောင်ခြည်တော်ခြောက်သွယ်

တို့သည်ပေါ်ထွက်၍ စကြဝဠာရောက်အောင် ပျံ့နှံ့ကွန့်မြူးတော်မူသည်။ ရတနာဃရ သတ္တာဟ ဟုခေါ်သည်။

ထို့နောက် ဗောဓိပင်၏ အရှေ့မျက်နှာ အဇပါလမည်သော ညောင်ပင်ရင်းသို့ ကြွတော်မူ၍ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခကို စံစားတော်မူသည်။ အဇပါလသတ္တာဟဟု ခေါ်သည်။

ထို့နောက် ဗောဓိပင်၏ အရှေ့မျက်နှာ မုစလိန္ဒာမည်သော အိုင်၏အနီး ကျည်းပင်ကြီးအရင်း၌ ခုနစ်ရက်ပက်လုံး သီတင်းသုံးတော်မူသည်။ မုစလိန္ဒသတ္တာဟ ဟုခေါ်သည်။

ထို့နောက်ဗောဓိပင်မှတောင်မျက်နှာ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူ၍ သမာပတ်ကိုဝင်စားတော်မူသည်။ သမာပတ်မှထတော်မူသောအခါ မျက်နှာသစ်တော်မူလိုသောအကြံတော်ဖြစ်ရာ သိကြားမင်းသည် ကြဖုသီး၊ ကွမ်းရိုး၊ ဒန်ပူ၊ အနေ၀တတ်ရေများကို ကပ်လှူ၍ သုံးဆောင်တော်မူသည်။

ယင်းသို့သုံးဆောင်တော်မူပြီးစအချိန်တွင် ရာမညတိုင်း ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ လှည်းငါးရာဖြင့် ရောက်လာကြသည်။ ယခင်ဘဝကအဆွေဖြစ်သောနတ်က လှည်းများသွားမရအောင် ချုပ်နှောင်၍ ကိုယ်ထင်ပြလျက် 'လောကသုံးပါး၌ ဘုရားပွင့်တော်မူပြီ၊ ယခုလင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူသည်။ သင်တို့အကျိုးစီးပွားအလို့ငှာ တစ်စုံတစ်ခုကို လှူဒါန်းပူဇော်ကြလော့' ဟုဆိုလေသည်။

တပုဿ၊ ဘလ္လိက ကုန်သည် ညီနောင်တို့သည် မိမိတို့ အသင့်ပါလာသော ကြွက်ကျစ်မုန့်၊ ပျားဆုပ်မုန့်တို့ကို လှူလေသည်။ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်သည် ဣန္ဒနီလာ ကျောက်ညိုဖြင့်ပြီးသော သပိတ်လေးလုံးကို ကပ်လှူရာ အလှူခံတော်မမူပေ။ မြတ်စွာဘုရားအလှူခံတော် မမူသဖြင့် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူပြန်သည်။ အလှူခံတော်မူပြီး သပိတ်လေးလုံးကို အဓိဋ္ဌာန်တော်မူရာ အနားရေလေးခုပါသော သပိတ်တစ်လုံးတည်ဖြစ်တော်မူသည်။ ထိုသပိတ်တော်ဖြင့် အလှူခံတော်မူသည်။ ကုန်သည်ညီနောင်တို့ကိုလည်း-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ

ဟု နှစ်ခွန်းသော ဒွေဝါစိက သရဏဂုံကို ပေးတော်မူသည်။

## သရဏဂုံအစ မြန်မာက

တပုဿ ဘလ္လိက ညီနောင်တို့သည် ရာမညတိုင်း ဥက္ကလာဇနပုဒ်ဟု ဆိုရာ မြန်မာနိုင်ငံသားများဟု မြန်မာ့သမိုင်းများတွင် မှတ်တမ်းတင်ထားသည်။ သမိုင်းပညာရှင်အချို့က ဥက္ကလာဇနပုဒ် မြန်မာနိုင်ငံက မဟုတ်ဟု ဆိုကြသော်လည်း မြန်မာ့သမိုင်းသည် မြန်မာတို့နှလုံးသားတွင် စွဲထင်လျက်ရှိရာ မြန်မာနိုင်ငံသားဟုပင် ယုံကြည်လက်ခံကြသည်။ ယင်းသို့အများက လက်ခံထားရာ-

"သရဏဂုံအစ မြန်မာက"ဟုပင် အဆိုပြုသင့်လှသည်။ မြတ်စွာဘုရားသည် ကုန်သည်ညီနောင်တို့အား ဒွေဝါစိက သရဏဂုံကို ပေးတော်မူပြီး ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ခုတ်ရှစ်ဆူကို ချီးမြှင့်ပေးအပ်တော်မူသည်။ ဤလင်းလွန်းပင်ရင်းအရပ်၌ ခုနစ်ရက်စံတော်မူ၍ ရာဇာယတနသတ္တာဟ ဟုခေါ်သည်။

ကုန်သည်ညီနောင်တို့သည် မိမိတို့နေရာ ဥက္ကလာပဇနပုဒ်သို့ ရောက်သောအခါ ဆံတော်ခုတ်ရှစ်ဆူတို့ကို ဌာပနာ၍ ရွှေတိဂုံစေတီတော်ကို တည်ထားကိုးကွယ်ကြသည်။ ရွှေတိဂုံသမိုင်းတွင် အခိုင်အမာ မှတ်တမ်းတင်ထားသည်။ ဤသမိုင်းအရ မြန်မာနိုင်ငံ၌ 'သာသနာတော်အစ ဆံတော်က' ဟုပင် ဆိုရမည် ဖြစ်ပါသတည်း။

## တရားမဟောရန် စိတ်အကြံ

ဤအရပ်ခုနစ်ဌာနတို့၌ သတ္တသတ္တာဟ ၄၉ ရက်ပတ်လုံး ဝိမုတ္တိသုခကို ခံစားလျက်ချမ်းသာစွာ သီတင်းသုံးတော်မူရသည်။ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်သီတင်းသုံးတော်မူပြီး အဇပါလညောင်ပင်ရင်းသို့ တစ်ဖန်ကြွတော်မူသည်။ ထိုအခါ 'ငါသိအပ်သောတရားတော်သည် အလွန်သိမ်မွေ့နက်နဲ၏၊ သတ္တဝါအများကား ကာမဂုဏ်ငါးပါး၌သာလိုက်စားပျော်မွေ့နေကြ၏၊ ငါတရားဟောသော်လည်း တရားတော်ကို မမြင်နိုင်ကုန်၊ ငါသာပင်ပန်းရုံရှိပေမည်' ဟု အကြံဖြစ်တော်မူသည်။ ထိုသို့အကြံဖြစ်တော်မူသည်ကို သဟမ္ပတိဗြဟ္မာမင်းသိ၍ တရားဟောရန်တောင်းပန်သဖြင့် တရားဟောရန် ဝန်ခံတော်မူသည်။

## ပဥ္စဝဂ္ဂီငါးဦး တရားဦးဟောရန်ကြံ

ဤသို့မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဘုရားဖြစ်တော်မူပြီး ဗောဓိပင်နှင့် ဗောဓိပင်၏အနီး၌ သတ္တသတ္တာဟ ပြောင်းကြွ၍ နှစ်လပတ်လုံး သီတင်းသုံးနေတော်မူသည်။ သမန္တစက္ခုဒိဗ္ဗနီ ဝါဆိုစဉ်လက်ာ၌-

တက်ထွန်းကျက်သရေ၊ သုံးလူ့ဆွေကား
အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာန၌
နှစ်လမှန်ကယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပာယ်မျှတ
နေပြီးမှလျှင်- ဟု ဖွဲ့ဆိုထားသည်။

ဇိနတ္ထပကာသနီကျမ်း၌-

အဇပါလညောင်ပင်ရင်း၌ နှစ်ရက်သုံးရက်ခန့် စံတော်မူပြီး အစဉ်အတိုင်း ဗာရာဏသီပြည်သို့ ရှေးရှုကြွတော်မူလတ်သော်- ဟု ဆိုထားရာ ဗောဓိပင်အနီး၌ နှစ်လ မပြည့်ဟု ယူဆဖွယ်ရှိသည်။

တထာဂတ ဥဒါနဒီပနီကျမ်း၌-

ဗောဓိပင်အရှေ့အဇပါလညောင်ပင်သို့ တဘန်ပြောင်းတော်မူ၍ ထို၌လည်း ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစား၍နေတော်မူပြန်၏ဟု ဆိုထားရာ ဇိနတ္ထပကာသနီနှင့် အဆိုအမိန့်ကွဲပြားနေသည်။ ဗုဒ္ဓမြတ်စွာသည် ဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာ ဝေးကွာသော ဗာရာဏသီပြည်သို့ ဝါဆိုလပြည့်နေ့တစ်နေ့ချင်းဖြင့် ကြွတော်မူသည်။

အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာန၌၊ နှစ်လမှန်ကယ်၊
ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပာယ်မျှတ၊ နေပြီးမှလျှင် -

ဟူသော မုံရွေး ဆရာတော်၏ဝါဆိုစဉ်လင်္ကာအဆိုနှင့် ညီညွတ်သည်။ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ ရောက်တော်မူ၍ အနောက်မျက်နှာ၌ နေဝန်းကွယ်ပျောက်၍ အရှေ့မျက်နှာမှ လဝန်းကြီးပေါ်ထွက်လာချိန်တွင် 'ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ' အစရှိသော တရားဦးဒေသနာ ဓမ္မစကြာတရားတော်ကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူသည်။ ထိုည ပထမယာမ်အဆုံးတွင် ပြီးဆုံးလေသည်။

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖဝါး၊ ဖြန့်ချီသွား၍
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီအပေါင်း၊ တိုက်တစ်သောင်းမှ
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဘော်ကြားသည်၊

တရားနတ်စည်ယွန်းတယ်ကို- ဟု လယ်တီဆရာတော်ဘုရားကြီး ဖွဲ့ဆိုတော်မူသည့်အတိုင်း ဓမ္မစကြာတရားဦးဟောရာ၌ လူသားထဲက ပဥ္စဝဂ္ဂီငါးဦးသာ ရှိသော်လည်း နတ်ဗြဟ္မာများ တစ်ဆယ့်ရှစ်ကုဋေရှိလေသည်။

ဝါဆိုစဉ်

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောတော်မူ၍ ပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တော၌ နန္ဒိယလုလင် ဆောက်လုပ်သော ကျောင်း၌ ပထမဝါဆိုတော်မူသည်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဒုတိယ၊ တတိယ၊ စတုတ္ထ သုံးဝါကပ်တော်မူသည်။ ဝေသာလီပြည် မဟာဝုန်တောဝယ် စုလစ်မွန်းချွန်တပ်သော ကျောင်း၌ ပဉ္စမဝါကပ်တော်မူသည်။ မကုဋ္ဌတောင်ချယားတော ကျောင်း၌ ဆဋ္ဌမဝါကပ်တော်မူသည်။ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍု ကမ္ဗလာကျောက်ဖျာထက်၌ သတ္တမဝါကပ်တော်မူသည်။ ဘဂ္ဂတိုင်း၊ သံသုမာရဂီရိပြည် ဘေသကဠာမိဂဒါဝုန်တော၌ အဋ္ဌမဝါ၊ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နဝမဝါ၊ ပါလိလေယျကတော၌ ပလလည်းဆင်မင်း၏ အလုပ်အကျွေးကိုခံတော်မူ၍ အင်ကြင်းပင်အရိပ်၌ ဒသမဝါ၊ နာဠမည်သော ပုဏ္ဏားရွာအနီး နာဠိကာရုံကျောင်း၌ ဧကာဒသမဝါ၊ ဝေရဉ္ဇာပြည်အနီး နဠေရုမည်သော တမာပင်အနီး၌ ဒွါဒသမဝါ၊ စာလိယတောင်၌ တေရသမဝါ၊ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ပန္နရသမဝါ၊ အာဠဝီပြည်၏အနီး မဟာဝုန်ကျောင်း၌ သောဠသမဝါ၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သတ္တရသမဝါ၊ စာလိယတောင်၌ အဋ္ဌာရသမဝါ၊ ဧကူနဝီသတိမ ၁၉ ဝါ၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝီသတိမဝါကပ်တော်မူသည်။ ဗုဒ္ဓမြတ်စွာသည် ပထမဗောဓိခေါ် ဝါတော် (၂၀)အထိ အမြဲမရှိ လှည့်လည် ဝါကပ်တော်မူသည်။

၂၁ ဝါမှစ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ၁၉ နှစ်တိုင်တိုင် ဝါကပ်တော်မူသည်၊ ၃၉ ဝါ မြောက်အထိ ဖြစ်သည်။ စတ္တာလီသမ ၄၀ ဝါမှ စ၍ သာဝတ္ထိပြည် ဝိသာခါဆောက်လုပ်အပ်သော ပုဗ္ဗာရုံကျောင်း၌ ခြောက်ဝါတိုင်တိုင် ဝါဆိုတော်မူသည်။ အဆုံးစွန်သော ဝါကို ဝေဠုဝရွာ၌ ဝါကပ်တော်မူသည်။ ဤသို့ ဝါဆိုစဉ်ကို ဖော်ပြကြသည်။

ဓမ္မပဒ အဋ္ဌကထာ၌ -

အနာထပိဏ္ဍိကေန ကာရိတေ ဇေတဝန မဟာဝိဟာရေ

ဧကူနဝီသတိ ဝဿာနိ၊ ဝိသာခါယ သတ္တဝီသတိ ကောဋိဓနေ ပရိစ္စာဂေန

ကာရိတေ ပုဗ္ဗာရာမေ ဆဗ္ဗဿာ နီတိ။ × × × × သာဝတ္ထိံ

နိဿာယ ပဉ္စဝီသတိ ဝဿာနိ ဝသ ဝါသံ ဝသိ။ (ဓမ္မဋ္ဌ ၁-၃)

အနာထပိဏ်သူဌေး ဆောက်လုပ်အပ်သော ဇေတဝန်ကျောင်းတော်၌ ၁၉ ဝါပတ်လုံး ဝါကပ်တော်မူသည်။ ဝိသာခါ ဆောက်လုပ်အပ်သော ပုဗ္ဗာရုံကျောင်း၌ ၆ နှစ်ပတ်လုံး ဝါကပ်တော်မူသည်။ သာဝတ္ထိပြည်ကို အမှီပြု၍ ၂၅ နှစ် ဝါကပ်တော်မူသည်။

ပထမဗောဓိ၌ ဝါတော် ၂၀ ပြည့်ခဲ့ပြီ၊ သာဝတ္ထိပြည် ဇေတဝန်၌ ၁၉ ဝါ၊ ပုဗ္ဗာရုံ၌ ၆ ဝါဆိုက ၂၅ ဝါဖြစ်ရာ၊ ပထမဗောဓိဝါတော် ၂၀ နှင့် ပေါင်းက ၄၅ ဝါ ပြည့်၍ နေပေပြီ။ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်၌-

ဘဂဝါ ဝေဠုဝ ဂါမ ကေ ဝိဟရတိ၊ တတြခေါ ဘဂဝါ၊ ဘိက္ခူအာမန္တေသိ
ဧထ တုမှေ ဘိက္ခဝေ သမန္တာ ဝေသာလိံယာ ယထာမိတ္တံ ယထာသန္ဒိဋ္ဌံ
ယထာ သမ္ဘတ္တံ ဝဿံ ဥပေထ။ အဟံပန ဣဓေဝ ဝေဠုဝဂါမကေ ဝဿံ
ဥပဂစ္ဆာမိ။ (နှာ- ၈၄)

"ငါဘုရားသည် ဝေဠုဝရွာ၌ ဝါကပ်တော်မူမည်" ဟု မိန့်ဆိုထားရာ နောက်ဆုံးဝါကို ဝေဠုဝရွာ၌ ကပ်ကြောင်း ထင်ရှားပါသည်။ ဝေဠုဝရွာ၌ နောက်ဆုံးကပ်သော တစ်ဝါထည့်က ၄၆ ဝါ ဖြစ်သွားပေမည်။

## မုံရွေးဇေတဝန်ဆရာတော်၏ ဆုံးဖြတ်ချက်

ဝဿံဝုတ္ထော- ဟူရာ၌ ဝဿသဒ္ဒါကို ဝါတွင်းသုံးလကို ယူရသည်။ ဝဿံ ဝစ္ဆရံ နိတ္ထိဟု အဘိဓာန်၌ လာသောကြောင့် ဝဿ သဒ္ဒါသည်ပင် နှစ်ကိုလည်း ဟော၏။ ထို့ကြောင့် ၂၅ နှစ် ယူသော် သင့်၏ ဟု ယူတော်မူကြ၏။ × × ×

ငါတို့ အယူသော်ကား ယခင်ဓမ္မပဒ အဋ္ဌကထာပါဌ်ကို ဆရာတို့ ပရိယာယ်ကြ၍ ယူတိုင်း နှစ်ဆယ့်ငါးဝါမှန်၏၊ ဝါတော်ကား နှစ်ဆယ့်လေးဝါမျှသာ၊ ဝေဠုဝရွာ၌ တစ်ဝါနှင့် ပေါင်းသော် နှစ်ဆယ့်ငါးဝါစေ့၏။ သဘောလည်း လျော်၏ဟု ယူဆသည်ဟု မုံရွေး ဇေတဝန်ဆရာတော်က သမန္တစက္ခု ဒီပနီတွင် ဆုံးဖြတ်ထားသည်။ (ဂန္ဓမာမူ ဒု- တွဲ ၃၈၂) ဆရာတော်၏ ဝါဆိုစဉ် လင်္ကာ၌-

နောက်ဗောဓိကား၊ သဝတ္ထိမှာ၊ ပုဗ္ဗာရုံမွန်၊ ဇေတဝန် ဟု
နှစ်တန်ကျောင်းမှာ၊ လူးလာမဝေး၊ နှစ်ဆယ့်လေးဝါ၊ နေပြီးခါမှ
နိဗ္ဗာနသို့၊ ကြွအံ့လျှလျှ၊ ဝါတစ်ခုကား၊ ဝေဠုဝရွာ၊ ကပ်မှီလာ၏၊
သချာမှတ်သား၊ ဆယ့်ငါးဌာန၊ ပဥ္စသတ္တာ၊ ဝါလေးဆယ့်ငါး
သက်ကားရှစ်ဆယ်၊ တိုင်ခါဝယ်၌၊ ဘုန်းကြွယ်ထွင့်ခေါင်၊ ခေမာသောင်သို့
ရွှေဘောင်တော်ယွန်း၊ စံသိမ်းမြန်းသည်၊ သုံးခန်းလူတို့ မှန်ကူတည်း။

ဟု သာဝတ္ထိပြည်၌ ၂၄ ဝါ ဖြစ်ကြောင်း ဖွဲ့ဆိုထားပါသည်။

မန်လည်ဆရာတော်ကလည်း-

နောက်ထပ် ပစ္ဆိ၊ ဗောဓိမည်ပေး၊ နှစ်ဆယ့်လေးကား၊ ရှေးသို့ဘုန်းမော်၊ စိတ်တော်မညွတ်၊ ပြည်သာဝတ်တွင် ဟု သာဝတ္ထိပြည်၌ ၂၄ ဝါ ဝါကပ်ကြောင်း မဃဒေဝ လင်္ကာသစ်တွင် ရေးဖွဲ့ထားသည်။ (ပိုဒ် ၅၃၇)

**ပရိနိဗ္ဗာန် စံတော်မူ**

ဗုဒ္ဓရှင်တော်မြတ်သည် ဘုရားဖြစ်တော်မူပြီး ဗောဓိပင်အနီး၌ နှစ်လသာ **ဝိမုတ္တိ** သုခချမ်းသာကိုခံစား၍ ချမ်းသာစွာသီတင်းသုံးတော်မူရသည်။ ဘုရားဖြစ်၍ **နှစ်လ** ပြည့်သော ဝါဆိုလပြည့်နေ့ကစ၍ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောတော်မူပြီး ဗာရာဏသီမှစ၍ ဝေသာလီစသောမြို့များသို့ ဒေသစာရီကြွချီတော်မူပြီး ကျွတ်ထိုက်သောသူ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါ ဝေနေယျတို့အား ဓမ္မအမြိုက်ဆေး တိုက်ကျွေးတော်မူသည်။

(၄၅) ဝါမြောက်ဝါကို ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်တို့၏အကြား ဂင်္ဂါမြစ်နား၌ရှိသော ဝေဠုဝရွာ၌ ဝါကပ်တော်မူသည်။ ဝါကျွတ်သောအခါ ဝေသာလီပြည်စသည်သို့ ကြွတော်မူပြီး . . . (ကျယ်မည်စိုး၍ ချုံ့လိုက်ပါသည်။)

"ချစ်သားအာနန္ဒာ၊ ဟိရညဝတီမြစ်၏ ဟိုမှာဘက်ကမ်းသို့ကူးကြကုန်အံ့၊ ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဝင်ကြကုန်အံ့"ဟု မိန့်တော်မူပြီး အင်ကြင်းဥယျာဉ်သို့ကြွတော်မူသည်။ အင်ကြင်းဥယျာဉ်သို့ရောက်သောအခါ "ချစ်သားအာနန္ဒာ၊ အင်ကြင်းပင်စုံတို့၏အကြား၌ မြောက်သို့ဦးခေါင်းထား၍ ညောင်စောင်းကိုခင်းလော့"ဟု မိန့်တော်မူသည်။

အရှင်အာနန္ဒာသည် ဘုရားရှင်မိန့်တော်မူသည့်အတိုင်း အင်ကြင်းပင်စုံတို့၏ အကြား၌ မြောက်သို့ဦးခေါင်းထား၍ ညောင်စောင်းကိုခင်း၏။ မြတ်စွာဘုရားသည် လက်ယာနံတောင်းဖြင့်စောင်းတော်မူကာ၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။

**တေဇောဓာတ် မလောင်**

ဘုရားရှင်ပရိနိဗ္ဗာန်စံ၍ (၇) ရက် ရှိလေပြီ။ ကဆုန်လဆုတ် (၈) ရက်နေ့တွင် အလောင်းတော်ကို နံ့သာထင်းပုံသို့တင်၍ မီးသင်္ဂြိုဟ်ပူဇော်ရန်အတွက် အားထုတ်ကြသည်။ အကြိမ်ကြိမ်ကြိုးစားပါသော်လည်း တေဇောဓာတ်မလောင်ပေ။ ထိုအခါ မလ္လာမင်းတို့က နံ့သာထင်းပုံမီးမလောင်ခြင်းအကြောင်းကို အရှင်အနုရုဒ္ဓါအား မေးမြန်းလျှောက်ထားကြသည်။ အရှင်အနုရုဒ္ဓါမထေရ်က "မင်းသားတို့၊ အရှင်မဟာကဿပ ဤဌာနသို့မရောက်လာသေး၍ သူ၏တပည့်နတ်များက မီးမလောင်နိုင်အောင် တားဆီးထားခြင်းဖြစ်သည်" ဟု မိန့်ကြားတော်မူသည်။

**သာသနာ ဖျက်မည့်သူ**

ထိုအချိန်တွင် အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်း ငါးရာ ခြံရံ၍ ကြွလာတော်မူသည်။ ပူပြင်းသောကဆုန်လ နေမွန်းတည့်အချိန် နေကပူပြင်း သဖြင့် တစ်ပင်သောသစ်ပင်ရင်းသို့ ဝင်ရောက်နားနေတော်မူသည်။ ထိုအခါ တက္ကတွန်း တစ်ယောက်သည် မန္ဒာရဝနတ်ပန်းကြီးကို ထီးကဲ့သို့ ဆောင်းမိုး၍ ပါဝါပြည်သို့ လာနေ၏။ အရှင်မဟာကဿပသည် တက္ကတွန်း၏လက်၌ မန္ဒာရဝနတ်ပန်းကြီးကို မြင်သဖြင့် ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူကြောင်း သိတော်မူသည်။ (မန္ဒာရဝနတ်ပန်းမည်သည် ဘုရားလောင်း တော် ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားတော်မူသောအခါ၊ ပရိနိဗ္ဗာန်ပြုသောအခါ စသည်တို့၌ လူ့ပြည်သို့ရောက်လာသည်။) တက္ကတွန်းအနီးသို့ ရောက်လာသောအခါ -

"ငါ့ရှင်အာဇီဝက၊ ငါတို့ဆရာ မြတ်စွာဘုရားကို သိပါသလော" ဟုမေးတော် မူသည်။ တက္ကတွန်းက "ငါ့ရှင်၊ သိပါ၏။ ဂေါတမပရိနိဗ္ဗာန်စံသည်မှာ ယနေ့ ခုနစ် ရက် ရှိလေပြီ။ ဤနတ်ပန်းကို ရဟန်းဂေါတမ ပရိနိဗ္ဗာန်စံရာဌာနကပင် ရခဲ့ပါ သည်"ဟု ပြောဆိုသည်။

အရှင်မဟာကဿပ နောက်ကပါလာသော ရဟန်းများတွင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်များ ပါလာရာ တက္ကတွန်း၏ ပရိနိဗ္ဗာန်စံပြီဟူသော အသံကို ကြားလိုက်ကြရသော အခါ ဆောက်တည်ရာမရ ငိုကြွေးကြလေသည်။ ထိုပရိသတ်ထဲတွင် အာတုမပြည်မှ လိုက်လာသော (တောထွက်) ရဟန်းကြီး သုဘဒ္ဒ ပါလာသည်။ သုဘဒ္ဒသည် -

"ငါ့ရှင်တို့ ငိုကြွေးဖို့မသင့်၊ တန်ကြလော့၊ မစိုးရိမ်မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ရဟန်းဂေါတမလက်မှ ကောင်းစွာလွတ်မြောက်ခဲ့ကြလေပြီ (လွတ်လပ် ရေးရခဲ့လေပြီ)၊ ရဟန်းဂေါတမသည် သင်တို့အား ဤအရာသည်အပ်၏၊ ဤအရာသည် မအပ်ဟုချုပ်ချယ်ခဲ့၏။ ယခုအခါ ငါတို့အလိုရှိရာ လုပ်ခွင့်ရပေပြီ" ဟု ရင့်ရင့်သီးသီးပြောဆိုလေသည်။ ဘုရားပရိနိဗ္ဗာန်စံ၍ ခုနစ်ရက်မျှသာရှိသေး သည်။ သာသနာဖျက်မည့်သူပေါ်လာသည်။

**အရှင်မဟာကဿပ၏ စိတ်အကြံ**

တောထွက်ရဟန်းကြီးသုဘဒ္ဒ၏ရင့်ရင့်သီးသီး ပြောကြားလိုက်သောစကားကို ကြားရသောအခါ၊ အရှင်မဟာကဿပ၏နှလုံးသား၌ သံမှိုဖြင့်နှက်သကဲ့သို့ ခံစားလိုက်ရ သည်။ ယုတ်မာသောရဟန်းတို့သည် ဘုရားစကားတော်ကို ဘုရားမရှိပြီ၊ ဘုရားလွန်ပြီဟု

မှတ်ထင်ကာ အသင်းအပင်းကိုရခဲ့လျှင် မကြာမြင့်မီ သူတော်ကောင်းတရားကွယ်ပျောက်ကုန်ရာ၏။

အကြွင်မဲ့လောက်ကာလပတ်လုံး သုတ်အဘိဓမ္မာဝိနည်းသည်တည်၏။ ထိုမျှလောက်ကာလပတ်လုံးဘုရားစကားတော်သည် မလွန်သေးပေ။ မြတ်စွာဘုရားကိုယ်တော်တိုင်-

ယောဝေါအာနန္ဒ မယာဓမ္မောစ

ဝိနယောစ ဒေသိတော ပညတ္တော၊

သောဝေါ မ မစ္စယေန သတ္ထာ

အာနန္ဒာ၊ ငါဘုရားသည် အကြွင်သုတ်အဘိဓမ္မာကိုလည်းကောင်း၊ ဝိနည်းတော်ကိုလည်းကောင်း ဟောလည်းဟောတော်မူအပ်ပြီ၊ ပညတ်လည်းပညတ်တော်မူအပ်ပြီ ထိုဓမ္မဝိနယသည် ငါဘုရားပရိနိဗ္ဗာန်စံသောအခါ သင်တို့၏ဆရာဖြစ်ရစ်လိမ့်မည်-ဟု မိန့်တော်မူခဲ့သည်။ ငါသည် ဓမ္မကိုလည်းကောင်း၊ ဝိနယကိုသော်လည်းကောင်း သင်္ဂါယနာတင်ရမူ ဤသာသနာတော်သည် အရှည်ခန့်၍တည်တံ့ရာ၏ဟု စိတ်အကြံဖြစ်တော်မူသည်။ ဤကား အရှင်မဟာကဿပထေရ်၏ သင်္ဂါယနာတင်ရန် ရှေးဦးစွာစိတ်အကြံဖြစ်တော်မူခြင်းတည်း။

**ဆပ်၍မကုန် ကျေးဇူးဂုဏ်**

အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ မိမိအပေါ်၌ ချီးမြှောက်တော်မူခဲ့သော ဆပ်၍မကုန် ကျေးဇူးဂုဏ်တို့ကိုလည်း သတိရတော်မူသည် -

ကဿပ၊ သင်သည် ငါဘုရား၏ ပိုက်ဆံလျှော်ဖြင့် ရက်အပ်ကုန်သော ဝတ်ရုံထားပြီး ဖြစ်ကုန်သော (သုံးစွဲထား၍ဟောင်းနေသော) ပံ့သကူသင်္ကန်း၊ သင်္ကန်းတော်တို့ကို ဆောင်နိုင်ပါမည်လောဟု မိန့်တော်မူ၍ သင်္ကန်းတော်၌ ဆက်ဆံသော သုံးဆောင်ခြင်းဖြင့် ချီးမြှောက်တော်မူခဲ့သည်။ သည်သာမကသေး -

ရဟန်းတို့ ငါသည်အကြွင်မဲ့လောက် ကာလပတ်လုံး ဝတ္ထု ကိလေသာ နှစ်ဖြာသော ကာမတို့မှ ကင်းဆိတ်၍ ပဌမစျာန်ကိုကပ်ရောက်၍နေနိုင်၏။ ရဟန်းတို့ ထိုမျှလောက်ကာလပတ်လုံး ကဿပသည်လည်း ဝတ္ထု ကိလေသာ နှစ်ဖြာသော ကာမတို့မှ ကင်းဆိတ်၍ ပဌမစျာန်ကို ကပ်ရောက် (ဝင်စား၍) နေနိုင်၏။ ဤသို့ စသောနည်းဖြင့် အစဉ်တိုင်းဝင်စား၍နေကြောင်းဖြစ်သော ကိုးပါးသောသမာပတ်၊ ခြောက်ပါးသော အဘိညာဉ်အပြားရှိသော ဥတ္တရိ မနုဿဓမ္မ၌ ကိုယ်တော်နှင့် ထပ်တူထား၍ ချီးမြှောက်တော်မူခဲ့သည်။ ထိုကျေးဇူးတော်တို့ကို ငါ၏သင်္ဂါယနာတင်ခြင်းမှတစ်ပါး၊ အခြားသော အခြင်းအရာဖြင့် ကျေးဇူးဆပ်သော်လည်း ကျေးဇူး

တော်တည်းဟူသော ကြွေးမြီကင်းခြင်းသည် မဖြစ်နိုင်ပေ။ မင်းသည်မိမိ၏ ချပ်ဝတ်တန်ဆာရာထူးဌာနန္တရကိုပေးခြင်းဖြင့် မိမိ၏ မင်းမျိုးမင်းနွယ်ကို တည်စေနိုင်သော သားရတနာကို ချီးမြှောက်သကဲ့သို့ ထို့အတူ ငါ့ကို ကဿပသည် သူတော်ကောင်း တရားတည်းဟူသော အမျိုးအနွယ်ကို တည်စေနိုင်သူဖြစ်ပေလိမ့်မည်ဟု သိတော်မူ၍တစ်ပါးသောသာဝကတို့နှင့် ဆက်ဆံခြင်းမရှိသော ဆက်ဆံခြင်းဖြင့် ချီးမြှောက်တော်မူသည် မဟုတ်ပါလော - ဟု ဆပ်၍မကုန်နိုင်သော ကျေးဇူးတော်ဂုဏ်တို့ကို ဆင်ခြင်တော်မူသည်။ ရဟန်းတို့အား သုတ် ဝိနည်း အဘိဓမ္မာကို သင်္ဂါယနာတင်ရန် အားတက်သရောဖြစ်စေသည်။

## သုဘဒ္ဒရဟန်းကြီး၏ ရန်ငြိုး

ဤနေရာ၌ ကြားဖြတ်၍ တောထွက်ရဟန်းကြီး သုဘဒ္ဒ၏မြတ်ဗုဒ္ဓအပေါ်၌ ရန်ငြိုးထားခြင်းအကြောင်းကို အကျဉ်းမျှ ဖော်ပြပါဦးမည်။ သုဘဒ္ဒရဟန်းကြီးကား လူ့ဘဝက ဆတ္တာသည်ဖြစ်သည်။ နောက်မှရဟန်းပြုသော တောထွက်ရဟန်းကြီးဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်သည် တစ်ချိန်က ကုသိနာရုံပြည်မှ သံဃာတော် ၁၂၅၀ (တစ်ထောင့်နှစ်ရာ့ငါးဆယ်) ခြံရံလျက် အာတုမပြည်သို့ကြွလာတော်မူသည်။ သုဘဒ္ဒသည် အာတုမပြည်၌ ဘုရားကြွလာကြောင်း သတင်းစကားကြားရသောအခါ သူ၏သားများဖြစ်သော သာမဏေနှစ်ပါးကို ခေါ်သည်-

ချစ်သားတို့၊ ဘုရားသခင်သည် ရဟန်းတော်များ ခြံရံ၍ကြွလာတော်မူသည်။ မြတ်စွာဘုရားနှင့်သံဃာတော်များအား ယာဂုဆွမ်းဆက်ကပ်လှူကြမည်။ ချစ်သားတို့သည် အိတ်သင်ခုန်းခားတို့ကိုယူ၍ အိမ်စဉ်လှည့်လည်ပြီး ဆတ္တာသည် အမှုပြုလုပ်၍ ရွှေငွေဆန်ဆီစသည်တို့ကို ဆောင်ခဲ့ကြကုန်လော့ဟု စေခိုင်းသည်။

သားသာမဏေနှစ်ပါးတို့သည် ဖခင်ရဟန်းကြီးညွှန်ကြားစေခိုင်းသည့် အတိုင်း အိမ်စဉ်လှည့်လည်ပြီး ရသမျှ ရွှေ ငွေ ဆန် ဆီ တို့ကို ယူခဲ့ကြသည်။ သုဘဒ္ဒရဟန်းကြီးသည် လူတို့ကို တိုက်တွန်း၍ အိုးခွက်တို့ကို ငှားရမ်းပြီးချက်ပြုတ်သည်။ သူကိုယ်တိုင် သင်္ကန်းညစ်တစ်ထည်ကိုဝတ်၍ သင်္ကန်းညစ်တစ်ထည်ကိုကိုင်ပြီး ယောက်မကိုကိုင်ကာ ဘယ်အိုး၌ ဘာကိုထည့်ပါ။ ဘယ်အိုး၌ဘာလိုနေသည် စသည်ဖြင့် ကိုယ်တိုင်ချက်ပြုတ်စီစဉ်လေသည်။ သူ၏ယာဂုမှာ တစ်သိန်းတန်ဖိုးရှိသည်။

ဘုရားရှင်သည် ရဟန်းတော်များနောက်ပါခြံရံလျက် အာတုမရွာသို့ ဆွမ်းခံဝင်တော်မူသည်။ ဘုရားကြွလာသည်ကို လူများမြင်သောအခါ 'ဘုရားရှင် ဆွမ်းခံကြွတော်မူလာ

ပြီ၊ ကိုယ်တော့်ယာဂုက ဘယ်သူ့အတွက်လဲ' ဟု မေးကြလေသည်။ သုဘဒ္ဒရဟန်းကြီးသည် ပျာယီးပျာယာဖြင့် လက်တစ်ဖက်ကယောက်မကြီးကိုကိုင်လျက် မြေ၌ပုဆစ်တုပ်၍ လက်အုပ်ချီပြီး 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ ယာဂုကို အလှူခံတော်မူပါ' ဟု လျှောက်ထားလေသည်။

သုဘဒ္ဒသည် အကပ္ပိယ (မအပ်သော) ဝတ္ထုတို့ကို ရှာမှီး၍ ကိုယ်တိုင်လုပ်ကိုင်စီရင်ကြောင်း ဘုရားရှင်သိတော်မူပြီးဖြစ်သည်။ သိတော်မူပြီးဖြစ်သော်လည်း ပစ္စည်းကို စိစစ်မေးမြန်းတော်မူသည်။ သုဘဒ္ဒသည် မိမိသားသာမဏေနှစ်ယောက်ကိုစေလွှတ်၍ရသောရွှေငွေဖြင့်ဝယ်၍ စီရင်ပါကြောင်း လျှောက်ထားလေသည်။ မြတ်စွာဘုရားသည် 'သုဘဒ္ဒ၊ သင်သည် မအပ်သောပြုခြင်းဖြင့်ပြုလေသည်' ဟု ကဲ့ရဲ့တော်မူ၍ အကပ္ပိယသမာဒါနသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ သူ၏ယာဂုကိုအလှူမခံ၊ ဆွမ်းခံကြွတော်မူသည်။ သူ၏တစ်သိန်းတန်ပစ္စည်းကို ဖျက်ဆီးလေသည်ဟု ထိုအခါကစ၍ ဘုရားအပေါ် ရန်ငြိုးထားလေသည်။ ထို့ကြောင့်ပင် ဘုရားပရိနိဗ္ဗာန်စံဝင်သောသတင်းကို ကြားရသောအခါ ရင့်ရင့်သီးသီးပြောဆိုခြင်းဖြစ်သည်။

## နှင်ထုတ်နိုင်သော်လည်း

အရှင်မဟာကဿပသည် သုဘဒ္ဒ၏ရင့်သီးသောစကားသံကို ကြားရသောအခါ ဓမ္မသံဝေဂဖြစ်တော်မူသည်။ သုဘဒ္ဒတောထွက်ရဟန်းကြီးကို ပုဆိုးဝတ်၊ လူဝတ်လဲပေးပြီး ပြာဖြင့်ကြဲဖျန်း၍ ချက်ချင်းပင်နှင်ထုတ်နိုင်သည်။ သို့သော် ဂေါတမတပည့်သားရဟန်းများသည် ဘုရားပရိနိဗ္ဗာန်စံ၍ ရုပ်ကလာပ်တော်ထင်ရှားရှိချိန်မှာပင် ကွဲပြားကြလေပြီ-ဟု လူအများ အပြစ်တင်မည်ကိုမြင်တော်မူ၍ သည်းခံတော်မူကာ နှင်မထုတ်ခြင်းဖြစ်သည်။

## ၂၁ ရက် ပူဇော်ပွဲ

ဗုဒ္ဓရှင်တော်မြတ်သည် သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ မိုးသောက်ယံတွင် ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ရဟန်းရှင်လူပြည်သူပြည်သားများ အလောင်းတော်ကို (၇)ရက်ပတ်လုံး ပူဇော်သက္ကာရပြုကြသည်။ သာဓုကီဠနသတ္တာဟဟုခေါ်သည်။

ထို့နောက် အလောင်းတော်ကိုပင့်ဆောင်၍ စန္ဒကူးထင်းပုံထက်သို့တင်ပြီး (၇)ရက်ပတ်လုံးပူဇော်ကြသည်။ စိတက သတ္တာဟဟုခေါ်သည်။ တေဇောဓာတ်လောင်ကျွမ်းပြီး ဓာတ်တော်များကို ၇ ရက်ပူဇော်ကြပြန်သည်။ ဓာတုပူဇာသတ္တာဟဟုခေါ်သည်။ (၁၄၈)ခု၊ နယုန်လဆန်း ၅ ရက်နေ့တွင် ဓာတ်တော်များ ဝေဖန်၍ပြီးသည်။

**အရှင်မဟာကဿပ မိန့်ခွန်းတော်**

ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် သံဃာတော် ခုနစ်သိန်းတို့ စည်းဝေးတော်မူကြသည်။ သံဃာတော်ခုနစ်သိန်းတို့ကို ဓာတ်တော်ထားရာအရပ်၌ တညီတညွတ်စည်းဝေးစေသည်။ စည်းဝေးပြီးသောအခါ အရှင်မဟာကဿပသည် မိန့်ခွန်းတော်စကားမြွက်ကြားလေသည်။

ငါ့ရှင်တို့၊ တပည့်တော်သည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ သံဃာငါးရာနှင့် တကွ လာခဲ့ပါသည်။ နေကပူပြင်း၊ ခရီးပန်းလွန်း၍ သစ်ပင်တစ်ပင်၏ အရိပ်အောက် နားနေခိုက် တက္ကတွန်းတစ်ယောက်သည် မန္ဒာရဝနတ်ပန်းကြီးကို ထီးလုပ်မိုးကာ လာပါသည်။ အနီးသို့ရောက်သောအခါ ငါ့ရှင်တက္ကတွန်း၊ သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကို သိပါသလော မေးမြန်းပါသည်။ တက္ကတွန်းက 'အကျွန်ုပ်သိပါ၏။ သင်တို့ဆရာဂေါတမ ပရိနိဗ္ဗာန်စံလွန်သည်မှာ ယနေ့ ခုနစ်ရက်ရှိပြီး ပရိနိဗ္ဗာန်စံရာ ဌာနမှသည် မန္ဒာရဝနတ်ပန်းကြီးကို ရခဲ့ပါသည်' ဟု ပြောပါသည်။

ထိုတက္ကတွန်း၏ ဘုရားပရိနိဗ္ဗာန်စံပြီဟူသောအသံကို ကြားလိုက်ရသောအခါ ရဟန်းများတို့သည် ဆောက်တည်ရာမရ ငိုကြွေးကြပါသည်။ အတူပါလာသော အာတုမပြည်သား တောထွက်ရဟန်းကြီးသုဘဒ္ဒသည် -

ငါ့ရှင်တို့ ငိုကြွေးဖို့ရာမသင့်၊ ရဟန်းဂေါတမလက်မှ ငါတို့လွန်မြောက်ခဲ့ပေပြီ၊ ရဟန်းဂေါတမသည် ငါတို့ကို အမြဲတမ်းနှိပ်စက်နေသည်။ သည်အရာသည် အပ်သည်၊ သည်အရာသည်မအပ် 'ချုပ်ချယ်သည်' ဟု ပြောဆိုပါသည်။ ယုတ်မာသော ရဟန်းတို့သည် ဘုရားစကားတော်လွန်ပြီ၊ ဘုရားမရှိပြီဟု မှတ်ထင်ပြီး အသင်းအပင်းကိုရခဲ့လျှင် သဒ္ဓမ္မသုံးဖြာသာသနာတော် ကွယ်သွားပါမည်။

အကြင်မျှလောက် ကာလပတ်လုံး မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဓမ္မ၊ ဝိနယတည်ရှိ၏။ ထိုမျှလောက်သောကာပတ်လုံး ဘုရားစကားတော်လွန်ပြီဟု မဆိုနိုင်ပါ။ ဘုရားရှင်ကိုယ်တော်တိုင်က 'ယောဝေါအာနန္ဒမယာဓမ္မောစဝိနယောစ ဒေသိတော ပညတ္တာသောဝေါမ မစ္စယေနသတ္ထာ' ဟု မိန့်တော်မူခဲ့ပါသည်။

"ငါ့ရှင်တို့ မသူတော်တို့တရားသည် မပြန့်ပွားမီ၊ မထွန်းကားမီ သူတော်ကောင်းတို့ တရား တားမြစ်ပိတ်ပင်ခံရခြင်းမဖြစ်မီ၊ ဝိနည်းမဟုတ်သော အဝိနယဓမ္မမပြန့်ပွားမီ၊ ဝိနည်းတရားတားမြစ်ခြင်းမခံရမီ၊ အဓမ္မဝါဒီတို့အားမကြီးမီ၊ ဓမ္မဝါဒီ လဇ္ဇီသူတော်ကောင်းတို့အားမနည်းမီ၊ အဝိနယဝါဒီတို့အားမကြီးမီ၊ ဝိနယဝါဒီတို့အားမနည်းမီ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို သင်္ဂါယနာတင်ကြပါကုန်အံ့" ဟု မိန့်တော်မူသည်။

သံဃာတော်အရှင်မြတ်များက "အရှင်ဘုရား မဟာကဿပ၊ အလွန်ကောင်းလှပါသည်။ သင်္ဂါယနာတင်ရန် စီမံတော်မူပါ" ဟု တညီတညွတ်တည်း လျှောက်ထားကြလေသည်။ ဤသို့ဖြင့် ပထမသင်္ဂါယနာတင်ရန် စည်းဝေးဆုံးဖြတ်တော်မူခဲ့ကြသည်။

**သံဃာရွေးချယ်ခြင်း**

"အရှင်ဘုရား မဟာကဿပ၊ သင်္ဂါယနာတင်ရန်အတွက် ရဟန်းတို့ကို ရွေးကောက်တော်မူပါ" ဟု လျှောက်ထားကြလေသည်။ အရှင်မဟာကဿပသည် အလုံးစုံအင်္ဂါကိုးပါးရှိသော၊ မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော ပရိယတ်ကို ဆောင်ရွက်နိုင်စွမ်းသော၊ အထောင်မကများလှစွာသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ သုက္ခဝိပဿက ရဟန္တာတို့ကို ချန်ထားသည်။ ပိဋကတ်သုံးပုံကို ဆောင်စွမ်းနိုင်သော ပဋိသမ္ဘိဒါပတ္တဖြစ်၍ များသောအားဖြင့် မြတ်စွာဘုရားဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခံတော်မူရသော တေဝိဇ္ဇာ စသော ရဟန္တာအရှင်မြတ် ၄၉၉ ပါးတို့ကို ရွေးကောက်တော်မူသည်။ ငါးရာပြည့်ရန် တစ်ပါး လျော့နေသည်။

အရှင်အာနန္ဒာကို ရွေးကောက်လိုသော်လည်း အရှင်အာနန္ဒာသည် သောတာပန်သာဖြစ်၍ အထက်တန်းဖြစ်သော ရဟန္တာကြီးများနှင့်အတူ မိမိဆန္ဒဖြင့် ရွေးကောက်တော်မမူပေ။ အရှင်အာနန္ဒာမပါဘဲလည်း သင်္ဂါယနာတင်ရန် မဖြစ်ပေ။ အရှင်အာနန္ဒာကား မြတ်စွာဘုရားသည် သူ၏မျက်မှောက်မျက်ကွယ်၌ ဟောထားအပ်သော တရားတော်များကို ဆောင်ထားသူဖြစ်သည်။ ထို့ကြောင့် အရှင်အာနန္ဒာမပါဘဲ သင်္ဂါယနာတင်၍ မဖြစ်နိုင်ပေ။

အရှင်အာနန္ဒာ၏ အကြောင်းကို သိပြီးဖြစ်ကြသော ရဟန်းတော်များက အရှင်အာနန္ဒာကို ရွေးကောက်တော်မူပါရန် လျှောက်ထားကြသည်။ အရှင်အာနန္ဒာပါမှ သံဃာငါးရာပြည့်သွားသည်။ ထို့နောက်သင်္ဂါယနာတင်ရန်ဌာနကို ရွေးချယ်တော်မူကြသည်။ ရာဇဂြိုဟ်ပြည်သည် ကျယ်ဝန်းသောဆွမ်းခံရာအရပ်ရှိသည်။ (ဆွမ်းကွမ်းပြည့်စုံသည်) နေထိုင်ဖို့ရာ ကျောင်းများလည်းများသည်။ ဤအချက်များနှင့်ပြည့်စုံ၍ ရာဇဂြိုဟ်ပြည်ကို သင်္ဂါယနာတင်ရန် ရွေးချယ်တော်မူကြသည်။

**အရှင်မဟာကဿပ ရာဇဂြိုဟ်သို့ကြွ**

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသောနေ့မှစ၍ သာစုကီဠနပူဇာနှင့် ဓာတ်တော်ပူဇော်ပွဲတို့ကို ကျင်းပခဲ့ရာ ၁၅ ရက်ကျော်ခဲ့ပေပြီ။ နွေရာသီသည် တစ်လခွဲကုန်ခဲ့လေပြီ။ ဝါဆိုရန်ရက်လည်း နီးကပ်လာပေပြီဟု သိတော်မူ၍ အရှင်မဟာကဿပထေရ်သည် -

"ငါ့ရှင်တို့ ရာဇဂြိုဟ်ပြည်သို့သွားကြစို့" ဟု မိန့်တော်မူပြီး ထက်ဝက်သောသံဃာကိုခေါ်၍ ကြွတော်မူသည်။

အရှင်အနုရုဒ္ဓါထေရ်သည်လည်း ထက်ဝက်သောသံဃာကို ခေါ်တော်မူ၍ တစ်ကြောင်းသောခရီးဖြင့် ကြွတော်မူသည်။ အရှင်အာနန္ဒာထေရ်သည် မြတ်စွာဘုရား၏ သပိတ်၊ သင်္ကန်းတို့ကို ယူတော်မူပြီး သံဃာများခြံရံလျက် သာဝတ္ထိပြည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ (အရှင်အာနန္ဒာ၏ အကြောင်းအရာများ အဠကထာ၌ ပါရှိပြီးဖြစ်၍ ရှည်လျားမည်ကြောင့် မရေးတော့ပါ။)

ရာဇဂြိုဟ်ပြည်မှာ စုံညီစွာ

သင်္ဂါယနာတင်မည့် မထေရ်မြတ်တို့သည် ၁၄၈ ခုနှစ်၊ ဝါဆိုလဆန်း - ၁၄ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူကြသည်။ ဝါဆိုလပြည့် ဥပုသ်နေ့တွင် ဥပုသ်ပြုပြီး ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါကပ်တော်မူကြသည်။

ထိုအချိန်က ရာဇဂြိုဟ်ပြည်၌ ကျောင်းပေါင်း ၁၈ ကျောင်းရှိသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ရဟန်းတော်များသည် သပိတ်၊ သင်္ကန်းကိုယူဆောင်၍ ကျောင်းများကိုစွန့်ပစ်ပြီး ကြွသွားတော်မူကြသည်။ ထို့ကြောင့် ကျောင်းများမှာ ကျိုးပြတ်ပျက်စီးပွင့်ထွက်နေသည်။ ထိုပျက်စီးနေသောကျောင်းများကိုမြင်ရသောအခါ မထေရ်မြတ်တို့ ဤသို့အကြံအစည်ဖြစ်တော်မူကြသည်။

> 'ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် ကျိုးပြတ်ပေါက်ကွဲပျက်စီးနေသော အရာကို ပြုပြင်စီရင်ခြင်းကို ချီးကျူးတော်မူသည်။ ငါ့ရှင်တို့၊ ငါတို့သည် ပထမလပတ်လုံး ကျိုးပြတ်၊ ပေါက်ကွဲပျက်စီးနေသောကျောင်းများကို ပြုပြင်ကြကုန်အံ့။ မဇ္ဈိမလပတ်လုံး စုဝေး၍ ဓမ္မ၊ ဝိနယကိုသင်္ဂါယနာတင်ကြကုန်စို့'ဟု တိုင်ပင်ဆုံးဖြတ်တော်မူကြသည်။

**နန်းတော်သို့ကြွ**

ဤသို့ တိုင်ပင်ပြီး ဒုတိယနေ့၌ အဇာတသတ်မင်းနန်းတော်သို့ ကြွရောက်၍ ရပ်တော်မူကြသည်။

(ဥစ္စာရှင်က ဘာအလိုရှိပါသလဲဟု မမေးက၊ မပြောကောင်းသောကြောင့် ဆွမ်းခံသကဲ့သို့ ရပ်တော်မူကြသည်။ ဝင်၍မထိုင်ပါ။ အတုယူဖွယ်ကြည်ညိုဖွယ်ကောင်းပါပေစွ)

အဇာတသတ်မင်းသည် လာရောက်ရှိခိုးပြီးလျှင် -

အရှင်ဘုရားတို့၊ အဘယ်ကိစ္စဖြင့် ကြွလာတော်မူကြပါသလဲ - ဟု မိမိပြုရမည့်ကိစ္စကို မေးလျှောက်သည်။

မထေရ်တို့သည် တစ်ဆယ့်ရှစ်ရပ်သောကျောင်းကြီးတို့ကို ပြုပြင် ပြင်ဆင်ခြင်းငှာ (ဟတ္ထကမ်) လက်ဖြင့် ပြုပြင်ဖွယ်ကိစ္စကို မိန့်ကြားတော်မူကြသည်။ အဇာတသတ်မင်းသည် -

အရှင်ဘုရားတို့၊ ကောင်းပါပြီဟု လျှောက်ထား၍ ဟတ္ထကမ်ကို ပြုလုပ်တတ်သောလက်သမားတို့ကို ပေးလိုက်သည်။ မထေရ်မြတ်တို့သည် ပထမလပတ်လုံးပျက်စီးနေသောကျောင်းတို့ကို ပြုပြင်ပြီး -

"မင်းမြတ်၊ တစ်ဆယ့်ရှစ်ရပ်သောကျောင်းကြီးတို့ကို ပြုပြင်ပြီးပြီ၊ ယခုအခါ ဓမ္မ၊ ဝိနယကို သင်္ဂါယနာတင်ခြင်းကို ပြုကုန်အံ့" ဟု အဇာတသတ်မင်းအား ပြောကြားလေသည်။

**အဇာတသတ်မင်း၏ ရဲတင်းသောလျှောက်ထားချက်**

မထေရ်မြတ်တို့က သင်္ဂါယနာတင်ရန် မိန့်ကြားသောအခါ အဇာတသတ်မင်းက ရဲရဲတင်းတင်း ပြတ်ပြတ်သားသား လျှောက်ထားလိုက်သည်။

*'အရှင်ဘုရားတို့၊ ကောင်းပါပြီ၊ ကြောက်ရွံ့ခြင်းကင်းပြီး ရဲရဲတင်းတင်း သင်္ဂါယနာတင်တော်မူကြပါ၊ ဒကာတော်၏ အာဏာစက်သည် ဖြစ်ပါစေ၊ အရှင် ဘုရားတို့၏ ဓမ္မစက်သည်ဖြစ်ပါစေ၊ အရှင်မြတ်တို့ဘုရား၊ စေခိုင်းတော်မူကြပါ' ဟု လျှောက်ထားလေသည်။

'မင်းမြတ်၊ သင်္ဂါယနာတင်မည့် အရှင်မြတ်တို့၏ နေထိုင်ရာအရပ်ကို ပြုပြင်သင့်၏' ဟု မိန့်ကြားတော်မူရာ -

---

* သာသနာပြုရာ၌ အာဏာစက်၊ ဓမ္မစက် (၂)ပါးစုံမှသာ သန့်ရှင်းသော သာသနာဖြစ်နိုင်သည်ကို သတိပြုသင့်လှသည်။

'အရှင်ဘုရားတို့ ဘယ်အရပ်၌ ပြုလုပ်ရပါမည်နည်း' ဟု လျှောက်ထားလေသည်။

"မင်းမြတ်၊ ဝေဘာရတောင်နံရံစရည်းပင်ပေါက်ရာ လိုဏ်တံခါးအနီး၌ ပြုသင့်ပါသည်" ဟု မိန့်ကြားတော်မူကြသည်။ အဇာတသတ်မင်းသည် -

'အရှင်ဘုရားတို့ ကောင်းပါပြီ' ဟု လျှောက်ထားပြီးလျှင် ဝိသကြုံနတ်သား ဖန်ဆင်းထားသော မဏ္ဍပ်နှင့်တူစွာ နံရံသည်တိုင်စောင်တန်းတို့ကို ဆန်းကြယ်လှပစွာ ပန်းနွယ်၊ ပန်းကြွတို့ဖြင့် ကြည့်ရှု၍မဝအောင် စီမံဆောက်လုပ်စေသည်။ ထိုကြီးကျယ်တင့်တယ်လှသော ဓမ္မာရုံ၌ ရဟန်းတော်ငါးရာတို့၏ သီတင်းသုံးတော်မူရန် အဖိုးထိုက်တန်သော အခင်းတို့ကို ခင်းထားသည်။

တောင်ဘက်နံရံကို ကျောပေး၍ မြောက်ဘက်သို့မျက်နှာမူကာ မထေရ်ကြီးတို့၏ နေရာကိုခင်းထားသည်။ မဏ္ဍပ်အလယ်၌ အရှေ့ဘက်သို့ မျက်နှာမူ၍ မြတ်စွာဘုရားရှင်၏ နေရာတော်ကိုလည်းကောင်း၊ မထေရ်မြတ်အတွက် ဓမ္မာသနပလ္လင်ကိုလည်းကောင်း ခင်းထားသည်။ ပလ္လင်ပေါ်၌ ဆင်စွယ်ဖြင့်စီ၍ ပြုလုပ်ထားသော လေးထောင့်ယပ်ကိုလည်း ချထားသည်။ အားလုံးပြင်ဆင်ပြီးသောအခါ သံဃာတော်များအား လျှောက်ထားစေသည်။

'အရှင်မြတ်တို့ဘုရား၊ ဒကာတော်၏ ဆောင်ရွက်ဖွယ်ကိစ္စများ ပြီးစီးပါပြီ' ဟု လျှောက်ထားစေသည်။

## သင်္ဂါယနာတင် ဓမ္မသဘင်

သက္ကရာဇ် ၁၄၈ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါကပ်တော်မူကြပြီး တစ်ဆယ့်ရှစ်ရပ်သော ကျောင်းကြီးများကို အဇာတသတ်မင်း အကူအညီဖြင့် ပြင်ဆင်တော်မူကြသည်။ သင်္ဂါယနာတင်ရန်အတွက် ဝေဘာရတောင်နံရံစရည်းပင်ပေါက်ရာ လိုဏ်တံခါး၌ ဓမ္မာရုံ၊ ဓမ္မမဏ္ဍပ်ကြီးလည်း ဆောက်လုပ်၍ ပြီးခဲ့ပေပြီ။ ဤသို့ဖြင့် ဝါတွင်းကာလ ပထမလဖြစ်သော ဝါဆိုလကုန်ခဲ့ပေပြီ။ မဇ္ဈိမလဖြစ်သော ဝါခေါင်လဆန်း ၅ ရက်နေ့ သောကြာနေ့သို့ ရောက်ပေပြီ။ သာသနာပြုရာ၌ အာဏာစက်၊ ဓမ္မစက် နှစ်ပါးစုံမှသာ သန့်ရှင်းသော သာသနာ ဖြစ်နိုင်သည်ကို သတိပြုသင့်လှသည်။

သင်္ဂါယနာတင်မည့် မထေရ်မြတ်များ ဓမ္မာရုံ ဓမ္မမဏ္ဍပ်၌ စုံညီစွာကြွရောက်တော်မူကြသည်။ အရှင်မဟာကဿပသည် ဓမ္မာရုံအလယ်၌ရှိသော ဓမ္မာသနပလ္လင်သို့တက်ရောက်တော်မူပြီး ဆင်စွယ်ယပ်ကို ကိုင်တော်မူ၍ သီတင်းသုံးတော်မူသည်။ အရှင်မဟာကဿပသည် ရဟန်းတော်တို့ကို ဤသို့မိန့်တော်မူသည် -

'ငါ့ရှင်တို့ အဘယ်ကို ရှေးဦးစွာသင်္ဂါယနာတင်ကြမည်နည်း။ ဓမ္မကို ရှေးဦးစွာ သင်္ဂါယနာတင်မည်လော၊ ဝိနည်းကိုလည်း ရှေးဦးစွာ သင်္ဂါယနာတင်မည်လော' ဟု မေးတော်မူသည်။

'အရှင်ဘုရား မဟာကဿပ၊ ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်းတည်လျှင် သာသနာတည်ပါသည်။ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်ကြပါကုန်စို့' ဟု သံဃာတော်များက လျှောက်ထားလေသည်။

ဝိနည်းတော်ကို သင်္ဂါယနာတင်ရာ၌ အရှင်မဟာကဿပက မေးတော်မူ၍ ဝိနယဓရ ဧတဒဂ်ရ အရှင်ဥပါလိထေရ်က ဖြေကြားပြီး သင်္ဂါယနာတင်တော်မူကြသည်။ ဓမ္မခေါ် သုတ္တန္တနှင့်အဘိဓမ္မကို အရှင်အာနန္ဒာထေရ်အား အရှင်မဟာကဿပက မေးမြန်းစိစစ်၍ သင်္ဂါယနာတင်တော်မူကြသည်။ သံဃာတော်အရှင်မြတ်ငါးရာတို့ တစ်နေ့မလပ်ညီညာစွာ စုပေါင်းရွတ်ဖတ်ပြီး သင်္ဂါယနာတင်တော်မူကြရာ တပို့တွဲလအထိ ခုနစ်လကြာမှ ပြီးဆုံးလေသည်။

ပထမ သင်္ဂါယနာ၌ -

၁။ ဓုတင်အရာ၌ ဧတဒဂ်ရ အရှင်မဟာကဿပထေရ်
၂။ ဗဟုသုတအရာ၌ ဧတဒဂ်ရ အရှင်အာနန္ဒာထေရ်
၃။ ဝိနည်းအရာ၌ ဧတဒဂ်ရ အရှင်ဥပါလိထေရ်
၄။ ဒိဗ္ဗစက္ခုအရာ၌ ဧတဒဂ်ရ ရှင်အနုရုဒ္ဓါထေရ်
၅။ ပဋိဘာနအရာ၌ ဧတဒဂ်ရ အရှင်ဝင်္ဂီသထေရ်
၆။ ဓမ္မကထိကအရာ၌ ဧတဒဂ်ရ အရှင်ပုဏ္ဏထေရ်
၇။ ဝိစိတ္တအရာ၌ ဧတဒဂ်ရ အရှင်ကုမာရကဿပထေရ်
၈။ ဝိဘဇ္ဇအရာ၌ ဧတဒဂ်ရ အရှင်ကစ္စာယနထေရ်

ရှစ်ပါး တို့နှင့်တကွ သာသနာတော်၌ လွန်စွာထင်ရှားလေးစားရိုသေကြရသော မဟာထေရ်တို့သည် ပထမသင်္ဂါယနာတင် ဓမ္မသဘင်ပွဲကို ဆင်နွှဲကျင်းပတော်မူကြသည်။

**ပထမသင်္ဂါယနာတင် အန်ချင်း**

မင်းချင်းလေ။ ကုသိနာရုံ၊ ပန်းရဂုံဝယ်၊ ဘုံပြိဿလက်
ပြည့်ဝန်းရက်၌၊ ဘုံစက်မပြန်၊ သုံးနိဗ္ဗာန်တွင်၊ နှစ်တန်ကူးမြောက်
လေးလမြောက်ဝယ်၊ ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်
ဖြဟ္မာအသွင်၊ လူကရွှင်သည်၊ ဓုတင်ဂေါရယ်၊ သူထက်မြတ်သည့်

ထေရ်ကဿပ၊ သာဝကတို့၊ ခ ခပဥ္စာ¹၊ ရဟန္တာနှင့်၊ ပြည်ရာဇဂြိုဟ်
နဂိုစိုးခြင်း၊ သံဝေပြင်းသား၊ မင်းဇာတသတ်
သမုနတ်ကို၊ ထေရ်မြတ်တစ်စု၊ အမှီပြု၍၊ ငါးခုသာထောင်
ပြည့်ရန်အောင်ဝယ်၊ မြရောင်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းသား
ခတ်ကျိုင်းညွန့်ရှင်၊ စရည်းပင်နှင့်၊ ခေါ်တွင်ပဗ္ဗတ၊ ဝေဘာရဟု
သာလှရိပ်ချမ်း၊ လှိုင်သာဝှမ်းဝယ်၊ ကျမ်းပုဒ်ပဒ
ညှိနှိုင်းဆ၍၊ ပထမသင်္ဂါယနာ၊ တင်သောခါဝယ်၊ ကြယ်မာဃကြီး
လနှင့်နီးမှ၊ ပြီးစီးအောင်မြင်၊ ယင်းသဘင်ဝယ်၊ အရှင်အာနန်
အရဟံစစ်၊ တိုင်မြောက်ဖြစ်သည်။ ။ ရှစ်ဆယ်ကျော်သက်တွင်တည်းလေး။
သူကောင်းဖော်ရွှေ မင်းချင်းတို့-

ဟု စာဆိုတော် ဦးယာက အန်ချင်းကဗျာဖွဲ့၍ သီကုံးပူဇော်ထားသည်။

## ကောဇာသက္ကရာဇ်နှင့် သာသနာနှစ်

သက္ကရာဇ် ၁၄၈ ခုနှစ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ အဇာတသတ်မင်း နန်းစံနှစ် ရှစ်နှစ် ရှိလေပြီ။ အဇာတသတ်မင်းနှင့် မြန်မာနိုင်ငံ တကောင်းခေတ်၊ တကောင်း သင်းတွဲပြည် ဇမ္ဗူဒီပဓဇမင်းကြီးတို့သည် နန်းပြိုင် ဖြစ်သည်။

အဇာတသတ်မင်းသည် ဘုရားပရိနိဗ္ဗာန်စံတော်မူသော သက္ကရာဇ် ၁၄၈ ကို ချေပြီး သာသနာနှစ်နှင့်တူညီအောင် သက္ကရာဇ်တစ်နှစ်က စ၍ ထားလေသည်။ ကောဇာ သက္ကရာဇ်နှင့် သာသနာနှစ်မှာ တူညီသွားသည်။

## အာဂုံဆောင်ရှက် အဆက်ဆက်

ဘုရားဟောဖော် ပါဠိတော်များကို နှုတ်တက်အာဂုံဆောင်ကာ သင်္ဂါယနာတင်ပြီး သော်လည်း စာပေအနေဖြင့် မှတ်တမ်းတင်ဖြင်းမရှိသေးပေ၊ သင်္ဂါယနာတင်ပြီးသော ပါဠိ တော်များကို သက်ဆိုင်ရာ အရှင်များက တာဝန်အသီးသီးခွဲဝေကာ အာဂုံဆောင်ကြရသည်။

ဝိနယပိဋက ဝိနည်းငါးကျမ်းတို့ကို အရှင်ဥပါလိ တပည့်အဆက်ဆက်က မပျောက်ပျက်ရအောင် အာဂုံဆောင်ကြရသည်။

သုတ္တန်ပိဋက သီလက္ခန္ဓဝဂ္ဂ၊ မဟာဝဂ္ဂ၊ ပါထိဝဂ္ဂ သုံးကျမ်းကို အရှင်အာနန္ဒာ၏ တပည့်အဆက်ဆက်က မပျောက်ပျက်ရအောင် အာဂုံဆောင်ကြရသည်။

---
၁။ ခခပဥ္စာ = ၅၀၀

သဂါထာဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ် ဟူသော သံယုတ္တနိကာယ်ကို အရှင်မဟာကဿပမထေရ်ကြီးကစ၍ တပည့်အဆက်ဆက်က မပျောက်ပျက်ရအောင် အာဂုံဆောင်ကြရသည်။ အင်္ဂုတ္တရနိကာယ်၊ အင်္ဂုတ္တိုရ်သုံးကျမ်းကို အရှင်အနုရုဒ္ဓါ၏ တပည့်အဆက်ဆက်က မပျောက်ပျက်ရအောင် အာဂုံဆောင်ကြရသည်။

အဘိဓမ္မာပိဋက အဘိဓမ္မာခုနစ်ကျမ်းကို အရှင်သာရိပုတ္တရာ မထေရ်၏တပည့် အဆက်ဆက်က မပျောက်ပျက်ရအောင် အာဂုံဆောင်ကြရသည်။ ဤသို့ တတိယ သင်္ဂါယနာတင်သည်ထိ နှုတ်တက်အာဂုံဆောင်တော်မူကြရသည်။

## အံ့ချီးမကုန် စီစဉ်ပုံ

ဗုဒ္ဓရှင်တော်မြတ် ၄၅ ဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော ဘုရားစကားတော်ခေါ် ဒေသနာတော်ကိုကြည့်လျှင် အဘိဓမ္မာ ပိဋကတ်တစ်ပုံသာ ဓမ္မသင်္ဂဏီ ဝိဘင်း စသည်ဖြင့် အစီအစဉ်အလိုက် ဟောကြားတော်မူခဲ့သည်။ ဝိနယနှင့်သုတ္တဒေသနာတို့ကိုကား အစီအစဉ်မရှိ ထိုထိုအရပ်ဒေသ၊ ဖြစ်ပေါ်လာသောအကြောင်းအားလျော်စွာ ဟောတော်မူခဲ့ခြင်း ဖြစ်သည်။ ဖရိုဖရဲပြန့်ကြဲနေသော ပန်းပွင့်များနှင့်တူသည်ဟု နှိုင်းခိုင်းကြသည်။ ဖရိုဖရဲ ပြန့်ကြဲနေသော ပန်းပွင့်များကို ကြိုးဖြင့် သီကုံးမထားပါက လွင့်ချင်ရာလွင့်၍ ရောက်ချင်ရာရောက်မည်။ ပျောက်၍လည်းသွားနိုင်သည်။ သင်္ဂါယနာတင် အရှင်မြတ်တို့သည် ဖရိုဖရဲပြန့်ကြဲနေသော ပန်းပွင့်လေးများနှင့်တူသော ဒေသနာများကို ဝိနယ၊ သုတ္တန်၊ အဘိဓမ္မာဟု ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ် စသည်ဖြင့် စနစ်တကျ စီစဉ်ထားပုံမှာ - ပဋိသမ္ဘိဒါပတ္တဆဠာဘိည အရှင်မြတ်များဖြစ်၍သာ ကြီးမားသော ဉာဏ်တော်ဖြင့် စီစဉ်နိုင်ခြင်းဖြစ်သည်။ အသေအချာကြည့်လေ စီစဉ်ထားပုံမှာ အံ့ချီး၍ မကုန်အောင် ကောင်းမွန်လှပါသည်။ ပန်းကလေးများကို အရောင်အသွေးရွေးချယ်ကာ အကန့်အကန့် ရှုပ်မဝရအောင် စီကုံးထားသည်နှင့်တူလှပါသည်။ ပထမသင်္ဂါယနာတင် အရှင်မြတ်တို့၏ ကျေးဇူးတော်ကား ကြီးမားလှပါဘိသည်။

## သင်္ဂါယနာတင် ဆရာစဉ်

ပထမသင်္ဂါယနာမှစ၍ တတိယသင်္ဂါယနာတင်သည်အထိ ပိဋကတ်တော်ကို နှုတ်တက်အာဂုံဆောင်တော်မူကြသော သင်္ဂါယနာတင်ထေရ်အရှင်တို့၏ အဆက်အနွယ်ကို-

ဥပါလိဒါသကော စေဝ၊
သောဏကော သိဂ္ဂ ဝေါတထာ၊
တိဿော မောဂ္ဂလိ ပုတ္တောစ၊
ပဉ္စေတေ ဝိဇိတာ ဝိနော၊
ပရမ္ပရာယ ဝိနယံ၊
ဒီပေဇမ္ဗုသိရိဝှယေ၊
အစ္ဆိဇ္ဇမာန မာနေသုံ
တတိယောယာဝသင်္ဂဟော - ဟု အဋ္ဌကထာများတွင် မှတ်တမ်းတင်ထားသည်။
၁။ အရှင်ဥပါလိ (ဧတဒဂ်ရမဟာထေရ်)
၂။ အရှင်ဒါသက (အရှင်ဥပါလိ၏တပည့်)
၃။ အရှင်သောဏက (အရှင်ဒါသက၏တပည့်)
၄။ အရှင်သိဂ္ဂဝ (အရှင်သောဏက၏တပည့်)
၅။ အရှင်မောဂ္ဂလိပုတ္တတိဿ (အရှင်သိဂ္ဂဝ၏တပည့်)

ထိုအရှင်ငါးပါးတွင် အရှင်ဥပါလိသည် မြတ်စွာဘုရားထံတော်မှ ဝိနည်းပိဋကတ်ကို သင်ယူ၍ ဝိနယဧတဒဂ်ဘွဲ့ကို ရတော်မူသည်။ အရှင်ဥပါလိထံ ဝိနည်းကို သင်ယူခဲ့သော ပုထုဇဉ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့ အရေအတွက်ကား များလှပါသည်။ ရဟန္တာအရှင်မြတ်တို့ပင် ၁၀၀၀ ရှိသည်။

## အရှင်ဒါသကထေရ်ဘဝ[၁]

အရှင်ဒါသကထေရ်သည် အရှင်ဥပါလိ၏တပည့်ဖြစ်သည်။ ဝေသာလီပြည်၌ ဒါသကမည်သော ပုဏ္ဏားလုလင်ဖြစ်သည်။ ဗြဟ္မဏဆရာကြီးထံ၌ ဝေဒအတတ်ပညာကို သင်ကြသော တပည့်သုံးရာတို့တွင် တပည့်ကြီးဖြစ်သည်။ ၁၂ နှစ်သားအရွယ်ကပင် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းရောက် တတ်မြောက်ခဲ့သည်။ သူသည် သင်္ဂါယနာတင်ပြီးစ အချိန် ဝါလိကာရုံကျောင်း၌ သီတင်းသုံးတော်မူသော အရှင်ဥပါလိထံသို့ တပည့်များနှင့် အတူ ရောက်လေသည်။ အရှင်ဥပါလိထံ ချဉ်းကပ်၍ ဗေဒင်သုံးပုံမှ ခက်ဆစ်ခက်ရာတို့ကို မေးမြန်းလျှောက်ထားရာ အရှင်ဥပါလိက သူမေးမြန်းသမျှကို ကောင်းစွာဖြေကြားသည်။

---
၁။ သာရတ္ထဒီပနီဋီကာ ပ-၁၀၉

သူမေးသမျှဖြေကြားပြီးနောက် "အမောင်လုလင် သင့်ကိုလည်း ငါမေးမြန်းဦးမည်၊ တစ်ခုသောသဘောတရားသည် အလုံးစုံသောတရားတို့၌ သက်ရောက်၏၊ အလုံးစုံသော သဘောတရားတို့သည် တစ်ခုသောတရား၌ သက်ဝင်၏၊ ထိုတရားကား အဘယ်နည်း" ဟုမေးတော်မူသည်။ ဒါသကလုလင်မဖြေနိုင်တော့ဘဲ "အရှင်ရဟန်း၊ သည်မန္တန်ကားအဘယ် မည်သော မန္တန်ပါလဲ" ဟု မေးမြန်းလေသည်။[၁]

"အမောင်လုလင် ဗုဒ္ဓမန္တန် ဟုခေါ်သည်" ဆို၏။ ထိုအခါ ဒါသကလုလင်က "သည်မန္တန်ကို အကျွန်ုပ်အား သင်ပေးနိုင်ပါမည်လော" ဟု လျှောက်ထားလေသည်။

အရှင်ဥပါလိထေရ်က "အမောင်လုလင် ငါတို့လို ရှင်ရဟန်းပြုလျှင် သင်ပေးနိုင်ပါသည်" မိန့်တော်မူသည်။

ဒါသကလုလင်သည် ကောင်းပါပြီဟုလျှောက်ထားပြီး၊ မိဘနှင့်ဆရာ့ထံ ခွင့်ပန်၍ တပည့်သုံးရာနှင့်အတူ ရဟန်းပြုလေသည်။

ဒါသကလုလင်သည် အရှင်ဥပါလိထံ ရဟန်းပြု၍ အန္တေဝါသိက တပည့်အဖြစ် ပိဋကတ်စာပေများကို သင်ကြားခဲ့သည်။ အသက် ၂၀ ပြည့်သောအခါ ရဟန်းပြု၍ ရဟန္တာ အဖြစ်သို့ ရောက်တော်မူသည်။ အရှင်ဥပါလိထေရ်သည် အရှင်ဒါသက အမှူးပြုသော ရဟန်းသုံးရာတို့အား ပိဋကတ်သုံးပုံကို ပို့ချပေးတော်မူသည်။ အရှင်ဒါသကသည် ပိဋကတ် သုံးပုံကို သင်ယူပြီးသောအခါ ရဟန်းတို့အား ပို့ချပေးတော်မူရာ ရဟန်းများ များလှပါသည်။ ရဟန္တာချည်းပင် တစ်ထောင်အရေအတွက်ရှိလေသည်။

## အရှင်သောဏကထေရ်[၂]

အရှင်သောဏကသည် ကာသိတိုင်းသား ကုန်သည်တစ်ဦး၏ သားဖြစ်သည်။ ၁၅ နှစ်သားအရွယ် မိဘများနှင့်အတူ ရာဇဂြိုဟ်ပြည်တောင်ထိပ်ပွဲသို့ ကုန်ရောင်းသွား၏။ သူငယ်ချင်း ငါးဆယ့်ငါးယောက်နှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ သွားလေသည်။ အရှင်

---

၁။ နာမံ သန္ဓာယ ဣမံ ပုစ္ဆိ သာရတ္ထဒီပနီဋီကာ - ပ - ၁၀၉
နာမ်တရားကိုရည်ရွယ်၍ မေးတော်မူခြင်းဖြစ်သည်။ နာမ်တရားသည် အလုံးစုံသော တရားတို့၌ ညွတ်ကိုင်းသက်ဝင်သည်။ အလုံးစုံသော သဘောတရားတို့သည် တစ်ခုတည်းသော နာမ်တရားသို့ သက်ဝင်သည်။ နာမ်တရား၏ အာရုံဖြစ်သည်ဟု ဆိုလိုသည်ဟု ယူဆပါသည်။

၂။ သာရတ္ထဒီပနီဋီ ပ - ၁၁၀

ဒါသကထေရ်ကို ဖူးတွေ့ရ၍ အလွန်ကြည်ညိုလေသည်။ ရှင်ပြုပေးပါရန် လျှောက်ထားသည်။ အရှင်ဒါသက က မိဘတို့ခွင့်ပြုက ရှင်ပြုပေးမည်ဟု မိန့်သည်။ သောဏသတို့သားသည် မိဘတို့ထံ ရှင်ပြုရန် ခွင့်ပန်လေသည်။ မိဘများက ခွင့်မပေးသဖြင့် ထမင်းမစားတော့ဘဲ အစာငတ်ခံကာနေသည်။ မိဘများက မနေသာ၍ ခွင့်ပေးသောအခါ သူငယ်ချင်း ငါးဆယ့်ငါးယောက်နှင့်အတူ ရှင်ဒါသကထံ၌ ရှင်ပြုကြလေသည်။ ထို့နောက် ရဟန်းပြုပြီး မကြာမီ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည်။

အရှင်ဒါသကထေရ်သည် တပည့်ဖြစ်သော အရှင်သောဏအား ပိဋကတ်သုံးပုံကို ပို့ချပေးတော်မူသည်။ အရှင်သောဏသည် ပိဋကတ်သုံးပုံကို သင်ယူပြီးသောအခါ ဂဏပါမောက္ခ (ဂိုဏ်း၏အကြီးအမှူး)ဖြစ်၍ ပိဋကတ်သုံးပုံကို ပို့ချပေးတော်မူရာ တပည့်ရဟန်းများကား အလွန်များလှသည်။ ရဟန္တာအရှင်မြတ်များပင် တစ်ထောင်ရှိလေသည်။

**အရှင်သိဂ္ဂဝနှင့် အရှင်စန္ဒဝဇ္ဇီ[၁]**

အရှင်သိဂ္ဂဝထေရ်သည် အရှင်သောဏထေရ်၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သည်။ အရှင်သိဂ္ဂဝသည် ပါဋလိပုတ်ပြည် အမတ်ကြီး၏သား ဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးနှင့်ညီညွတ်အောင် ဆောက်လုပ်ထားသော ပြာသာဒ်သုံးဆောင်၌ စည်းစိမ်ချမ်းသာခံစား၍ နေရသူဖြစ်သည်။ တစ်နေ့တွင် မိမိ၏သူငယ်ချင်းဖြစ်သော စန္ဒဝဇ္ဇီသူဌေးသားကို ခေါ်၍ အခြံအရံများနှင့်တကွ ပါဋလိပုတ်ပြည် ကုက္ကုဋာရုံ ကျောင်းတိုက်သို့ သွားကြသည်။ နိရောဓသမာပတ် ဝင်စားနေသော အရှင်သောဏထေရ်ကို မြင်ရာ အနီးသို့ချဉ်းကပ်၍ ရှိခိုးကြလေသည်။ နိရောဓသမာပတ် ဝင်စားနေ၍ အရှင်သောဏထေရ်က သူတို့ကို စကားမပြောပေ။ စကားမပြောသော အကြောင်းကို ရဟန်းသံဃာတို့ကို မေးမြန်းလျှောက်ထားလေသည်။ သံဃာတော်များက နိရောဓသမာပတ်ဝင်စားနေ၍ စကားမပြောကြောင်း မိန့်ကြားကြသည်။

သိဂ္ဂဝလုလင်သည် "အရှင်ဘုရားတို့ အဘယ်သို့သော အကြောင်းရှိမှ နိရောဓသမာပတ်မှ ထပါသနည်း" ဟု မေးသည်။ သံဃာတော်များက အမောင်သိဂ္ဂဝ-

၁။ မြတ်စွာဘုရား မိန့်ခေါ်တော်မူသောအခါ

၂။ သံဃာတော်များ မိန့်ခေါ်သောအခါ

၃။ ပိုင်းခြားထားသော အချိန်ကာလစေ့ရောက်သောအခါ

၄။ အသက်ကုန်သောအခါ တို့၌ နိရောဓသမာပတ်မှထကြောင်း မိန့်တော်မူ

---

၁။ သာရတ္ထဒီပနီဋီ ပ - ၁၁၀

ကြသည်။ အခြွေအရံပရိသတ်နှင့် သိဂ္ဂဝလုလင်၏ဥပနိဿယကို မြင်တော်မူကြ၍ သံဃာတော်တို့၏ အမိန့်ဖြင့် အရှင်သောဏထေရ်ကို နိရောဓသမာပတ် ထစေတော်မူကြသည်။

သိဂ္ဂဝလုလင်သည် အရှင်သောဏထေရ်ကို ဖူးမြင်၍-

"အရှင်ဘုရား အဘယ်ကြောင့် တပည့်တော်များနှင့် စကားပြောတော်မမူပါသလဲ" ဟု လျှောက်ထားသည်။ အရှင်သောဏထေရ်က "ခံစားအပ်သောတရားကို ခံစားကြကုန်၏"ဟု မိန့်တော်မူသည်။

"အရှင်ဘုရား၊ တပည့်တော်တို့လည်း ထိုတရားကို ခံစားခွင့်ရှိပါသလား" ဟု လျှောက်ထားသည်။ မထေရ်က-

"မင်းသား၊ ငါတို့လို ရဟန်းပြုလျှင် ခံစားနိုင်ခွင့်ရှိ၏" ဟု မိန့်တော်မူသည်။

သိဂ္ဂဝနှင့် စန္ဒဝဇ္ဇီလုလင်နှစ်ယောက်တို့သည် မိဘများထံ ခွင့်ပန်၍ အပေါင်းအဖော်ငါးရာတို့နှင့်တကွ အရှင်သောဏထေရ်ထံ ရှင်ရဟန်းပြုကြသည်။ အရှင်သိဂ္ဂဝနှင့် အရှင်စန္ဒဝဇ္ဇီတို့သည် ဥပဇ္ဈာယ်ဖြစ်သော အရှင်သောဏထံ၌ ဓမ္မ၊ ဝိနယခေါ် ပိဋကတ်သုံးပုံကို သင်ယူကြသည်။ နောက်၌ ဆဠာဘိည ရဟန္တာကြီးများ ဖြစ်တော်မူကြသည်။ အရှင်သိဂ္ဂဝ အရှင်စန္ဒဝဇ္ဇီမထေရ်နှစ်ပါးတို့ထံ ဓမ္မဝိနယကို သင်ကြားကြသော ရဟန်းများကား အလွန်ပင်များပြားလှပေသည်။ (အရှင်မောဂ္ဂလိပုတ္တတိဿထေရ် အကြောင်းကား နောက်၌ထင်ရှားလိမ့်မည်။)

## ပွင့်လင်းရောင်ဝါ သာသနာ

သာသနာဖျက်မည့် သုဘဒ္ဒစကားကို ကြားရသဖြင့် အရှင်မဟာကဿပသည် ဓမ္မသံဝေဂ ဖြစ်တော်မူပြီး ကြောင့်ကြမဲ့နေတော်မမူပေ။ သံဃာတော်များနှင့် စည်းဝေးညှိနှိုင်း၍ သင်္ဂါယနာတင် ဓမ္မသဘင်ကြီးကို ခုနစ်လပတ်လုံး ရွတ်ဆိုကျင်းပတော်မူကြရာ အဓမ္မဝါဒီ အလဇ္ဇီတို့ ဖျက်ခွင့်မရဘဲ သန့်ရှင်းသော သာသနာတော် ဖြစ်လာသည်။ သာသနာတော်၏ အလင်းရောင်သည် ထွန်းပြောင်တောက်ပ၍လာခဲ့သည်။ (အရှင်မဟာကဿပ အမှူးရှိသော သင်္ဂါယနာတင် ထေရ်အရှင်တို့၏ ကျေးဇူးပေတကား။)

## ဒုတိယသင်္ဂါယနာတင်

လောက၌အကောင်းဆုံးဟု သတ်မှတ်ထားသော ပစ္စည်း၊ ဝတ္ထုများသည် ရိုရိုသေသေသုံးစွဲ၍ ပြုပြင်ပေးသူရှိမှသာ အကောင်းဘဝ၌ ရပ်တည်နိုင်သည်။ ပြုပြင်သူ

စောင့်ရှောက်သူကင်းမဲ့လာသောအခါ ပျက်စီးရလေတော့သည်။ အရှင်မဟာကဿပ စသောထေရ်ကြီးများ ဦးဆောင်၍ သင်္ဂါယနာတင်ခဲ့သဖြင့် သာသနာတော်သည် သန့်ရှင်းသော သာသနာတော် ဖြစ်လာသည်။

[၁]ဘုရားပရိနိဗ္ဗာန်စံတော်မူချိန်ကစ၍ ကောဇာသက္ကရာဇ်နှင့် သာသနာတော် နှစ်ကို အတူပြု၍ ထားခဲ့ရာ သာသနာတော်နှစ်တစ်ရာလောက် ကြာသောအခါ သာသနာတော် ညစ်နွမ်းမှေးမှိန်ဖို့ အကြောင်းပေါ်လာသည်။ ဝေသာလီပြည်၌ နေကြကုန်သော ဝဇ္ဇီတိုင်းသားရဟန်းများတို့သည် ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်သော အဓမ္မဝတ္ထု ဆယ်မျိုးကို ဟောပြောကာ ကျင့်သုံးနေထိုင်ကြသည်။ ထို အဓမ္မဝတ္ထု ၁၀ ပါးကား-

၁။ သားကောင်၏ဦးချိုဖြင့် ဆားကို ထည့်ထားပြီး ဆားမပါသော ဆွမ်းဖြင့် ရောစားလျှင် စားကောင်း၏၊ သန္နိဓိအာပတ်မသင့်ဟု ပြောဟောကျင့်သုံးခြင်း။

၂။ မွန်းလွဲ၍ အရိပ်လက်နှစ်သစ်ကျော်လွန်သော်လည်း ဘောဇဉ်ကို စားကောင်းသည်၊ ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်။

၃။ တစ်ရပ်တစ်ရွာသို့ သွားလိုသောရဟန်းသည် ပဝါရိတ်သင့်သော်လည်း အတိရိတ်ဝိနည်းကံ မပြုဘဲ ဘောဇဉ်ကို စားကောင်းသည်။

၄။ တစ်ခုသောသိမ်နယ်နိမိတ်အတွင်း၌ ရှိပါလျက် ကျောင်းအသီးသီး၌နေ၍ သံဃကမ္မကို ပြုကောင်းသည်။ ဝင်မဖြစ်။

၅။ သံဃာ့ကမ်ပြုရာမရောက်လာသေးသော ရဟန်းတို့၏ဆန္ဒကို ရောက်လာမှ ဆန္ဒတောင်းမည်ဟု၊ ထိုရဟန်းများမလာမီ ကံပြုကောင်းသည်။ ဝင်မဖြစ်။

၆။ ဆရာဉပဇ္ဈာယ်တို့၏ အစဉ်အလာအလေ့အကျင့်ဖြစ်က အပ်သည်ဟုပြောဆိုသည်။

၇။ နို့ဓမ်းအဖြစ်သို့မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင်သောရဟန်းသည် အတိရိတ်ဝိနည်းကံမပြုဘဲ သောက်ကောင်းသည်။

၈။ သေရည်အဖြစ်သို့ မရောက်သေးသော နုသောသေကို သောက်ကောင်း၏ဟု ဆိုသည်။

၉။ အမြိတ်အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်း၏။

၁၀။ ရွှေငွေကို ကိုင်ခံကောင်း၏။

ထိုအဓမ္မဝတ္ထု ၁၀ ပါးကို ပြောဟောပြီး ကျင့်သုံးနေကြသည်။ သုသုနာဂမင်း၏ သားဖြစ်သော ကာလာသောကမင်းသည် ထိုရဟန်းများ၏ အသင်းအပင်းဘက်သား ဖြစ်သည်။

---

၁။ ဝိ-၄-၁-၂၆

ထိုအခါ၌ ကာကဏ္ဍကပုဏ္ဏား၏ သားတော်ဖြစ်သော အရှင်ယသသည် ဝဇ္ဇီတိုင်းသို့ ဒေသစာရီလှည့်လည်တော်မူသည်။ ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အဓမ္မဝတ္ထု ၁၀ ပါးကို ဟောပြောပြီး ကျင့်သုံးနေထိုင်ကြသည်ဟု သတင်းစကားကြားတော်မူသည်။ ထိုသတင်းကို ကြားရသောအခါ အရှင်ယသသည် -

"ငါသည် မြတ်စွာဘုရား၏ သာသနာတော်ပျက်စီးခြင်းကို ကြားရပါလျက် ကြောင့်ကြမဲ့နေခြင်းငှာ မသင့်ပေ။ ငါသည် ယခုပင်သွား၍ အဓမ္မဝါဒီအလဇ္ဇီတို့ကို နှိမ်နင်းပြီး ဝိနယဓမ္မကို ပြပေအံ့"

ဟု ကြံလျက် ဝေသာလီပြည်သို့ ကြွတော်မူသည်။ ဝေသာလီပြည် မဟာဝုန် တောကူဋာဂါရသာလာ (စုလစ်မွန်းချွန်အထွတ်တပ်သောကျောင်း) ၌ သီတင်းသုံးနေသည်။ လဇ္ဇီတိုင်းသားရဟန်းတို့သည် ဥပုသ်နေ့၌ ကြေးဖလားကို ရေအပြည့်ထည့်၍ ရဟန်းတို့ အလယ်၌ထားပြီးလျှင် "ဒါယကာတို့၊ သံဃာတော်အား သင်္ကန်း၊ သပိတ်စသော ပရိက္ခရာ လိုအပ်သောအခါ အသုံးပြုရန် တစ်ကျပ်ဖြစ်စေ၊ ငါးမူးဖြစ်စေ၊ တစ်မတ်ဖြစ်စေ၊ တစ်ပဲဖြစ်စေ ပေးလှူကြပါ" ဟု ပြောဆိုကာ အလှူခံလေသည်။ အရှင်ယသမထေရ်မြင်တော်မူ၍-

"ဒါယကာတို့၊ မပေးလှူကြနှင့်၊ ရွှေငွေသည် ရဟန်းများအား မအပ်၊ ရဟန်းသည် ရွှေငွေကို မသာယာကောင်း၊ အလှူမခံကောင်း"

ဟု တားမြစ်ပြောဆိုလေသည်။ ဒါယကာများကလည်း လှူနေကျဖြစ်နေ၍ ပေးလှူကြသည်။ အလှူခံရသော အနာမာသဝတ္ထုတို့ကို နောက်တစ်နေ့၌ ရဟန်းများအား ဝေပုံကျခွဲဝေ၍ ပေးသည်။ အရှင်ယသအတွက် ဝေပုံကျပေးရာ အရှင်ယသက-

"ငါ့ရှင်တို့၊ ငါ့အတွက် ငွေဖြင့် အစုအဖို့မရှိပါ။ ငါသည် ငွေကို မသာယာပါ" ပြောဆို၍ လက်မခံပေ။ ဝေသာလီပြည်သား ဝဇ္ဇီတိုင်းသားရဟန်းတို့သည် စည်းဝေးပြီး -

"ငါ့ရှင်တို့၊ အရှင်ယသသည် သဒ္ဓါတရားနှင့်ပြည့်စုံသော ဒါယကာများကို ဆဲရေးရေရွတ်သည်။ မကြည်ညိုအောင် ပြုလုပ်သည်။ ယခု အရှင်ယသကို ပဋိသာရဏီယကံ ပြုကြကုန်အံ့"

ဟု ပြောဆိုတိုင်ပင်ပြီး ပဋိသာရဏီယကံ ပြုကြလေသည်။ (ပဋိသာရဏီယကံဟူသည် မိမိပြောဆိုလိုက်သော ဒါယကာများအား မိမိအပြောအဆိုမှားပါကြောင်း သွား၍ တောင်းပန်ရခြင်းဖြစ်သည်။)

သွားရောက်တောင်းပန်သောအခါ မကျေမနပ်ဖြစ်နေပါက ကူညီတောင်းပန်ပေးရန် ရဟန်းတစ်ပါး ထည့်ပေးရသည်။ အရှင်ယသက ရဟန်းတစ်ပါးအဖော်ထည့်ပေးရန်

တောင်းသည်။ အရှင်ယသသည် အဖော်ရဟန်းတစ်ပါးနှင့် ဝေသာလီမြို့တွင်းသို့သွား၍ ဒါယကာများကို ဤသို့ပြောပြသည်။

"ဒါယကာတို့၊ ငါသည် ဝိနည်းတော်နှင့်မညီသည်ကို ဝိနည်းတော်နှင့်မညီပါ။ ဓမ္မမဟုတ်သည်ကို ဓမ္မမဟုတ်ကြောင်း သင်ဒါယကာတို့ကို ပြောပြပါသည်။ သည်လို အမှန်အတိုင်း ပြောဆိုခြင်းကို ဒကာတို့ကို ဆဲရေးရာရောက်၍ အကြည်ညို ပျက်အောင်လုပ်သတဲ့။ ဒါယကာတို့နားရှင်းအောင် ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူ ခဲ့သည်ကို ပြောပြပါဦးမည်။ တစ်ချိန်က ဗုဒ္ဓရှင်တော်မြတ် သာဝတ္ထိပြည် သီတင်းသုံး တော်မူစဉ်က ဤသို့ ဟောတော်မူခဲ့ပါသည်။

ရဟန်းတို့ လနေတို့၏အရောင် အလင်းမှေးမှိန်ကြောင်း အညစ်အကြေးတို့သည် လေးမျိုးရှိ၏။ ထိုလေးမျိုးတို့မှာ တိမ်တိုက်၊ ဆီးနှင်း၊ မီးခိုး၊ ရာဟု ခေါ် (လပေုပ် ဖမ်းခြင်း) လေးမျိုးတို့ဖြစ်သည်။ ထို့အတူပင် ရဟန်းများ၌လည်း အညစ်အကြေး မှေးမှိန်ကြောင်း လေးမျိုးရှိသည်။ ထိုလေးမျိုးမှာ -

၁။ သေရည်အရက်သောက်ခြင်း

၂။ မေထုန်အမှုပြုခြင်း

၃။ ရွှေငွေကိုသာယာ၍ အလှူခံခြင်း

၄။ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းတို့ဖြစ်သည်။

ရဟန်းတို့၊ ထိုလေးမျိုးတွင် တစ်မျိုးမျိုးသော အညစ်အကြေးဖြင့် ဖုံးလွှမ်းမိသော ရဟန်းသည် သီလစသော ဂုဏ်ရောင်တို့ဖြင့် တောက်ပြောင်ထွန်းလင်း တင့်တယ်ခြင်း မရှိတော့ပေ။ ဒါယကာတို့၊ မြတ်စွာဘုရားဟောကြားတော်မူတိုင်း ပြောဟောသောငါသည် ဒါယကာတို့ကို ဆဲရေးရေရွတ်ပြောဆိုသတဲ့၊ သဒ္ဓါတရားပျက်အောင် လုပ်သတဲ့။"

ဒါယကာတို့၊ တစ်ချိန်တုန်းက မြတ်စွာဘုရား ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် နန်းတော်တွင်းမှာ စကားတစ်ခု ဖြစ်ခဲ့ဖူးပါသည်။ "မြတ်ဗုဒ္ဓ၏ တပည့်သာဝကတို့သည် ရွှေငွေကို အလှူခံကြသည်။ ရွှေငွေကို သာယာကြသည်" ဟု ပြောဆိုကြပါသည်။ ထိုအခါ မဏိစူဠကမည်သော စစ်သူကြီးကထ၍ "သည်လိုမပြောကြ ပါနှင့်။ ရဟန်းတော်များမှာ ရွှေငွေကို မအပ်ပါ။ ရွှေငွေကို အလှူမခံကြပါ" ဟု ပြောဆို သည်။ ထိုမဏိစူဠကစစ်သူကြီးသည် မြတ်စွာဘုရားအထံတော်သို့သွား၍ မိမိပြောခဲ့သော စကားကို ပြန်၍လျှောက်ထားလေသည်။ မြတ်စွာဘုရားက -

"သင်ပြောဆိုခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း" မိန့်တော်မူပါသည်။ မြတ်စွာ ဘုရားက -

"မဇ္ဈိစူဋ္ဌကစစ်သူကြီး ရွှေငွေကိုသာယာ၍ ရွှေငွေကိုအပ်စပ်ပါက ကာမဂုဏ်ငါးပါး လုံးလည်း အပ်စပ်တော့မည်သာဖြစ်၏ဟု မိန့်တော်မူပါသည်" စသည်ဖြင့် အရှင်ယသက ဒါယကာများအား ရှင်းလင်းဟောပြော၍ နောက်ပါရဟန်းနှင့်အတူ ကျောင်းတိုက်သို့ ပြန်ကြွလာသည်။ ကျောင်းရှိရဟန်းများက -

အရှင်ယသ ဒါယကာများအား ရှင်းလင်းပြောကြားပုံကို နောက်ပါရဟန်းက လျှောက်ထားသောအခါ အရှင်ယသသည် သံဃာကမသမုတ်ဘဲ၊ သံဃာ၏အပြစ်ကို ပြောသည်။ အရှင်ယသကို ဥက္ခေပနီယကမ် ပြုကြစို့ဟု ပြောဆိုပြီး ဥက္ခေပနိယ (နှင်ထုတ်သောကံ) 'ပြုရန် စီစဥ်နေကြစဥ် အရှင်ယသသည် ကောင်းကင်သို့ပျံတက်တော်မူ၍ ကောသမ္ဗီပြည်သို့ ကြွတော်မူသည်။

## သံဃာတော်များ လျှောက်ထားစေ

အရှင်ယသသည် ပါဝါပြည်နှင့် အဝန္တိဒက္ခိဏာပထတိုင်း၌ သီတင်းသုံးတော်မူကြသော သံဃာတော်များထံ တမန်စေလွှတ်၍ အဓိကရုဏ်းဖြစ်ပုံအလုံးစုံကို လျှောက်ထားစေသည်။ အဟောဂင်္ဂါ၌ သီတင်းသုံးနေသော အရှင်သမ္ဘူတထံသို့ ကိုယ်တိုင်ကြွရောက်၍ အဓိကရုဏ်းဖြစ်ပုံအကြောင်းစုံကို လျှောက်ထားပြီး အဓိကရုဏ်းငြိမ်းအောင် ဆောင်ရွက်သင့်ပါကြောင်း လျှောက်ထားလေသည်။ အဓိကရုဏ်းဖြစ်ပုံသတင်းကိုကြားရသဖြင့် ခူတင်ဆောင်ဖြစ်တော်မူကြသော ရဟန္တာခြောက်ကျိပ်လောက် ကြွရောက်လာတော်မူကြ၏။ အဝန္တိဒက္ခိဏာပထတိုင်းမှလည်း ရဟန္တာရှစ်ကျိပ်ရှစ်ပါး ကြွလာတော်မူကြသည်။ ရဟန္တာ အရှင်မြတ်ကြီးများ စုဝေးမိသောအခါ ဤအဓိကရုဏ်းသည် အလွန်ခက်ထန်ရဲရင့်လှသည်။ "မိမိတို့ဘက်က အားရှိအောင် အဘယ်ပုဂ္ဂိုလ်ကို ရှာကြဦးမည်နည်း"ဟု တိုင်ပင်တော်မူကြသည်။ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်တော်မူသော ရဟန္တာအရှင် ရေဝတထေရ်ကိုပင့်ရန် သဘောတူတော်မူကြသည်။

အရှင်ရေဝတသည် သံဃာတော်များ တိုင်ပင်ပြောဆိုသံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူသည်။ အများနှင့်အတူ ရောနှော၍ ခရီးမသွားလိုသဖြင့် အများဆုံမိလောက်ရာ "သဟဇာတိ" အရပ်တိုင်အောင် ကြွတော်မူသည်။ အရှင်ယသတို့ ရောက်လာကြ၍ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓမ္မဝတ္ထု ၁၀ ပါးကို အရှင်ရေဝတအား လျှောက်ထားရာ ဝိနည်းတော်နှင့်မညီကြောင်း မိန့်ကြားတော်မူသည်။ အရှင်ယသက ထိုအဓိကရုဏ်းကို တပည့်တော်တို့ ငြိမ်းအောင် ဆောင်ရွက်ကြပါစို့ဟု လျှောက်ထားရာ အရှင်ရေဝတက

သဘောတူတော်မူသဖြင့် အဓိကရုဏ်းစ၍ဖြစ်ရာဌာနဖြစ်သော ဝေသာလီပြည်သို့ ဆုံးဖြတ်မှသာ အဓိကရုဏ်းပြီးပြတ်မည်ဟု တိုင်ပင်၍ ဝေသာလီပြည်သို့ ကြွတော်မူကြသည်။

## အရှင်သဗ္ဗကာမိထေရ်ထံသို့

ထိုအချိန်က ဝေသာလီပြည်၌ ဝါတော် ၁၂၀ ရှိ အရှင်သဗ္ဗကာမိမဟာထေရ် သီတင်းသုံးတော်မူသည်။ ထိုအရှင်မြတ်ကား အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်၍ အလွန်ထင်ရှားသော သံဃာ့ဦးစီးမဟာထေရ်ကြီးဖြစ်တော်မူသည်။ ဘုရားရှင်ကို ဖူးတွေ့လိုက်ရသော အရှင်မြတ်ဖြစ်သည်။ အရှင်ရေဝတ၊ အရှင်သမ္ဘူတထေရ်တို့သည် အရှင်သဗ္ဗကာမိ မဟာထေရ်ကြီးထံကြွရောက်၍ ညဥ့်ကျိန်းစက်ကာ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓမ္မဝတ္ထု ၁၀ ပါး ဟောပြောကျင့်သုံးပုံ အလုံးစုံကို လျှောက်ထားကြသည်။ အရှင်သဗ္ဗကာမိ မဟာထေရ်က ဝဇ္ဇီတိုင်းသားရဟန်းတို့ဝါဒသည် ဝိနည်းနှင့်ဆန့်ကျင်သော အဓမ္မဝါဒသာဖြစ် ကြောင်း မိန့်တော်မူသည်။

ထို့နောက် အဓိကရုဏ်းဆုံးဖြတ်ဖို့ရာ ဝေသာလီပြည် ဝါလိကာရုံကျောင်းသို့ ကြွတော်မူကြသည်။ စည်းဝေးတော်မူကြပြီး အဓိကရုဏ်းဆုံးဖြတ်ရန်အတွက် အရှေ့တိုင်းသား ဝေသာလီပြည်သားရဟန်းများမှ -

၁။ အရှင်သဗ္ဗကာမိထေရ်

၂။ အရှင်သာဠှထေရ်

၃။ အရှင်ခုဇ္ဇသောဘိတထေရ်

၄။ အရှင်ဝါသဘဂါမိကထေရ်လေးပါးနှင့် ပါဝေယျက ရဟန်းများမှ -

၁။ အရှင်ရေဝတထေရ်

၂။ အရှင်သမ္ဘူတထေရ်

၃။ အရှင်ယသထေရ်

၄။ အရှင်သုမနထေရ် လေးပါး။ ဤရှစ်ပါးသောထေရ်တို့ကို ရွေးချယ်တော်မူကြသည်။ ထိုအရှင် ရှစ်ပါးတို့တွင် -

အရှင်သဗ္ဗကာမိ၊ အရှင်သာဠှ၊ အရှင်ရေဝတ၊ အရှင်ခုဇ္ဇသောဘိတ၊ အရှင်ယသ၊ အရှင်သမ္ဘူတ ခြောက်ပါးတို့သည် အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်များဖြစ်သည်။ အရှင်ဝါသဘဂါမိ၊ အရှင်သုမန နှစ်ပါးကား အရှင်အနုရုဒ္ဓါ၏တပည့်များဖြစ်ကြသည်။ ထိုအရှင် ရှစ်ပါးလုံးသည် ဗုဒ္ဓမြတ်စွာကို မီလိုက် ဖူးတွေ့လိုက်ကြရသော အရှင်မြတ်များဖြစ်

သည်။ အရှင်ရေဝတထေရ်က မေးလျှောက်၍ အရှင်သဗ္ဗကာမိထေရ်က ဖြေဆိုတော်မူသည်။ သံဃာတော်အရှင်မြတ်များက ဆယ်ပါးသော အဓမ္မဝတ္ထုတို့ကိုပယ်ချ၍ အဝိနယသာဖြစ်ကြောင်း ဆုံးဖြတ်တော်မူကြသည်။ ဤသို့ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓိကရုဏ်းကို ဆုံးဖြတ်တော်မူကြပြီး ဓမ္မဝိနယဒေသနာတော်ကို သင်္ဂါယနာတင်ရန်အတွက် တိပိဋကဓရပဋိသမ္ဘိဒါပတ္တရဟန္တာအရှင်မြတ် ၇၀၀ ကို ရွေးချယ်တော်မူကြသည်။

ဒုတိယသင်္ဂါယနာတင်ချိန်

ခုနစ်ရာသော ရဟန္တာအရှင်မြတ်တို့သည် ဝေသာလီပြည်ဝါလိကာရုံကျောင်းတော်၌ သာသနာတော်နှစ် ၁၀၀ ပြည့် ကဆုန်လပြည့်နေ့ကစ၍ နတ်တော်လတိုင်အောင် ရှစ်လပတ်လုံး အရှင်ယသထေရ် အမှူးပြု၍ ဓမ္မဝိနယတို့ကို သင်္ဂါယနာတင်တော်မူကြသည်။ သံဃာပေါင်း ၁၂၀၀၀၀ (တစ်သန်းနှစ်သိန်း) စည်းဝေးတော်မူကြသည်။ ဒုတိယသင်္ဂါယနာတင်ရာ၌ သာသနာ့ဒါယကာမှာ သုသုနာဂမင်း၏သားတော် ကာလာသောကမင်းဖြစ်သည်။ ကာလာသောကမင်းသည် မူလက အဓမ္မဝါဒီတို့ အပင်းအသင်းဖြစ်သော်လည်း နောက်တွင် ဓမ္မဝါဒီရဟန်းတို့၏ အသင်းအပင်းဖြစ်သည်။ ထိုအခါကာလာသောကမင်း နန်းစံ ၁၀နှစ်ဖြစ်၍ မြန်မာနိုင်ငံတော်၌ သရေခေတ္တရာပြည်ဝွင် ဒွတ္တပေါင်မင်းဘိသိက်မခံမီ တစ်နှစ် သာသနာတော်နှစ် ၁၀၀ ဖြစ်သည်။ မင်းပြိုင်ဖြစ်သည်။

ဒုတိယသင်္ဂါယနာတင် အန်ချင်း

မင်းချင်းလေ။ တိုင်းမဂ္ဂစိုရ်၊ ရာဇဂြိုဟ်ဝယ်၊ ထိုဇာတသတ်၊ နွယ်မပြတ်သား၊ သည်းမွတ်မြေမြစ်၊ မင်းအဖြစ်ကို၊ ညှစ်ဖြစ်သတ်လု၊ ငါးဆက်ပြုမှ၊ သုသုနာဂါ၊ သာသနာကို၊ ဝေသာလီမည်၊ ချက်မြှုပ်ပြည်သို့၊ ရွှန်းစည်ကျူးရင့်၊ ချီလေပင့်သော်၊ နန်းမြင့်ငြိမ်ဆိမ်၊ နန်းရွှေအိမ်ထက်၊ စည်းစိမ်ခံပြီး၊ နောက်တွဲမှီးသော်၊ သားကြီးရတနာ၊ ကာလာသောက၊ ရိပ်ဖြူသရှင့်၊ ဘုရားသာသနာ၊ နှစ်တရာသည်၊ ကြိုက်လှာပြန်လျှင်၊ ထိုဘုရင်ကို၊ အရှင်ယသ၊ တူကွမကွာ၊ ခုနစ်ရာသား၊ ရဟန္တာစု၊ အမှီပြု၍၊ ဝေဠုကာယံ၊ ကမှည်းခံသည့်၊ သာစံထပ်ထပ်၊ နက်သန်ရပ်ဝယ်၊ မဏ္ဍပ်ကြီးစွာ၊ သုဓမ္မာကို၊ ရတနာကိုးသွယ်၊ မွမ်းမံခြယ်သား၊ ပန်းနွယ်ခြူးစိပ်၊ သဘင်ရိပ်ဝယ်၊ စက်အိပ်နည်းဘိ၊ ထေရ်မုနိတို့၊ ဒုတိယ သင်္ဂါယနာ၊ တင်သောခါသည်၊ ရှစ်မာသတိုင် - တိုင်တည့်လေး။

သူကောင်းဘော်ရွှေမင်းချင်းတို့- ဟု
စာဆိုတော်ဦးယာက ဖွဲ့ဆိုသီကျူး ထားသည်။

စင်ပြိုင်သင်္ဂါယနာ

အရှင်ယသအမှူးပြုသော ရဟန္တာအရှင်မြတ်များ ကာလာသောကမင်း၏ ကူညီမှုဖြင့် ဒုတိယသင်္ဂါယနာတင် ဓမ္မသဘင်ကို ဆင်ယင်၍ ပြီးပေပြီ။ ဓမ္မစက်ဖြင့် ဝဇ္ဇီတိုင်းသားတို့၏ အဓမ္မဝတ္ထု ၁၀ ပါးကို အဝိနယ (ဝိနည်းမဟုတ်)ဟု ဆုံးဖြတ်တော်မူခဲ့ကြသည်။ ဓမ္မစက်၊ အာဏာစက်ဖြင့် ဝဇ္ဇီတိုင်းသားရဟန်းများကို နှင်ထုတ်နိုင်ခဲ့သည်။ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် မိမိတို့နှင့်သဘောတူသောအသင်းအပင်းကို ရှာကြံစုပေါင်း၍ ကောသမ္ဗီပြည်၌ စင်ပြိုင်သင်္ဂါယနာတင်ကြသည်။ ပထမ ဒုတိယ သင်္ဂါယနာတင်၍ အတည်ပြုထားသော ဘုရားဟောဖော်ပါဠိတော်တို့ကို သူတို့အလိုကျ ပြုပြင်၍ သင်္ဂါယနာတင်ခြင်းဖြစ်သည်။ သံဃာ ၁၀၀၀၀ (တစ်သောင်း)ဖြင့် သင်္ဂါယနာတင်သဖြင့် 'မဟာသင်္ဂီတိသင်္ဂါယနာ' ဟု အမည်ကိုခံယူကြသည်။ ထို့ကြောင့် သူတို့ဂိုဏ်းကို မဟာသံဃာဂိုဏ်းဟူ၍လည်းကောင်း၊ မဟာသင်္ဂီတိဂိုဏ်းဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ပထမသင်္ဂါယနာတင်သံဃာတော်များ အဆက်အနွယ်ကို ထေရဝါဒဂိုဏ်းဟုခေါ်သည်။ ဒုတိယသင်္ဂါယနာတင်သောအခါ ထေရဝါဒမှခွဲထွက်၍ မဟာသံဃိတဂိုဏ်း (မဟာ သင်္ဂီတိ) ဂိုဏ်းဟု ကွဲပြားလာသည်။ ထေရဝါဒဂိုဏ်း၊ မဟာသံဃိတဂိုဏ်း (မဟာ သင်္ဂီတိဂိုဏ်း) ဟု ဂိုဏ်းကြီးနှစ်ဂိုဏ်းဖြစ်လာသည်။

ထေရဝါဒဂိုဏ်း

ထေရဝါဒဂိုဏ်းဟူသည် ဘုရားရှင်ဟောကြားပညတ်တော်မူသည့်အတိုင်း ပိဋကတ်တော်များကို သင်္ဂါယနာတင်၍ ဘုရားအဆုံးအမ ဘုရားအဟောအတိုင်း လိုက်နာကျင့်သုံးသောဂိုဏ်းဖြစ်သည်။ ဘုရားဟောဓမ္မဝိနယနှင့်ညီသော ဂိုဏ်းဖြစ်သည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး သာသနာတော်နှစ် - ၁၀၀ ကျော်သောအခါ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိတဂိုဏ်း (မဟာသင်္ဂီတိဂိုဏ်း)ဟု နှစ်ဂိုဏ်းကွဲပြားလာသည်။

မဟာသင်္ဂီတိ ဂိုဏ်းခွဲများ[၁]

နောင်တွင် မဟာသင်္ဂီတိဂိုဏ်းမှ

၁။ ဂေါကုလိကဂိုဏ်း

---

၁။ သာရတ္ထဒီပနိဋီကာ ပ ၁၁၆။ မဟာဝံသပါဠိ ပ ၂၀

၂။ ကေဗျောဟာရိဂိုဏ်းဟု နှစ်ဂိုဏ်းကွဲသွားသည်။

တစ်ဖန် ဂေါကုလိကဂိုဏ်းမှ -

၃။ ပဏ္ဏတ္တိဂိုဏ်း

၄။ ဗဟုလိယဂိုဏ်းဟု နှစ်ဂိုဏ်းကွဲပြန်သည်။

ထို့နောက် ဗဟုလိယဂိုဏ်းမှ -

၅။ စေတိယဂိုဏ်းဟူသော အမည်ဖြင့် ဂိုဏ်းတစ်ဂိုဏ်းပေါ်ထွက်လာသည်။ မူလ မဟာသင်္ဂီတိဂိုဏ်းနှင့် ခြောက်ဂိုဏ်းကွဲလာသည်။

**ထေရဝါဒ ဂိုဏ်းကွဲများ**

မူလဖြစ်သော ထေရဝါဒဂိုဏ်းကြီးမှလည်း -

၁။ မဟိသာသကဂိုဏ်း

၂။ ဝဇ္ဇီပုတ္တကဂိုဏ်းဟု နှစ်ဂိုဏ်းကွဲသွားသည်။

ထို့နောက် ဝဇ္ဇီပုတ္တကဂိုဏ်းမှ -

၃။ ဓမ္မုတ္တရိယဂိုဏ်း

၄။ ဘဒြယာနိဂိုဏ်း

၅။ ဆန္နာဂါရိကဂိုဏ်း

၆။ သမိတိယဂိုဏ်းဟု လေးဂိုဏ်းကွဲပြားသည်။

မဟိဿာသကဂိုဏ်းမှ -

၇။ သဗ္ဗတ္ထိဂိုဏ်း

၈။ ဓမ္မဂုတ္တဂိုဏ်းဟု နှစ်ဂိုဏ်းကွဲသွားသည်။

ထို့နောက် သဗ္ဗတ္ထိဂိုဏ်းမှ -

၉။ ကဿပိကဂိုဏ်း

၁၀။ သင်္ကန္တိကဂိုဏ်း

၁၁။ သုတ္တဝါဒဂိုဏ်းဟု သုံးဂိုဏ်းကွဲသည်။

မူလဖြစ်သော ထေရဝါဒဂိုဏ်းကြီးနှင့်သော် ၁၂ ဂိုဏ်းဖြစ်လာသည်။ ဤသို့ သာသနာတော်နှစ် ၁၀၀ အတွင်း၌ ထေရဝါဒဂိုဏ်းကွဲ ၁၂ ဂိုဏ်းနှင့် မဟာသင်္ဂီတိဂိုဏ်းကွဲ ၆ ဂိုဏ်းဖြစ်ရာ နှစ်ရပ်ပေါင်းဂိုဏ်းကြီး ၁၈ ဂိုဏ်းဖြစ်လာသည်။ ၁၈ ဂိုဏ်းတွင် မူလ ထေရဝါဒဂိုဏ်းမှတစ်ပါး ကွဲပြားလာသော ၁၇ ဂိုဏ်းကား အဓမ္မဝါဒီဂိုဏ်းများသာ ဖြစ်သည်။ ထိုအဓမ္မဝါဒီဂိုဏ်းသားများသည် -

နာမံလိင်္ဂံ ပရိက္ခာရံ
အာကပ္ပ ကရဏီယာနိစ
ပကတိ ဘာဝံ ဝိဇဟိတွာ
တဥ္စ အညံ အကံသုတေ

ဟူသော သာရတ္ထဒီပနီ ဋီကာ (ပ - နှာ ၁၁၇)၌ မိန့်ဆိုထားသည့်အတိုင်း ရဟန်းတို့အမည်၊ အသွင်အပြင်၊ အသုံးအဆောင် ပရိက္ခရာ၊ အမူအကျင့် ပြုဖွယ်တို့ကို ပကတိသဘောမှ စွန့်ပစ်၍ ကျင့်ဆောင်ကြသည်။ ထေရဝါဒရဟန်းတို့ အသုံးအဆောင်၊ သင်္ကန်းပရိက္ခရာများကို ပစ်ပယ်ကုန်ကြသည်။ ဒုကုဋ်တင်၊ ရင်စီး ဦးထုပ်ဆောင်း စသောဝိနည်းနှင့်မညီသော အသွင်အပြင်ဟို့သည် ထိုအဓမ္မဝါဒီဂိုဏ်းသားတို့မှ အဦးအစမြစ်ဖျားခံခဲ့သည်ဟု ယူဆရသော် သင့်ဖွယ်ရှိပါသည်။

(တိဘက်၊ တရုတ်၊ ဂျပန် စသောတိုင်းပြည်များမှ မဟာယာနရဟန်းတို့သည် ထိုရဟန်းတို့၏ အဆက်အနွယ်ဖြစ်ဟန်ရှိသည်။ သင်္ကန်းပရိက္ခရာ ဝတ်ရုံပုံများ ထေရဝါဒသံဃာများနှင့်ကွဲပြားနေပါသည်။ အိန္ဒိယပြည် အနောက်မြောက်ပိုင်း ကနစ်သျှကဘုရင်သည် ထိုအဓမ္မဝါဒီရဟန်းတို့အား ချီးမြှောက်၍ ပိဋကတ်တော်များကို ကြိုက်သလိုပြင်၍ သင်္ဂါယနာတင်ကြောင်း အိန္ဒိယရာဇဝင်၌ဆိုသည်။ ဗုဒ္ဓသာသနာသမိုင်းနှင့် မသက်ဆိုင်၍ မရေးတော့ပါ။)

အနာဂတ် သာသနာရေး ရှုမျှော်တွေး

ဒုတိယသင်္ဂါယနာတင်ပွဲကို ဦးစီးရွေ့ဆောင် ဆောင်ရွက်တော်မူကြသော အရှင်ယသ၊ အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတ စသော ထေရ်ကြီးများသည် ဒုတိယသင်္ဂါယနာတင်ပွဲပြီးဆုံးသွားသောအခါ 'ဒို့တာဝန်ကျေပြီ' ဟု သာသနာရေးကို အေးအေးဆေးဆေး ကြောင့်ကြမဲ့ နေတော်မမူခဲ့ကြပေ။[၁] အနာဂတ်ကာလ၌ သာသနာတော်၏ အန္တရာယ်ရှိလေဦးမည်လားဟု အနာဂတံသဉာဏ်တော်ဖြင့် ရှုမျှော်၍ကြည့်တော်မူကြသည်။

ဤနေ့မှနောက် ၁၁၈ နှစ်မြောက် သာသနာတော်နှစ် ၂၁၈ နှစ်သို့ရောက်သောအခါ သိရိဓမ္မာသောကမည်သောမင်းသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသော မင်းဖြစ်လိမ့်မည်။ ထိုမင်းသည် ဘုရားရှင်သာသနာတော်ကို လွန်စွာကြည်ညို၍ ရဟန်းသံဃာတို့အား လာဘ်လာဘအလွန်များမည်။ လာဘ်လာဘမက်မော၍ တိတ္ထိတို့သည် သာသနာတော်သို့ ဝင်ပြီး သူတို့၏အယူဝါဒကို ပြောဟောသဖြင့် သာသနာတော်၌ ကြီးစွာသော ဘေးအန္တရာယ်ဖြစ်ပေလိမ့်မည်ဟု မြင်တော်မူကြသည်။

---

၁။ ဝိ၄ ၁-၂၇

ဘယ်သူ စွမ်းနိုင်သလဲ

ထိုအန္တရာယ်ဖြစ်သောအခါ 'ငါတို့ရှိဦးမည်လော၊ မရှိတော့ပြီလော' ဟု ဆင်ခြင်သောအခါ 'ငါတို့မရှိတော့ပါတကား' ဟု သိတော်မူကြသည်။ မထေရ်တို့သည် ငါတို့မရှိတော့ဟု သိရသောအခါ ထိုအဓိကရုဏ်းကို ငြိမ်းအေးအောင် ဘယ်သူစွမ်းနိုင်မည်နည်းဟု လူ့ပြည်ရောနတ်ပြည်ပါရှာ၍ ကြည့်တော်မူကြသည်။ တစ်ယောက်မျှမမြင်ပေ။ ဗြဟ္မာပြည်၌ ကြည့်သောအခါ သက်တမ်းကုန်လုနီးဖြစ်သော တိဿဗြဟ္မာကို မြင်တော်မူကြသည်။ တိဿဗြဟ္မာသည် ထိုဗြဟ္မာ့ဘုံမှစုတေ၍ အထက်ဗြဟ္မာ့ဘုံသို့သွားလိမ့်မည်။ ဤသို့ ကြံတော်မူ ကြပြီး ဗြဟ္မာဘုံသို့ကြွကာ တိဿဗြဟ္မာအား လူ့ပြည်၌ဖြစ်ဖို့ရာ တိုက်တွန်းကြသည်။

အရှင်တိဿဗြဟ္မာ၊ ငါတို့သည် သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သူကို ရှာဖွေရာတစ်ယောက်မျှမတွေ့ရ၍ ဗြဟ္မာပြည်၌ စူးစမ်းရှာဖွေရာ အရှင်ဗြဟ္မာမင်းကို တွေ့ရသည်။ သူတော်ကောင်း၊ ငါတို့တောင်းပန်ပါ၏။ လူ့ပြည်၌ဖြစ်၍ ဘုရားသာသနာတော်ကို ချီးမြှောက်ဖို့ရာ ပဋိညာဉ်ပေးပါဟု မိန့်တော်မူကြသည်။

တိဿဗြဟ္မာလည်း ငါသည် မြတ်စွာဘုရား၏ သာသနာတော်၌ ဖြစ်ပေါ်သောဘေးအန္တရာယ်ကို သုတ်သင်ရှင်းလင်းခြင်းငှာ စွမ်းနိုင်သူဖြစ်မည်တဲ့ဟု ဝမ်းမြောက်ဝမ်းသာဝန်ခံလိုက်သည်။

သင်တို့တာဝန်

မထေရ်ကြီးတို့သည် ဗြဟ္မာပြည်၌ ပြုဖွယ်ကိစ္စပြီးသောအခါ ပြန်ကြွလာတော်မူကြသည်။ ထိုအချိန်၌ အရှင်သိဂ္ဂဝထေရ်၊ အရှင်စန္ဒဝဇ္ဇီနှစ်ပါးတို့သည် မထေရ်ငယ်များသာဖြစ်သည်။ ငယ်ပင်ငယ်သော်လည်း တိပိဋကရေ ပဋိသမ္ဘိဒါပတ္တရဟန္တာများဖြစ်သည်။ ထိုအရှင်မြတ်နှစ်ပါးသည် ဝဇ္ဇီတိုင်းသားတို့ကို နှိမ်နင်းသော အဓိကရုဏ်းသို့ မရောက်လာကြပေ။ မထေရ်ကြီးတို့သည် ထိုနှစ်ပါးထံကြွရောက်၍ -

"ငါ့ရှင်တို့၊ သင်တို့သည် ငါတို့ဆောင်ရွက်ခဲ့သော အဓိကရုဏ်း၌ ငါတို့၏အပေါင်းအဖော်မဖြစ်ခဲ့ကြပေ။ မပါဝင်ခဲ့ကြပေ။ သို့အတွက် သင်တို့အား ဤဒဏ်အမှုသည်ဖြစ်ကြစေ။ တိဿဗြဟ္မာသည် မောဂ္ဂလိဗြာဟ္မဏအိမ်၌ ပဋိသန္ဓေနေလိမ့်မည်။ တိဿမွေးဖွားလာသောအခါ တစ်ပါးက အိမ်မှထွက်အောင် ဆောင်ရွက်၍ရှင်ပြု

ပေးပါ၊ တစ်ပါးက ဘုရားစကားတော်များကို သင်ကြားပေးပါ” ဟု ဒဏ်ထားတော် မူကြသည်။ ကြီးမားသော တန်ခိုးရှိတော်မူကြသော အရှင်သဗ္ဗကာမိစသော မထေရ်ကြီး တို့သည် အသက်အပိုင်းအခြားအတိုင်း တည်တော်မူကြပြီး ပရိနိဗ္ဗာန် စံလွန်တော်မူကြသည်။

## အတုယူဖွယ် ကြည်ညိုဖွယ်

အရှင်သဗ္ဗကာမိစသော မဟာထေရ်မြတ်ကြီးတို့၏ သာသနာပြုစိတ်ဓာတ်ကား အတုယူဖွယ် ကြည်ညိုဖွယ်ကောင်းလှသည်။ လက်တွေ့ဖြစ်ပေါ်နေသော အဓိကရုဏ်းကို ငြိမ်းစေပြီး သင်္ဂါယနာတင်ပွဲကိုလည်း ဆင်နွဲကျင်းပတော်မူခဲ့ကြသည်။ သာသနာတော်၏ နောင်ရေးကို အနာဂတံသဉာဏ်ဖြင့် ကြည့်ရှုတော်မူကြကာ သာသနာ့အန္တရာယ်ကိုဖြေရှင်းနိုင်မည့်ပုဂ္ဂိုလ်ကိုလည်း ရှာဖွေခဲ့ကြသည်။ သာသနာပြုရန် ဝန်ခံစေပြီး ထိုပုဂ္ဂိုလ်မွေးဖွားလာသောအခါ စောင့်ရှောက်ရန်ကိုလည်း တာဝန်ပေးတော်မူခဲ့ကြသည်။ သာသနာတော်အတွက် ကြောင့်ကြမဲ့မနေဘဲ အနာဂတ်အတွက်ပါ စောင့်ရှောက်နိုင်ရန် ဆောင်ရွက်မူခဲ့ကြခြင်းကား သာသနာတော်တည်တံ့ရေးကို တကယ်လိုလားသူတိုင်း အတုယူဖွယ်ကောင်းလှသည်။ အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်ကား သာသနာ့သမိုင်းတွင် ထာဝစဉ်တည်နေမည် ဖြစ်ပါတော့သည်။

## ခုနစ်နှစ်တိုင် ဆွမ်းခံကြွ

တိဿဗြဟ္မာသည် ဗြဟ္မာပြည်မှ စုတေပြီး မောဂ္ဂလိဗြဟ္မဏ (မောဂ္ဂလိပုဏ္ဏား)အိမ် ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေနေသည်။ အရှင်သိဂ္ဂဝသည် ပဋိသန္ဓေတည်စအချိန်ကစ၍ မောဂ္ဂလိဗြဟ္မဏအိမ်၌ ဆွမ်းရပ်တော်မူသည်။ တစ်ယောက်ချိုတစ်ဇွန်းမျှ ဆွမ်းမရဖူးပေ။ ခုနစ်နှစ်လွန်သောအခါ တစ်နေ့၌ ‘ကန်တော့ပါသေးဘုရား’ ဟူသော စကားမျှကိုရခဲ့သည်။ မောဂ္ဂလိပုဏ္ဏားသည် ကိစ္စတစ်ခုဖြင့် အပြင်မှပြန်လာရာ အရှင်သိဂ္ဂဝနှင့် ဆုံမိကြသည်။ မောဂ္ဂလိပုဏ္ဏားက ‘ရှင်ရဟန်း၊ ငါတို့အိမ်ကို ရောက်ခဲ့ပြီလား’ ဟုမေးသည်။

မထေရ်မြတ်က ‘အေး . . . ရောက်ခဲ့ပြီ’ ဟု ပြောသည်။ ‘ငါတို့အိမ်က တစ်ခုခုရခဲ့ပါသလား’ဟု မေးပြန်သည်။ ‘အေး . . . ရခဲ့ပါသည်’ဟု မထေရ်မြတ်က ဖြေသည်။ မောဂ္ဂလိပုဏ္ဏားသည် အိမ်သို့ရောက်သောအခါ ‘ရဟန်းအား တစ်ခုခုပေးလိုက်ကြပါသလား’ဟု မေးလေသည်။ ‘ဘာမှမပေးပါ’ ဟု ပုဏ္ဏေးမက ဖြေကြားသည်။

မောဂ္ဂလိပုဏ္ဏားသည် နောက်တစ်နေ့တွင် “ဒီနေ့ ရဟန်းကို မုသာဝါဒဖြင့် စွပ်စွဲမည်။ မုသာဝါဒဖြင့် နှိမ်လိုက်မည်” ဟု အိမ်တံခါးပေါက်က စောင့်နေသည်။

အိမ်တံခါးပေါက်သို့ အရှင်သိဂ္ဂဝထေရ် ရောက်လာသောအခါ "ရဟန်း၊ သင်သည် မနေ့က ငါတို့အိမ်မှ တစ်ခုခု ရခဲ့ပါသလား"ဟုမေးရာ ဘာတစ်ခုမှမရခဲ့ပါဘဲရခဲ့ပါ၏ ဟု ဘာကြောင့်ပြောပါသလဲ၊ သင်တို့အား မုသာဝါဒသည် အပ်ပါသလား"ဟု မုသာဝါဒသိက္ခာပုဒ်ဖြင့် စွပ်စွဲလေသည်။

မထေရ်က "အိုပုဏ္ဏား၊ ငါသည် သင်တို့အိမ်၌ဆွမ်းရပ်သည်မှာ ခုနစ်နှစ်ရှိပြီ 'ကန်တော့ပါသေးဘုရား'ဟု ကန်တော့ဆွမ်းပင်မရခဲ့ပေ။ ယမန်နေ့က 'ကန်တော့ ပါသေးဘုရား'ဟု ကန်တော့ဆွမ်းရခဲ့သည်။ သို့အတွက်ရ၏ဟု ငါဆိုခြင်းဖြစ် သည်"ဟု မိန့်တော်မူသည်။

ထိုအခါ ပုဏ္ဏားသည် ရဟန်းတို့သည် စကားမျှရသည်ကိုပင် ချီးမွမ်းကြသည်။ တစ်စုံတစ်ရာခဲဖွယ်ဘောဇဉ်ကို ရပါမူကား အဘယ်မှာ မချီးကျူးဘဲရှိပါမည်နည်းဟု စဉ်းစား ၍ မထေရ်ကိုကြည်ညိုပြီး 'ရှင်ရဟန်းတစ်ယောက်ချိုသောဆွမ်း၊ ထိုဆွမ်းနှင့်သင့်လျော်သော ဟင်းလျာကို နေ့တိုင်းရပါလိမ့်'ဟု လျှောက်ထားသည်။ နောက်တစ်နေ့မှစ၍ လောင်း လှူသည်။

မထေရ်၏ငြိမ်သက်သော ဣန္ဒြေကိုကြည်ညိုပြီး နေ့စဉ်အိမ်၌ဆွမ်းဘုဉ်းပေးပါရန် လျှောက်ထားသည်။ ဤသို့လျှောက်ထား၍ ပုဏ္ဏားအိမ်၌ နေ့စဉ်ဆွမ်းဘုဉ်းပေးပြီး အနည်း သောဘုရားစကားတော်ကို ဟောပြီး ပြန်ကြွသည်။

တိဿလုလင်သည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်ပေပြီ။ ဗေဒင်သုံးပုံ၌ ပါရဂူရောက်တတ်မြောက်သည်။ ဗြဟ္မာပြည်မှလာခဲ့သူဖြစ်၍ အလွန်အသန့်အရှင်းကြိုက် သည်။ သူ၏အိပ်ရာနေရာ၌ သူတစ်ပါးနေထိုင်ခြင်းကို မနှစ်သက်ပေ။ ဆရာ့အိမ်သို့သွား သောအခါ သူ၏အိပ်ရာနေရာခုတင်ကို အဝတ်ဖြူဖြင့် ဖုံးလွှမ်း၍ချိတ်ဆွဲထားတတ်သည်။

အရှင်သိဂ္ဂဝထေရ်သည် တိဿလုလင်ကို ရှင်ရဟန်းပြုပေးရန် အချိန်တန်ပြီ၊ ငါသည် ဤအိမ်သို့ကြာမြင့်စွာလာနေသော်လည်း တိဿလုလင်နှင့်တစ်စုံတစ်ခုသော (တစ်ခွန်းသော) စကားကိုမျှ ပြောခွင့်မရခဲ့ပေ။ ယခုအခါ၌ အကြောင်းတစ်ခုခုဖြင့် နေရာ ပလ္လင်ကို အကြောင်းပြု၍ စကားပြောရပေမည်ဟု စဉ်းစားတော်မူသည်။ အိမ်သို့ဆွမ်းဘုဉ်း ပေးကြွလာသောအခါ တိဿလုလင်၏ ခုတင်နေရာမှတစ်ပါး အခြားသောနေရာများကို မမြင်ရအောင် အဓိဋ္ဌာန်တော်မူသည်။ မထေရ်ကြွလာသောအခါ မောဂ္ဂလိပုဏ္ဏား၏အိမ်သူ အိမ်သားတို့သည် အခြားနေရာကို မတွေ့ရ၍ တိဿလုလင်၏နေရာကို ခင်းပေးကြသည်။ မထေရ်သည် ခင်းပေးသောနေရာ၌ သီတင်းသုံးထိုင်တော်မူသည်။ တိဿလုလင်သည် ဆရာ့ အိမ်မှ ပြန်လာသောအခါ မိမိနေရာ၌ ထိုင်နေသောမထေရ်ကိုမြင်၍ စိတ်ဆိုးသည်။

ဘယ်သူသည် ရဟန်းအား ငါ့နေရာကိုခင်းပေးသနည်းဟု ပြောသည်။ မထေရ်သည် ဆွမ်းဘုဉ်းပေးပြီး တိဿလုလင်၏စိတ်ဆိုးပြေသောအခါ "လုလင်၊ သင်သည် တစ်ခုသော မန္တန်ကိုတတ်ပါသလော" ဟု မေးတော်မူသည်။

တိဿလုလင်က -

"အိုရဟန်း ယခုခေတ်၌ ကျွန်ုပ်လိုလူမှ မန္တန်ကိုမတတ်လျှင် ဘယ်သူတတ်ဦးမည်နည်း"ဟု ခပ်မာမာပြော၍ "အရှင်တို့ကော မန္တန်ကိုတတ်ပါသလား"ဟု မေးမြန်းသည်။

"လုလင်၊ တတ်မတတ်ကို သိလိုလျှင် မေးလေ့" ဟု မိန့်တော်မူသည်။ ထိုအခါ တိဿလုလင်သည် နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်း၊ နိရုတ္တိကျမ်းတို့နှင့် ဗေဒင်သုံးပုံမှ ခဲရာခဲဆစ်တို့ကို မေးသည်။ သူကိုယ်တိုင်လည်းမသိ။ သူ့ဆရာလည်း မသိသော ဝေဒကျမ်းမှ ခက်ခဲသော ပြဿနာတို့ကိုမေးသည်။

အရှင်သိဂ္ဂဝထေရ်သည် ပင်ကိုကပင် ဝေဒပါရဂူဖြစ်သည်။ ယခုအခါ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူရာ သူ့အမေးကိုဖြေရန် မခက်ပေ။ ချက်ချင်းပင် ဖြေသည်။ ဤသို့ ဖြေတော်မူပြီး -

လုလင်၊ ငါ့ကိုတော့ သင်များစွာမေးပြီးပြီ၊ သင့်ကိုလည်း ငါးမေးဦးမည်၊ ဖြေနိုင်မည်လောဟု မေးတော်မူသည်။ 'အိုရဟန်း မေးလေ့' ဟု စိန်ခေါ်လိုက်သည်။ မထေရ်သည် စိတ္တယမိုက်၌လာသော -

ယဿစိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ
တဿစိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ
ယဿ ဝါပန စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ
တဿ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ- ဟူသော ပြဿနာကို မေးတော်မူသည်။

တိဿလုလင်သည် မဖြေနိုင်တော့ပေ။ ရှင်ရဟန်း၊ ဤမန္တန်သည် အဘယ်မည်သော မန္တန်ပါနည်းဟု မေးသည်။

"လုလင်၊ ဗုဒ္ဓမန္တန်ဟုခေါ်သည်" ဟု မိန့်တော်မူသည်။

"ရှင်ရဟန်း- သည် မန္တန်ကို အကျွန်ုပ်အား သင်ပေးနိုင်ပါသလော" ဟု မေးသည်။ "လုလင်- ငါတို့လိုရဟန်းပြုက သင်ပေးနိုင်ပါသည်"ဟု မိန့်သည်။

တိဿလုလင်သည် မိဘတို့ထံချဉ်းကပ်၍ "သည်ရဟန်းသည် ဗုဒ္ဓမန္တန်ကို တတ်၏၊ တတ်သော်လည်း ရှင်ရဟန်းမပြုသူအား သင်မပေးပါ၊ ကျွန်ုပ်သည် သည်ရဟန်းထံ ရှင်ပြု၍ ဗုဒ္ဓမန္တန်ကို သင်ယူပါရစေ"ဟု ခွင့်တောင်းလေသည်။ မိဘတို့သည် ရှင်ရဟန်းပြု၍

ဗုဒ္ဓမန္တန်ကို သင်ယူပြီးလျှင် အိမ်ပြန်လာလိမ့်မည်ဟု မှတ်ထင်ကာ "ချစ်သား သင်ယူလော့"ဟု ခွင့်ပြုလိုက်ကြသည်။

အရှင်သိဂ္ဂဝထေရ်သည် တိဿလုလင်ကို ရှင်ပြု၍ မန္တန်ကို မသင်သေးခင် ဒွတ္တိံသကာရကမ္မဋ္ဌာန်းကို ပြောပြသည်။ (ဒွတ္တိံသကာရကမ္မဋ္ဌာန်းဟူသည် ကေသာ၊ လောမာ စသော ၃၂ ကောဋ္ဌာသအစုကို ခေါ်သည်) တိဿသာမဏေသည် ဒွတ္တိံသကာရ ကမ္မဋ္ဌာန်းကို အဖန်ဖန် (ထပ်ကာထပ်ကာ)ပွားများသောအခါ မကြာမြင့်မီပင်၊ သောတာပတ္တိဖိုလ်၌ တည်သည်။ သောတာပန်ဖြစ်သောအခါ မထေရ်မြတ်က "သာမဏေသည် သောတာပန်ဖြစ်ပြီ၊ ယခုအခါ သာသနာ့ဘောင်မှ ထွက်တော့မည်မဟုတ်"ဟု စဉ်းစားတော်မူသည်။ ငါသည် ကမ္မဋ္ဌာန်းကို ဆက်၍ပြောဟောအံ့။ မကြာမီ အရဟတ္တဖိုလ်သို့ ရောက်ပေမည်၊ အရဟတ္တဖိုလ်သို့ရောက်က ဘုရားစကားတော်ကို မသင်ယူဘဲ ကြောင့်ကြမဲ့နေပေလိမ့်မည်။ ယခုအခါ သာမဏေကို အရှင်စန္ဒဝဇ္ဇိထံပို့ရန် အချိန်တန်ပေပြီဟု စဉ်းစားတော်မူသည်။ ထိုသို့အကြံဖြစ်ပြီး တိဿသာမဏေကို ခေါ်တော်မူ၍ -

"သာမဏေ- သင်သည် အရှင်စန္ဒဝဇ္ဇိမထေရ်၏ထံသို့သွား၍ ဗုဒ္ဓစကားတော်ကို သင်ယူပါလော့၊ မထေရ်ထံသို့သွားပြီး ငါ၏စကားဖြင့် အနာရောဂါကင်းရှင်း ကျန်းမာစွာ ရှိခြင်းကို မေးလျှောက်ပါလော့။ ထိုသို့ လျှောက်ထားပြီး- 'အရှင်ဘုရား၊ ဘုရားတပည့်တော်ကို ဥပဇ္ဈာယ်ဆရာအရှင်မြတ်သည် အရှင်ဘုရားထံစေလွှတ်လိုက်ပါသည်'ဟု လျှောက်ထားပါလော့၊

အသင့်ဥပဇ္ဈာယ် အဘယ်အမည်ရှိသနည်းဟု မေးလျှင် 'အရှင်သိဂ္ဂဝအမည်ရှိပါသည်ဘုရား'ဟု လျှောက်ထားပါလေ၊ ငါသည် အဘယ်အမည်ရှိသနည်းဟု မေးလျှင် 'အရှင်ဘုရား၊ တပည့်တော်၏ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့၏ဘွဲ့အမည်ကို သိပါသည်ဘုရား'ဟု လျှောက်ထားပါလေ"

ဤသို့ လျှောက်ထားရန် သင်ကြားပေးတော်မူသည်။

တိဿမဏေသည် "အရှင်ဘုရား၊ အမိန့်တော်အတိုင်းပါဘုရား"ဟု လျှောက်ထားပြီး ဥပဇ္ဈာယ်ဆရာကို ရိုသေစွာ ရှိခိုးပြီး အရှင်စန္ဒဝဇ္ဇိမထေရ်ထံ သွားသည်။ ရိုသေစွာ ရှိခိုးပြီး လျှောက်ပတ်သော အရပ်၌ထိုင်နေသည်။

အရှင်စန္ဒပဇ္ဇိမထေရ်သည် "သာမဏေ- သင်အဘယ်အရပ်က လာခဲ့သလဲ"ဟု မေးတော်မူသည်။

"အရှင်ဘုရား၊ ဘုရားတပည့်တော်၏ ဥပဇ္ဈာယ်ဆရာသည် အရှင်မြတ်ထံစေလွှတ်၍ လာခဲ့ပါသည်ဘုရား"ဟု လျှောက်ထားသည်။ သင့် ဥပဇ္ဈာယ်ဆရာတော်သည် အဘယ်အမည်ရှိသနည်း မေးတော်မူရာ၊ "အရှင်ဘုရား၊ အရှင်သိဂ္ဂဝထေရ်ပါဘုရား" ဟု လျှောက်ထားသည်၊ "ငါသည်အဘယ်အမည်ရှိသနည်း"ဟု မေးတော်မူပါသည်။ အရှင်ဘုရား တပည့်တော်၏ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့၏ ဘွဲ့အမည်ကို သိပါသည်ဘုရား" ဟု လျှောက်ထားလေသည်။

"သာမဏေ၊ ယခုသင်၏သပိတ်သက်န်းကို သိမ်းဆည်းပေတော့"ဟု အမိန့်ရှိရာ "ကောင်းပါပြီအရှင်ဘုရား"ဟု လျှောက်ထားပြီး တိဿသာမဏေသည် သပိတ်သက်န်းကို သိမ်းဆည်းသည်။ နောက်တစ်နေ့၌ ပရိဝုဏ်ကို တံမြက်လှည်း၍ ရေဒန်ပူကို မထေရ်၏အနီး၌ထားသည်။ အရှင်စန္ဒဝဇ္ဇိထေရ်သည် သာမဏေ တံမြက်လှည်းပြီးသောအရပ်ကို ထပ်၍တံမြက်လှည်းသည်။ သာမဏေအနီး ထားသောရေကိုစွန့်၍ နောက်ထပ်ရေအသစ်ကို ကိုယ်တိုင်ယူဆောင်သည်။ သာမဏေထားသော ဒန်ပူကို အသုံးမပြုဘဲ ဒန်ပူအသစ်ကို ယူသည်။ ဤသို့ ခြောက်ရက်ပတ်လုံး သာမဏေပြုသည်များကို ပယ်သည်။ ခုနစ်ရက်မြောက်သောနေ့၌လည်း သာမဏေသည် ရှေးအတိုင်းလျှောက်ထားလေသည်။

အရှင်စန္ဒဝဇ္ဇိထေရ်သည် "တိဿဗြဟ္မာသည် ဤဗြဟ္မဏလေးပင်တည်း"ဟု ကောင်းစွာ သိတော်မူ၍ "သာမဏေအဘယ်အကျိုးငှာ လာခဲ့သနည်း"ဟု မေးတော်မူသည်။ "အရှင်ဘုရား၊ ဘုရားစကားတော်ကို သင်ယူဖို့ရာ လာပါသည်"ဟု လျှောက်ထားသည်။ "သာမဏေ၊ ယခုသင်ပေလော့"ဟု မိန့်တော်မူပြီး၊ နောက်တစ်နေ့မှစ၍ ဘုရားစကားတော်ကို စ၍ သင်စေသည်။ တိဿသာမဏေသည် ဝိနယပိဋကမှတစ်ပါး အလုံးစုံသော ဘုရားစကားတော်ကို အဋ္ဌကထာနှင့်တကွ သင်ယူ၍ပြီးသည်။

ပဥ္စင်းဖြစ်သောအခါ ဝါမရသေးမီကပင် (တိပိဋကဓရ) ပိဋကတ်သုံးပုံဆောင်ဖြစ်သည်။ ဆရာဥပဇ္ဈာယ်ဖြစ်သော အရှင်သိဂ္ဂဝနှင့် အရှင်စန္ဒဝဇ္ဇိတို့သည် မောဂ္ဂလိပုတ္တတိဿထေရ်၏လက်၌ ဘုရားစကားတော်ခေါ် ပိဋကတ်သုံးပုံကို အပ်နှင်း၍ (သင်ပေးပြီး၍) သက်တမ်းကုန်အောင် သီတင်းသုံးတော်မူကြပြီး ပရိနိဗ္ဗာန် စံလွန်တော်မူကြလေသည်။ မောဂ္ဂလိပုတ္တတိဿထေရ်သည် တစ်ပါးသော အခါ၌ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူသည်။ များစွာသော ရဟန်းတို့အား ဓမ္မဝိနယကို ပို့ချပေးတော်မူပြီး သာသနာအလင်းရောင်ကို ထွန်းပြောင်စေတော်မူသည်။ သင်္ဂါယနာတင် ဆရာစဉ်၌ ပြခဲ့သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကား ဤမထေရ်ပင်တည်း။ (မောဂ္ဂလိပုဏ္ဏားၡ၏သားဖြစ်၍ မောဂ္ဂလိပုတ္တဟုခေါ်သည်)

**ဓမ္မာသောကမင်း နန်းတက်ခြင်း**

ဗိန္ဒုသာရမင်းသည် သာသနာတော်နှစ် ၂၁၄ ခု၊ စည်းစိမ် ၂၈ နှစ် အရတွင် နတ်ရွာစံလေသည်။ ခမည်းတော် ဗိန္ဒုသာရမင်းနတ်ရွာစံသောအခါ "ကြာအလှ သောကမင်း" ဟူသော မင်းဆက်လက်ာနှင့်အညီ၊ သာသနာတော်နှစ် ၂၁၄ နှစ်တွင် သားတော်ဓမ္မာသောကမင်း နန်းတက်လေသည်။ နန်းတက်သော်လည်း လေးနှစ်လုံးလုံး ဘိသိက်မခံသေးဘဲ ထီးနန်းကိုအုပ်ချုပ်သည်။ သာသနာတော်နှစ် ၂၁၈ နှစ်သို့ ရောက်သောအခါ ရာဇဘိသိက်ကိုခံယူ၍ ဇမ္ဗူဒီပတစ်ကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်းအဖြစ်သို့ ရောက်တော်မူသည်။

ခမည်းတော် ဗိန္ဒုသာရမင်းကြီးလက်ထက်တွင် ခြောက်သောင်းမျှလောက်သော ပြဟ္မဏပါသဏ္ဍပရိဗ္ဗာဇကတို့ကို နန်းတော်တွင်း၌ ကျွေးမွေးခဲ့သည်။ ဓမ္မာသောကမင်းသည်လည်း ခမည်းတော်၏ ဒအစဉ်အလာအတိုင်း အဘိသိက်မခံမီ လေးနှစ်၊ အဘိသိက်ခံပြီး သုံးနှစ်၊ ပေါင်း ခုနစ်နှစ်တိုင်တိုင် ကျွေးမွေးခဲ့သည်။ ကျွေးမွေးနေစဉ် တစ်နေ့သောအခါ လေသာပြတင်းမှရပ်လျက်ကြည့်ရှုလေသည်။ ငြိမ်သက်သော ဣန္ဒြေမရှိဘဲ စားသောက်နေကြသည်ကို မြင်ရသောအခါ 'သင့်လျော်သောအရာ၌ ပေးလှူရမှုကား ကောင်းလေစွ' ဟု အကြံဖြစ်လေသည်။

ဤသို့အကြံဖြစ်ပြီး အမတ်တို့ကို ခေါ်ဖော်မူ၍ 'အို . . . အမတ်တို့ သွားကြကုန်လော့၊ မိမိတို့၏ သူတော်ကောင်းဟု သမုတ်အပ်ကုန်သော သမဏ ပြဟ္မဏတို့ကို နန်းတော်သို့ ပင့်ခဲ့ကြကုန်လော့၊ အလှူကြီးပေးတော်မူမည်' ဟု မိန့်တော်မူသည်။ အမတ်တို့သည် အရှင်မင်းမြတ် ကောင်းပါပြီဟု ဝန်ခံပြီး -

၁။ ပုဆိုးဖြူကိုဝတ်သော ပဏ္ဍရင်္ဂ

၂။ ဦးခေါင်းပြည့်၍ ရဟန်းယောင်သင်္ကန်းကိုဝတ်သော ပရိဗ္ဗာဇက

၃။ ကိုယ်၌အငင်္ကျမဝတ်သော အာဇီဝက

၄။ ငါတို့ ကိလေသာကုန်ပြီဟုဝန်ခံ၍ ပရိက္ခရာကိုဆောင်သော နိဂဏ္ဍတို့ကို ပင့်ခေါ်၍ မင်းမြတ်၊ ဤပုဂ္ဂိုလ်တို့သည် အကျွန်ုပ်တို့၏ ရဟန္တာတို့ ဖြစ်ပါသည်ဟု လျှောက်ထားကြလေသည်။ ဓမ္မာသောကမင်းသည် နန်းတော်အတွင်း၌ အမြင့်၊ အနိမ့် နေရာတို့ကို ခင်း၍ 'ကြွတော်မူကြပါ' ဟု ပြောဆို၍၊ ရောက်လာသော ပုဂ္ဂိုလ်တို့ကို 'မိမိတို့နှင့် သင့်လျော်ရာနေရာ ထိုင်ကြပါ' ဟုပြောသည်။ ထိုပုဂ္ဂိုလ်တို့တွင် အချို့ပုဂ္ဂိုလ်တို့သည် ကြိမ်ထိုး၍ ခင်းထားသော အင်းပျဉ်ငယ် (ကြိမ်ကုလားထိုင်ကလေး)တို့၌ ထိုင်ကြကုန်၏။ အချို့ပုဂ္ဂိုလ်တို့သည် ပျဉ်ချပ်ထိုင်ခုံတို့၌ ထိုင်ကြကုန်၏။

ဓမ္မာသောကမင်းသည် ထိုပုဂ္ဂိုလ် တို့ကိုကြည့်၍ သူတို့၏အတွင်းသန္တာန်၌ သီလစသော အနှစ်မရှိပါတကားဟု သိတော်မူသည်။ ထိုပုဂ္ဂိုလ်တို့အား လျောက်ပတ်သော ခဲဖွယ်ဘောဇဉ်ကို ကျွေးမွေးပြီး ပြန်၍လွှတ်လိုက်သည်။ ဓမ္မာသောကမင်းသည် ဤသို့ဖြင့် အချိန်တို့သည် ကုန်လွန်ခဲ့လေသည်။

## နိဂြောဓ သာမဏေ

တစ်နေ့သောအခါ ဓမ္မာသောကမင်းမြတ်သည် အရှေ့အရပ်သို့ မျက်နှာမူလျက် ခြသေ့ရုပ်ခံသော လေသာနန်းတံခါး၌ စင်္ကြံသွားနေစဉ် ယဉ်ကျေးစွာစောင့်စည်းသော ကိုယ်အမူအရာ ငြိမ်သက်သောဣန္ဒြေဖြင့် နန်းရင်ပြင် (နန်းတော်ရှေ့) မှ ဖြတ်သန်းသွားသော နိဂြောဓသာမဏေကို တွေ့မြင်ရလေသည်။

(နိဂြောဓသာမဏေကား ခုနစ်နှစ်သားအရွယ် ရှင်သာမဏေပြုရန် ဆံချသောအခါ၊ ဆံချ၍အပြီး၌ အရဟတ္တဖိုလ်သို့ ရောက်ခဲ့သည်။ သာမဏေဘဝဖြင့် ရဟန္တာဖြစ်နေသည်။ နိဂြောဓသာမဏေ၏ ဘဝဇာတ်လမ်းကို အဋ္ဌကထာ၌ပြထားရာ ရှည်လျားမည်ကြောင့် မရေးလိုက်ပါ)

သာမဏေကိုမြင်ရသောအခါ ဓမ္မာသောကမင်းကား ဤသို့စိတ်အကြံဖြစ်လေသည်။ အလုံးစုံသောလူအပေါင်းသည် ပြန့်လွင့်သောစိတ်ရှိ၏။ လူမိသောသမင်ကဲ့သို့ တုန်လှုပ်၏။ ကိုယ်၌ လျှပ်ပေါ်လော်လည်ခြင်းရှိ၏။ ဤသာမဏေသည်ကား အလွန်လျှင်ရှေ့ရှုကြည့်ပုံ၊ အောက်သို့ကြည့်ပုံ၊ ကွေးပုံဆန့်ပုံတို့သည် တင့်တယ်ပေစွ၊ ကြည်ညိုဖွယ်ရှိပေစွ၊ ဧကန်မချွတ် ဤသာမဏေလေး၏အတွင်း၌ ထူးမြတ်သောတရားရှိပေလိမ့်မည်ဟု ကြံစည်စဉ်းစားမိသည်။ ဤသို့စဉ်းစားပြီး လွန်စွာကြည်ညိုသည်ဖြစ်၍ 'ထိုသာမဏေကို ပင့်ခေါ်ကြလော့' ဟု အမတ်တို့ကို အမိန့်ရှိသည်။ အမတ်ကို့ သွားရောက်ပင့်ရာ ကြာလွန်းသည်ဟု မှတ်ထင်၍ 'အမြန်ပင့်ခဲ့ကြပါ' ဟု နှစ်ယောက်သုံးယောက်သောအမတ်တို့ကို ထပ်မံစေလွှတ်သည်။ သာမဏေသည် မိမိ၏ပင်ကိုသဘောအတိုင်း မြန်မြန်မသွားဘဲ မှန်မှန်သာသွားသည်။ နန်းတော်သို့ ရောက်လာသောအခါ 'လျောက်ပတ်သောနေရာကို ကြည့်၍ထိုင်ပါ' ဟုပြောသည်။ သာမဏေသည် သူ့ထက်ကြီးသောသူ ရှိလေမလားဟု ထိုမှဤမှ စောင်း၍ကြည့်သည်။ 'ငါမှတစ်ပါး ရဟန်းများမရှိ' ဟုသိသောအခါ ထီးဖြူစိုက်ထားရာ ရာဇပလ္လင်သို့သွား၍ သပိတ်ယူဖို့ရာ မင်းအား အရိပ်ပြသည်။ မင်းသည် သာမဏေ ရာဇပလ္လင်အနီးသို့သွားသည်ကို မြင်သောအခါ 'ဤသာမဏေသည် နန်းတော်၏အရှင်သခင် ဖြစ်ပေလိမ့်မည်' ဟု စဉ်းစားမိသည်။

သာမဏေသည် မင်း၏လက်သို့သပိတ်ကိုပေးပြီး ရာဇပလ္လင်ထက်သို့တက်၍ ထိုင်သည်။ မင်းသည် မိမိအတွက် စီမံထားသော အထူးထူးသောယာဂု၊ ခဲဖွယ်၊ ထမင်းတို့ကို သာမဏေအား ကပ်လှူသည်။ သာမဏေသည် မိမိအား မျှတရုံသာခံယူပြီး ဘုဉ်းပေးသည်။ မင်းသည် ဆွမ်းကိစ္စပြီးသောအခါ 'အသင်တို့၏ဆရာပေးသော ဩဝါဒကို သိပါသလား' ဟု မေးသည်။

'မင်းမြတ် တစ်စိတ်တစ်ဒေသတော့သိပါ၏' ဟုပြော၏။ 'ချစ်သား၊ ဒကာတော်အား ထိုဩဝါဒကို ဟောပါလော့' ဟု လျှောက်ထားသည်။ မင်းမြတ် ကောင်းပါပြီဟု ပြောပြီး မင်းအား လျှောက်ပတ်သော ဓမ္မပဒ အပ္ပမာဒဝဂ်လာ -

အပ္ပမာဒေါ အမတံပဒံ

ပမာဒေါ မစ္စုနောပဒံ

(မမေ့မလျော့ခြင်းသည် မသေရာနိဗ္ဗာန်၏အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း) ဟု နှစ်ပါဒကိုဟောသည်။

ထို နှစ်ပါဒမျှကို ကြားနာရသောအခါ 'ချစ်သား၊ သိအပ်ပေပြီ၊ ပြီးဆုံးအောင် ဟောပါလော့' ဟု လျှောက်ထားသည်။

ဆွမ်းတရားဟောပြီးသောအခါ 'ချစ်သား . . . သင့်အား ဆွမ်းရှစ်အုပ်တို့ကို လှူပါ၏' ဟုလျှောက်၏။ သာမဏေသည် 'မင်းမြတ် . . . မင်းမြတ် လှူဒါန်းသော ဆွမ်းရှစ်အုပ်တို့ကို ဥပဇ္ဈာယ်ဆရာအားလှူပါ၏' ဟုဆို၏။ 'ချစ်သား၊ ဥပဇ္ဈာယ်မည်သည် အဘယ်သူပါနည်း' ဟုမေးသည်။ 'မင်းမြတ်၊ အပြစ်ကြီး အပြစ်ငယ်ကိုမြင်လျှင် အပြစ်တင်တတ်၊ ဆုံးမတတ်သောပုဂ္ဂိုလ်တည်း' ဟုပြောသည်။ ချစ်သား - သင့်အား တခြားဆွမ်းရှစ်အုပ်တို့ကို လှူပါ၏ - လှူဒါန်းပြန်သည်။ မင်းမြတ်၊ ထိုဆွမ်းရှစ်အုပ်တို့ကို ဆရာအား လှူပါ၏ ဟုပြောသည်။

ချစ်သား ဆရာမည်သည် အဘယ်နည်းဟု မေးမြန်းရာ "မင်းမြတ် . . . ဆရာမည်သည် သာသနာတော်၌ ကျင့်ထိုက်သောတရားကို သင်ပေးသောပုဂ္ဂိုလ်တည်း" ဟု ဖြေဆိုသည်။ ချစ်သား၊ သင့်အား (နောက်ထပ်) ဆွမ်းရှစ်အုပ်ကို လှူပါ၏ဟု လှူပြန်သည်။ မင်းမြတ်၊ ထိုဆွမ်းရှစ်အုပ်တို့ကို ရဟန်းသံဃာတော်အား လှူပါ၏ဟု ပြောဆိုသည်။ ချစ်သား ရဟန်းသံဃာဟူသည် အဘယ်နည်းဟု လျှောက်သည်။ မင်းမြတ်၊ ရဟန်းသံဃာကို အမှီပြု၍ ဥပဇ္ဈာယ်ဆရာသည်လည်းကောင်း၊ ငါသည်လည်းကောင်း ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရခဲ့သည်။ ရှင်အဖြစ် ရဟန်းအဖြစ်ရောက်အောင် ပို့ဆောင်ပေးသည်မှာ ရဟန်းသံဃာသာ

ဖြစ်သည်ဟု ပြောဆိုသည်။ မင်းသည် အတိုင်းထက်အလွန် ကြည်ညိုလှသည်ဖြစ်၍ ချစ်သားသင့်အား နောက်ထပ် ဆွမ်းရှစ်အုပ်ကို လှူပါ၏ဟု လျှောက်ပြန်လေသည်။

နိဂြောဓသာမဏေသည် ကောင်းပါပြီဟု ဝန်ခံ၍ နောက်တစ်နေ့၌ သုံးကျိပ်နှစ်ပါးသော ရဟန်းတို့ကိုပင့်၍ နန်းတော်သို့ကြွလေသည်။ ဆွမ်းဆက်ကပ်ပြီးသောအခါ မင်းက နက်ဖြန် အရှင်ဘုရားတို့အပြင် နောက်ထပ် သုံးဆယ့်နှစ်ပါး ကြွတော်မူပါရန် လျှောက်ထားလေသည်။ ဤသို့ နေ့စဉ်နေ့စဉ် နိဂြောဓသာမဏေကို ကြည်ညိုသဖြင့် တိုး၍တိုး၍ပင့်ရာ သံဃာခြောက်သောင်းဖြစ်လာသည်။ သံဃာတော်ခြောက်သောင်းတို့အား နေ့စဉ်နေ့စဉ် နန်းတော်၌ ဆွမ်းကပ်သည်။ ခမည်းတော် ဗိန္ဒုသာရမင်းလက်ထက်က ကျွေးမွေးခဲ့သော ပြဟ္မဏ၊ ပရိဗ္ဗာဇကတို့ကို မကျွေးမွေးတော့ဘဲ ဖြတ်ပစ်လိုက်သည်။

နိဂြောဓသာမဏေသည် မင်းကို ပရိသတ်နှင့်တကွ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်စေသည်။ ဘုရားရှင်သာသနာတော်၌ ပုထုဇဉ်တို့၏ သဒ္ဓါတရားဖြင့် တုန်လှုပ်ခြင်းမရှိ လွန်စွာကြည်ညိုသူအဖြစ်သို့ ရောက်လေသည်။

## စေတီနှင့်ကျောင်း ရှစ်သောင်းလေးထောင်

ဓမ္မာသောကမင်းသည် အသောကာရုံကျောင်းတော်ကြီး ဆောက်လုပ်စေပြီး ခြောက်သောင်းသောရဟန်းတို့ကို နေ့စဉ်ဆွမ်းဆက်ကပ်သည်။

တစ်နေ့တွင် ဓမ္မာသောကမင်းတရားသည် အသောကာရုံကျောင်း၌ အလှူကြီးကို ပေးလှူ၍ ခြောက်သောင်းသောရဟန်းတို့၏အလယ်၌ထိုင်၍ သံဃာကို ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပြီး ဤပြဿနာကို မေးလျှောက်လေသည်။

“အရှင်ဘုရားတို့၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော ဒေသနာတော်သည် အဘယ်မျှရှိပါသနည်း”ဟု လျှောက်ထားလေသည်။ “မင်းမြတ် . . . မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်သည် အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်” ဟု ဖြေကြားတော်မူကြသည်။ မင်းတရားသည် တရားတော်၌ကြည်ညို၍ တရားတော်ကို ပူဇော်သောအားဖြင့် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းဝယ် ရှစ်သောင်းလေးထောင်သော မြို့တို့၌ ရှစ်သောင်းလေးထောင်သော စေတီတော်တို့ဖြင့် တန်ဆာဆင်အပ်သော ကျောင်းပေါင်းရှစ်သောင်းလေးထောင်တို့ကို တရားသဖြင့် ဆောက်လုပ်စေသည်။ နောအစမ္မေန- ဆိုရာ တရားသဖြင့် မဟုတ်ဘဲ အာဏာဖြင့် ဆောက်ခိုင်းခြင်း မဟုတ်ပေ။

(စေတီပေါင်းရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်ဟု အဋ္ဌကထာ၌ ဆိုထားသည်။ ရေတွင်းရေကန်ပေါင်း ရှစ်သောင်းလေးထောင်မပါပေ။)

ကိုးဆယ့်ခြောက်ကုဋေသော ဉစ္စာကိုစွန့်လွှတ်၍ အမတ်တို့ကို စေလွှတ်ပြီး စေတီတည်ခြင်း၊ ကျောင်းဆောက်ခြင်းတို့ ပြုစေသည်။ အသောကာရုံကျောင်းတော်ကိုကား ကိုယ်တိုင်ကြီးကြပ်၍ ဆောက်လုပ်စေသည်။ သံဃာတော်များက ကျောင်းဆောက်လုပ်ရေးလုပ်ငန်းတွင် တန်ခိုးကြီး၍ စီမံတတ်သော အရှင်ဣန္ဒဂုတ္တထေရ်ကို တာဝန်ပေးကြသည်။ အရှင်ဣန္ဒဂုတ္တထေရ်သည် လူများမတတ်နိုင်သော အရာကို တန်ခိုးဖြင့်ပြီးစေသည်။ ဤသို့ တန်ခိုးဖြင့်ပြီးစေသော်လည်း သုံးနှစ်ကြာမှပြီးလေသည်။ စေတီတော်များနှင့် ကျောင်းများအားလုံးသည် တစ်နေ့တည်း (တစ်ပြိုင်တည်း) ပြီးရာ အားလုံးသောမြို့များက ကျောင်းပြီးကြောင်း စာလွှာများရောက်လာသည်။ စာလွှာများရောက်လာသောအခါ အမတ်တို့သည် "မင်းမြတ်၊ ရှစ်သောင်းလေးထောင်သောကျောင်းတို့သည် ပြီးပါပြီ"ဟု သံတော်ဦးတင်ကြသည်။

ကျောင်းပူဇော်ပွဲ မြို့ထဲကြေညာ

မင်းသည် တစ်မြို့လုံးစည်ကိုလှည့်စေသည်။ "သည်နေ့မှနောက်ခုနစ်ရက်မြောက်သောအခါ ကျောင်းလွှတ်ပူဇော်ပွဲကို ကျင်းပလိမ့်မည်။ အလုံးစုံသော မြို့သူမြို့သားတို့သည် ရှစ်ပါးသီလဆောက်တည်၍ မြို့တွင်း၌လည်းကောင်း၊ မြို့ပြင်၌လည်းကောင်း ကျောင်းပူဇော်ပွဲကို စီရင်ကြစေ" ဟု စည်ကိုလှည့်လည်စေသည်။ မင်းသည် ခုနစ်ရက်လွန်သောအခါ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော အသိန်းအသန်းမကများလှသော စစ်အင်္ဂါလေးပါးခြံရံလျက် တာဝတိံသာနတ်ပြည်ဝယ် အမရဝတီမည်သော မင်းနေပြည်၏အသရေထက်လွန်ကဲသော အသရေရှိသကဲ့သို့ လူအပေါင်းသည် အားတက်သရောတန်ဆာဆင်၍ မြို့ကိုလှည့်လည်၍ ကျောင်းတိုက်သို့သွားပြီး ရဟန်းများအလယ်၌နေကြသည်။

ထိုအချိန်ကစည်းဝေးသော ရဟန်းတော်အပေါင်းမှာ ကုဋေရှစ်ဆယ်ရှိသည်။ ဘိက္ခုနီမတို့က ကိုးဆယ့်ခြောက်သိန်းရှိသည်။ ရဟန်းတော်များတွင် ရဟန္တာအရှင်မြတ်တစ်သိန်းရှိသည်။ ရဟန္တာအရှင်မြတ်တို့ ဤသို့စိတ်အကြံဖြစ်တော်မူကြသည်။ "မင်းသည် မိမိ၏အလွန်အကဲပြုလုပ်ထားသော ကောင်းမှုများကို အကုန်လုံး အကယ်၍မြင်ရလျှင် သာသနာတော်၌ အလွန်ကြည်ညိုပေလိမ့်မည်" ဟု အကြံဖြစ်တော်မူကြသည်။ ဤသို့

အကြံဖြစ်တော်မူကြ၍ တစ်လောကလုံး (ပွင့်လင်းကြောင်း) အဆီးအတားမရှိ အကုန်မြင်နိုင်သော (လောကဝိဝရဏ)တန်ခိုးပြာဋိဟာကို ပြုတော်မူကြသည်။

**ကျောင်းပေါင်းစုံလင် အကုန်မြင်**

ဓမ္မာသောကမင်းတရားသည် အသောကကျောင်းတော်ပေါ်၌ အရပ်လေးမျက်နှာကို လှည့်လည်၍ ကြည့်ရှုရာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ကျောင်းပူဇော်ပွဲဆင်နွဲကျင်းပနေသော ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကိုမြင်ရလေသည်။

ထိုသို့ မိမိကုသိုလ်များကို ပြည့်ပြည့်စုံစုံမြင်ရသောအခါ လွန်စွာနှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ 'ငါမှတစ်ပါးသောတစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အား ငါကဲ့သို့ နှစ်သက်ဝမ်းမြောက်မှုဖြစ်ခြင်း၊ ရှေးကဖြစ်ခဲ့ဖူးသူရှိလေသလား' ဟု စဉ်းစားကြံစည်၍ သံဃာတော်တို့ကို ဤသို့မေးလျှောက်လေသည်။

"အရှင်မြတ်တို့ဘုရား၊ လောကလူသားတို့အားထားကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသာသနာတော်၌ အဘယ်သူသည် များစွာသောပစ္စည်း၊ ဝတ္ထုကိုစွန့်ကြဲလှူဒါန်းဖူးပါသနည်း၊ အဘယ်သူ၏စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်းသည် ကြီးကျယ်သည်ဟု ပြောကြားကြပါသနည်း" ဟု လျှောက်ထားလေသည်။

သံဃာတော်များက အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဖြေကြားရန် တာဝန်ပေးကြသည်။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်က -

"မင်းမြတ်၊ မြတ်စွာဘုရားသာသနာတော်၌ ပစ္စည်းလေးပါးလှူသူများတွင် ဒကာတော်မင်းမြတ်နှင့်တူသောသူသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် မရှိခဲ့ပေ။ ဒကာတော်မင်းမြတ်အလှူသည်သာ အကြီးမားဆုံးဖြစ်သည်" ဟု မိန့်တော်မူသည်။

ဓမ္မာသောကမင်းသည် မထေရ်မြတ်၏စကားကို ကြားရသောအခါ လွန်စွာနှစ်သက်ဝမ်းမြောက်သောပီတိဖြင့် ထိတွေ့သောကိုယ်ရှိသည်ဖြစ်၍ ဤသို့ကြံစည်မိသည်။ "ငါနှင့်တူသောပစ္စည်းလေးပါးလှူသူသည် မရှိခဲ့ဘူးတဲ့၊ ငါ၏အလှူသည် အကြီးမားဆုံးဖြစ်သတဲ့၊ ငါသည်လှူထိုက်သော ပစ္စည်းများဖြင့် သာသနာတော်ကို ချီးမြှောက်ရပေ၏။ ဤသို့ဖြစ်က ငါသည်သာသနာတော်၏ အတွင်းလူ ဆွေမျိုး (သာသနဒါယာဒ) ဖြစ်လေသလော၊ မဖြစ်နိုင်လေသလော" ဟု စိတ်အကြံဖြစ်လေသည်။ ဤသို့အကြံဖြစ်ပေါ်သဖြင့် သံဃာတော်ကို လျှောက်ထားလေသည်။

**သာသနာ့ဆွေမျိုး (သာသနာ့အမွေခံ) မဖြစ်သေး[၁]**

အရှင်မြတ်တို့ဘုရား၊ ဒကာတော်သည် သာသနာတော်၏ အတွင်းကျသောဆွေမျိုး (သာသနာ့အမွေခံ) ဖြစ်နိုင်ပါသလော၊ မဖြစ်နိုင်ပါသလောဟု လျှောက်ထားလေသည်။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သားတော်မဟိန္ဒမင်းသား၏ အားကြီးသော အကြောင်း၏ပြည့်စုံခြင်းကို မြင်တော်မူပြီး "မဟိန္ဒမင်းသားသည် ရဟန်းပြုက သာသနာတော် အလွန်ကြီးပွားလိမ့်မည်" ဟု မြင်တော်မူ၍ ဓမ္မာသောကမင်းကို ဤသို့မိန့်တော်မူသည်။

"မင်းမြတ်၊ ဤမျှအတိုင်း အရှည်ရှိသော ပစ္စည်းကိုလှူကာမျှဖြင့် သာသနာတော်၏ အတွင်းကျသောဆွေမျိုး (သာသနာ့အမွေခံ)မဖြစ်နိုင်သေး၊ ပစ္စယဒါယကာ သာသနာတော်၏အလုပ်အကျွေးဟူ၍သာ ခေါ်ဝေါ်ရပေမည်။ မင်းမြတ်၊ အကြင်သူသည် ပစ္စည်းလေးပါးကို မြေပြင်မှဗြဟ္မာပြည်တိုင်အောင် ပုံ၍လှူသော်လည်း ထိုသူသည် သာသနာတော်၏အတွင်းကျသော ဆွေမျိုး (သာသနာ့အမွေခံ) မဖြစ်သေးပေ" ဟု မိန့်တော်မူသည်။

အရှင်ဘုရား၊ ထိုသို့လှူရုံနှင့်သာသနာ့ဒါယကာမဖြစ်သေးလျှင် အဘယ်သို့ပြုမှ သာသနာ့ဒါယကာဖြစ်ပါမည်နည်းဟု လျှောက်ထားလေသည်။

"မင်းမြတ်၊ ကြွယ်ဝသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ၊ မိမိရင်၌ဖြစ်သောသားကို ရှင်ရဟန်းပြုပေးရ၏။ ထိုရှင်ရဟန်း၏ခမည်းတော်ကို သာသနာ့ဒါယကာဟု ခေါ်ထိုက်၏" ဟု မိန့်တော်မူသည်။ ဓမ္မာသောကမင်းသည် ငါသည် ဤသို့လှူသော်လည်း သာသနာ့ဒါယကာမဖြစ်သေးတဲ့၊ ဤသို့စဉ်းစားပြီး သာသနာ့ဒါယကာအဖြစ်ကို လိုလားတောင့်တ၍ ကြည့်ရှုသောအခါ အနီး၌ထိုင်နေသော သားတော်မဟိန္ဒမင်းသားကိုမြင်တော်မူသည်။ ငါသည်ညီတော်အိမ်ရှေ့မင်း တိဿရဟန်းပြုသွားသောအခါ အိမ်ရှေ့မင်းအဖြစ်ထားရန် ရည်ရွယ်ထားသည်။ အိမ်ရှေ့မင်းအဖြစ်ထက် ရှင်ရဟန်းအဖြစ်က မြင့်မြတ်လှသည် ဟု ကြံတော်မူပြီး "ချစ်သား၊ သင်သည် ရှင်ရဟန်းပြုခြင်းငှာတတ်နိုင်ပါမည်လော" ဟု မေးတော် မူသည်။ မင်းသားသည် မူလကပင် ရှင်ရဟန်းပြုလိုသူဖြစ်သည်။ ခမည်းတော်မင်းတရား၏ စကားကိုကြားရသောအခါ လွန်စွာဝမ်းမြောက်သည်ဖြစ်၍ ဤသို့ သံတော်ဦးတင်လေသည်။

---

၁။ သာသနဿ ဒါယာဒေါကို သာသနဿ ဉာတကောအဇ္ဈတ္တိကရာဟောမိနဟောမိ ဟုသာရတ္ထ ပ - ၃၄ ဖွင့်၍ "သာသနာ့အမွေခံ" ဟု မပြန်လိုက်ပါ။

"ခမည်းတော်မင်းမြတ်၊ ရဟန်းပြုပါအံ့၊ အကျွန်ုပ်ကို ရှင်ရဟန်းပြုပေးပြီး အရှင်မင်းမြတ်တို့သည် သာသနာ့ဒါယကာအဖြစ်ခံယူတော်မူပါ" ဟု လျှောက်ထားသည်။ ထိုအခါ သမီးတော်သင်္ဃမိတ္တာလည်း အနီး၌ရှိနေသည်။ သင်္ဃမိတ္တာ၏ အရှင်သခင်ဖြစ်သော အဂ္ဂိဗြဟ္မာမင်းသားသည် အိမ်ရှေ့မင်း တိဿမင်းသားနှင့်အတူ ရဟန်းပြုသွားသည်။ မင်းသည် သမီးတော်ကိုမြင်တော်မူ၍ "ချစ်သမီး၊ သင်သည်လည်း ရဟန်းပြုနိုင်ပါမည်လော" ဟုမေးတော်မူသည်။

"ခမည်းတော်မင်းမြတ်၊ ကောင်းပါပြီ၊ ရှင်ရဟန်းပြုနိုင်ပါသည်"ဟု လျှောက်ထားလေသည်။

မင်းမြတ်သည် သားတော်၊ သမီးတော်တို့၏ စိတ်ဆန္ဒကိုသိရသောအခါ လွန်စွာဝမ်းမြောက်လှ၍ ရဟန်းသံဃာတော်တို့ကို ဤသို့လျှောက်ထားသည်။

"အရှင်ဘုရားတို့၊ သားတော်၊ သမီးတော်တို့ကို ရှင်ရဟန်းပြုပေးပြီး တပည့်တော်အား သာသနာ့ဒါယကာ (သာသနာ့အမွေခံ) ပြုတော်မူကြပါဘုရား" ဟု လျှောက်ထားလေသည်။

သံဃာတော်သည် မင်း၏လျှောက်ထားခြင်းကိုလက်ခံပြီး မဟိန္ဒမင်းသားကိုအရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဥပဇ္ဈာယ်ပြုပြီး၊ အရှင်မဟာဒေဝထေရ်ကို သရဏဂုံဆရာပြု၍ ရှင်ပြုပေးလေသည်။ မဟိန္ဒမင်းသားသည် အသက် ၂၀ ပြည့်သဖြင့် အရှင်မဇ္ဈန္တိကထေရ်က ကမ္မဝါစာဆရာပြု၍ ပဉ္စင်းအဖြစ်သို့ ရောက်စေသည်။ အရှင်မဟိန္ဒထေရ်သည် ပဉ္စင်းခံရာ သိမ်တန်ဆောင်း၌ပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူသည်။ သမီးတော်သင်္ဃမိတ္တာကိုလည်း အာယုပါလိထေရ်မက သရဏဂုံ ဆရာပြုလုပ်၍ ဓမ္မပါလိထေရ်မက ဥပဇ္ဈာယ်အဖြစ်ဖြင့် ရှင်ပြုပေးသည်။ သင်္ဃမိတ္တာသည် အသက် ၁၈ နှစ်သာရှိသေး၍ ရဟန်းပြုမပေးနိုင်သေးပေ။ သားတော်သမီးတော်တို့ကို ရဟန်းပြုပေးသောအခါ ဓမ္မာသောကမင်းသည် အဘိသိက်သွန်းပြီး ၆ နှစ်ရှိပေပြီ။

အရှင်မဟိန္ဒထေရ်သည် ရဟန်းဖြစ်ရာအခါမှစ၍ မိမိ၏ဥပဇ္ဈာယ်ဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အထံ၌ သင်္ဂါယနာနှစ်ကြိမ်တင်ထားသော ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ အလုံးစုံသော ထေရဝါဒကို သုံးနှစ်အတွင်း သင်ယူ၍ပြီးသည်။ ဥပဇ္ဈာယ်ဆရာ၏ တပည့်ဖြစ်သော ဂဏ်သောင်းသောရဟန်းတို့၏ အကြီးအမှူးဖြစ်သည်။

## တိတ္ထိများ သာသနာတော်တွင်း ဝင်လာခြင်း

ဓမ္မာသောကမင်းသည် ထက်သန်သော သဒ္ဓါတရားဖြင့် သာသနာတော်ကို ချီးမြှင့်ထောက်ပံ့လှူဒါန်းရာ သံဃာတော်များအတွက် လာဘ်လာဘပေါများသော်လည်း၊ တစ်ချိန်က နန်းတွင်း၌ နေ့စဉ်ကျွေးမွေးသဖြင့် စားသောက်လာခဲ့သော တိတ္ထိများအတွက် လာဘ်လာဘဆုတ်ယုတ်လာသည်။ စားရုံ ဝတ်ရုံမျှပင် မရတော့ပေ။ တိတ္ထိတို့သည် လာဘ်လာဘကို မျှော်လင့်တောင့်တ၍ သာသနာတော်သို့ဝင်၍ ရဟန်းပြုကြသည်။ ရဟန်းပြုသော်လည်း မိမိတို့မိစ္ဆာအယူကိုမစွန့်ဘဲ၊ ဤကားဓမ္မဖြစ်သည်၊ ဤကား ဝိနယဖြစ်သည်ဟု ပြောဆိုကြကုန်၏။ ရဟန်းအဖြစ်ကို မရသူတို့ကလည်း ကိုယ်တိုင်ခေါင်းတုံး၍ ဖန်ရည်ဆိုးသောအဝတ်တို့ကိုဝတ်၍ ရဟန်းယောင်ဆောင်ကာ ကျောင်းတို့၌လှည့်လည်သွားလာနေကြသည်။ ဥပုသ်ပြုရာသို့လည်းကောင်း၊ ပဝါရဏာပြုရာသို့လည်းကောင်း၊ သံဃာ့ထံသို့လည်းကောင်း၊ ဂိုဏ်း၏အထံသို့လည်းကောင်း ဝင်ရောက်၍ (ရဟန်းယောင်ဆောင်ကာ) နေထိုင်ကြလေသည်။

ရဟန်းတို့သည် တိတ္ထိတို့နှင့်အတူတကွ ဥပုသ်မပြုကြကုန်။ ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် "ယခု အဓိကရုဏ်းဖြစ်ပြီ၊ သည်အဓိကရုဏ်းသည် မကြာမီ ရှုန့်ရင်းကြမ်းတမ်းလာလိမ့်မည်။ သည်အဓိကရုဏ်းကို ဤရဟန်းတို့အလယ်၌နေလျက် ငြိမ်းစေခြင်းငှာမဖြစ်နိုင်" ဤသို့ကြံစည်တော်မူ၍ အရှင်မဟိန္ဒထေရ်အား ဂိုဏ်းကိုလွှဲအပ်၍ ချမ်းသာစွာနေခြင်းငှာအဟောဂင်္ဂါတောင်သို့ ကြွတော်မူသည်။

ထို တိတ္ထိတို့ကို ရဟန်းသံဃာသည် ဓမ္မဝိနယဖြစ်သော မြတ်စွာဘုရားအဆုံးအမတော်ဖြင့် ဆုံးမနှိမ်နင်းသော်လည်း ဓမ္မဝိနယအားလျော်သော အကျင့်၌မတည်ကုန်၊ မကျင့်ကြကုန်။ တစ်ပါးမကများလှစွာသော သာသနာတော်၏ အယူဝါဒခိုးမှု၊ အညစ်အကြေးဆူးငြောင့်တို့ကို ဖြစ်ကြကုန်၏။ အချို့သော တိတ္ထိတို့သည် မီးကိုလုပ်ကျွေးကြ၏။ အချို့သော တိတ္ထိတို့သည် ပဉ္စာတပအကျင့်ကိုကျင့်ကြ၏။ အချို့ကား နေထွက်မှနေဝင်သည့်တိုင်အောင် နေသွားရာဘက်သို့အစဉ်လိုက်၍ ကြည့်ကြ၏။ အချို့ကဓမ္မကိုလည်းကောင်း၊ ဝိနယကိုလည်းကောင်း ဖျက်ဆီးကြ၏။ သူတို့အယူဝါဒကို ချီးမြှောက်ပြောဟောကြ၏။ ရဟန်းသံဃာများသည် တိတ္ထိတို့နှင့်အတူ ဥပုသ်ပဝါရဏာကို မပြုကြတော့ပေ။ အသောကာရုံကျောင်း၌ ခုနစ်နှစ်ပတ်လုံးဥပုသ်ပြုခြင်း ပြတ်စဲခဲ့ပေသည်။

**အမတ်တစ်ယောက်ကို စေလွှတ်**

ဓမ္မာသောကမင်းသည်၊ အသောကာရုံကျောင်းတော်၌ ဥပုသ်ပဝါရဏာမပြုကြသော အကြောင်းကိုကြားသိ၍ အမတ်တစ်ယောက်ကို ကျောင်းတော်သို့ စေလွှတ်သည်။

ကျောင်းသို့သွား၍ အဓိကရုဏ်းကိုငြိမ်းစေလောဟု စေခိုင်းသည်။ အမတ်သည် မင်းကိုပြန်လျှောက်ထားဖို့ရာ မဝံ့သည်ဖြစ်၍ တခြားအမတ်တို့ကို မေးမြန်းတိုင်ပင်သည်။ "မင်းသည်အကျွန်ုပ်ကို ကျောင်းသို့သွား၍ အဓိကရုဏ်းငြိမ်းအောင်လုပ်ပြီးဥပုသ်ပြုကြပါစေ ဟု စေခိုင်း၏။ အဓိကရုဏ်းကို ဘယ်လိုငြိမ်းအောင်လုပ်ရမည်နည်း" ဟု မေးမြန်းသည်။ ထိုအမတ်တို့က ဤသို့ပြောကြသည်။ "ကျွန်ုပ်တို့အထင်ပြောရလျှင် တိုင်းစွန်တိုင်းဖျား၌ သူပုန်ထ၍ ငြိမ်းအေးအောင်ဆောင်ရွက်သောအခါ သူပုန်၊ သူခိုး၊ ဓားပြတွေကိုသတ်ရသလို ယခုလည်း ဥပုသ်မပြုသောရဟန်းတို့ကို သတ်စေလို၍ စေလွှတ်ခြင်းဖြစ်မည်ထင်သည်" ဟု မှတ်ထင်ကြောင်းပြောကြသည်။ ထိုအမတ်သည် ကျောင်းတော်သို့သွား၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီး ဤသို့လျှောက်ထားသည်။

အရှင်မြတ်တို့ဘုရား၊ တပည့်တော်ကို မင်းမြတ်က ဥပုသ်ပြုကြပါစေလော့ ဟု စေခိုင်းပါသည်။ ယခုအခါ ဥပုသ်ပြုကြပါ ဟု လျှောက်ထားသည်။ ရဟန်းတော်များက ငါတို့သည် တိတ္ထိတို့နှင့်အတူတကွ ဥပုသ်မပြုနိုင် ဟု မိန့်တော်မူကြသည်။ ထိုအခါ အမတ်သည် မထေရ်ကြီးကစ၍ သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်သည်။ ညီတော်တိဿမထေရ်သည် ထိုအမတ်၏ ဖောက်ဖောက်ပြန်ပြန်လုပ်ကိုင်နေသည်ကို မြင်တော်မူသည်။ အရှင်တိဿထေရ်ဟူသည် မထင်မရှား သာမညထေရ်တစ်ပါးမဟုတ်ပေ။ အသောကမင်းနှင့် အမိတူဖြစ်၍ ညီတော်အရင်းဖြစ်သည်။ တိဿမည်သော အိမ်ရှေ့မင်းသားဘဝမှ ရဟန်းပြုလာသည်။

အရှင်တိဿထေရ်သည် ထိုအမတ်ဖောက်ဖောက်ပြန်ပြန်ပြုလုပ်နေသည်ကို မြင်ရသောအခါ "မင်းသည် မထေရ်များကိုသတ်ဖို့ရာ မစေလွှတ်တန်ရာ၊ မချွတ်ဧကန် ဤအမတ်၏ မကောင်းမှုပင်ဖြစ်ပေလိမ့်မည်" ဟု ကြံစည်တော်မူ၍ ကိုယ်တိုင်ထိုအမတ်၏အနီး၌ ထိုင်သည်။ အမတ်သည် မထေရ်ကိုမှတ်မိ၍ ဓားဖြင့်ခုတ်ဖြတ်ခြင်းငှာ မဝံ့တော့ပေ။ ဘုရင့်ထံသို့ပြန်၍လျှောက်ထားလေသည်။

(အဋ္ဌကထာ၌ အရှင်တိဿထေရ်ရဟန်းပြုပုံအကြောင်းဖော်ပြထားသော်လည်း ရှည်လျားမည်ကြောင့်မရေးတော့ပါ)

"အရှင်မင်းမြတ်၊ အကျွန်ုပ်သည် ဥပုသ်ပြုရန် အလိုမရှိကြသော ဤမျှအရေအတွက်ရှိသော ရဟန်းတို့ကို ခေါင်းဖြတ်ခဲ့ပါပြီ။ ညီတော် အရှင်တိဿထေရ်

အလှည့်သို့ရောက်ပါပြီ။ အဘယ်သို့ပြုရပါမည်နည်း" ဟု သံတော်ဦးတင်လေသည်။

ဓမ္မာသောကမင်းသည် အမတ်၏စကားကိုကြားရသောအခါ "ဟဲ့ အမတ်မိုက်၊ ငါသည် သင့်ကို ရဟန်းတော်တို့ကို သတ်ဖို့ရာ မစေခိုင်းပါ" ဟု ပြောဆို၍ ခန္ဓာကိုယ်ပါ ပူလောင်ခြင်းဖြစ်လာပြီး ကျောင်းတော်သို့သွားသည်။ မထေရ်ဖြစ်သောရဟန်းတို့ကို မေးမြန်း လျှောက်ထားသည်။

"အရှင်မြတ်တို့ဘုရား၊ သည်အမတ်သည် ဒကာတော်က မစေခိုင်းဘဲ ဤသို့ပြုလုပ်ခဲ့ ပါသည်။ ဤမကောင်းမှုသည် အဘယ်သူ၏အပေါ်၌ဖြစ်ပါသနည်း"ဟုမေးလျှောက်သည်။

အချို့သောမထေရ်တို့က ဤအမတ်သည် ဒကာတော်၏စကားကြောင့် ပြုလုပ်ရာ ဒကာတော်၏ မကောင်းမှုဖြစ်သည်ဟု ဖြေကြားကြသည်။

အချို့သော မထေရ်တို့က ဤမကောင်းမှုသည် နှစ်ယောက်စလုံး၏ မကောင်းမှု ဖြစ်သည်ဟု မိန့်ကြားကြသည်။

အချို့သော မထေရ်တို့က ဤသို့မိန့်တော်မူသည်။ "မင်းမြတ်၊ ဤအမတ်သည် ကျောင်းသို့သွား၍ ရဟန်းတို့ကိုသတ်စေသတည်း" ဟု ဤသို့စိတ်ရှိသလောဟု မေးတော် မူသည်။ အရှင်ဘုရားတို့၊ ဤသို့သောစိတ်မရှိပါ။ ညီညွတ်သောသံဃာသည် ဥပုသ်ကို ပြုပါစေဟု ကောင်းမှုကို အလိုရှိ၍ တပည့်တော်စေခိုင်းခြင်းဖြစ်ပါသည်ဘုရားဟု လျှောက် ထားသည်။

မင်းမြတ်၊ သင်သည် ကောင်းမှုကိုလိုလားသောစိတ်ဖြင့် စေခိုင်းသည်ဖြစ်အံ့၊ ဤသို့ဖြစ်က ဒကာတော်မှာ မကောင်းမှုမရှိပေ။ ထိုအမတ်၏ မကောင်းမှုသာဖြစ်၏ ဟု မိန့်ကြားတော်မူကြသည်။

နှလုံးနှစ်ခု သံသယ

မင်း၏နှလုံးသားဗွင် သံသယဝင်နေရာ သံဃာတော်တို့အား ဤသို့လျှောက်ထားသည်။

"အရှင်မြတ်တို့ဘုရား၊ တပည့်တော်၏နှလုံးနှစ်ခုဖြစ်နေသော သံသယကို ပယ်ဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာစွမ်းနိုင်သောတစ်ပါးတလေ သော ရဟန်းရှိပါသလော"ဟု လျှောက်ထားလေသည်။ ရဟန်းများက -

"မင်းမြတ်၊ အရှင်မောဂ္ဂလိပုတ္တတိဿမည်သော ထေရ်ရှိပါ၏၊ ထိုမထေရ်သည် သင်မင်းမြတ်၏နှလုံးနှစ်ခုသံသယကို ပယ်ဖျောက်၍ သာသနာတော်ကို ချီးမြှောက် ခြင်းငှာ စွမ်းနိုင်ပါ၏" ဟု မိန့်ကြားတော်မူကြသည်။

မင်းသည် ထိုနေ့၌ပင် တစ်ပါး တစ်ပါးလျှင် ရဟန်းတစ်ထောင်စီခြံရံသော ဓမ္မကထိကလေးပါး တို့ကိုလည်းကောင်း၊ ယောက်ျားတစ်ထောင်စီခြံရံသောအမတ်လေးယောက်တို့ကိုလည်း ကောင်း မထေရ်မြတ်ကိုပင့်ခေါ်ခဲ့ကြပါကုန်လော့ဟု စေလွှတ်သည်။ ထိုဓမ္မကထိကနှင့် အမတ်တို့သည်သွား၍ "မင်းသည် ပင့်ခေါ်ပါသည်" ဟု လျှောက်ထားကြသည်။ မထေရ်သည် ကြွတော် မမူပေ။

**မင်းခေါ်၍မကြွ**

နှစ်ကြိမ်မြောက်အပင့်လွှတ်သော်လည်း မထေရ်သည်မကြွပေ။ မင်းသည်မထေရ် တို့ကို မေးမြန်းလျှောက်ထားသည်။ "အရှင်ဘုရားတို့၊ တပည့်တော်သည် နှစ်ကြိမ်စေလွှတ် အပ်ပါပြီ၊ မထေရ်သည် အဘယ်ကြောင့်မကြွပါသနည်း" ဟု မေးလေသည်။

"မင်းမြတ်၊ မထေရ်သည် မင်းခေါ်သည်ဟု ဆိုခြင်းကြောင့် မကြွလာခြင်းဖြစ်သည်" ဟုမိန့်ဆိုကြသည်။

"ဤသို့ပင့်လျှောက်သော် ကြွလာရာ၏ -

အရှင်ဘုရား၊ သာသနာတော်သည် ဆုတ်နစ်နေပါ၏။ ဒကာတော်၏ဆုတ်နစ် နေသော သာသနာတော်ကို ချီးမြှောက်ခြင်းအကျိုးငှာ အဖော်ဖြစ်တော်မူပါဟု လျှောက်ထားလျှင် ကြွလာရာ၏"ဟု မိန့်ဆိုကြသည်။ မင်းသည် ထိုနည်းပေးသည့် အတိုင်း မှာထား၍ ရဟန်းတစ်ထောင်၊ တစ်ထောင်စီခြံရံသော ဓမ္မကထိက တစ်ဆယ့် ခြောက်ပါးနှင့် ယောက်ျားတစ်ထောင်စီ၊ တစ်ထောင်စီခြံရံစေသော အမတ် (ဆယ့်ခြောက် ယောက်)တို့ကို စေလွှတ်လေသည်။

ရဟန်းတို့ကို မေးပြန်သည်။ "အရှင်ဘုရား၊ ထိုမထေရ်သည် ကြီးပါပြီလော။ ငယ်ပါသေးသလော"

ရဟန်းများ - မင်းမြတ်၊ ကြီးပါပြီ။

မင်း - အရှင်မြတ်တို့ဘုရား၊ လှည်းပေါင်းချပ်ကိုသော်လည်းကောင်း ထမ်းစင် ကိုလည်းကောင်း စီးတော်မူပါမည်လော။

ရဟန်းများ - မင်းမြတ်၊ စီးလိမ့်မည်မဟုတ်ပေ။

မင်း - အရှင်မြတ်တို့ဘုရား၊ မထေရ်သည် ဘယ်အရပ်မှာသီတင်းသုံးတော်မူ သနည်း။

ရဟန်းများ - မင်းမြတ်၊ ဂင်္ဂါမြစ်၏ အထက်၌ သီတင်းသုံးတော်မူပါသည်။

မင်းသည်ထိုသို့ဖြစ်လျှင် "အချင်းတို့၊ လှေနှစ်စင်းကို တစ်ပေါင်းတည်းဖွဲ့၍ ထိုလှေဘောင်ထက်၌ မထေရ်ကိုသီတင်းသုံးစေတော်မူပြီး၊ ကမ်းနှစ်ဘက်တို့၌ အစောင့်အရှောက်ကိုထား၍ မထေရ်ကိုပင့်ဆောင်ကြလော့" ဟု မိန့်ဆိုသည်။ ရဟန်းတော်တို့နှင့် အမတ်တို့သည် မထေရ်မြတ်ထံသွား၍ မင်းကလျှောက်ထားလိုက်သောစကားကို လျှောက်ထားကြသည်။

ပါဋလိပုတ်ပြည်သို့

မထေရ်မြတ်သည် ရဟန်းများနှင့် အမတ်တို့လျှောက်ထားသော စကားကိုကြားရသောအခါ -

"ငါသည် မူလကပင် သာသနာတော်ကို ချီးမြှောက်ဖို့ရန်ရည်ရွယ်၍ ရဟန်းပြုခဲ့သည်။ ယခုအခါ၌ ငါ၏ရည်မှန်းထားသော အချိန်အခါသည် ရောက်ခဲ့လေပြီ" ဟု ကြံ၍ စမ္မခက် (သားရေထိုင်) ကိုယူ၍ ထတော်မူပြီ။

အသောကဘုရင် အိပ်မက်မြင်

ထိုအခါ၌ မထေရ်သည် ပါဋလိပုတ်ပြည်သို့ နက်ဖြန်ရောက်လိမ့်မည်ဟု ညတွင်ဓမ္မာသောကဘုရင်အိပ်မက်မြင်မက်သည်။ ဤသို့လည်း အိပ်မက်မြင်မက်လေသည်။ ဆင်ဖြူတော်သည် လာရောက်၍ မင်းကိုဦးခေါင်းမှစ၍ သုံးသပ်ပြီး လက်ယာလက်ကိုကိုင်သည်ဟု မြင်မက်လေသည်။ နောက်တစ်နေ့၌ မင်းသည် အိပ်မက်တိတ္တံကျမ်းတတ်သူတို့ကိုခေါ်၍ မေးတော်မူသည်။ ငါသည် ဤသို့သောအိပ်မက်ကိုမြင်မက်၏။ ငါ့အား အဘယ်သို့သော အကျိုးဖြစ်မည်နည်းဟု မေးသည်။

"မင်းမြတ်၊ အရှင်မင်းမြတ်ကို တစ်ပါးသောရဟန်းတည်းဟူသော ဆင်ပြောင်သည် လက်ယာလက်ကို ကိုင်ပါလိမ့်မည်" ဟု လျှောက်တင်ကြသည်။

မင်းသည် ထိုခဏ၌ပင် "မထေရ်ကြွလာပြီတဲ့" ဟု ကြား၍ ဂင်္ဂါမြစ်ကမ်းသို့သွား၍ မြစ်ထဲသို့ဆင်းပြီး ခရီးဦးကြိုဆိုသည်။ ပဆစ်ဒူးခန့်ရှိသောရေ၌ မထေရ်ကိုကောင်းစွာမှီ၍ မထေရ်သည် လှေပေါ်မှဆင်းသောအခါ မင်းကလက်ကို လှမ်း၍ပေးသည်။ မထေရ်သည် မင်းကို လက်ယာလက်၌ ကိုင်တော်မူသည်။

ထိုအခါ သန်လျက်စွဲကိုင်သူတို့သည် မထေရ်၏ ခေါင်းကိုဖြတ်ရန် သန်လျက်အိမ်မှ သန်လျက်ကိုဆွဲထုတ်ကြသည်။ မင်းသည်ရိပ်ခနဲမြင်လိုက်သဖြင့် "ငါသည်ရှေးကလည်း ချွတ်ယွင်းမိသောအကြောင်းကြောင့် စိတ်ချမ်းသာမှုကိုမရခဲ့။ မထေရ်၌ မမှားမယွင်းကြကုန်လင့်" ဟု မိန့်သည်။

(မင်း၏လက်ကိုကိုင်သောသူအား ခေါင်းကို သန်လျက်ဖြင့်ဖြတ်ရမည်ဟု မင်းမျိုးတို့၏ ကျင့်ဝတ်ထုံးစံရှိသည်။ ထိုကြောင့်သန်လျက်ကိုင်စွဲသူတို့က သန်လျက်ကို အိမ်မှ ထုတ်ခြင်းဖြစ်သည်။)

မထေရ်သည် အဘယ်ကြောင့်မင်း၏ လက်ကိုကိုင်ရသနည်း။ နှုတ်ဆက်သောအားဖြင့်ကိုင်ခြင်းလော၊ ဤသို့မဟုတ်ပေ။ မင်းသည် ပြဿနာကို မေးမြန်းလျှောက်ထားရန် ပင့်ခြင်းဖြစ်သည်။ ဤမင်းသည် ငါ၏အန္တေဝါသိက အနီးနေတပည့်ဖြစ်သည်ဟု ကိုင်ခြင်းဖြစ်လေသည်။

## ဥယျာဉ်တော်သို့ ပင့်ဆောင်

မင်းမြတ်သည် မထေရ်ကို မိမိ၏ဥယျာဉ်တော်သို့ ပင့်ဆောင်၍ ဥယျာဉ်အပြင်ဘက်၌ သုံးထပ်ဝန်းရံစေ၍ အစောင့်အရှောက်ကိုချထားသည်။ မထေရ်၏ခြေတို့ကို ကိုယ်တိုင်ဆေးပေး၍ ခြေနယ်ဆီဖြင့် လိမ်းပေးသည်။ မထေရ်သည် ငါ၏ယုံမှားသံသယကို ပယ်ဖျောက်၍ ဖြစ်ပေါ်နေသောအဓိကရုဏ်းကို ငြိမ်းစေပြီး သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်ပါမည်လော စုံစမ်းလို၍ မထေရ်အား ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်သည် တစ်မျိုးသောတန်ခိုးပြာဋိဟာကို ကြည့်လိုပါသည်" ဟု လျှောက်ထားသည်။ "မင်းမြတ်၊ အဘယ်သို့သောတန်ခိုး ပြာဋိဟာကို ကြည့်လိုသနည်း"ဟု မထေရ်ကမေးတော်မူသည်။

"အရှင်ဘုရား၊ မြေလှုပ်ခြင်းကို ကြည့်လိုပါသည်ဘုရား"

"မင်းမြတ်၊ မြေတစ်ပြင်လုံးလှုပ်ခြင်းကို ကြည့်လိုသလော၊ တစ်စိတ်တစ်ပိုင်း မြေလှုပ်ခြင်းကို ကြည့်လိုသလော"ဟု မေးတော်မူသည်။

မင်း - အရှင်ဘုရား၊ သည်နှစ်မျိုးတွင် အဘယ်သို့လှုပ်ခြင်းက ခဲယဉ်းပါသနည်း။

မထေရ် - မင်းမြတ်၊ ရေဖြင့်ပြည့်သောရေခွက်၌ ရေခွက်တစ်ခွက်လုံးရှိရေကို လှုပ်စေခြင်း က ခဲယဉ်းသလော၊ ရေထက်ဝက်လှုပ်ခြင်းက ခဲယဉ်းသလော။

မင်း - အရှင်ဘုရား၊ တစ်စိတ်တစ်ပိုင်း မြေလှုပ်ခြင်းကို ကြည့်လိုပါသည် ဘုရားဟု လျှောက်သည်။

မထေရ် - "မင်းမြတ်၊ အရပ်လေးမျက်နှာ တစ်ယူဇနာစီဝေးကွာသော အရပ်၌ အပိုင်းအခြားပြုလုပ်ပါ။ အရှေ့အရပ်၌ မျဉ်းကြောင်းထားပြီး မျဉ်းကြောင်း၏ပြင်ဘက်က ဘီးတစ်ဘီး၊ အတွင်းဘက်က ဘီးတစ်ဘီး ထားပြီး ရထားကို ရပ်ထားပါ။
တောင်အရပ်မျဉ်းကြောင်း၏ အပြင်ဘက်ခြေနှစ်ချောင်း၊ အတွင်း ဘက် ဘီးတစ်ဘီးထားပြီး ရထားကို ရပ်ထားပါ။
အနောက်အရပ်မျဉ်းကြောင်း၏ ပြင်ဘက်က ခြေတစ်ချောင်း၊ အတွင်း ဘက်က ခြေတစ်ချောင်းချ၍ လူတစ်ယောက်ကို ရပ်နေပါစေ။ မြောက်အရပ်မျဉ်းကြောင်း ဗဟိုတည့်တည့်၌ ရေအပြည့်ထားသော ရေခွက်တစ်ခွက်ချထားပါ" ဟု အမိန့်ရှိသည်။

မင်းသည် မထေရ်မြတ်အမိန့်ရှိသည့်တိုင်း အရပ်လေးမျက်နှာ၌ ချထားသည်။

မထေရ်မြတ်သည် အဘိညာဉ်၏အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ ဈာန်မှထပြီး "မင်းကြီးမြင်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူသည်။

အရှေ့အရပ်၌ထားသော ရထား၏မျဉ်းကြောင်းအတွင်းရှိ ဘီးသည် လှုပ်၏။ တစ်ဘီးကမလှုပ်ပေ၊ ထို့အတူ တောင်အရပ်၊ အနောက်အရပ်တို့၌ရှိသော မြင်း၊ ယောကျ်ား တို့၏ မျဉ်းကြောင်းအတွင်း၌ တည်သောခြေတို့သာ လှုပ်သည်။ အပြင်ဘက်၌ရှိသော မြင်း ခြေနှစ်ချောင်း၊ လူ၏ခြေတစ်ချောင်းတို့မလှုပ်ပေ။ မြောက်အရပ်မျဉ်းကြောင်း ဗဟိုထား သော ရေခွက်ရှိရေသည်လည်း မျဉ်းအတွင်း၌တည်သော ရေထက်ဝက်သာလှုပ်သည်။ တစ်ဘက်ကမလှုပ်ပေ။

မင်းသည် ထိုတန်ခိုးပြာဋိဟာကို မြင်ရသောအခါ ယခုအခါ၌ မထေရ်မြတ်သည် သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းဆောင်နိုင်တော်မူပေပြီဟု ဆုံးဖြတ်၍ မိမိ၏ နှလုံးနှစ်ခွဖြစ်နေသော ယုံမှားသံသယကို မေးလျှောက်သည်။

"အရှင်ဘုရား၊ ဒကာတော်သည် အမတ်တစ်ယောက်ကို ကျောင်းတော်သို့စေလွှတ်၍ အဓိကရုဏ်းကို ငြိမ်းစေပြီးလျှင် ဥပုသ်ပြုတော်မူကြစေရန် ပြောကြားလိုက်ပါသည်။ ထိုအမတ်သည် ကျောင်းတော်သို့သွား၍ (အထင်လွဲကာ) ဤမျှသော ရဟန်းတော်ကို သတ်ပါသည်။ ဤမကောင်းမှုသည် အဘယ်သူအား ဖြစ်ပါသနည်း"

ဟု လျှောက်ထားသည်။ မထေရ်မြတ်က -

"မင်းမြတ် . . . မင်းမြတ်စိတ်သည် ဘယ်လိုရှိပါလဲ၊ ဤအမတ်သည် ကျောင်းတော်သို့သွား၍ ရဟန်းတို့ကို သတ်စေလိုသောစိတ်ရှိသလော"ဟု မေးတော်မူသည်။

"အရှင်ဘုရား . . . မရှိပါဘုရား"

"မင်းမြတ် . . . သင်၏ သတ်စေလိုသောစိတ်မရှိက မကောင်းမှုသည် သင့်အား မရှိပေ"ဟု မိန့်တော်မူသည်။ မထေရ်မြတ်သည် သတ်စေလိုသောစိတ်မရှိက မင်းအား အပြစ်မရှိကြောင်းသိစေရန် -

စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ။

စေတယိတွာ, ကမ္မံကရောတိ ကာယေန

ဝါစာယ မနသာတိ- ဟူသော သုတ်တော်ကို ထုတ်ဖော်၍ ဟောတော်မူပြီးလျှင် ယင်းအစိပ္ပာယ် ထင်ရှားစေခြင်းငှာ တိတ္တိရဇာတ်ကို ဟောတော်မူသည်။

(တိတ္တိရဇာတ်ကို သိလိုက စတုတ္ထနိပါတ်ပုစိမန္ဒဝဂ် တိတ္တိရဇာတ်ကို ကြည့်ပါ)

အချုပ်အားဖြင့် "မကောင်းမှုကံကို ပြုလိုသောစေတနာမရှိလျှင် အပြစ်မရှိ" ဟု ဟောတော်မူခြင်းဖြစ်သည်။ ဤသို့ မင်း၏သံသယကို ဖြေရှင်းတော်မူပြီး မင်း၏ဥယျာဉ်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူလျက် မင်းကို ဘုရားအယူဝါဒကို သင်ယူစေသည်။

## အယူကို စိစစ်ခြင်း

မင်းသည် ခုနစ်ရက်မြောက်သောနေ့၌ အသောကာရုံကျောင်းတော်၌ ရဟန်းအပေါင်းကို စည်းဝေးစေသည်။ တင်းတိမ်အကာအရံပြုလုပ်ပြီးလျှင် တင်းတိမ်အတွင်း၌ နေပြီး အယူဝါဒတူသော ရဟန်းတို့ကို တစ်ပေါင်းတည်းနေစေ၍ အုပ်စုတူသော ရဟန်းအပေါင်းတို့ကို ခေါ်စေ၍ မေးတော်မူသည်။

မြတ်စွာဘုရားသည် ဘယ်အယူရှိပါသနည်း ဟုမေးလေသည်။

သဿတဝါဒီ အယူရှိသူတို့က မြတ်စွာဘုရားသည် သဿတဝါဒီအယူရှိပါသည်ဟု ဖြေကြကုန်၏။ အချို့က ဧကစ္စသဿတဝါဒီအယူရှိပါသည်ဟု ဖြေကြကုန်။ အချို့က အန္တာနန္တအယူရှိပါသည်။ အချို့က အမရာဝိက္ခေပ အယူရှိပါသည်။ အချို့က အဓိစ္စသမုပ္ပန္န အယူ ရှိပါသည်။ အချို့က အသညီဝါဒ၊ အချို့က နေဝသညီ နာဝါဒ၊ အချို့က ဥစ္ဆေဒဝါဒ၊ အချို့က ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ အယူရှိပါသည်ဟု မိမိယူထားသော အယူဝါဒကို ဘုရားရှင်၏ အယူဝါဒဟု ဖြေကြားကြသည်။

မင်းသည် ရှေးဦးစွာဘုရား အယူတော်ကို သင်ထားပြီးဖြစ်၍ ဤရဟန်းတို့သည် ရဟန်းဒရစစ်မဟုတ်ကုန်၊ သာသနာတော်မှအပ တိတ္ထိတို့သာဖြစ်ကြသည်ဟု သိ၍ ထိုတိတ္ထိတို့အား အဝတ်ဖြူတို့ကို ပေး၍ လူထွက်စေသည်။ အဝတ်ဖြူလဲရသူပေါင်း ခြောက်သောင်းရှိသည်။

ထို့နောက် တစ်ပါးသောရဟန်းတို့ကို ခေါ်စေ၍ မေးသည်။ "အရှင်ဘုရား၊ ဘုရားရှင်သည် အဘယ်အယူရှိပါသနည်း" ဟု မေးသည်။ ဘုရားရှင်သည် ဝိဘဇ္ဇဝါဒီအယူရှိပါသည်ဟုဖြေသည်။ ဤသို့ဖြေသောအခါ မင်းသည် အရှင်မောဂ္ဂလိပုတ္တထေရ်ကို မေးမြန်းလျှောက်ထားလေသည်။ "မင်းမြတ်၊ ဩော် . . . ဟုတ်ပေ၏"ဟု ဖြေတော်မူသည်။

မင်းသည် အရှင်မြတ်တို့ဘုရား၊ ယခုအခါ သာသနာတော်သန့်ရှင်းစင်ကြယ်ပါပြီ၊ ရဟန်းသံဃာတော်သည် ဥပုသ်ပြုတော်မူကြပါ ဟုလျှောက်ထား၍ အစောင့်အရှောက်ကို ပေး၍ မြို့တော်သို့ဝင်လေပြီ။ ညီညွတ်သော သံဃာတော်သည်စည်းဝေး၍ ဥပုသ်ပြုတော်မူကြသည်။ ထိုသံဃာ့အစည်းအဝေး၌ ရဟန်းတော်ပေါင်း ခြောက်သန်းရှိသည်။

## တတိယသင်္ဂါယနာတင်ခြင်း

ထိုသို့သံဃာတော်ခြောက်သန်းစည်းဝေးသောအခါ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သာသနာတော်အတွင်း၌ (ပရပဝါဒ) မြတ်စွာဘုရားအယူမဟုတ်သော တိတ္ထိအယူများ ရှုပ်ထွေးနေရာ ထိုတိတ္ထိအယူတို့ကို နှိမ်နင်းခြင်းငှာ ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်။ ထိုခြောက်သန်းအရေအတွက်ရှိသော ရဟန်းတွင် တိပိဋကရေ၊ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇာစသောရဟန်းတစ်ထောင်ကို ရွေးချယ်တော်မူ၍ အရှင်မဟာကဿပ၊ အရှင်ယသတို့မှုဝိနယကို သင်္ဂါယနာတင်တော်မူကြသကဲ့သို့ အလုံးစုံသော သာသနာတော်၏ အညစ်အကြေးကို သုတ်သင်ရှင်းလင်း၍ တတိယသင်္ဂါယနာတင်တော်မူကြသည်။ သင်္ဂါယနာတင်၍ပြီးဆုံးသောအခါ အကြိမ်များစွာ မြေတုန်လှုပ်သည် (လျှောင်လှုပ်လေသည်)။ ဤတတိယသင်္ဂါယနာသည် ကိုးလကြာမှပြီးဆုံးလေသည်။ သာသနာတော်နှစ် ၂၃၅ ခုနှစ်မှာ ပြီးဆုံးလေသည်။

ရွှေနားတော်သွင်းချောင်း၌ -

"နေမျိုးဓမ္မ၊ အသောကလျှင်၊ ဇိနစကြာ၊ နှစ်ရာလွန်ခြောက်၊ သုံးဆယ့်ခြောက်တွင်၊ မောဂ္ဂလိပုတ္တ၊ တိဿအခေါင်၊ မြတ်တစ်ထောင်အား"ဟု သာသနာနှစ် ၂၃၆ ခုနှစ်တွင် သင်္ဂါယနာတင်ပြီးသည်ဟု ဖွဲ့ဆိုထားသည်။ သာသနာ ၂၃၆ ခုနှစ်ကား သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ အရှင်မဟိန္ဒရောက်သောနှစ်ဖြစ်သည်။

တတိယသင်္ဂါယနာကို အရှင်မောဂ္ဂလိပုတ္တတိဿထေရ်က ဦးဆောင်၍ သီရိဓမ္မာသောကမင်း၏ ထောက်ပံ့မှုဖြင့်တင်သည်။ ထိုအချိန်မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းနန်းစံ ၁၇ နှစ်။ မြန်မာနိုင်ငံ သရေခေတ္တရာပြည်၌ ရန်ပေါင်မင်းနန်းစံ ၃၂ နှစ်ဖြစ်သည်။ ထိုမင်းနှစ်ပါး မင်းပြိုင်ဖြစ်၏။

**တတိယသင်္ဂါယနာတင်အန်ချင်း**

မင်းချင်းလေ။ ဝဋ္ဋိတိုင်းချာ၊ ပြည်ဝေသာဝယ်၊ ကာလာမင်းနောက်၊ ဆယ့်ကိုး ရောက်တွင်၊ မင်းမြောက်စိမ့်ရန်၊ ပုဏ္ဏားဖန်သည်၊ စဏ္ဍာဂုတ်မြေး၊ ဗိန္ဒုသွေးဟု၊ ဘုန်းကျေးဇူးဟုန်၊ မြေမိုးတုန်မျှ၊ ရှေးကုန်အဖြစ်၊ ဘဝဇာစ်က၊ ပျားနှစ်ရသာ၊ ကုသိုလ်ပါသည်၊ ဓမ္မာသောက၊ နရိန္ဒလျှင်၊ မဇ္ဈဘူမိ၊ ပါဋလိဝယ်၊ ဆယ်ဒိသာလုံး၊ အာဏာကျုံးသား၊ ပေါင်းရုံများစွာ၊ ဇောပုဗ္ဗာတွင်၊ မဟာမောဂ္ဂလိပုတ္တ၊ ထေရ်တိဿတို့၊ ဓမ္မရှင်အား၊ နိမိတ်ကြား၍၊ လက်သားအရဟံ၊ တစ်ထောင်မှန်နှင့်၊ ဗိမာန်ရတနာ၊ ကျယ်ဝန်းစွာသည့်၊ သောကာရာမ၊ ရွှေကျောင်းလှထက်၊ တတိယသင်္ဂါယနာ၊ အာဏာပီမြ၊ တင်ကုန်ကြသည်။ သုံးလယုတ်တစ်နှစ်တည့်လေး- သူကောင်းဖော်ရွှေ - မင်းချင်းတို့ဟု စာဆိုတော်ဦးယာက ဖွဲ့ဆိုသီကုံးထားသည်။

**တတိယသင်္ဂါယနာတင် ဆရာစဉ်**

တတိယသင်္ဂါယနာတင်ဆရာစဉ်ဆက်ကို အဋ္ဌကထာ၌ဖော်ပြထားသည့်အတိုင်း ဘွဲ့မည်အစဉ်မျှ ဖော်ပြပါဦးမည်။

အရှင်မောဂ္ဂလိပုတ္တတိဿ -

ၚင်းတပည့်အရှင်မဟိန္ဒ၊ အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိရိယ၊ အရှင်သဖုလ၊ အရှင်ဘဒ္ဒသာလ၊ အရှင်အရိဋ္ဌ၊ အရှင်တိဿဒတ္တ၊ အရှင်ကာလသုမန၊ အရှင်နာဂ၊ အရှင်ဗုဒ္ဓရက္ခိတ၊ အရှင်တိဿ၊ အရှင်ရေဝတ၊ အရှင်သုမန၊ အရှင်စူဠနာဂ။ ရောဟနတိုင်း၌ အရှင်ဓမ္မပါလိတ၊ အရှင်ခေမ၊ အရှင်ဥပတိဿ၊ အရှင်ဖုဿဒေဝ၊ အရှင်သုမန၊ အရှင်မဟာပဒုမ၊ အရှင်မဟာသိဝ၊ အရှင်ဥပါလိ၊ အရှင်မဟာနာဂ၊ အရှင်အဘယ၊ အရှင်တိဿ၊ အရှင်သုမန၊ အရှင်စူဠာဘယ၊ အရှင်တိဿ၊ အရှင်စူဠာနာဂ၊ အရှင်သိဝ -

ဤသို့စသော အရှင်မြတ်တို့သည် ဆရာစဉ်ဆက်ဖြင့် စတုတ္ထသင်္ဂါယနာတိုင်အောင် လက်ဆင့်ကမ်း၍ ဘုရားစကားတော်တို့ကို ဆောင်တော်မူခဲ့ကြသည်။

**ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်**

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် တတိယသင်္ဂါယနာတင်ပြီးသောအခါ သာသနာတော်သန့်ရှင်းသွားပြီဟု ကြောင့်ကြမဲ့နေတော်မမူပေ။ နောင်အနာဂတ်ကာလ၌ သာသနာတော်သည် ဘယ်အရပ်၌ကောင်းစွာတည်မည်နည်းဟု ဆင်ခြင်တော်မူသည်။ ထိုသို့စူးစမ်းဆင်ခြင်တော်မူသောအခါ အရှင်မြတ်၏ စိတ်တော်တွင် ဤသို့သော အသိဉာဏ် ပေါ်လာသည်။ မဇ္ဈိမဒေသအစွန်အဖျားကျသော ပစ္စန္တတိုင်းတို့၌ ကောင်းစွာတည်လိမ့်မည်ဟု သိတော်မူသည်။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ထိုထိုရဟန်းတို့အား တာဝန်ခွဲဝေ၍ ထိုထိုကျရာအရပ်သို့ စေလွှတ်တော်မူသည်။

၁။ အရှင်မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့ စေလွှတ်တော်မူသည်။ သင်သည် ထိုတိုင်းသို့သွား၍ သာသနာတော်ကို တည်ပါစေလောဟု မိန့်မှာ၍ စေလွှတ်တော်မူသည်။

၂။ အရှင်မဟာဒေဝ[၁]ထေရ်ကို မဟိသ်ကသို့

၃။ အရှင်ရက္ခိတထေရ်ကို ဝါနဝါသီသို့

၄။ အရှင်ယောနကထေရ်ကို အပရန္တတိုင်း

၅။ အရှင်မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်း

၆။ အရှင်မဟာရက္ခိတထေရ်ကို ယောနကတိုင်း

၇။ အရှင်မဇ္ဈိမထေရ်ကို ဟိမဝန္တာသို့

၈။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့ကို သုဝဏ္ဏဘူမိတိုင်း

၉။ မိမိ၏ သဒ္ဓိဝိဟာရိက တပည့်အရှင်မဟိန္ဒထေရ်ကို သီဟိုဠ် (သီရိလင်္ကာ) သို့

ဤသို့ ကိုးတိုင်းကိုးဌာနခွဲခြား၍ သာသနာပြုစေလွှတ်တော်မူသည်။ သံဃာဂိုဏ်းပြည့်စုံစေရန် ငါးပါးစီစေလွှတ်သည်။

**သီရိလင်္ကာ သာသနာ**

ကိုးတိုင်းကိုးဌာနသာသနာပြုစေလွှတ်ရာတွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ တာဝန်ကျသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏တပည့် အရှင်မဟိန္ဒသည် သာသနာ ၂၃၆

၁။ မဟာရေဝတဟု မူကွဲရှိသည်။

ခုနှစ်၊ နယုန်လပြည့်နေ့တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ ကြွတော်မူသည်။ အရှင်မြတ်နှင့်အတူ အရှင်ဣဋ္ဌိယ၊ အရှင်ဥတ္တိယ၊ အရှင်ဘဒ္ဒသာလ၊ အရှင်သမ္ဗလ၊ တို့ဖြစ်သော သာမဏေ ရှင်သုမနဘဏ္ဍုကဥပါသကာတို့ လိုက်ပါကြသည်။

## ဘာကြောင့် နောက်ကျရသနည်း

သာသနာပြုကြရန် သာသနာ ၂၃၅ ခုနှစ်၊ တန်ဆောင်မုန်းလကပင် တာဝန်ပေးစေခိုင်းခဲ့သည်။ အခြား သာသနာပြုအဖွဲ့များ ကြွသွားကြပေပြီ၊ အရှင်မဟိန္ဒသည် ဘာကြောင့် နောက်ကျနေရသနည်းဟု စဉ်းစားဖွယ်ဖြစ်လာသည်။ သာသနာပြုလုပ်ငန်း အောင်မြင်ရန် စောင့်ဆိုင်းခဲ့ခြင်းဟု ဆိုရပေမည်။ သာသနာပြုစေလွှတ်သောအချိန်က သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ၌ မုဋသီဝမင်း အုပ်ချုပ်နေသည်။ မုဋသီဝမင်းသည် အိုမင်းခဲ့ပြီဖြစ်၍ သာသနာတော်ကို ချီးမြှောက်ရန် မစွမ်းနိုင်တော့ပေ။ ထိုမင်းမရှိလျှင် သားတော် ဒေဝါနံပိယတိဿမင်း နန်းတက်ပေမည်။ ထိုမင်းသည် ပျိုရွယ်သူဖြစ်၍ သာသနာတော်ကို ကောင်းစွာ ချီးမြှောက်နိုင်ပေမည်။ ဤသို့သောအကြောင်းကြောင့် ဆိုင်းငံ့နေတော်မူခြင်းဖြစ်သည်။

## သီရိလင်္ကာသို့ကြွ

အရှင်မဟိန္ဒထေရ်နှင့်တကွ အရှင်မြတ်တို့သည် ရာဇဂြိုဟ်ပြည် ဝေဒိသဂိရိကျောင်းတိုက်မှ ကောင်းကင်ခရီးဖြင့် ပျံကြွ၍ အနုရာဓမြို့၏ အရှေ့အရပ်၌ မိဿကတောင်ထိပ်သို့ ရောက်တော်မူကြသည်။ မိဿကတောင်ထိပ်၌ ဒေဝါနံပိယတိဿမင်းနှင့် တွေ့သောအခါ မင်း၏ပညာရှိမရှိကို စုံစမ်းလို၍ အနီးရှိသရက်ပင်ကို ပြ၍ မေးတော်မူသည်။

ထေရ် ။ မင်းမြတ်၊ သည်သစ်ပင်ကား အဘယ်အပင်နည်း။

မင်း ။ သရက်ပင်ပါအရှင်ဘုရား။

ထေရ် ။ သည်သရက်ကိုလွှတ်၍ အခြားသရက်ပင်များ ရှိပါသေးလား။

မင်း ။ အခြားသရက်ပင်များ အများပင်ရှိပါသည်ဘုရား။

ထေရ် ။ သည်သရက်ပင်၊ အခြားသရက်ပင်ချန်ထား၍ အခြားသစ်ပင်များ ရှိပါသလား။

မင်း ။ သည်သရက်ပင်၊ အခြားသရက်ပင်များကို ချန်ထား၍ အခြားသစ်ပင်များ ရှိပါသည်ဘုရား။ သရက်ပင်တော့မဟုတ်ပါဘုရား။

ထေရ် ။ အခြားသရက်ပင်၊ အခြားသစ်ပင်တို့ကို ချန်ထား၍ အခြားသစ်ပင် ရှိပါသလော။

မင်း ။ ယခင်လက်ဦး သရက်ပင်သာဖြစ်ပါသည်ဘုရား ဟု ဖြေကြား လေသည်။

သစ်ပင်ဥပမာနည်းတူ ဆွေမျိုးရှိမရှိကိုလည်း မေးတော်မူသည်။ မင်းက ကောင်းစွာ ဖြေကြားနိုင်ရာ သာဓုခေါ်တော်မူသည်။ ဤသို့မေးမြန်းပြီး သည်မင်းသည် တရားကို သိနိုင်လောက်၏။ သာသနာတော်ကို ချီးမြှင့်ခြင်းငှာစွမ်းနိုင်ပေလိမ့်မည်ဟု စိတ်ချတော်မူ သည်။ အရှင်မဟိန္ဒထေရ်သည် မင်းကြီးပညာရှိကြောင်း သိတော်မူ၍ ရောက်တော်မူသော နယုန်လပြည့်နေ့မှာပင် မိဿကတောင်ထက်၌ စူဠဟတ္ထိပဒေါပမသုတ်ကို ဟောတော် မူသည်။ ဒေသနာတော်အဆုံး၌ ဒေဝါနံပိယတိဿမင်းနှင့်တကွ လေးသောင်းသော အခြံ အရံတို့သည် သရဏဂုံသီလ၌ တည်ကြကုန်၏၊ ဤသည်လျှင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ရှေးဦးစွာ သာသနာတော်တည်ခြင်း ဖြစ်လေသည်။

## မိဿကတောင်၌ ဝါကပ်

အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ သာသနာ ၂၃၆ ခု၊ နယုန်လပြည့်နေ့ရောက်၍ လပြည့်ကျော် (၁) ရက်နေ့မှစ၍ မင်းနှင့်တကွ လူအပေါင်းတို့ကို သာသနာတော်၌ သက်ဝင်ယုံကြည်စေသည်။ ဝါဆိုလပြည့်နေ့၌ သိမ်သမုတ်တော်မူသည်။ သိမ်သမုတ် ပြီးသောအခါ အရိဋ္ဌအမတ်စသော ငါးကိုပ်ငါးယောက်တို့ကို ထိုသိမ်၌ ဥပသမ္ပဒကံဆောင် (ရဟန်းခံ) ၍ ပေးတော်မူသည်။ အားလုံး ခြောက်ကိုပ်နှစ်ပါးသော ရဟန္တာအရှင်မြတ်တို့ သည် မိဿကတောင်၌ ဝါကပ်တော်မူကြသည်။ အရှင်မဟိန္ဒထေရ်သည် သီဟိုဠ်ကျွန်းသား များစွာသောရဟန်းသာမဏေတို့ကို ဘုရားစကားတော်ဖြစ်သော ပိဋကတ်သုံးပုံကို သင်ကြား ပို့ချပေးတော်မူသည်။ များစွာသောရဟန်းသာမဏေတို့၏ စိတ်နှလုံး၌ ပရိယတ္တိသာသနာ တော်ကို တည်စေတော်မူသည်။

## သာသနာအမြစ် မဆင်းသေး

ဒေဝါနံပိယတိဿမင်းသည် သာသနိကအဆောက်အအုံများဖြစ်သော စေတီတော်၊ ပုထိုး၊ ဇေတမိ၊ သိမ်ကျောင်း၊ အရာမ်ဝတ္ထုများကို တည်ဆောက်လှူဒါန်းသည်။ မိမိကုသိုလ် များကို နှစ်သက်ဝမ်းမြောက်၍ အရှင်မဟိန္ဒထေရ်အား ဤသို့ လျှောက်ထားသည်။

မင်း[၁] - အရှင်ဘုရား၊ ယခုအခါ သီဟိုဠ်ကျွန်း၌ သာသနာတည်ပါပြီလော။

ထေရ် - မင်းကြီး၊ ယခုအခါ သီဟိုဠ်ကျွန်း၌ သာသနာတည်ပြီ။ တည်သော်လည်း သာသနာတော်အမြစ် မဆင်းသေး ဟုဖြေတော်မူသည်။

မင်း - အရှင်ဘုရား၊ ဘယ်အခါ၌ အမြစ်ဆင်းပါမည်နည်း။

ထေရ် - မင်းကြီး၊ မိဘတို့ကလည်း သီဟိုဠ်ကျွန်းသူကျွန်းသားဖြစ်၍ သီဟိုဠ်ကျွန်း၌ မွေးဖွားသောသူငယ်သည် သီဟိုဠ်ကျွန်း၌ရှင်ပြု၍ သီဟိုဠ်ကျွန်း၌ ဝိနည်းကိုသင်ယူပြီး၊ သီဟိုဠ်ကျွန်း၌ ဝိနည်းကို ပို့ချလတ္တံ့။[၂] ထိုအခါ သီဟိုဠ်ကျွန်း၌ ဘုရားရှင်သာသနာတော် ကောင်းစွာတည်၍ သာသနာတော်အမြစ်ဆင်းပြီဟု မှတ်တော်မူလော့ မိန့်တော်မူသည်။

မင်း - အရှင်ဘုရား၊ သီဟိုဠ်ကျွန်းသားဖြစ်၍ သီဟိုဠ်ကျွန်းမှာ ဝိနည်းကို သင်ယူပြီး၊ သီဟိုဠ်ကျွန်း၌ ဝိနည်းကိုပို့ချနိုင်သော ရဟန်းရှိပါသလော ဟု လျှောက်ထားသည်။

ထေရ် - မင်းကြီး၊ အရိဋ္ဌမည်သောရဟန်းသည် စွမ်းနိုင်ပါလိမ့်မည် ဟု ဖြေတော်မူသည်။

မထေရ်၏မိန့်ကြားချက်ကို ကြားရသောအခါ မေဃဝဏ္ဏာဘယအမတ်ကြီး၏ ပရိဝုဏ်၌ ပထမသင်္ဂါယနာတင်စဉ်က အဇာတသတ်မင်းဆောက်လုပ်သော မဏ္ဍပ်ကြီးကဲ့သို့ မဏ္ဍပ်ကြီး ဆောက်လုပ်စေသည်။ မဏ္ဍပ်ကြီးအလယ်တွင် တင့်တယ်လှစွာ ရတနာတို့ဖြင့် စီခြယ်အပ်သော တရားဟောပလ္လင်ကို ပြင်ဆင်ထားသည်။ အရှင်မဟိန္ဒထေရ်အမှူးပြုသော (၆၈၀၀၀) ခြောက်သောင်းရှစ်ထောင် သံဃာ့အစည်းအဝေးတွင် မင်းကြီး၏ညီတော်ဖြစ်သော အရှင်မေတ္တာဘယထေရ်နှင့်တကွ ငါးရာသောရဟန်းတော်တို့သည် တရားဟောပလ္လင်ကို ဝန်းရံလျက် နေကြသည်။ အရှင်အရိဋ္ဌထေရ်သည် -

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ စသော ဝိနည်းပါဠိတော် နိဒါန်းမှစ၍ ရွတ်ဆိုပို့ချတော်မူသည်။ ဤသို့ အရှင်အရိဋ္ဌထေရ်သည် အရှင်မဟာမဟိန္ဒထေရ်အမှူးပြုသော ခြောက်ကျိပ်ရှစ်ပါးသော မထေရ်ကြီးတို့သည်လည်းကောင်း၊ ခြောက်သောင်းရှစ်ထောင်သော ရဟန်းတော်တို့သည်လည်းကောင်း အသက်ရှည်သမျှကာလပတ်လုံး များစွာသောရဟန်းတို့၏ နှလုံးသား၌တည်အောင် ပို့ချပေးတော်မူကြသည်။

---

၁။ ဝိဋ ၁-၇၅

၂။ ဝိနည်းကို ပို့ချမပေးက သာသနာမတည်သေးဟု ဆိုထားရာ သတိပြုသင့်လှသည်။

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ အရှင်မဟာမဟိန္ဒ၊ အရှင်အရိဋ္ဌအမှူးပြုသော မထေရ်တို့သည် ပရိယတ္တိသာသနာတော်ကြီး ကွယ်ပျောက်မသွားအောင် ပေထက်အက္ခရာတင်သည်အထိ နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြသည်။ သာသနာတော်ကို ချီးမြှောက်ထောက်ပင့်၍ သာသနာပြုခဲ့သော ဒေဝါနံပိယတိဿမင်းကြီးသည် နန်းစံ ၄၄ နှစ်အရ သာသနာတော်နှစ် ၂၇၉ ခုနှစ်အရောက်တွင် နတ်ရွာစံလေသည်။

**ဝဋ္ဋဂါမဏိမင်း နန်းတက်ခြင်း**

ဒေဝါနံပိယတိဿမင်း နတ်ရွာစံပြီးနောက် ထီးနန်းအုပ်ချုပ် မင်းလုပ်ကြသော မင်းအဆက်ဆက်ရှိပါသေးသည်။ ထိုမင်းဆက်များကို မဖော်ပြတော့ပါ။

သာသနာတော်နှစ် ၄၃၀ ခုနှစ်တွင် သဒ္ဓါတိဿမင်းကြီး၏သားတော် ဝဋ္ဋဂါမဏိမင်းကြီး နန်းတက်လေသည်။ ထိုမင်းနန်းတက်၍ ငါးလရှိသောအခါ တစ်ပြည်လုံးတုန်လှုပ်ချောက်ချားကြီးမားလှသော ဗြဟ္မဏတိဿမည်သော ဒွန်းစဏ္ဍားသူပုန်ဘေးကြီးနှင့် ကြုံရလေသည်။ သီဟိုဠ်ကျွန်းတွင် သူပုန်ဘေးကြီးနှင့် ကြုံရုံမက မိုးလေဝသခေါင်းပါးသဖြင့် အစာအာဟာရ ရှားပါးခြင်း ဖြစ်လေသည်။ ပြည်သူပြည်သားများ ဒုက္ခတွေ့ရသောအခါ ရဟန်းတော်များအတွက် ဆွမ်းခံ၍မရတော့ပေ။

**ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူပါ**

ထိုအခါ သိကြားမင်းသည် လူ့ပြည်သို့ဆင်းလာပြီး သံဃာတော်များကို လျှောက်ထားလေသည်။

အရှင်မြတ်တို့ဘုရား၊ အရှင်ဘုရားတို့ သီဟိုဠ်ကျွန်းမှာနေ၍ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်နှစ်ပါးကို အားထုတ်နိုင်မည်မဟုတ်ပါ။ ဇမ္ဗူဒိပ်ကျွန်းသို့ကူး၍ ပရိယတ်၊ ပဋိပတ်သာသနာတော်မြတ်ကို မပြတ်အောင် အားထုတ်တော်မူကြပါ။ အကျွန်ုပ်၏ တန်ခိုးဖြင့် လမ်းမှာဘေးရန် တစ်စုံတစ်ရာမဖြစ်ရအောင် စောင့်ရှောက်၍ ပို့ပေးပါမည်။ သီဟိုဠ်ကျွန်း၌ အေးငြိမ်း၍သာယာဝပြောသောအခါမှ ပြန်ကြွတော်မူကြပါဘုရားဟု လျှောက်ထားလေသည်။

ထိုအခါများစွာသောရဟန်းတို့သည် ဇမ္ဗူဒိပ်ကျွန်းသို့ကူးမည်ဟု သင်္ဘောဆိပ်သို့ ကြွလာကြသည်။

**အသက်နှင့်လဲ၍ သာသနာစောင့်ရှောက်**

သဘော်ဆိပ်သို့ကြွလာကြသော သံဃာတော်များတွင် ခြောက်ကျိပ်သောသံဃာတို့ရှိသည်။

'အရှင်ဘုရားတို့သာ ဇမ္ဗူဒိပ်သို့ကူးတော်မူကြပါ။ တပည့်တော်များ သီဟိုဠ်ကျွန်းမှာနေရစ်ပြီး စားရသမျှ အာဟာရနှင့်ပင် မျှတ၍ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို မပျောက်ရအောင် စောင့်ရှောက်ရစ်ကြပါမည်' ဟု လျှောက်ထားကာ သဘော်ဆိပ်မှပြန်ကြွတော်မူကြသည်။ နေရစ်ကြသော သံဃာတော်တို့သည် သီဟိုဠ်ကျွန်း ဒက္ခိဏမလယဇနပုဒ်သို့သွား၍ သစ်ရွက်သစ်သီး၊ သစ်ဉတို့ကိုဘုဉ်းပေး၍ ၁၂ နှစ်တိုင်တိုင် ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်၍ စောင့်ရှောက်တော်မူကြသည်။ ဆာလောင်ခြင်းပြင်းပြလှသောအခါ နှုတ်ဖြင့် မရွတ်ဆိုနိုင်၍ ဝမ်းအောက်မှာ သဲပုံ၊ သဲထုပ်ထား၍ စိတ်ဖြင့်သာဆင်ခြင်တော်မူကြသည်။ ဤသို့ ၁၂ နှစ်တိုင်တိုင် ပိဋကတ်သုံးပုံကို မပျောက်ပျက်အောင် ဆောင်တော်မူခဲ့ကြသည်။ သာသနာတော်အတွက် အသက်နှင့်လဲ၍ ဆောင်ရွက်တော်မူကြရာ သာသနာထိပ်ခေါင်တင် ကျေးဇူးရှင်ကြီးများဟုသာ ဆိုထိုက်လှပါသည်။

**နှစ်မူမကွဲ တစ်မူတည်း**

၁၂ နှစ်ကြာ သူပုန်ဘေးကြီး ငြိမ်းအေး၍ သာယာဝပြောစွာရှိသောအခါ ဇမ္ဗူဒိပ်သို့ကြွသောအရှင်တို့သည် သီဟိုဠ်ကျွန်းသို့ပြန်ကြွလာတော်မူကြသည်။ သီဟိုဠ်ကျွန်းသို့ရောက်သောအခါ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သောရဟန်းတော်များနှင့်အတူ အဋ္ဌကထာနှင့်တကွ၊ ပိဋကတ်သုံးပုံတို့ကို တိုက်ဆိုင်ညှိနှိုင်းတော်မူကြရာ နှစ်မူမကွဲတစ်မူတည်းပင်ဖြစ်သည်။ ပထမသင်္ဂါယနာတင်ပြီးချိန်ကစ၍ တာဝန်ခွဲဝေ၍ နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြသည်။ ပဋိသမ္ဘိဒါပတ္တတေဝိဇ္ဇစသော ရဟန္တာအရှင်မြတ်များ အရိယာသံဃာများဖြစ်၍ သတိသမာဓိအားကောင်းလှသဖြင့် ဆောင်နိုင်ခြင်းဖြစ်သည်။ ဤသို့နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြသည်။ ၄၉၅ နှစ်ပင်ကြာခဲ့လေပြီ၊ နောင်တွင် သတ္တဝါတို့သည် သတိ၊ ပညာ၊ သမာဓိတရားများအားနည်းယုတ်လျော့၍ ပိဋကတ်တော်တို့ကို နှုတ်တက်အာဂုံဆောင်နိုင်တော့မည်မဟုတ်ဟု ဆင်ခြင်သိမြင်တော်မူကြသည်။

စတုတ္ထ သင်္ဂါယနာတင်

ဤသို့ဆင်ခြင်တော်မူကြပြီး ရဟန္တာမထေရ်ကြီး ၅၀၀ (ငါးရာ)တို့သည် ဝဋ္ဋဂါမဏိမင်းကြီးကိုအမှီပြု၍ သီဟိုဠ်ကျွန်းမလယဇနပုဒ် အာလောကမည်သောလိုဏ်၌ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံတို့ကို ပေပေါ်မှာရေးသား၍ ပေထက်အက္ခရာတင်တော်မူကြသည်။ ပေထက်အက္ခရာတင်ပြီးလျှင် အမှားအယွင်းမရှိရအောင် အကြိမ်တစ်ရာတိုင် တိုက်ဆိုင်တည်းဖြတ်တော်မူကြသည်။ အရှင်မဟာဓမ္မရက္ခိတထေရ်ဦးစီး၍ တင်သည်ဟုအဆိုရှိသည်။ သာသနာဝင်စာအုပ်များတွင် အဘယမထေရ်ဦးဆောင်၍တင်သည်ဟု ဖော်ပြမထားကြပေ။ ထိုအခါ သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း ဒုတိယအကြိမ်နန်းတက်ရာ နန်းစံခြောက်နှစ်မြောက်၍ မြန်မာနိုင်ငံသရေခေတ္တရာပြည်၌ ၄၃၃ ခုနှစ်တွင် နန်းတက်သော သရမာဘုရားဒါယကာ ကြက်ခေါင်းစားတေပါမင်းနှင့် နန်းပြိုင်ဖြစ်သည်။

စတုတ္ထသင်္ဂါယနာတင် အန်ချင်း

မင်းချင်းလေ။ ။ ကုသဝတီ၊ ပုရီပြည်ထူး၊ စံလွှတ်ကျူးဝယ်၊ တန်ခူးလည်းကုန်၊ နတ်မြူးခုန်သား၊ ကဆုန်ပုဏ္ဏမာ၊ နေ့အင်္ဂါဟု၊ ဗေသာခါနက်၊ တည့်မွန်းရက်တွင်၊ စက်တော် မပြန်၊ ခတ်နိဗ္ဗာန်ကို၊ ချန်ခဲ့တုံမြောက်၊ ဆန်ကြွနောက်ဝယ်၊ သာလျှောက်လူပိုလ်၊ ကပ်မှီခိုသည့်၊ သီဟိုဠ်ရာဇာ၊ ရှစ်ဆယ်သာသား၊ သဒ္ဓါတိဿ၊ မင်းတရားရင်သွေး၊ မြတ်လေးသက်နှံ၊ ချစ်အားသန်သည်၊ ဝဋ္ဋဂံဘုန်းတောက်၊ နန်းစံခြောက်တွင်၊ အရောက်ထိုခါ၊ သာသနာမှူ၊ ရာလေးခုပေါ်၊ ငါးဆယ်ကျော်ဟု၊ တော်မဟာဝင်၊ သံပိုင်တင်ရှင့်၊ ရှင့်ရှင်သတ္တ၊ ပြည့်စုံလှသည့်၊ အမရရန်အောင်၊ ပြည်ထောင်မင်းအား၊ ညွှတ်တွားရှိသေ၊ ဆက်လာပေသည်၊ သန္ဒေသကထာ၊ သီဟိုဠ်စာ၌၊ လေးရာတွက်ဖွဲ့၊ သုံးဆဲ့နှင့်သုံး၊ ပါဌ်စီကုံးရှင့်၊ ထုံးနှစ်ဖြာထွက်၊ ထိုနှစ်ချက်ကို၊ နှစ်သက်ကြရာ၊ မှတ်လေပါလော့၊ နှစ်မှာတွက်ဖွဲ့၊ ဆဲ့ခုနစ်သာ၊ မျှလောက်ကွာ၏။ မဟာသမယ၊ ထိုကာလဝယ်၊ ဝဋ္ဋမင်းအား၊ အမှီထား၍၊ ငါးခုနစ်ရာ၊ ထောင်သံယာတို့၊ သုံးခါ တိုင်တိုင်၊ သံပြိုင်တွတ်တွတ်၊ ရှေးကရွတ်သား၊ မုခပါဌ်မြတ်စွာ၊ ထေရ်ငါးရာတို့၊ ပေါတ္ထကာရှုငြ၊ စတုတ္ထသင်္ဂါယနာ၊ တင်ပြန်လာသည်၊ အာလောကလိုဏ်တွင်တည့်လေး။ သူကောင်းဖော်ရွှေမင်းချင်းတို့ ဟု စာဆိုတော်ဦးယာက ဖွဲ့ဆိုထားသည်။

(သင်္ဂါယနာတင်သောနှစ်ကို အမရပူရမြို့ဘိုးတော်ဘုရားထံဆက်သွင်းသော သန္ဒေသကထာတွင် ၄၃၃ ဟု ပါဠိစီကုံးထားကြောင်း ဖော်ပြထားသည်။ ၁၇ နှစ်ကွာနေသည်ဟု ဖွဲ့ဆိုထားသည်။)

## သီဟိုဠ်ကျွန်း သံဃာဂိုဏ်းကွဲခြင်း

စတုတ္ထသင်္ဂါယနာတင်ပြီးနောက် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ သံဃာဂိုဏ်းကွဲများပေါ်လာကြသည်။ ဝဋ္ဋဂါမဏီမင်းသည် ကျည်းသားတို့သူပုန်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင်နေရသောအခါ အရှင်တိဿထေရ်သည် စောင့်ရှောက်ခဲ့လေသည်။ ကျည်းသားသူပုန်ဘေးမှ ငြိမ်းအေးသောအခါ ဝဋ္ဋဂါမဏီမင်းသည် နောက်တစ်ကြိမ်ထီးနန်းအုပ်ချုပ်မင်းလုပ်ရလေသည်။ ထွက်ပြေးတိမ်းရှောင်စဉ်က စောင့်ရှောက်ခဲ့သော ကျေးဇူးကိုဆပ်သောအားဖြင့် အဘယဂိရိကျောင်းကို ဆောက်လုပ်၍ အရှင်တိဿထေရ်အား တင်လှူလေသည်။ အရှင်တိဿထေရ်သည် ကုလသံသဋ္ဌ (လူတို့နှင့်ရောနှောဆက်ဆံခြင်းများသည်) ဖြစ်၍ မဟာဝိဟာရ ဝါသီရဟန်းတို့က အရှင်တိဿအား ပဗ္ဗာဇနီယကံ (နှင်ထုတ်သောကံ) ပြုကြသည်။ အရှင်တိဿထေရ်၏တပည့်ဖြစ်သော အရှင်မဟာဒါဌိယတိဿ[၁] ရဟန်းကပဗ္ဗာဇနီယကံမပြုရန် တားမြစ်လေသည်။ မဟာဝိဟာရဝါသီရဟန်းတို့က သည်ရဟန်းသည် အသုဒ္ဓါနုဝတ္တက (မစင်ကြယ်သောရဟန်း၏နောက်လိုက်) ရဟန်းဖြစ်သည်ဟု ဥက္ခေပနီယကံကို ပြုကြသည်။ ဤသို့ကံပြုခံရသဖြင့် အမျက်ထွက်ကာ မဟာဒါဌိယတိဿရဟန်းသည် မဟာဝိဟာရ ဝါသီကျောင်းမှ သံဃာငါးရာတို့ကို ခေါ်ဆောင်၍ အဘယဂိရိကျောင်း၌သွား၍ မနေကြသည်။ ထိုအခါကစ၍ မဟာဝိဟာရဝါသီဂိုဏ်း၊ အဘယဂိရိဝါသီဂိုဏ်းဟု နှစ်ဂိုဏ်းကွဲပြားလာသည်။ အဘယဂိရိကျောင်းနေရဟန်းတို့သည် ဝိနည်းခန္ဓကပရိဝါကို ပါဠ်ထူးအနက်ထူးပြုလုပ်၍ အဘယဂိရိဝါသီဂိုဏ်းဟု ဂိုဏ်းသီးခြားထောင်ခြင်းဖြစ်သည်။ သင်္ဂါယနာ (၄) ကြိမ် တင်ထားပြီးသော ပါဠိတော်ကို သဘောကျပြင်ဆင်ခြင်းဖြစ်ရာ "ထေရဝါဒ" ကို လိုသလို ပြင်ဆင်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

ဇမ္ဗူဒိပ်ကျွန်း ဝဇ္ဇီပုတ္တကဂိုဏ်းမှ ဓမ္မရုစိမည်သော ဆရာ၏တပည့်တို့သည် ပလ္လာရာမကျောင်းမှ သီဟိုဠ်ကျွန်းသို့ပြောင်းလာပြီး အဘယဂိရိကျောင်းသို့ ဝင်လာကြသည်။ အရှင် မဟာဒါဌိယတိဿထေရ်သည် ထိုရဟန်းတို့၏ အယူကိုနှစ်သက်၍ ထိုရဟန်းတို့နှင့်

---

၁။ ဗဟလမဿုတိဿ ဟု မူကွဲရှိသည်။

ပေါင်းကာ ဓမ္မရုစိဆရာဖြစ်လာသည်။ ထို့ကြောင့် အဘယဂိရိဝါသီဂိုဏ်းသားတို့သည် ဓမ္မရုစိဂိုဏ်းဟု ဖြစ်လာသည်။

ဇေတဝန ဝါသီဂိုဏ်း

ဝဋ္ဋဂါမဏိမင်းသည် နန်းစည်းစိမ် ၁၂ နှစ်၊ သာသနာတော် ၄၅၀ ပြည့်နှစ်တွင် နတ်ရွာစံခဲ့သည်။ ထို့နောက် ညီတော်စုဠတိဿမင်း၊ စောရနာဂမင်း စသောမင်းများ နန်းတက်ခဲ့ကြသည်။ ထိုနန်းတက်ခဲ့သောမင်းများအကြောင်း ရှည်လျားမည်ကြောင့် ခြွင်းခဲ့ရပါတော့မည်။

သာသနာတော် ၈၁၈ ခုနှစ်တွင် မဟာသေနမင်းနန်းတက်ခဲ့သည်။ ထိုမင်းသည် သာဂလိယဂိုဏ်းမှ အရှင်ကောဟညတိဿထေရ်ကိုကြည်ညိုသည်။ ထိုအရှင်သည် ကောက်ကျစ်သောစိတ်ထားရှိသည်ဟု ဆိုသည်။ မဟာသေနမင်းသည် အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်အတွင်း၌ "ဇေတဝန်" မည်သော ကျောင်းကိုဆောက်လုပ်၍ လှူဒါန်းသည်။ ဒက္ခိဏဂိရိကျောင်းမှ သာဂလိယဂိုဏ်းသား ရဟန်းတို့သည် ဇေတဝန်ကျောင်းသို့ လာရောက်နေထိုင်ကြသည်။ ထိုအခါ ဇေတဝန်ဝါသီဂိုဏ်းဟု ကွဲပြားလာသည်။ မူလက မဟာဝိဟာရဝါသီဂိုဏ်းဟု တစ်ဂိုဏ်းတည်းသာရှိခဲ့သော သီဟိုဠ်ကျွန်း၌ -

မဟာဝိဟာရဝါသီဂိုဏ်း

အဘယဂိရိဝါသီဂိုဏ်း

ဇေတဝနဝါသီဂိုဏ်း ဟု ဂိုဏ်း သုံးဂိုဏ်းကွဲပြားခဲ့လေသည်။

မဟာဝိဟာရဝါသီဂိုဏ်းသာ စင်ကြယ်သောဂိုဏ်းဖြစ်သည်ဟု ကလျာဏီကျောက်စာ၌

"တေသု မဟာဝိဟာရဝါသီ နိကာယော ဝါစ္စန္တံ ပရိသုဒ္ဓေါ

ဓမ္မဝါဒီ"[၁] ဟုဆိုထားသည်။

ဆိုထိုက်လှပါသည်။ စင်ကြယ်သောဂိုဏ်းဖြစ်သောကြောင့်သာ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းများ၏ ဂန္ထာရမ္ဘ၌ -

သလ္လေခိယေ နောသုလဘူပမေဟိ၊

မဟာဝိဟာရဿ ဓဇူပမေဟိ၊

သံဝဏ္ဏိတော ယံ ဝိနယော နယေဟိ ဟုပါရာဇိကဏ်အဋ္ဌကထာ၌လည်းကောင်း များစွာသောအဋ္ဌကထာတို့၌ -

---

၁။ ကလျာဏီကျောက်စာ ပါဠ် ၂၂

သမယံ အဝိလော မေန္တော၊
ထေရာနံ ထေရဝံသ ပဒိပါနံ၊
သုဏိပုဏ ဝိနိစ္ဆယာနံ၊

မဟာဝိဟာရေ နိဝါသိနံ ဟု မဟာဝိဟာရဝါသီမထေရ်မြတ်တို့၏ အဆုံးအဖြတ်တို့ကို အားကိုးပြုကြောင်း ဖော်ပြထားသည်။ မဟာဝိဟာရကျောင်းတိုက်ကား အရှင်မဟာမဟိန္ဒကို အကြောင်းပြု၍ ဒေဝါနံပိယတိဿမင်းကြီး ဆောက်လုပ်လှူဒါန်းသောကျောင်းဖြစ်သည်။

## သာသနာ့စာပေ တည်ရာမြေ

သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ အရှင်မဟာမဟိန္ဒ ပြုစုတည်ထောင်ခဲ့သော သာသနာကား လွန်စွာထွန်းလင်းတောက်ပခဲ့ပါသည်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှစ်ပါး စလုံး ထွန်းကားခဲ့ပါသည်။ သီဟိုဠ်ကျွန်းမဟာထေရ်တို့ ပြုစုခဲ့သော ကျမ်းဂန်များလည်း အလွန်များလှပါသည်။ အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာဖြင့် ရေးသားထားသော -

၁။ မဟာ အဋ္ဌကထာ
၂။ မူလ အဋ္ဌကထာ
၃။ မဟာပစ္စရိ အဋ္ဌကထာ
၄။ စူဠပစ္စရိ အဋ္ဌကထာ
၅။ ကုရုန္ဒီအဋ္ဌကထာ
၆။ အန္ဓက အဋ္ဌကထာ
၇။ သင်္ခေပ အဋ္ဌကထာ

၈။ အရိယ အဋ္ဌကထာ - ဤအဋ္ဌကထာကြီးရှစ်ကျမ်းကို မှီငြမ်းပြုရသောကြောင့်သာ အဋ္ဌကထာသစ်ကို ရေးသားဖွင့်ဆိုနိုင်ခြင်းဖြစ်သည်။ အဋ္ဌကထာကြီးများ၌ ထပ်ကာ ထပ်ကာ ရေးသားထားသည်များကို အကျဉ်းချုံး၍ အဋ္ဌကထာသစ်ကို ပြုစုခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဖြစ်ရာ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သည် "သာသနာ့စာပေ တည်ရာမြေ" ဆိုထိုက်လှပေသည်။

သီရိလင်္ကာ သာသနာသမိုင်းနှင့်စပ်လျဉ်း၍ ရေးသားဖွယ်ရာများရှိသော်လည်း ဤမျှဖြင့် သီရိလင်္ကာသာသနာသမိုင်းကို နိဂုံးချုပ်အပ်ပါသတည်း။

## မြန်မာနိုင်ငံသို့ သာသနာဆင်းသက်ခြင်း

တတိယသင်္ဂါယနာတင်ပြီးသောအခါ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အနာဂတ်သာသနာရေး မျှော်တွေးတော်မူပြီး ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူခဲ့သည်။ ကိုးတိုင်း၊ ကိုးဌာနတွင်-

၁။ အရှင်ယောနကထေရ်ကို အပရန္တတိုင်း

၂။ အရှင်မဟာရက္ခိတထေရ်ကို ယောနကတိုင်း

၃။ အရှင်သောဏနှင့် အရှင်ဥတ္တရထေရ်ကို သုဝဏ္ဏဘူမိတိုင်းသို့ စေလွှတ်ကြောင်း ဖော်ပြခဲ့ပါသည်။ အပရန္တတိုင်း၊ ယောနကတိုင်း၊ သုဝဏ္ဏဘူမိတိုင်း သုံးတိုင်းသည် မြန်မာနိုင်ငံရှိ တိုင်းများဖြစ်သည်ဟု မြန်မာသာသနာဝင် မြန်မာ့သာသနာ့သမိုင်းများက အတည်ပြုတော်မူခဲ့ကြပါသည်။ တတိယသင်္ဂါယနာတင်အပြီး သာသနာပြု မစေလွှတ်မီကပင် မြန်မာနိုင်ငံသို့ သာသနာတော် သက်ဆင်းခဲ့ကြောင်း သာသနာ့သမိုင်းများတွင် ဆိုထားပါသည်။ ထိုအဆိုအမိန့်များကို ဖော်ပြပါဦးမည်။

### ပထမဦးစွာ သာသနာရောက်ခြင်း

ဘုရားဖြစ်တော်မူပြီးစ ၄၉ ရက်မြောက် ရာဇာယတနသစ္စာပင် လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ် ရာမညတိုင်း ဥက္ကလာဇနပုဒ်မှ တဖုဿ၊ ဘလ္လိက ညီနောင်နှစ်ယောက်တို့ ဆက်ကပ်လှူဒါန်းသော ကျွတ်ကျစ်မုန့်၊ ပျားဆုပ်မုန့်တို့ကို အလှူခံပြီး ဒွေဝါစိက သရဏဂုံကို ပေးတော်မူသည်။ ထို့ကြောင့် "သရဏဂုံအစ မြန်မာက"ဟု ဆိုခဲ့ပါသည်။ သို့ဖြစ်၍ ဘုရားဖြစ်တော်မူပြီး ၄၉ ရက် ဝါဆိုလဆန်း ၄ ရက် ၅ ရက်နေ့ကစ၍ မြန်မာ နိုင်ငံ၌ သာသနာတော် ဆင်းသက်ခဲ့ပါသည်။ ဤကား မြန်မာနိုင်ငံသို့ ပထမသာသနာ ရောက်ခြင်း ဖြစ်သည်။

### အရှင်ဂဝံပတိထေရ်

ဘုရားရှင်ပွင့်တော်မမူမီ သုဘိန္နမြို့[၁] တိဿမင်းလက်ထက် အမတ်ကြီး၏သား တိဿကုမ္မာနှင့် ဇယကုမ္မာတို့သည် လူ့ဘဝကို ငြီးငွေ့၍ (သံဝေဂရ၍) သမုဒ္ဒရာအနီး ဂဋ္ဌိရိကျောက်တောင်၌ ရသေ့ပြုနေကြသည်။ ထိုအခါ ဝိဇ္ဇာဓိုရ်လုလင်နှင့် နဂါးမဆက်ဆံ

---

၁။ ဝံသဒီပနီ၌ သမိပကဏ္ဏမြို့ ဟုဆိုသည်။

ကြ၍ ဥနှစ်လုံးဖွားပြီးလျှင် နဂါးမက စွန့်ပစ်သွားသည်။ နောင်တော် တိဿကုမာရသေ့ တွေ့၍ ညီတော်ရသေ့နှင့် ဥတစ်လုံးစီသိမ်းထားကြသည်။ ထိုဥနှစ်လုံးမှ လူသားငယ် နှစ်ယောက် ပေါက်ဖွားလာသည်။ ဆယ်နှစ်သားအရွယ်ရှိသောအခါ ညီတော်ရသေ့၏သူငယ် သည် သေလွန်၍ မဇ္ဈိမဒေသ မိထိလပြည်မှာ ဂဝံပတိသတို့သားဖြစ်လေသည်။ ခုနစ်နှစ် အရွယ်ရှိလျှင် ဘုရားရှင်ထံအပ်၍ ရဟန်းပြုရာ ရဟန္တာဖြစ်လေသည်။ နောင်တော်ရသေ့ စောင့်ရှောက်ထားသော သူငယ်သည် မြို့နန်းတည်၍ သီဟရာဇာအမည်ကိုခံယူပြီး မင်းဖြစ် လေသည်။ (မော်ဓောကျောက်စာ၌ မင်းအမည်ကို သီရိမာသောက။ မြို့အမည်ကို သုဓမ္မပူရ-သထုံ ဟုဆိုသည်။)

## အရှင်ဂဝံပတိထေရ် သာသနာပြု

ရဟန္တာ အရှင်ဂဝံပတိသည် မိခင်ကို တွေ့ချင်၍ ကြွသွားမည်ရှိစဉ် အမိသေလွန် ကြောင်းသိသည်။ အဘယ်မှာ ဖြစ်လေသနည်းဟု ဆင်ခြင်သောအခါ ရာမညတိုင်းမှာ ဖြစ်သည်ကို မြင်တော်မူသည်။ မုဆိုးတံငါ အလေ့အထများလှသည်။ ငါသွား၍ မဆုံးမခဲ့လျှင် ငါ့မိခင်အပါယ်လားလိမ့်မည်ဟု ကြံစည်ပြီး ရာမညတိုင်းသို့ ကောင်းကင်ခရီးဖြင့် ကြွလေသည်။ ရာမညတိုင်း သထုံသို့ရောက်၍ ယခင်ဘဝက ညီနောင်ဖြစ်ခဲ့ဖူးသော သီဟရာဇာမင်းနှင့် တကွ ပြည်သူတို့အား တရားဟော၍ ငါးပါးသီလဆောက်တည်စေသည်။ ထိုအခါ သီဟရာဇာမင်းက "အရှင်ကား လူတွင်အထွတ်ဖြစ်ခဲ့လေပြီ"ဟု လျှောက်ထားရာ "ငါကား လူတွင်အထွတ်မဖြစ်သေး၊ သုံးဆယ့်တစ်ဘုံတွင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အထွတ် အဖျား မြတ်စွာဘုရားသည် မဇ္ဈိမဒေသ ရာဇဂြိုဟ်မှာ ရှိတော်မူသည်"ဟု မိန့်ကြားသည်။ သီဟရာဇာ မင်းက ကျွန်ုပ်တို့ ဖူးမြင်ရအောင် ဘုရားရှင်ကို ပင့်ဆောင်တော်မူပါဟု လျှောက် ထားလေသည်။ မင်း၏လျှောက်ထားချက်ကို အရှင်ဂဝံပတိ ဝန်ခံတော်မူ၍ ဘုရားရှင်အား ပင့်ဖိတ်တောင်းပန်ရာ ရှစ်ဝါမြောက်တွင် သံဃာတော်နှစ်သောင်းနှင့်တကွ ရာမညတိုင်း သထုံသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသည်။

ရောက်တော်မူသောအခါ ရတနာမဏ္ဍပ်တွင် နေတော်မူ၍ မင်းနှင့်တကွ ပြည်သူ များအား တရားဟောတော်မူ၍ သရဏဂုံသီလ၌ တည်စေတော်မူသည်။ ဖူးမြော်ရန် ရောက်လာသော ရသေ့ခြောက်ဦးအား ဆံတော်ဓာတ် ခြောက်ဆူပေးတော်မူသည်။ ဤသို့လျှင် ဘုရားရှင်ရှစ်ဝါမြောက်၌ ရာမညတိုင်း သထုံပြည်သို့ကြွရောက်၍ သာသနာတော် တည်ထွန်းခဲ့ကြောင်း သာသနာသမိုင်းများမှာ ရှေးဆရာများက ရေးသားခဲ့ကြသည်။ မြန်မာ့

သာသနာဝင်အတွက် ဂုဏ်ယူဖွယ်ပင်၊ ဤကား မြန်မာနိုင်ငံ၌ ဒုတိယ သာသနာရောက်ခြင်းပင် ဖြစ်သည်။

ဤသို့ မြန်မာနိုင်ငံ၌ ပထမနှင့် ဒုတိယ သာသနာရောက်လာပုံကို မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်တွင် -

"သပြေအင်ူ၊ မြရည်လူသား၊ ဇမ္ဗူအောင်ချက်၊ ငါတို့ဘက်လည်း၊ သူ့ထက်ရှေးဦး၊ ကိုယ်တိုင်ဖူး၍၊ ကြည်နူးသဒ္ဓါ၊ သရဏာဖြင့်၊ ဒွေဝါစိက၊ တဖုဿနှင့်၊ ဘလ္လိကညီနောင်၊ နတ်နှိုးဆောင်လျက်၊ မြရောင်ရိပ်ကွန်း၊ လင်းလွန်းဌာန၊ သတ္တာဟက၊ ပထမဦးခေါင်၊ ဆုထူးအောင်၍၊ ပင့်ဆောင်ပူဇော်၊ ဆံတော်ရှစ်ချောင်း၊ ရောင်မောင်းမောင်းတို့၊ ကိန်းအောင်းတည်ရာ၊ လတ်မွန်စွာတည့်၊ ဥက္ကလာမြို့၊ သာမို့မို့နှင့်၊ အောင်မျို့တဂိုဏ်း" ဟူ၍ ပထမသာသနာရောက်ပုံကို ရေးဖွဲ့တော်မူခဲ့သည်။ ဒုတိယသာသနာ ရောက်ပုံကိုလည်း-

"မွန်တိုင်းဌာန၊ ရာမညကို၊ ပထမအာဒိ၊ စိုးအုပ်ဘိသား၊ သီရိမာသောက၊ မည်နာမဖြင့်၊ အဘာသံသေ (ဖဲ)၊ မိရေနတ်မျိုး၊ တေဇာဖြိုးသည်၊ တန်ခိုးနေစက်၊ မင်းလက်ထက်ဝယ်၊ အဆက်မဝေး၊ ရှေးအတိတ၊ နန္တရက၊ ဘဝယှဉ်မှီ၊ နောင်ညီအထူး၊ ဖြစ်ခဲ့ဘူးသည်၊ ကျေးဇူးမြောက်မြား၊ ခြောက်ပါးဘိညာ၊ ကြီးတေဇာနှင့်၊ ရဟန္တာရှင်ပျံ၊ ဂဝမ္ပတိ၊ ထေရ်ဘုန်းရှိကြောင့်၊ မုနိသကျ၊ ရှစ်ဝါရတွင်၊ ပဥ္စသတာ၊ ရံငါးရာနှင့်၊ အာကာမိုးက၊ မြန်းလာကြွ၍"ဟု မြန်မာ့သာသနာဝင်ကို မော်ကွန်းတင်ခဲ့ပါသည်။ (မဃဒေဝ ပိုဒ် ၅၇၈)

**တတိယသာသနာ ရောက်ခြင်း**

မြတ်စွာဘုရားသည် နောင်အခါသာသနာတော် အရှည်တည်တံ့မည့်အကြောင်းကို မြင်တော်မူ၍ ပထမဗောဓိခေါ် ဝါတော် ၂၀ ကျော်သောအခါ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာသား အရှင်မဟာပုဏ္ဏထေရ် တောင်းပန်လျှောက်ထား၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ သံဃာတော် ၄၉၉ ပါးဖြင့် ကြွလာတော်မူသည်။ စန္ဒကူးနံ့သာဖြင့် ဆောက်လုပ်အပ်သော ကျောင်းတော်ကို အလှူခံတော်မူသည်။ ထိုစန္ဒကူးကျောင်းတော်၌ ၇ ရက် ပတ်လုံး သီတင်းသုံးတော်မူပြီး တစ်ရက်တစ်ရက်၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား ဒေသနာတရားဟောကြားတော်မူရာ သရဏဂုံတည်သူများနှင့် သောတာပန် စသော အရိယာပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။ အစွဲအမြဲကား မတည်သေးပေ။ ဤကား

မြန်မာနိုင်ငံ၌ တတိယအကြိမ် သာသနာရောက်ခြင်းပင်တည်း။ ဤသို့ မြန်မာနိုင်ငံသို့ တတိယသာသနာ ရောက်ပုံသမိုင်းကို မဃဒေဝလင်္ကာသစ်၌ -

"ထိုမှတခြား၊ ဘုန်းခြောက်ပါးနှင့်၊ ဘုရားမြတ်စွာ၊ လောကနာလျှင်၊ အဝိ
နှစ်ဆယ်၊ ပြည့်ကယ်ကျော်ထ၊ ပစ္ဆိမဗောဓိ၊ ရောက်ဘိထိုခါ၊ သုနာပရန္တ၊ မရမ္မ၌၊
ဝါဏိဇရွာသား၊ တရားလက်ရှိ၊ မဟိဒ္ဓိဟုန်၊ ဘိညာဂုဏ်နှင့်၊ မဟာပုဏ်မည်ရ
ထေရ်လူ့ဘသည်၊ မလယကျွန်းဖြစ်၊ နံ့သာစစ်ဖြင့်၊ ဆီနှစ်ရဲရဲ၊ ဘိုးကဲလွန်ကျူး၊
အမွှန်ထူးသား၊ စန္ဒကူးရွှေဘုံ၊ ဂန္ဓကုဋိကျောင်း၊ မြတ်တန်ဆောင်း၌၊ ကိန်းအောင်း
စိမ့်ငှာ၊ ပင့်လျှောက်ရာတွင်၊ ဆဋ္ဌာဘိညာ၊ ပရမဝိသုဒ်၊ တစ်ပါးယုတ်ငါးရာ၊
အရဟာချည်း၊ ငါးဖြာဝသီ၊ ဂုဏ်ဆီနက်ကို၊ တန်ခိုးရှိသား၊ သီထိပရမတ်၊ များထေရ်
မြတ်နှင့်၊ နတ်ဝိသုကံ၊ စီမံပြုပြင်၊ ယာဉ်ညင်ပြာသာဒ်၊ ငါးရာမြတ်နှင့်၊ လူနတ်ဦးကိုင်၊
ထွတ်ဘုန်းလှိုင်လျှင်၊ ကိုယ်တိုင်တော်သာ၊ ကြွခဲ့လာ၍၊ သုနာတိုင်းရပ်၊ ပရန်ဓာတ်
ဝယ်၊ မြတ်ဂန္ဓာရုံ၊ ရွှေဘုံကရမက်၊ ကျောင်းတော်ထက်၌၊ ခုနစ်ရက်ပတ်လုံး၊ မြိုက်
ရေကျူး၍၊ သောက်သုံးစေမျို့၊ ပြည်သူတို့လည်း၊ မင်္ဂဖိုလ့်အရသာ၊ လေးသစ္စာကို၊
ထိုခါနှစ်လောင်း၊ သိကြရှောင်းသည်၊ ရှစ်သောင်းခုနစ် ဗိုလ်ခြေတည်း"

ဟု သမိုင်းကြောင်းအပြည့်အစုံ ဖော်ကျူးဖွဲ့ဆိုထားပါသည်။ (ပိုဒ် ၅၇၉)

## သုဝဏ္ဏဘူမိသို့ကြွ

ကိုးတိုင်း၊ ကိုးဌာန သာသနာပြုစေလွှတ်ရာတွင် သုဝဏ္ဏဘူမိတိုင်းသို့ တာဝန်ကျသော အရှင်သောဏ၊ အရှင်ဥတ္တရထေရ်တို့သည် နောက်ပါသံဃာများနှင့်အတူ သာသနာ ၂၃၅ ခုနှစ်တွင် သုဝဏ္ဏဘူမိခေါ် သထုံပြည်သို့ သာသနာပြု ကြွတော်မူကြသည်။ ဖော်ပြပါ မြန်မာနိုင်ငံသို့ သာသနာရောက်ကြောင်း သမိုင်းများကို ထောက်ဆက စတုတ္ထအကြိမ် သာသနာရောက်ခြင်းဟု ဆိုရပေမည်။ သီဟိုဠ် (သီရိလင်္ကာ)သို့ အရှင်မဟိန္ဒထေရ်သည် ဒေဝါနံ ပိယတိဿမင်း နန်းတက်မည့်အချိန်ကို ဆိုင်းငံ့နေရသဖြင့် သာသနာ ၂၃၆ ခုနှစ်၊ နယုန်လပြည့်နေ့တွင် ရောက်သည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ သာသနာ ၂၃၅ ခုနှစ်က ရောက်ရာ သီရိလင်္ကာထက်စောသည်ဟု ဆိုရပေမည်။ အရှင်သောဏ၊ အရှင်ဥတ္တရတို့ သာသနာပြု ကြွလာချိန်တွင် သုဝဏ္ဏဘူမိတိုင်း သထုံပြည်၌ သီရိမာသောကမင်း ထီးနန်း အုပ်ချုပ်မင်းလုပ်သောအချိန် ဖြစ်သည်။ သထုံမြို့၏ တည်နေပုံကို "တဿ ရာဇဌာနီ နဂရံ ကေလာသ ပဗ္ဗတ စေတီယဿ ပစ္ဆိမဒိသာယံ ဟောတိ" စသည်ဖြင့် ကလျာဏီ ကျောက်စာတွင် ရေးထိုးထားပါသည်။ (ကလျာဏီ ကျောက်စာ ပါဠိ ၃)

ထိုကျောက်စာကို တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်က-

"ထိုအခါ သုဝဏ္ဏဘူမိတိုင်း၌ သီရိမာသောက မင်းပြုသည်။ ထိုမင်း၏ရာဇဌာနီ မင်းနေပြည်သည် ကေလာသတောင်ထိပ်စေတီ၏ အနောက်မြောက်ယွန်း၌ မြို့၏ထက်ဝက် အရှေ့ပိုင်းသည် တောင်ထိပ်၌၊ အနောက်ပိုင်းသည် မြေညီရပ်၌တည့်သည်။ ထိုမြို့သည် ကုလားတိုက်ကဲ့သို့ မြေစိုင် မြေအုတ်တိုက်များသောကြောင့် တိုက်ကုလားမြို့ဟု ယနေ့ ထက်တိုင် ခေါ်တွင်သည်" ဟု ဘာသာပြန်ထားပါသည်။

ထိုမြို့သည် သမုဒ္ဒရာနှင့်နီးသောကြောင့် ရေစောင့်ဘီလူးမသည် နန်းတော်၌ သားဖွားတိုင်း လာ၍စားလေ့ရှိသည်။ မထေရ်နှစ်ပါးကြွလာစဉ် နန်းတော်၌ မင်း၏မိဖုရားကြီးသည် သားဖွားလေသည်။ အစောင့်အရှောက်လူတို့သည် မထေရ်များကို မြင်သောအခါ ဤသူများသည် ရေစောင့်ဘီလူးမ၏ အပေါင်းအသင်းများဟု ထင်မှတ်ကြသည်။ ဤသို့ မှတ်ထင်၍ လက်နက်များစွဲကိုင်ကာ မထေရ်တို့ကို ရိုက်နှက်ရန်လာကြသည်။ မထေရ်များက

"သင်တို့သည် အဘယ်ကြောင့် လက်နက်စွဲကိုင်၍လာကြသလဲ" ဟုမေးတော်မူသည်။ "မင်း၏နန်းတော်၌ သားဖွားတိုင်း၊ သားဖွားတိုင်း ရေစောင့်ဘီလူးမသည် သူငယ်ကို လာ၍စားကြောင်း၊ သင်တို့သည် ရေစောင့်ဘီလူးမ၏ အပေါင်းအသင်း တို့ဖြစ်မည်" ဟု လူများက ဆိုကြသည်။

ထိုအခါ မထေရ်က -

"ငါတို့သည် ရေစောင့်ဘီလူးမ၏ အပေါင်းအသင်းမဟုတ်၊ ငါတို့သည် ရဟန်းတော်များ ဖြစ်ကြသည်။ ရဟန်းတော်တို့သည် သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ မမြတ်သောမေထုန်အကျင့် မပြုခြင်း၊ အရက်သေစာသောက်စားခြင်းတို့မှ ရှောင်ကြဉ်ကြသည်။ ညစာစားခြင်းမှလည်း ရှောင်ကြသည်၊ ကောင်းသောအလေ့အကျင့်သီလရှိသည်"

ဤသို့ပြောဟောနေစဉ် ရေစောင့်ဘီလူးမသည် အသင်းအပင်းနှင့် သမုဒ္ဒရာမှ တက်လာကြသည်။ "အရှင်တို့၊ ရေစောင့်ဘီလူးမလာပါပြီ"ဟု ကြောက်လန့်တကြား အော်ဟစ်ကြသည်။ အရှင်သောဏထေရ်သည် ရေစောင့်ဘီလူးမထက် နှစ်ဆကြီးသော ရုပ်တို့ကို ဖန်ဆင်း၍ ဘီလူးမတို့ကို ဝိုင်း၍ထားရာ ဘီလူးမတို့သည် ပြေးကြကုန်၏။ မမြင်ရာ အရပ်သို့ ရောက်အောင်ပြေးစေပြီး ထက်ဝန်းကျင်၌ အရံအတားကို ထားတော်မူကြသည်။

မထေရ်များရှိရာသို့ ရောက်လာကြသော ပရိသတ်တို့အား ဗြဟ္မဇာလသုတ်တော်ကို ဟောကြားတော်မူရာ သရဏဂုံ သီလ၌ တည်ကြလေသည်။ ခြောက်သောင်းမျှသော လူတို့

သည် တရားထူး (မဂ်ဖိုလ်)ကို ရကြ၏။ အမျိုးသား သုံးထောင့်ငါးရာ၊ အမျိုးသမီး သုံးထောင့်ငါးရာ တို့သည် ရဟန်းပြုကြသည်။ အရှင်သောဏ၊ အရှင်ဥတ္တရတို့ ကြွလာစဉ်က ဘိက္ခုနီမများမပါခဲ့ပေ။ အမျိုးသမီးများသည် ရှင်အဖြစ်သာရရှိ၍ နောင်ဘိက္ခုနီမများ ကြွရောက်လာမှသာ ရဟန်းပြုသည် ဟု ယူဆရပေမည်။ ထိုအခါမှစ၍ မင်းနန်းတော်၌ မွေးဖွားသောသူငယ်တို့ကိုလည်း မထေရ်များ၏ဂုဏ်ကို အာရုံပြု၍- "သောဏုတ္တရ"ဟု မှည့်ခေါ်ကြသည်။ မထေရ်တို့ဖန်ဆင်းအပ်သော ရုပ်ပုံကို ထန်းရွက်၊ ပေရွက်တို့၌ ရေးသား၍ ဆောင်ထားကြသည်။ မြို့၏အရှေ့မြောက်တောင်ထိပ်၌လည်း မထေရ်တို့ဖန်ဆင်းသော အရုပ်သဏ္ဌာန် ကျောက်ရုပ်ထု၍ ထားသည်။ ထိုအရုပ်သည် ယနေ့ထက်တိုင်ရှိသည်ဟု ကလျာဏီကျောက်စာ၌ ရေးထိုးထားသည်။

## မနုဿီဟရုပ်

မထေရ်တို့ဖန်ဆင်းအပ်သော ရုပ်ပုံကို "ဧကေသီသ ဒွိဓာဘူတ သီဟကာယေ-ဥကျောင်းတစ်ခုတည်း၊ ကိုယ်ကားနှစ်ခုရှိသော ခြသေ့်နှင့်တူသောကိုယ်ကို ဖန်ဆင်းကုန်သော ရက္ခသီဟ သဒိသေ။ ရက္ခိုက်ခြသေ့်နှင့် တူသည်တို့ကို" ဟု ကလျာဏီကျောက်စာ နိဿယ၌ ဘာသာပြန်ထားသည်။ (ကျောက်စာနိဿယ နှာ ၇၂)

"ထိုသို့ဖန်ဆင်းအပ်သော အတ္တဘောကို အတုပြု၍ ပန်းပုသမား ပန်းချီသမားတို့သည် မနုဿီဟ ဟူ၍ ထုကုန်ရေးကုန်သတည်း" ဟု ကလျာဏီကျောက်စာ နိဿယ၌ အမှာရေးသားထားသည်။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကို ရေးသားတော်မူသော မန်လည်ဆရာတော်က မင်းကွန်းဆရာတော်ထံ မေးသော- သတပဒိက ပုစ္ဆာတွင်-

> ရုပ်ပလီ၊ မနုဿီခေါ်ဆိုကြ၊ ကိုယ်ကနှစ်ကွဲ။ သည်အကောင်၊ ဘယ်ကျမ်း
> ဘယ်စာစောင်၌၊ မဟာနောင်ကိုယ်တော် တွေ့လျှင်၊ ညွှန်းဘော်၍ခွဲ။

ဟု မေးတော်မူရာ မင်းကွန်းဆရာတော်က-

> ရုပ်ပလီ၊ မနုဿီကိုယ်နှစ်ခွ၊ ဆိုကြလူများ။ မြို့သထုံ၊ ပြည်သုဝဏ္ဏ ရွှေဘုံ၌၊
> သည်ရုပ်ပုံဟန်ပန်ပုလို့၊ ရန်သူကို ပယ်နိုမ်ကြောင်းငယ်နှင့်၊ ကျမ်းဟောင်းစာစောင်
> မြတ်မှာ၊ ကျမ်းတတ်စကားဟု ဖြေကြားတော်မူခဲ့သည်။

အရှင်သောဏ၊ အရှင်ဥတ္တရ တို့သည် သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် သုဝဏ္ဏဘူမိသထုံသို့ရောက်ကြောင်း အဋ္ဌကထာက ဆိုထားသည်။ ကလျာဏီ ကျောက်စာ၌ -

သမ္မာ သမ္ဗုဒ္ဓ ပရိနိဗ္ဗာန ထော ဒွိန္နံ ဝဿသတာန မုပရိဆတ္တိံသ သတိမေ-ဟု သာသနာ ၂၃၆ ဟု ဆိုထားသည်။ အဋ္ဌကထာအဆိုနှင့် မညီ၍ ထိုအဆိုကို ဆင်ခြင်သင့်သည်။ သာသနာ ၂၃၅ ခုနှစ်ရောက်သည်ဟု မှတ်ယူသင့်သည်။

သထုံသာသနာ ဆရာစဉ်

ဤသို့ သုဝဏ္ဏဘူမိ သထုံပြည်၌ အရှင်သောဏ၊ အရှင်ဉတ္တရတို့ သာသနာပြုတော်မူရာ တပည့်စဉ်ဆက် ဆက်လက်၍ သာသနာပြုတော်မူကြသည်။ ထိုအရှင်မြတ်များမှာ-

၁။ အရှင်သောဏ၊ အရှင်ဉတ္တရ

၂။ ထိုမထေရ်တို့၏တပည့် အရှင်သောဘိတ

၃။ ထိုအရှင်၏တပည့် အရှင်သောမဒတ္တ

၄။ ထိုအရှင်၏တပည့် အရှင်သုမနတိဿ

၅။ ထိုအရှင်၏တပည့် အရှင်သောပါက

၆။ ထိုအရှင်၏တပည့် အရှင်သောမဒတ္တ

၇။ ထိုအရှင်၏တပည့် အရှင်အနောမဒဿီ

၈။ ထိုအရှင်၏တပည့် အရှင်အဓိသီလ

၉။ ထိုအရှင်၏တပည့် အရှင်ပြာဏဒဿီ

၁၀။ ထိုအရှင်၏တပည့် အရှင်သီလဗုဒ္ဓိနှင့် အရှင်မဟာကာလတို့ ဖြစ်သည်။ အရှင်ပြာဏဒဿီကား လောကီဈာန် အဘိညာဉ်ကို ရသည်ဟု ကလျာဏီကျောက်စာ၌ ဆိုထားသည်။ အရှင်သီလဗုဒ္ဓိနှင့် အရှင် မဟာကာလတို့၏တပည့် အရှင်ဓမ္မဒဿီကား အရိမဒ္ဒနခေါ် ပုဂံပြည်၌ အစဦးစွာ သာသနာပြုသော အရှင်မြတ်ဖြစ်သည်။ အရှင်ဓမ္မဒဿီကိုထည့်၍ သထုံသာသနာဆရာစဉ် (၁၁) ဆက်ဟုဆိုသင့်သည်။ အရှင်ဓမ္မဒဿီသည် ပုဂံသို့ရောက်သောအခါ အရှင်အရဟံဟု ထင်ရှားလေသည်။

သထုံပြည်၌ မင်းဆက်ပေါင်း ၅၂ ဆက်ရှိရာ (၈)ဆက်မြောက် သာသနာတော်နှစ် ၂၃၅ ခုနှစ် သီရိမာသောကမင်းလက်ထက်တွင် သာသနာရောက်ခဲ့သည်။ ၂၅ ဆက်မြောက် ဓမ္မပါလရာဇာမင်းလက်ထက်တွင် သီဟိုဠ်(သီရိလင်္ကာ)ရှိ ပိဋကတ်တော်များ ရောက်လာသည်။ (ပါဠိတော်များသာ ဖြစ်ဖွယ်ရှိသည်) သထုံဆရာစဉ် ခုနစ်ဆက်မြောက် အရှင်အနောမဒဿီလက်ထက်၌- သီဟိုဠ်ကျွန်းတွင် အရှင်မဟာဗုဒ္ဓဃောသ ပြုစုတော်

မူသော အဌကထာသစ်များကို အရှင်မဟာဗုဒ္ဓဃောသ ယူဆောင်လာသည်ဟု ဗုဒ္ဓဃော သုပ္ပတ္တိ၌ ဆိုထားသည်။ ဤသို့ သာသနာတော် ထွန်းလင်းတောက်ပခဲ့သော သထုံပြည်တွင် (၅၂) ဆက်မြောက် သူရိယကုမာရခေါ် မနူဟာမင်းလက်ထက်တွင် ပုဂံပြည် အနော်ရထာမင်း လာရောက်သိမ်းယူသောကြောင့် သာသနာတော်နှစ် ၁၆၀၀ ပြည့်နှစ်တွင် သထုံသာသနာ သည် မထွန်းပနိုင်ဘဲ အားနည်းခဲ့ရပါသတည်း။[၁]

တဒါသမ္ဘာသမ္ဗုဒ္ဓ ပရိနိဗ္ဗုတော ဆသတာ မိတ ဝဿ သဟဿံ

(၁၆၀၀) ဟောတိတိ ဒဌဗ္ဗံ - ကလျာဏီကျောက်စာ ပါဠိ နှာ(၄)တွင် ဆိုထားရာ သာသနာ (၁၆၀၀)ဟု ယူဆသင့်ပါသည်၊ သာသန ဝံသဒီပနီနှင့် ရွှေကျင်နိကာယ သာသနာဝင်တွင် (၁၆၀၁) ဟု ရေးသားထားသည်။

---

၁။ **မျက်မှောက်ခေတ် သထုံသာသနာ။** ကလျာဏီကျောက်စာအရ သာသနာတော်နှစ် ၁၆၀၀ ပြည့်နှစ်တွင် သထုံသာသနာမှိန်ခဲ့ကြောင်း ရေးသားခြင်းဖြစ်ပါသည်။ မျက်မှောက်ခေတ် သထုံသာသနာကား သထုံတွင်မက၊ တစ်နိုင်ငံလုံးရှိ ပရိယတ္တိ သာသနာကို မြှင့်တင်အားပေးလျက်ရှိပါသည်။ မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်းကြီး တည်ထောင်၍ ၁၂၈၅ ခုနှစ်မှစ၍ စာမေးပွဲ ကြီးကို (၇) တန်းခွဲ၍ ကျင်းပခဲ့သည်။ ၁၃၅၉ ခုနှစ်တွင် ၇၅ နှစ်ပြည့်၍ ၇၅ နှစ် စိန်ရတုခရီး စာစောင် ထုတ်ဝေခဲ့သည်။ ၇၅ နှစ်ပြည့်သောအခါ ပိဋကတ္တယပါရဂူဘွဲ့ရ ၆၂ ပါး ပေါ်ထွက်ခဲ့ပါသည်။ သမိုင်းစဉ်မရောက်သေး၍ အမှာစာ အကျဉ်းမျှသာ ဖော်ပြပါသည်။

## သုဝဏ္ဏဘူမိ အယူအဆ

သုဝဏ္ဏဘူမိကို သထုံဟုမြန်မာရာဇဝင် သာသနာဝင်ရေးပညာရှင်များ ရေးသားခဲ့သော စာဟောင်းပေဟောင်းများတွင် အတည်ပြုလက်ခံခဲ့ပါသည်။ မြန်မာရာဇဝင်သာသနာဝင်တို့၏ အဆိုအမိန့်သည် မြန်မာတို့နှလုံးသားတွင် စွဲထင်လျက်ရှိပါသည်။ သုဝဏ္ဏဘူမိကို ဆုမာတြားကျွန်းဟု မော်လမြိုင်မြို့ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော် ရေးသားပြုစုသော ဗုဒ္ဓသာသနိကပဋ္ဌဝီကျမ်းတွင် ရေးသားထားပါသည်။ ဆိုလိုရင်းမှာ-

အိန္ဒိယကျောက်စာဘက်ဆိုင်ရာတို့က နာဠန္ဒာကျောင်းတော်ကြီး တူးဖော်ရာမှ တွေ့ရှိရသောကြေးပုရပိုက်၌ သုဝဏ္ဏဘူမိခေါ် ဆုမာတြားကျွန်း၏ဘုရင် သိရိဗာလပုတ္တဒေဝမင်းသည် ရာဇဂဟာဂယစီရင်စုတွင်ပါဝင်သော ဒေဝပါလမင်းပိုင်ရွာငါးရွာကို မိမိပိုင်ဖြစ်သော သုဝဏ္ဏဒီပမှ ရွာငါးရွာဖြင့်လဲလှယ်၍ နာဠန္ဒာကျောင်းတိုက်ကြီးအား လှူဒါန်းတော်မူကြောင်း တွေ့ရှိရသည်။ ထိုကြေးပုရပိုက်ပါအကြောင်းအရာကို ထောက်ရှု၍အရှင်သောဏ၊ အရှင်ဥတ္တရတို့ပထမဆုံးရောက်ရှိရာ သုဝဏ္ဏဘူမိသည် ဆုမတြားကျွန်းဖြစ်သင့်သည်ဟု ဆိုထားသည်။ (အကျယ်ကို ထိုကျမ်းတွင်ရှုပါ)

## သုဝဏ္ဏဘူမိ သထုံမဟုတ်ခဲ့လျှင်

ကလျာဏီကျောက်စာနှင့် မြန်မာရာဇဝင်သာသနာဝင် ရှေးစာဟောင်းပေဟောင်းများ၌ ယူဆခဲ့သော သုဝဏ္ဏဘူမိသည် သထုံမဟုတ်ခဲ့လျှင် သထုံသာသနာဝင် ဆရာအစဉ်အဆက်တို့ ပယ်ဖျက်ရပေတော့မည်။ သထုံသာသနာဝင်ကိုပယ်ဖျက်က ပုဂံ၌ ရှေးဦးစွာသာသနာပြုခဲ့သော အရှင်သီလဗုဒ္ဓိနှင့် အရှင်မဟာကာလတို့၏တပည့် အရှင်ဓမ္မဒဿီ (အရှင်အရဟံ)လည်းမရှိတော့ပေ။ သထုံတွင် ပိဋကတ်တော်များလည်း မရှိနိုင်တော့ပေ။ ပိဋကတ်များမရှိက အနော်ရထာမင်းသည် သထုံသို့ ပိဋကတ်တော်များသွား၍ပင့်ဆောင်ခြင်းလည်းမဖြစ်နိုင်တော့ပေ။ ဤသို့စဉ်းစားဖွယ်ဖြစ်လာပါသည်။ သုဝဏ္ဏဘူမိသည် သထုံမဟုတ်ခဲ့လျှင် ကလျာဏီကျောက်စာနှင့် မြန်မာရာဇဝင် မြန်မာသာသနာဝင် စာဟောင်းပေဟောင်းများ မီးတိုက်၍ပစ်ရုံသာရှိပါတော့သည်။

## ဆရာကြီးဦးဆန်းထွန်း၏ အဆို

ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)က 'ရာဇဝင်သုတေသနမဟာနိဒါန်း' တွင် ဤသို့ရေးသားခဲ့သည် -

သရေခေတ္တရာ (ပြည်မြို့)တွင် ပျူမင်းအဆက်ဆက်အုပ်စိုးခဲ့ကြောင်း[၁] ရှေးဟောင်းမြန်မာရာဇဝင်များတွင် ဆိုခဲ့သည်မှာ ကြာလှပေပြီ။ သို့သော် 'မနေ့တစ်နေ့က' ပြည်မြို့တောင်ဘက် ငါးမိုင်ကွာလောက်တွင် ပျူလူမျိုးတို့၏ မြို့တော်ဟောင်း မှော်ဇာ၌ 'မောင်ကန်'ရွှေပေချပ်နှစ်ခုရတော့မှ သရေခေတ္တရာရာဇဝင် ခေါင်းပြူလာနိုင်တော့သည်။ မောင်ကန် (မောင်ဂန်) ရွှေပေချပ်နှစ်ခုတွင် လိပိ (အက္ခရာ) အားဖြင့် ကဒမ္ဗလိပိ၊ ဘာသာအားဖြင့် ပါဠိဘာသာ-ဗုဒ္ဓဝစနကား ဤသို့တည်း။

(၁-ပေချပ်) ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ၊
တေသဉ္စ ယောနိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏောတိ၊ စတ္တာရောဣဒ္ဓိပါဒါ
စတ္တာရောသမ္မပ္ပ ဓာနာ၊

(၂-ပေချပ်) ယေ ဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံတထာဂတော အာဟ၊
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏောတိ (၊) ဣတိပိသောဘဂဝါ
အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသံပန္နော သုဂတော . . .

ရှင်သောဏ၊ ရှင်ဥတ္တရ-ကိုးတိုင်း၊ ကိုးဌာနသာသနာပြုခေါင်းဆောင် ဆရာတော်နှစ်ပါး သုဝဏ္ဏဘူမိ (ရွှေမြေ)သို့ သာသနာပြုကြွရောက်လာကြောင်း ရာဇဝင်၊ သာသနာဝင်စာဟောင်းများအဆိုရှိသော်လည်း "မြိန်မြိန်ရှက်ရှက်ကြီး" မယုံချင်ကြ။ သို့သော် မောင်ကန်ရွှေပေချပ်နှစ်ခုက သက်သေခံလိုက်သည်ကား . . ရွှေပေချပ်ပါ အရေးအသားသည် တမ္ဗပဏ္ဏိ (သီဟိုဠ်) ဂိုဏ်း၏ပါဠိပိဋကတ်အလာအတိုင်း ဖြစ်သည်။ သို့ဖြစ်သဖြင့် ရှင်မဟိန္ဒပျိုးထောင်ခဲ့သော သီဟိုဠ်သံဃာနှင့် ရှင်သောဏ၊ ရှင်ဥတ္တရတို့ ပျိုးထောင်ခဲ့သော သုဝဏ္ဏဘူမိ (မြန်မာ) သံဃာသည် တစ်ချက်တည်းဖြစ်သည်။ အခိုင်အမာ ပြုပေးလိုပါသည်။

ထိုသို့ ရွှေပေချပ်နှစ်ခုက သက်သေခံလိုက်တော့မှ မြန်မာမှာ ယမန်အခါကပင် သာသနာ 'အဟုတ်ရှိခဲ့ပါတကား'ဟု အားရပါးရ ယုံကြည်ရတော့သည်။

ခရစ်နှစ် ၁၉၁၀-၁၁ ခုနှစ်တွင် မှော်ဇာမှ ကျောက်စာအပိုင်းအစများရသေးသည်။ ထိုကျောက်စာလည်း ပါဠိဘာသာပင်တည်း။ ခရစ်နှစ် ၁၉၂၆ ခုနှစ်တွင် မှော်ဇာမှပင် 'ပေစာ' နှင့်တူသော ရွှေပေချပ် ၂၀ ပါ ရွှေကျမ်းစာတစ်ဆူရခဲ့ပြန်သည်။ ရွှေပေချပ်တွင် တစ်ဖက်သာရေးသည်။ ရွှေပေချပ်၏ အချို့အဝက်အစိတ်အပိုင်းကိုပြရသော် အောက်ပါအတိုင်းပေတည်း-

---

၁။ မှန်နန်းရာဇဝင် ပ - တွဲ၊ မြဇော်ပုံနှိပ်ပိုက်

သိဒ္ဓံ (။) အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ သင်္ခါရာပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊

သိဒ္ဓံ (။) စတ္တာရောသတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓာနာ၊ စတ္တာရောဣဒ္ဓိပါဒါ ကတမေဟိ ဘဂဝါ စုဒ္ဒသေဟိ ဗုဒ္ဓဉာဏေဟိ သမန္နာဂတော တထာဂတော-

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော

သစ္စာနံ စတုရောပဒါ (။)

ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ ဒိပဒါနံ(စ) စက္ခုမာတိ၊

ယောဝိ (ဓိ) ရောသဗ္ဗမိ ဒန္တော သုဒ္ဓေါ အပ္ပတ္တိပုဂ္ဂလော (။)

အရဟံသုဂတော လောကေ တဿာဟံ ပရိစာရကော-

ဤသက်သေခံပစ္စည်းများကြောင့် မြန်မာပြည်တောင်ပိုင်း (သုဝဏ္ဏဘူမိ)၌ ငါးရာစု၊ ခြောက်ရာစု (ခရစ်) လောက်ကပင် ဗုဒ္ဓသာသနာ (ထေရဝါဒ) ပြန့်ပွားနေကြောင်း အခိုင်အမာသက်သေရခဲ့ပေသည်။ ထိုသက်သေမှတစ်ဆင့် ခရစ်မပေါ်မီနှစ်ပေါင်း နှစ်ရာငါးဆယ်သုံး (ဘီစီ ၂၅၃)နှစ်ကပင် ပါဋလိပုတ်သင်္ဂါယနာမှ မြန်မာသို့ သာသနာပြု စေလွှတ်သည်ဟူသောအချက်ကို "ဘာအတတ်မှမဆန်းနှင့်" 'သဒ္ဓါတဗ္ဗံ' 'ယုံကြည်သင့်လှပေသတည်း' ဟု ရေးသားထားသည်။ မြန်မာရာဇဝင်၊ မြန်မာသာသနာဝင် စာဟောင်းပေဟောင်းများ၏ အဆိုအမိန့်များကို အလေးအနက် ထောက်ခံထားပေသည်။

## အပရန္တတိုင်း သာသနာပြု

ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ရာတွင် အရှင်ယောနကဓမ္မရက္ခိတထေရ်ကို အပရန္တတိုင်းသို့ သာသနာပြုစေလွှတ်ခဲ့ကြောင်း ရေးသားခဲ့သည်။ အပရန္တတိုင်းသည် မြန်မာနိုင်ငံ၌ပင်ရှိသည်။ မန္တာတ်စကြာမင်း နတ်ပြည်သို့တက်၍ သားကြီးရတနာကို ပြန်လည်စေလွှတ်သောအခါ အတူပါလာသော လေးကျွန်းသားတို့တွင် မြောက်ကျွန်းသား တို့နေရာကို ကုရုတိုင်း၊ အရှေ့ကျွန်းသားတို့နေရာကို ဝိဒေဟတိုင်း၊ အနောက်ကျွန်းသား တို့နေရာကို အပရန္တတိုင်းဟုခေါ်ဝေါ်ကြောင်း သတိပဋ္ဌာနသုတ်အဋ္ဌကထာ၌ဆိုထားသည် နှင့်အညီ သုနာပရန္တမည်ကြောင်း ရှေးဆရာတို့မှတ်သားခဲ့ကြသည်။ 'မန္ဓာတ်မင်း၏သားကြီး ရတနာနှင့်အတူပါလာသော အနောက်ကျွန်းသားတို့၏နေရာဖြစ်၍ သားကိုဟောသော သုနသဒ္ဒါနှင့် သုနာပရန္တတိုင်းဟူ၍လည်းကောင်း၊ သုနသဒ္ဒါမယှဉ်ဘဲ အပရန္တတိုင်းဟူ၍ လည်းကောင်း ကျမ်းဂန်များ၌ အမည်နှစ်ပါးဖြင့်ခေါ်ဝေါ်သတည်း' ဟု သာသနာလင်္ကာရ စာတမ်းတွင် ရေးသားထားသည်။ အမည်နှစ်ပါးလုံးပေါင်း၍ သုနာပရန္တတိုင်းဟုခေါ်သည်။

'စက္ကာခေါ် ပုဏ္ဏာသုနာပရန္တကာမနုဿာ'ဟု ပုဏ္ဏောဝါဒသုတ်၌ဆိုသောကြောင့် သုနာပရန္တတိုင်းဟု ထင်ရှားသည်၊ 'သုနာပရန်၊ တမ္ပဒီပ၊ ရန်ခရစ်ဆိုင်း၊ တိုင်းနှစ်တိုင်းတို့၏၊ သင်းကျစ်ဦးခိုင်၊ မန်တိုင်ဥက္ကဋ္ဌ၊ အမရပူရရွှေမြေ'ဟု စလေဦးပုညက ညောင်ရွှေမြို့သို့ပေးသောမေတ္တာစာတွင် ရေးဖွဲ့ထားရာ 'သုနာပရန္တ' ဟု သုံးနှုန်းရေးသားခဲ့သည်။

**တတိယသာသနာရောက်ခြင်း** ခေါင်းစီးအောက်တွင် ဝါတော် ၂၀ ကျော်သောအခါ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ကြွရောက်ကြောင်း အထက်တွင်ရေးသားခဲ့ပါသည်။ ထိုအကြောင်းကို ထောက်ဆ၍ ကိုးတိုင်းကိုးဌာနသာသနာပြုစေလွှတ်ရာတွင် အရှင်ယောနက ဓမ္မရက္ခိတ သာသနာပြုကြွရောက်ခြင်းကား သုနာပရန္တတိုင်း၌ ဒုတိယအကြိမ် သာသနာတော်ဆင်းသက်ရောက်လာခြင်းဟုပင် ဆိုထိုက်လှသည်။ အရှင်ယောနက ဓမ္မရက္ခိတနှင့် နောက်ပါထေရ်တို့သည် အပရန္တတိုင်းသို့ကြွတော်မူပြီး အဂ္ဂိခန္ဓောပမ သုတ်တော်ဟောကြားတော်မူ၍ တိုင်းသူပြည်သားတို့အား သာသနာတော်ကိုကြည်ညိုစေသည်။ တရားတော်ကိုနာရသဖြင့် ခုနစ်သောင်းမျှလောက်သောသူတို့ အကျွတ်တရားရ၍ ရဟန်းပြုကြသည်။ မင်းမျိုးကပင် တစ်ထောင်မျှလောက် ရဟန်းပြုကြလေသည်။

အပရန္တံ ဝိဂါယိတွာ၊
ယောနကော ဓမ္မရက္ခိတော။
အဂ္ဂိ ခန္ဓော ပ မေ နေတ္တ။
ပသာ ဒေသိ ဇနေဗဟူ။ [၁]

ယောနကော၊ ရှမ်းယွန်းမျိုးဖြစ်သော။ ဓမ္မရက္ခိတထေရော၊ အရှင်ဓမ္မရက္ခိတသည်။ အပရန္တံ၊ အပရန္တတိုင်းသို့။ ဝိဂါယိတွာ၊ သက်ဝင်တော်မူ၍။ တတ္ထ၊ ဤအပရန္တတိုင်း၌။ ဗဟူဇနေ၊ လူအများတို့ကို။ အဂ္ဂခန္ဓောပမေန၊ အဂ္ဂိခန္ဓောပမသုတ္တန်ဖြင့်။ ပသာဒေသိ၊ သာသနာ၌ ကြည်ညိုတော်မူ၏။[၂] ဟု မဟာဓမ္မသင်္ကြန် အနက်ပြန်ဆိုထားသည်။

## ယောနကတိုင်း သာသနာပြု

ကိုးတိုင်း၊ ကိုးဌာန သာသနာပြုစေလွှတ်ရာတွင် အရှင်မဟာရက္ခိတမထေရ်ကို ယောနကတိုင်းသို့ သာသနာပြုစေလွှတ်ကြောင်း ရေးသားခဲ့ပါသည်။ ယောနကတိုင်းသည် သံလွင်မြစ်အနောက်ဘက် စောလိုရှမ်းကိုးပြည်ထောင်၊ အရှေ့ဘက် ယွန်းကိုးပြည်ထောင်

---

၁။ ဝိဌ ၁ - ၅၀

၂။ သာသနာလင်္ကာရ ၈၀

များသည် ယောနကတိုင်းကြီး၏ အတွင်းတိုင်းစိတ်၊ ခရိုင်စိတ်များသာဖြစ်၍ ယောနကတိုင်း အဝင်အပါဖြစ်သည်ဟု သာသနာလင်္ကာရ၌ ဖော်ပြထားသည်။

မဲထီးဆရာတော်၏ ဝံသဒီပနီ၌ 'မဟာရက္ခိတမထေရ်သည် ယောနကရှပ်ပန်းသေး ပြည်သို့သွား၍'ဟု ရေးသားထားသည်။ အရှင်မဟာရက္ခိတထေရ်သည် သံဃာတော်ငါးပါး နှင့်တကွ ပါဋလိပုတ်ပြည်မှ ကောင်းကင်ခရီးဖြင့် ယောနကတိုင်းသို့ကြွလာတော်မူသည်။ ကာလကာရာမသုတ္တန်ကိုဟောကြားတော်မူသဖြင့် တိုင်းသူပြည်သားတို့ သာသနာတော်ကို ကြည်ညိုစေသည်။ တစ်သိန်းခုနစ်သောင်းသော တိုင်းသူပြည်သားတို့မဂ်ဖိုလ်ကိုရကြသည်။ တစ်သောင်းသောအမျိုးသားတို့သည် ရဟန်းပြုကြသည်။ ကျမ်းရင်းရှိတိုင်းရေးကြောင်း သာသနာလင်္ကာရ၌ အမှာရေးသားထားသည်။ အဋ္ဌကထာ၌-

ယောနရဋ္ဌံ တဒါ ဂန္တွာ၊
သော မဟာရက္ခိတော ဣသိ။
ကာလာကာရာမ သုတ္တန္တ
တေ ပသာဒေသိ ယောနကေ။[၁]
ဟု မိန့်ဆိုထားသည်။

တဒါ၊ ထိုအခါ၌။ မဟာရက္ခိတော၊ မဟာရက္ခိတမည်တော်မူသော။ သောဣသိ၊ ထိုရဟန္တာအရှင်မြတ်သည်။ ယောနရဋ္ဌံ၊ ရှမ်းယွန်းတို့ တိုင်းသို့။ ဂန္တွာ၊ ကြွတော်မူ၍။ ကာလာ ကာရာမ သုတ္တန္တ၊ ကာလာကရာမသုတ္တန်ဖြင့်။ တေယောနကေ၊ ထိုရှမ်းယွန်းတို့ကို။ ပသာ ဒေသိ၊ သာသနာတော်၌ ကြည်ညိုစေပြီ - ဟု မဟာမေ့သကြီးန် အနက်ပြန်ထားသည်။

ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ရာ၌ သုဝဏ္ဏဘူမိတိုင်း၊ အပရန္တတိုင်း၊ ယောနကတိုင်းသုံးတိုင်းသည် မြန်မာနိုင်ငံတွင်း၌ဖြစ်နေ၍ ထိုသုံးတိုင်းကိုသာ ဤသာသနာ့ သမိုင်း၌ ရေးသားလိုက်ပါသည်။ ကျန်တိုင်းဌာနများကို ရှည်လျားမည်ကြောင့် မရေးတော့ပါ။

## ပုဂံ သာသနာ

မြန်မာ့သမိုင်းတွင် တမ္ဗဒီပတိုင်းဟုအမည်ရသော ယုန်လွှတ်ကျွန်းအရပ် ညောင်ဦး၊ နဂါးဘို၊ နဂါးကြစ်စသော ရွာပေါင်း ၁၉ ရွာကို သုပည်နဂရဆိန္နမင်း၏ တူတော်ဖြစ်သော သမုဒ္ဒရာဇ်မင်းသည် ယုန်လွှတ်ကျွန်းအရပ်၌ သက္ကရာဇ် ၂၉ ခုနှစ်တွင် ပေါက္ကာရာမအမည်

---

၁။ ဝိဌ ၁ - ၅၁

ဖြင့် ထီးနန်းတည်၍စိုးအုပ်သည်။ (သမုတိရာဇ်မင်းဟုလည်းရေးကြသည်၊ အရှင်မဟာသီလဝံသရာဇဝင်ကျော်၌ သမုတိရာဇ်ဟု ရေးသည်၊) ပုဂံပြည်၌ မင်းဆက်ပေါင်း ငါးဆယ့်ငါးဆက်ရှိသည်ဟု မှန်နန်း၌ရေးသည်။ 'ရိမဒ္ဒေ ပဥ္စသညာသ' ဟု ပိဋကတ်တော်သမိုင်းတွင် 'ငါးဆယ့်ငါး' ဟုရေးသည်။ ဟံသာဝတီဦးဘရင်ရေးသော ရာဇဝင်သံခိပ်၌ 'မင်းစဉ်စို့နို့၊ ပုဂံမြို့' မချို့သတ်ပဥ္စ - ၅၇ ဆက်ဟုဆိုသည်။ မင်းမျိုးမင်းနွယ်မဟုတ်သော ငတေပါမင်းများ ချန်ထားဟန်ရှိသည်။

## မင်းပေါင်း ၃၆ ဆက်

ပုဂံပြည်တွင် မင်းဆက်သုံးဆယ့်ခြောက်ဆက်တိုင်အောင် အရီးကြီးတို့၏အယူကိုသာ စွဲမှတ်ယုံကြည်ကြသည်ဟု မှန်နန်းရာဇဝင် (ပတွဲ၊ ၂၀၀) တွင် ရေးသားထားသည်။ သမုဒ္ဒရာဇ်မင်းမှစ၍ အနော်ရထာမင်းမတိုင်မီ မင်းအဆက်ဆက်တို့သည် သမထိအရပ်၌ နေကြသော အရည်းကြီးသုံးကျိပ်နှင့် တပည့်ခြောက်သောင်းတို့ကို ဆရာတင်၍ သူတို့အယူမှားကို ကိုးကွယ်ကြသည်။ အရည်းကြီးတို့၏ အယူဝါဒကလည်း လူပြိန်းကြိုက်လက်ခံနိုင်အောင် ဆွဲဆောင်ထားသည်။

လူ့အသက်ကိုသတ်မိသူသည် ဤပရိတ်ကိုရွတ်က ကမ္မပထမမှလွတ်၏၊ အပြစ်မရှိ။

မိဘကိုသတ်မိသောသူသည် ဤပရိတ်ကိုရွတ်က ကံကြီးမထိုက် - ဤသို့စသော မဟုတ်မမှန်သော အဓမ္မတို့ကို ဓမ္မလုပ်၍ ဟောပြောကြသည်။ မင်းစသော မှူးမတ်၊ ကလန်၊ သံပျင်၊ သူဌေးသူကြွယ်၊ ပြည်သူပြည်သားတို့၏ သတို့သမီးများ ထိမ်းမြားမင်္ဂလာပြုမည့်အခါ ဆရာတို့အား ပန်းဦးပေးသည်ဟု သူတို့ထံလွှတ်ရသည်။ ထိုသို့မလွှတ်က အစဉ်အလာပျက်သည်ဟု မင်းပြစ်မင်းဒဏ်ခံရလေသည်။ မဟာယာနမြောက်ပိုင်း သာသနာမှ တရားပျက်များကို သက္ကဋဘာသာဖြင့်ရေးထားသည်များကို ယူဆောင်လာကြပြီး ဝါဒသစ်ထောင်သည်ဟုယူဆကြသည်။ ဓမ္မာသောကမင်းကြီး လူဝတ်လဲပေးလိုက်သော တိတ္ထိ တက္ကတွန်းများရောက်လာလေကြသလားဟု စဉ်းစားဖွယ်ရှိသည်။ အနော်ရထာမင်းစောသည် သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်၍ တိုင်းပြည်အုပ်ချုပ်လေသည်။ အရည်းကြီးတို့၏ ယုတ်မာသော အမူအကျင့်တို့ကို အနော်ရထာမင်းစော ကြားသိရသောအခါ ရင့်မာသောပါရမီရှိသူဖြစ်၍ ထိတ်လန့်တုန်လှုပ်ခြင်း ပြင်းစွာဖြစ်တော်မူသည်။

## အရှင်အရဟံ ပုဂံသို့ကြွ

သာသနာတော်နှစ် ၁၆၀၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၁၉ ခုနှစ်တွင် သထုံပြည်မှ ပုဂံပြည်သို့ကြွလာသည့် အရှင်အရဟံကား သထုံသာသနာဆရာစဉ်တွင် ဖော်ပြခဲ့သော အရှင်သီလဗုဒ္ဓိနှင့် အရှင်မဟာကာလတို့၏တပည့် အရှင်ဓမ္မဒဿီဖြစ်သည်။ ပုဂံသို့ရောက်သောအခါ အရှင်အရဟံဟူသောအမည်ဖြင့် ထင်ရှားလေသည်။ အရှင်အရဟံ၏ အကြောင်းကို ရာဇဝင်၌လာသောအကြောင်း၊ ပရိတ္တနိဒါန်း၌လာသောအကြောင်း၊ သာသနာဆက်စာများနှင့်လာသောအကြောင်းဟု သုံးမျိုးရှိသည်။ ဤသုံးမျိုးကို သာသနာလင်္ကာရစာတမ်းစသော သာသနာဝင်ကျမ်းများ၌ ဖော်ပြထားသည်။ သာသနာဝင်ကျမ်းများတွင် ရှိပြီးဖြစ်၍လည်းကောင်း၊ ရှည်လျားမည်ကြောင့်လည်းကောင်း မဖော်ပြတော့ပါ။ အရှင်အရဟံ ပုဂံသို့ကြွလာသော ပဓာနအကြောင်းကစ၍ ရေးသားပါမည်။

ပုဂံပြည်သို့ရောက်လျှင် ပြည်နှင့်မနီးမဝေးလှသော တောအုပ်တစ်ခု၌ သီတင်းသုံးတော်မူ၏။

## အနော်ရထာမင်းနှင့် တွေ့ဆုံခြင်း

ထိုအခါ သိကြားမင်းသည် မုဆိုးတစ်ယောက်အား အရှင်အရဟံကို မြင်စေသည်။ မုဆိုးသည် အရှင်အရဟံကိုမြင်သောအခါ နှစ်သက်ကြည်ညိုဖွယ်သော ဣန္ဒြေရှိတော်မူသည်ကိုမြင်၍ ဤသူကား လူထူးလူမြတ်ဖြစ်ရာသည်။ နန်းတော်သို့ဆောင်၍ မင်းကြီးအား ဆက်မည်ဟု ခေါ်ဆောင်ခဲ့သည်။ အရှင်အရဟံသည် ပရိက္ခရာကိုယူ၍ လိုက်တော်မူသည်။ နန်းတော်သို့ရောက်လေလျှင် 'အရှင်မင်းမြတ်၊ တောအုပ်တစ်ခုအတွင်း၌ ဤသူကိုတွေ့၍ ခေါ်ဆောင်လာပါသည်ဘုရား' ဟု လျှောက်ထားလေသည်။

အနော်ရထာမင်းသည် အရှင်အရဟံကို မြင်သောအခါ တည်ကြည်သောဣန္ဒြေရှိသည်ကိုမြင်ရသဖြင့် ဤသူကား သူယုတ်မဟုတ်၊ မြတ်သောသူသာဖြစ်သည်။ ဤသူ၏ ကိုယ်အတွင်း၌ မြတ်သောတရားရှိလေရာ၏ဟု နေရောင်ဖြင့်ထိတွေ့သောကြာမှုံကဲ့သို့ ရွှင်လန်းသောစိတ်ဖြစ်၍ ဤသို့ကြံစည်စဉ်းစားတော်မူသည်။

'ဤသူသည်မြတ်သောသူဖြစ်အံ့၊ မြတ်သောနေရာ၌နေလတ္တံ့၊ ယုတ်သောသူဖြစ်အံ့ ယုတ်သောနေရာ၌နေလတ္တံ့' ဟုကြံပြီးလျှင် 'လျောက်ပတ်သောနေရာ၌နေတော်မူ' ဟု ပြောဆိုသည်။ ရှင်အရဟံလည်း မြတ်သောအဖြစ်ကို သိစေလို၍ မြတ်သောရာဇပလ္လင် ထက်သို့တက်၍ နေတော်မူသည်။

အနော်ရထာမင်းသည် ရာဇပလ္လင်ထက်သို့တက်၍နေသည်ကို မြင်ရသောအခါ ဤသူကား နေရာကြီးကျယ်လှသည်။ သူ၏အမျိုးအနွယ်ကို မေးဦးမည်ဟုကြံစည်၍ 'အသင်ကား အဘယ်သူ၏အမျိုးအနွယ်ဖြစ်သနည်း၊ အဘယ်အရပ်မှ ကြွလာပါသနည်း၊ အဘယ်သူ၏ အဆုံးအမကို ခံယူပါသနည်း' ဟု မေးမြန်းသည်။

"ငါ၏အမျိုးအနွယ်ကား သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ အမျိုးအနွယ်ဖြစ်သည်၊ ငါ၏ဥပဇ္ဈာယ်ဆရာနှင့် သပြေဟ္မစာရိ သီတင်းသုံးဖော် သံဃာတော်များရှိရာအရပ်မှ လာခဲ့သည်၊ ငါသည် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို ခံယူသည်" ဟု အရှင်အရဟံက ပြောကြားသောအခါ မင်းကြီးသည် နှစ်သက်ကြည်နူး အထူးပင် ဝမ်းမြောက်လေသည်။

"သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမသြဝါဒတရားကို တစ်စိတ်တစ်ဒေသမျှ ဟောတော်မူပါ" ဟု မင်းကြီးကတောင်းပန်သည်။ အရှင်အရဟံသည် အပ္ပမာဒေါ အမတံပဒံ စသော အပ္ပမဒတရားတော်ကို ဟောကြားတော်မူသည်။ တရားတော်ကို ကြားလိုက်ရသောအခါ နှစ်သက်သောပီတိအစွမ်းကြောင့် ရွှင်လန်းချမ်းမြေ့လာသည်။

'အရှင်ဘုရား၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကား အဘယ်မှာရှိပါသနည်း၊ တရားတော်ကား အဘယ်မျှရှိပါသနည်း၊ အရှင်မှတစ်ပါးသောတပည့်များ ရှိပါသေးသလော' ဟု လျှောက်ထားလေသည်။

'မင်းမြတ် . . သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကား နိဗ္ဗာန်စံဝင်တော်မူလေပြီ၊ ဓာတ်တော် မွေတော်မျှသာ ကြွင်းကျန်တော့သည်၊ တရားတော်ကား ၈၄၀၀၀ (ရှစ်သောင်း လေးထောင်)ရှိသည်။ သီဟိုဠ်၌ ပေထက်အက္ခရာတင်ထားသော ပိဋကတ်တော် တို့ကို သံဃာတော်များ ရေးကူးဆောင်ယူပြီး သထုံမင်းအား ပေးအပ်၍ ပိဋကတ် အစုံ သုံးဆယ်ရှိသည်၊ ငါမှတစ်ပါး ပရမတ္ထသံဃာ၊ သမ္မုတိသံဃာများ အများ အပြားပင်ရှိသည်' ဟု ဖြေကြားတော်မူသည်။

အနော်ရထာမင်းသည် ရွှင်လန်းအားတက် နှစ်သက်ဝမ်းမြောက်လှသည်ဖြစ်၍ -

'အရှင်မြတ်၊ အကျွန်ုပ်သည် ယခုမျက်မှောက်ကာလ၌ အရှင်မြတ်မှတစ်ပါး အားထားကိုးကွယ်ရာမရှိပါပြီ၊ အကျွန်ုပ်၏ကိုယ်နှင့်အသက်ကို အရှင်မြတ်အား အပ်နှင်းပါ၏၊ အရှင်မြတ်၏ အဆုံးအမသြဝါဒကို ခံယူပါတော့မည်' ဟု လျှောက် ထားလေသည်။ ပုဂံပြည်၏အနီး၌ သင့်တင့်လျောက်ပတ်သောအရပ်၌ ကျောင်းတော် ဆောက်လုပ်လှူဒါန်းသည်။ လုံခြုံစေရန် အစောင့်အရှောက်ကိုလည်း ထားတော်မူသည်။ သထုံပြည်မှ ရဟန်းသာမဏေများလည်း ကြွရောက်လာကြသည်။ အရှင်အရဟံသည်

သာသနာ၌ကြည်ညိုသောသူတို့အား ရှင်ရဟန်းအဖြစ်ရောက်အောင် ချီးမြှောက်တော်မူသည်။ အနော်ရထာမင်းသည် အရည်းကြီးသုံးကျိပ်နှင့် တပည့်တို့ကိုလည်း လူဝတ်လဲစေ၍ အဲမောင်းကိုင်၊ ဆင်ချေးကျုံးအဖြစ် ထားတော်မူသည်။ အရည်းကြီးတို့၏ကျမ်းစာများကိုလည်း မီးတိုက်၍ပစ်စေသည်။ ယခုထက်တိုင် 'မီးတိုက်ကုန်း' ဟုထင်ရှားလေသည်။ ပုဂံပြည်၌ မင်းဆက် ၃၆ ဆက်တိုင်တိုင် ကိုးကွယ်ခဲ့ကြသော မိစ္ဆာဝါဒအမှောင်ထုကြီးကွယ်ပျောက်၍ စစ်မှန်သော ဓမ္မအလင်းရောင်သို့ ရောက်ခဲ့ပါတော့သည်။

## ပရိယတ်ရှိမှ သာသနာတော်တည်

တစ်နေ့တွင် အရှင်အရဟံသည် အနော်ရထာမင်းအား ဤသို့မိန့်တော်မူ၏ -

'မင်းကြီး . . ဘုရားရှင်၏သာသနာတော်သုံးပါးတွင် ပရိယတ္တိသာသနာတော်ရှိမှ ပဋိပတ္တိသာသနာတည်နိုင်သည်။ ပဋိပတ္တိသာသနာရှိမှ ပဋိဝေဓသာသနာတော်ဖြစ်နိုင်သည်။ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံမရှိသေးပေ၊ ပရိယတ္တိခေါ် ပိဋကတ်သုံးပုံရှိသောပြည်သို့ လက်ဆောင်ပဏ္ဏာများဖြင့် တောင်းယူပူဇော်သင့်သည်' ဟု မိန့်ကြားတော်မူသည်။

အနော်ရထာမင်းက -

' အရှင်မြတ် . . အဘယ်ပြည်မှာ ပိဋကတ်တော်များ အပြည့်အစုံရှိပါသနည်း' ဟု လျှောက်ထားသည်။ 'မင်းမြတ် . . သုဝဏ္ဏဘူမိ သထုံပြည်၌ ပိဋကတ်တော်အစုံ (၃၀) ရှိသည်' ဟုမိန့်တော်မူသည်။ အနော်ရထာမင်းသည် မင်းထိုက်စိုးတန် လက်ဆောင်ပဏ္ဏာများစွာကို စီစဉ်၍ စကားအရာ၌ သာယာချောင်ပြောဆိုတတ်သော အမတ်တစ်ယောက်ကို ကြီးမှူးစေ၍ သထုံပြည်သို့စေလွှတ်သည်။ အမတ်သည် လက်ဆောင်ပဏ္ဏာများယူဆောင်၍ သထုံပြည်သို့သွားပြီး မနူဟာမင်းထံ အနော်ရထာမင်း၏လက်ဆောင်တော်များ ဆက်သ၍ ပိဋကတ်တော်ပေးပါရန် လျှောက်ထားလေသည်။

မနူဟာမင်းသည် မချေမငံပြောဆိုပြီး ပိဋကတ်တော်များ မပေးလိုက်ပေ။ စေလွှတ်လိုက်သော အမတ်ပြန်လာ၍ မနူဟာမင်း မချေမငံပြောလိုက်သည်များကို လျှောက်ထားလေသည်။

အနော်ရထာမင်းသည် မနူဟာမင်း၏ မချေမငံပြောဆိုလိုက်ခြင်းကို ခံပြင်းစွာ အမျက်ထွက်သဖြင့် ရေတပ်၊ ကြည်းတပ်၊ ဆင်တပ်၊ မြင်းတပ် စစ်သည်ပေါင်းများစွာဖြင့် သထုံသို့ချီတက်၍ တိုက်ခိုက်သည်။ (ရာဇဝင်ပါအကြောင်းများမှာ သာသနာ့သမိုင်းတွင် ပဓာန မဟုတ်၍ ချုံးထားပါသည်။)

## ပိဋကတ်တော် အစုံ ၃၀

အနော်ရထာမင်းသည် သထုံကိုအောင်မြင်သောအခါ မင်းအဆက်ဆက် ရတနာပန်းတောင်း၌ထားသော ဓာတ်တော်မွေတော်များနှင့် ပိဋကတ်တော်အစုံ (၃၀) ကို သထုံမင်း၏ဆင်ဖြူတော် ၃၂ စီးနှင့်တင်ဆောင်၍ ပုဂံသို့ပင့်ဆောင်ခဲ့လေသည်။ မနူဟာမင်းကိုလည်း ဖမ်းဆီးခေါ်ဆောင်၍ ပုဂံပြည်မြင်းကပါအရပ်၌ အလုပ်အကျွေးနှင့်နေစေသည်။ ပိဋကတ်တော်အစုံ ၃၀ ကို ရတနာတို့ဖြင့် မွမ်းမံခြယ်လှယ်သော ပြာသာဒ်၌ထား၍ သံဃာတော်များ သင်ကြားပို့ချတော်မူကြသည်။ သထုံပြည်မှ အရိယာသံဃာတစ်ထောင်ကိုလည်း ပင့်ဆောင်ခဲ့လေသည်။ အရှင်အရဟံသည် အရှင်ဉာဏ၊ အရှင်အာနန္ဒာ၊ အရှင်သီလဗုဒ္ဓိတို့၏အကူအညီဖြင့် သာသနာပြုတော်မူရာ ပုဂံသာသနာတော်သည် နေရောင်လဝန်း၊ ထွန်းလင်းသည့်ပမာ လွှန်စွာတောက်ပခဲ့ပါသတည်း။

## အရှင်အရဟံ ပရိနိဗ္ဗာန်စံ

အရှင်အရဟံသည် ပုဂံပြည်သို့ အနော်ရထာမင်းလက်ထက် သာသနာတော်နှစ် ၁၆၀၁၊ ကောဇာသက္ကရာဇ် ၄၁၉ ခုနှစ်တွင် ပုဂံသို့သွားရောက်သာသနာပြုတော်မူရာ စောလူးမင်း၊ ထီးလှိုင်ရှင်၊ ကျန်စစ်သား၊ အလောင်းစည်သူမင်း လေးဆက်တိုင် သာသနာပြုတော်မူ၍ အလောင်းစည်သူမင်းနန်းတက်၍ နှစ် နှစ်မြောက် သက္ကရာဇ် ၄၅၆ ခုနှစ်၊ သက်တော် ၈၁ နှစ်အရောက်တွင် ပရိနိဗ္ဗာန်စံလွန်တော်မူသည်။ ပုဂံပြည်၌ ၃၇ နှစ် သာသနာပြုတော်မူသည်။ သက်တော် ၈၁ နှစ်တွင် ၃၇ နှစ်ကိုနုတ်က သက်တော် ၄၄ နှစ်က ပုဂံသို့ရောက်သည်ဟု မှတ်ယူသင့်ပေသည်။

အရှင်အရဟံ ပရိနိဗ္ဗာန်ပြုတော်မူသောအခါ အလောင်းစည်သူမင်းကြီးသည်၊ တူရွင်းတောင်ခြေ တောင်ပလ္လာအနီး၌ အဂ္ဂိဈာပနမီးပူဇော်၍ ဓာတ်တော်များဌာပနာပြီး ထီးတစ်ဆောင်စေတီတော်ကို တည်ထားခဲ့ပါသည်။ ထိုစေတီတော်မှာ တိမ်မြုပ်လျက်ရှိရာ ၁၃၄၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက် (၂၃-၇-၈၅) အင်္ဂါနေ့တွင် စတင်တွေ့ရှိခဲ့ပါသည်။ ရန်ကုန်မြို့ ဦးထိန်ဝင်းဦးဆောင်သောအဖွဲ့က ပြန်လည်ပြုပြင်တည်ထားရာ ၁၃၅၃ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် စနေနေ့ (၁၁-၁-၁၉၉၃) တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။ ယင်းသို့ရှာဖွေပြုပြင်ခြင်းဖြင့် မြန်မာနိုင်ငံ ပုဂံသာသနာဝင်ကို ဦးဆောင်ခဲ့သော အရှင်အရဟံ၏ ကြီးမားလှသော ဂုဏ်ကျေးဇူးတော်ကို ပူဇော်လိုက်ခြင်းဖြစ်ပြီး သာသနာ့သမိုင်းမှတ်တိုင်ကို စိုက်ထူလိုက်ခြင်းပင်ဖြစ်ပါသည်။

## သာသနာနှင့် ပုဂံပြည်

ပုဂံသည် မြို့တည်ဦးသမုဒ္ဒရာဇ်မင်းလက်ထက်မှစ၍ အနော်ရထာမင်း နန်းတက်ချိန်အထိ သာသနာ့အလင်းရောင်မထွန်းပြောင်ဘဲ မှောင်အတိဖုံးလွှမ်းခဲ့ပါသည်။ ပုဂံပြည်သူပြည်သားတို့သည် အမှောင်ထဲတွင် အမည်းဖုံးကာ အသိဉာဏ်ကင်းမဲ့ခဲ့ကြရသည်။ အရှင်အရဟံကြွလာ၍ ဘုန်းကံပညာပါသော အနော်ရထာမင်း၏ ဦးဆောင်မှုကိုရသောအခါ ပုဂံသည် အရည်းကြီးတည်းဟူသော အမှောင်ထုကို အမြစ်ပါနုတ်ပစ်လိုက်သည်။ ရောက်ရှိလာသော ဗုဒ္ဓသာသနာတော်ကို မင်းနှင့်ပြည်သူတို့လှိုက်လှိုက်လှဲလှဲ နှစ်နှစ်ကာကာယုံကြည်လက်ခံခဲ့ကြသည်။ ကိုးကွယ်ခဲ့ကြသည်။ ပုဂံ၌ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာအလင်းရောင်သည် ထွန်းပြောင်ထိန်လင်းခဲ့ပါသည်။ ပြည်သူပြည်သားများအနေဖြင့် သာသနာတော်ကို မြတ်မြတ်နိုးနိုးထက်သန်သော သဒ္ဓါတရားဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။ သာသနာတော်နှင့်ဆိုင်ရာ စေတီတော်စသော သာသနိကအဆောက်အအုံများကို စုံနေအောင်ကုသိုလ်ပြုခဲ့ကြသည်။ သာဓကအားဖြင့် ကျောက်စာတစ်ချပ်မှ ကောက်နုတ်တင်ပြလိုပါသည်။

သက္ကရာဇ် ၅၈၅ ခုနှစ်ထိုး၊ မင်းအနန္တသူ (လေးမျက်နှာဘုရား) ကျောက်စာ၊ မဟာသေနာပတိ အနန္တသူရမောင်နှံလှူသော ကျောက်စာတွင် အလှူစာရင်းမှာ စုံလင်လှပါသည်။ ကြောင်းရေ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ တို့တွင် -

ရတနာဖြင့်ကူထွတ်ကိုတောက်ပစေ၏။ ပိဋကတ်သုံးပုံသော တရားအပုံလည်းပြု၏။
တရားနာအံ့သော ပရိသတ်တကာစည်းဝေးစိမ့်သောငှာ တရားဟောရာရွှေပလ္လင်
လည်းပြု၏။ ပလ္လင်ထက်ကား ရွှေထီးလည်းဆောက်၏။ အထက်ကား ဖျင်ကာ
ဗိတာန်လည်းဆောက်၏၊ နိဗ္ဗာန်ကိုရလိုသောသူတော်တကာတို့ ဆုမှုခံစိမ့်သောငှာ
သခင်ထေရနေရာ သာယာစွာသောကျောင်းလည်းပြု၏- စသည်ဖြင့်ရေးထိုးထားရာ သာသနိကဆိုင်ရာအဆောက်အအုံများ စုံလင်လှပါသည်။ ဤသို့ သာသနာတော်ကို မြတ်မြတ်နိုးနိုး ယုံကြည်သောသဒ္ဓါတရားဖြင့် လှူဒါန်းခဲ့ကြလေသည်။ ထို့ကြောင့်လည်း ယနေ့တိုင် ကမ္ဘာက အံ့သြရသော အနုပညာလက်ရာများ ကျန်ရှိနေခြင်း ဖြစ်ပါသည်။

## ပုဂံ ပရိယတ္တိသာသနာ

ပုဂံခေတ်ပရိယတ္တိသာသနာကား အထွတ်အထိပ်သို့ရောက်ခဲ့ပါသည်။ ပုဂံဆရာတော် အရှင်အဂ္ဂဝံသ၏ သဒ္ဒါနီတိကျမ်းကား ကမ္ဘာကပင် အသိအမှတ်ပြုရသောကျမ်း

တစ်ဆူဖြစ်ပါသည်။ သဒ္ဒါနီတိကျမ်းသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသောကျမ်းပေါင်း ၁၀၀၀ကျော်ကို မှီငြမ်းပြု၍ ရေးသားထားရာ၊ မြန်မာနိုင်ငံပရိယတ္တိစာပေသမိုင်းတွင် ဂုဏ်ယူဖွယ်ကျမ်းတစ်ဆူဖြစ်သည်။ သဒ္ဒါနီတိကျမ်းနှင့်စပ်လျဉ်း၍ ပြောဆိုကြသောစကားတစ်ခု ရှိခဲ့သည်။ မြန်မာနိုင်ငံမှရဟန်းများ သဒ္ဒါမတတ်ကြဟု သီဟိုဠ်ရဟန်းများက အထင်အမြင်သေးကာ ပြောဆိုကြသည်။ မြန်မာရဟန်းများနှင့် သဒ္ဒါပြိုင်ရန် သီဟိုဠ်မှရဟန်းများ ပုဂံပြည်သို့ရောက်လာကြသည်။ မြန်မာရဟန်းများက သဒ္ဒါနီတိကျမ်းကိုထုတ်ပြသောအခါ မြန်မာရဟန်းများ သဒ္ဒါကျမ်းတတ်ကျွမ်းနိုင်နင်းကြပါပေသည်ဟုပြောဆိုကာ သီဟိုဠ်ရဟန်းများ ပြန်သွားခဲ့ကြသည်ဟု အစဉ်အလာပြောခဲ့ကြပါသည်။ သဒ္ဒါနီတိကျမ်းပြီး နိဂုံးတွင် ကျမ်းပြုရာကာလကို မဖော်ပြမရေးသားသဖြင့် အယူအဆကွဲလွဲလျက်ရှိသည်။ သဒ္ဒါနီတိကျမ်းကို သက္ကရာဇ် ၅၁၆ခု အလောင်းစည်သူမင်းလက်ထက်တွင် ရေးသည်ဟုဆိုသည်။ လျှော်သင်းအတွင်းဝန်၏ ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ သဒ္ဒါနီတိကျမ်းကို ကျစွာမင်းလက်ထက် စီရင်ကြောင်းဆိုသည်။ ပိဋကတ်သမိုင်း၌လည်း ထို့အတူပင်ဆိုသည်။ ပညာရှင်များက ခရစ်နှစ် ၁၂ ရာစုနှင့် ၁၃ ရာစုအစပိုင်း၊ မြန်မာသက္ကရာဇ် ၅၁၆ ခုမှ ၆၁၂ ခုနှစ်အတွင်း ပေါ်ထွန်းခဲ့သော ကျမ်းဖြစ်သည်ဟုယူဆကြသည်။ ကျမ်းပြီးနိဂုံး၌-

အရိမဒ္ဒနပုရမည်သော ပုဂံမြို့နေ အရှင်အဂ္ဂဝံသမထေရ်စီရင်တော်မူသည်။ ထိုအရှင်အဂ္ဂဝံသသည် အရှင်အဂ္ဂပဏ္ဍိတ၏တူဖြစ်သည်။ ထိုတူဝရီးနှစ်ပါးလုံးသည် အရှင်မဟာအဂ္ဂပဏ္ဍိတ၏တပည့်များဖြစ်၍ အရှင်အဂ္ဂဝံသသည် အရှင်မဟာအဂ္ဂပဏ္ဍိတ၏ ဥပဇ္ဈာယ်ယူတပည့်ဖြစ်သည်ဟု ဆိုထားရာ ပုဂံသာသနာဝင်၏ ဆရာစဉ်ကိုသိရှိရပေသည်။ ဤကျမ်းပြီးနိဂုံးအရ ပုဂံ၌ အရှင်မဟာအဂ္ဂပဏ္ဍိတ၊ အရှင်အဂ္ဂပဏ္ဍိတ၊ အရှင်အဂ္ဂဝံသဟု ထင်ရှားသော ဆရာတော်သုံးပါးရှိခဲ့ကြောင်း ထင်ရှားလှသည်။

အရှင်အရဟံသည် ထီးလှိုင်ရှင် ကျန်စစ်မင်းလက်ထက်၌ သက်ရွယ်တော်ကြီးရင့်ပြီဖြစ်၍ သာသနာတော်ကိုအားသွန်ခွန်စိုက်မပြုနိုင်တော့ပေ။ တပည့်များဖြစ်သော အရှင်ဂုဏသာရ၊ အရှင်မဟာအဂ္ဂပဏ္ဍိတတို့က ဆက်လက်သာသနာပြုတော်မူကြရာ ပုဂံသာသနာသည် အရှိန်အဟုန်မပျက်ခဲ့ပေ။

## အမျိုးသမီးများပင် စာပေသင်

ပုဂံ၌ ပရိယတ္တိသာသနာတော်အလွန်ထွန်းကားခဲ့ရာ ရဟန်းတော်များသာမက အရပ်ထဲကအမျိုးသမီးများပင် စာပေများသင်ကြားလေ့လာကြသည်။ အမျိုးသမီးနှစ်ယောက်ဆုံတွေ့ကြရာ တစ်ယောက်က 'ရှင်မရေ၊ ယခုဘယ်ကျမ်းကိုသင်ယူပြီး

ဘယ်ကျမ်းကိုလေ့လာနေပါသလဲ' ဟုမေးသည်။ တစ်ယောက်က 'ရှင်မရေ ငါမှာကလေးငယ် နေလို့ ကြောင့်ကြစရာရှိ၍ ကျမ်းများများမလေ့ကျင့်နိုင်ပါ။ သမန္တပဋ္ဌာန်းကျမ်းကုသလတိက် ကို အလေ့အကျင့်လုပ်နေပါတယ်'ဟု ပြန်ပြောသည်။ ဤသို့စသော ဝတ္ထုလေးများကို မောင်းထောင်ဆရာတော် အရှင်ပညာသာမိ၏ သာသနဝံသသပ္ပဒီကာကျမ်း (ပါဠိ)တွင် ရေးသားထားပါသည်။ (နှာ ၈၈၊ ၈၉၊ ၉၀)

## ပုဂံပြည်တွင် ဆရာစဉ်

သထုံပြည် သာသနာပြုအရှင်သောဏ၊ အရှင်ဥတ္တရရနှစ်ပါးတို့၏တပည့် အရှင် သောဘိတ၊ ထိုအရှင်၏တပည့် အရှင်သောဒတ္တ၊ ထိုအရှင်၏တပည့် အရှင်သုမနတိဿ၊ ထိုအရှင်၏တပည့် အရှင်သောပါက၊ ထိုအရှင်၏တပည့် အရှင်သောမဒတ္တ၊ ထိုအရှင်၏ တပည့် အရှင်အနောမဒဿီ၊ ထိုအရှင်၏တပည့် အရှင်အဓိသီလ၊ ထိုအရှင်၏တပည့် အရှင် ပြာဏဒဿီ၊ ထိုအရှင်၏တပည့် အရှင်အရိယဝံသ၊ ထိုအရှင်၏တပည့် အရှင် ဥတ္တရာ ဇီဝ ဟု သထုံမှဆက်နွယ်ခဲ့သော ပုဂံဆရာစဉ်ရှိခဲ့ပါသည်။ အရှင်ဥတ္တရာဇီဝသည် မင်းကိုးကွယ် သော မင်းဆရာဖြစ်တော်မူသည်။ ပုဂံသာသနာသည် အနော်ရထာမင်းလက်ထက် အရှင် အရဟံမှစ၍ နရပတိစည်သူနန်းစံ၍ အရှင်ဥတ္တရာဇီဝလက်ထက်တိုင်အောင် တညီတညွတ် တည်း စည်းလုံးခဲ့သည်။

## အရှင်ဥတ္တရာဇီဝ သီဟိုဠ်ကြွ

မင်းဆရာဖြစ်သော အရှင်ဥတ္တရာဇီဝတေရ်သည် သီဟိုဠ်သို့ စေတီတော်ကိုဖူးမြင် ရန်အတွက် သက္ကရာဇ် ၅၃၂ ခုနှစ်တွင် များစွာသော ရဟန်းတို့နှင့်တကွ သင်္ဘောလှေစီး ခြင်းငှာ ပုသိမ်သို့ကြွတော်မူသည်။ ပုသိမ်ကျေးလက်နေသူတို့၏ သားဖြစ်သော ဆပဒ အမည်ရှိ အသက် ၂၀ ပြည့်သာမဏေကိုခေါ်ဆောင်၍ သီဟိုဠ်သို့ကြွတော်မူသည်။[၁]

အရှင်ဥတ္တရာဇီဝ သီဟိုဠ်သို့ရောက်သောအခါ သီဟိုဠ်ကျွန်းသားမထေရ်များနှင့် တရားစကားနှီးနှောပြောဟောဆွေးနွေးကြရာ ခင်မင်ရင်းနှီးမှုဖြစ်ကြသည်။ "အရှင်ဘုရားတို့ လည်း သီဟိုဠ်သာသနာပြု အရှင်မဟိန္ဒ၏အဆက်အနွယ်ဖြစ်သည်။ တပည့်တော်တို့လည်း သထုံသာသနာပြုအရှင်သောဏ၊ အရှင်ဥတ္တရတို့ အဆက်အနွယ်ဖြစ်ပါသည်။ ယင်းသို့ အဆက်အနွယ်တူခြင်းဖြစ်၍ တပည့်တော်တို့တစ်ပေါင်းတည်း သံဃကံကိုပြုကြပါကုန်စို့"ဟု

---

၁။ ကလျာဏီကျောက်စာပါဠိ ၄-၅၊ ဆပ္ပဒ၊ ဆပ္ပဋဟု မူကွဲရှိသည်။

လျှောက်ထား၍ ပါလာသော ဆပဒသာမဏေကို ပဥ္စင်းခံပေးတော်မူကြသည်။ အရှင်ဥတ္တရာဇီဝသည် သီဟိုဠ်၌ စေတီပုထိုးရှိခိုးခြင်းကိစ္စနှင့် ပြုဖွယ်ကိစ္စများပြီးသောအခါ အတူပါလာသော ရဟန်းသံဃာများနှင့်တကွ ပုဂံသို့ပြန်ကြွတော်မူသည်။ ရဟန်းခံပြီးသော အရှင်ဆပဒကား ဤသို့အကြံဖြစ်၏။ "ငါ့ဆရာနှင့်အတူပြန်လိုက်သွားက ဟိုရောက်လျှင်ဆွေမျိုးတို့၏ကြောင့်ကြမှု ပလိဗောဓကြောင့် ပါဠိ၊ အဋ္ဌကထာစာပေကျမ်းဂန်များ ကောင်းစွာသင်ကြားနိုင်မည်မဟုတ်ပေ။ သီဟိုဠ်ကျွန်းမှာနေရစ်၍ စာပေသင်ကြားပြီးမှပြန်ရသော် ကောင်းမည်" ဟုကြံပြီး ဆရာအားပန်ကြား၍ သီဟိုဠ်ကျွန်း၌ စာပေသင်ကြား၍နေရစ်ခဲ့လေသည်။

## အရှင်ဆပဒ ပုဂံပြန်ကြွ

အရှင်ဆပဒသည် သီဟိုဠ်ကျွန်း၌ ပိဋကတ်စာပေများကို သင်ကြားနေရစ်ခဲ့ရာ (၁၀) ဝါပင်ရပြီဖြစ်၍ ကောင်းစွာတတ်မြောက်ပေပြီ၊ ပုဂံသို့ပြန်ကြွရန် အကြံဖြစ်လေသည်။ ဤသို့လည်း ဆက်လက်စဉ်းစားသည် -

'ငါ့ဆရာအရှင်ဥတ္တရာဇီဝ အကယ်၍ လွန်တော်မူသွားခဲ့ပါက ငါတစ်ပါးတည်း ပြန်သွား၍ ပုဂံသို့ရောက်လျှင် ပုဂံသံဃာများနှင့်အတူ ကံမပြုလိုလျှင် ပဥ္စဝဂ်သံဃာ မပြည့်၍ သီးခြားကံပြုနိုင်မည်မဟုတ်ပေ၊ သီးခြားကံပြုနိုင်ရန် ပိဋကတ်ကို ဆောင်စွမ်းနိုင်သော မထေရ်လေးပါးပင့်ဆောင်၍ သွားရလျှင်ကောင်းပေမည်' ဟု အကြံဖြစ်လေသည်။ ထိုသို့အကြံဖြစ်သဖြင့်

၁။ တာမလိတ္တိရွာသား အရှင်သိဝလိထေရ်
၂။ ကမ္ဗောဇမင်းသား အရှင်တာမလိန္ဒထေရ်
၃။ ကိဉ္စိပူရမြို့သား အရှင်အာနန္ဒာထေရ်
၄။ သီဟိုဠ်ကျွန်းသား အရှင်ရာဟုလာထေရ်

ဤမထေရ်လေးပါးကို ပင့်ဆောင်၍သင်္ဘောစီးကာ ပြန်ကြွလေသည်။ မထေရ်ငါးပါးလုံး ပိဋကတ်သုံးပုံဆောင်ကျမ်းတတ်ဆရာတော်များ ဖြစ်သည်။ အရှင်ရာဟုလာသည် သာလွန်၍ ထက်မြက်သည်။ ပုသိမ်ဆိပ်သို့ရောက်သောအခါ ဝါဆိုရက်နီးကပ်နေ၍ ပုဂံသို့ရောက်အောင်မကြွနိုင်တော့ပေ။ ပုသိမ်မြို့တွင် ဝါကပ်ရသည်။ မထေရ်များဝါကပ်ရာကျောင်းအရာမ်တံတိုင်းသည် ပုသိမ်မြို့တောင်အရပ်၌ ယခုထက်တိုင် ထင်ရှားရှိသည်ဟု ကလျာဏီကျောက်စာတွင် ရေးထိုးထားသည်။[၁]

---

၁။ ကျောက်စာပါဠိ နှာ-၆။

## ပုဂံ၌ ဂိုဏ်းလေးဂိုဏ်းကွဲ

အရှင်ဆပဒသည် ဝါကျွတ်သောအခါ ပဝါရဏာပြုပြီး အတူပါလာသောမထေရ်လေးပါးနှင့်အတူ ပုဂံသို့ကြွတော်မူသည်။ အရှင်ဆပဒ ပုဂံသို့မရောက်မီ နှစ်ရက်သုံးရက်ကပင် အရှင်ဥတ္တရာဇီဝလွန်တော်မူနှင့်လေသည်။ ပုဂံသို့ရောက်သောအခါ ဆရာလွန်တော်မူကြောင်း သိ၍ အဂ္ဂိစျာပနမီးသင်္ဂြိုဟ်ရာအရပ်သို့ ကြွရောက်၍ ရှိခိုးကန်တော့သည်။ ဤသို့ရှိခိုးကန်တော့ ပြီးသောအခါ အရှင်ဆပဒသည် အတူပါလာသောမထေရ်များနှင့် ဤသို့တိုင်ပင်လေသည်။

"တပည့်တော်၏ဆရာအရှင် ဥတ္တရာဇီဝသည် သီဟိုဠ်သံဃာများနှင့် သံဃကံပြုသကဲ့သို့ အရှင်သောဏ၊ အရှင်ဥတ္တရတို့၏ အဆက်အနွယ်ဖြစ်သော ပုဂံရဟန်းတို့နှင့် သံဃကံပြု သင့်သည်။ သို့သော် ယခင်က ရာမညတိုင်းသားဖြစ်သော တပည့်တော်များဆရာ အရှင်ဥတ္တရာဇီဝသည် သံဃအဓိပတိဖြစ်သည်။

ယခုအခါ မြန်မာရဟန်းများသည် သံဃအဓိပတိဖြစ်နေသည်။ ယင်းသို့ဖြစ်၍ မြန်မာရဟန်းတို့နှင့် သံဃကံကို အတူမပြုလို"ဟု တိုင်ပင်ဆွေးနွေးလေသည်။

ယင်းသို့တိုင်ပင်ပြီး အရှင်ဆပဒသည် မာနလွန်ကဲ၍ ပုဂံမြို့နေရဟန်းတို့နှင့် အတူတကွ သံဃကံကိုမပြုဘဲ တသီးတခြားသံဃကံကို ပြုလေသည်။

[အရှင်ဆပဒသည် သီဟိုဠ်မှပုဂံသို့ သက္ကရာဇ် ၅၄၃ ခုနှစ်တွင် ပြန်ရောက်သည်ဟု ကလျာဏီကျောက်စာ (ပါဠိ - ၇) ၌ ဆိုသည်။ မှန်နန်းရာဇဝင် (ပ တွဲ - ၃၂၁) တွင် ၅၃၃ ခု ပြန်ရောက်သည် ဆိုသည်။ ကလျာဏီကျောက်စာနှင့်မညီ။]

အရှင်ဆပဒ ပုဂံသို့ ပြန်ရောက်ချိန်၌ နရပတိစည်သူမင်း နန်းတက်ချိန်ဖြစ်သည်။ နရပတိစည်သူမင်းသည် သီဟိုဠ်မှကြွလာသော အရှင်ဆပဒနှင့် မထေရ်ငါးပါးကို လွန်စွာကြည်ညိုသည်။ ဧရာဝတီမြစ်၌ လှေဖောင်ဖွဲ့စေ၍ များစွာသော သာမဏေတို့ကို ပဉ္စင်းခံစေသည်။ ဤသို့ပဉ္စင်းခံလိုက်သဖြင့် အရှင်ဆပဒဂိုဏ်းသံဃာများလာသည်။

နရပတိစည်သူမင်းကြီးသည် တစ်နေ့သောအခါ ထိုမထေရ်ငါးပါးနှင့် တပည့်သံဃာများကိုပင့်၍အလှူကြီးပေးလေသည်။ အလှူကြီးပေးရာတွင် ပွဲသဘင်ခံသောအခါ လှပတင့်တယ်သော ကချေသည်မတစ်ယောက်ကို သီဟိုဠ်ကျွန်းသား အရှင်ရာဟုလာမြင်သောအခါလွန်စွာတပ်မက်နှစ်သက်သော စိတ်ဖြစ်လေသည်။ ရဟန်းတရား၌ မမွေ့လျော်ဘဲ၊ လူဝတ်လဲဖို့ရန် အားထုတ်ပြင်ဆင်သည်။ မထေရ်လေးပါးတို့သိသောအခါ တရားဖြင့်ဆုံးမပြောဟောကြ၏။ ပြောဆိုဆုံးမ၍မရသောအခါ " သင်တစ်ပါးကြောင့် ငါတို့ကိုပါ

အရှက်မကွဲရလေအောင် လူထွက်လိုလျှင်လည်း ပုဂံပြည်မှာမထွက်ပါနှင့်၊ ပုသိမ်သင်္ဘော ဆိပ်ကပြန်၍ မလယကျွန်း (မလ္လာယုကျွန်း)သို့ရောက်မှလူဝတ်လဲပါ ” ဟုပြောဆို နှင်ထုတ် လိုက်ကြသည်။

အရှင်ရာဟုလာသည် ပုသိမ်သင်္ဘောဆိပ်မှ သင်္ဘောစီး၍ပြန်သွားရာ မလယကျွန်း သို့ရောက်လေ၏။ မလယကျွန်းသို့ရောက်သောအ ခါ မလယကျွန်းကို အစိုးရသောမင်း သည် အရှင်ရာဟုလာရောက်လာသည်ကြားရသဖြင့် ဝိနည်းတရားတော်ကိုသိလို၍မေး မြန်းလျှောက်ထားသည်။ မလယကျွန်းမင်းအား ဋီကာနှင့်တကွ ခုဒ္ဒသိက္ခာကျမ်းကို သင်ကြားပေးပြီး ဝိနည်းအဆုံးအဖြတ်ကို သိစေနားလည်စေသည်။ မင်းသည်ကြည်ညိုပြီး အရှင်ရာဟုလာအား ပတ္တမြားတစ်သပိတ်လှူသည်။ ပတ္တမြားတစ်သပိတ်ရသောအခါ အရှင်ရာဟုလာ လူထွက်လေသည်။

(မလယကျွန်းမှန်နန်း၌ မလ္လာယုကျွန်းဟုရေးသည်။ မလေးကျွန်း ပသျှူးကျွန်းဟု လည်းခေါ်သည်။ ထိုကျွန်းသည် ရှေးခေတ်ကပင် သာသနာတော်ထွန်းကားခဲ့၍ မယလ မင်းသည် သာသနာတော်နှင့်သက်ဆိုင်သော ဝိနည်းအဆုံးအဖြတ်ကို သင်ကြားလိုခြင်း ဖြစ်သည်။)

## ဆပဒထေရ် ပျံလွန်ခြင်း

အရှင်ဆပဒနှင့်အတူ သီဟိုဠ်မှမထေရ်ငါးပါးကြွလာရာ အရှင်ရာဟုလာပြန်သွား၍ လူဝတ်လဲ၍ပင်ပြီးလေပြီ။ ပုဂံ၌လေးပါးကျန်ရှိလေရာ အရှင်ဆပဒထေရ်သည် ပျံလွန်တော် မူသည်။ အရှင်သီဝလိထေရ်၊ အရှင်တာမလိန္ဒထေရ်၊ အရှင်အာနန္ဒာထေရ် မထေရ်သုံးပါး သည် ပိဋကတ်ကျမ်းဂန်များကို ပို့ချ၍ သာသနာအလင်းရောင် ထွန်းပြောင်စေခဲ့သည်။ နရပတိစည်သူမင်းကြီးသည် ထိုမထေရ်သုံးပါးကို အလွန်ကြည်ညို၍ တစ်နေ့သောအခါ ဆင်ပေါက်တစ်စီးစီ လှူတော်မူသည်။ အရှင်သီဝလိနှင့် အရှင်တာမလိန္ဒနှစ်ပါးတို့သည် မင်းကလှူသောဆင်ပေါက်ကို တောမှာလွှတ်စေသည်။ အရှင်အာနန္ဒာက မိမိလှူသော ဆင်ကို ကိဉ္စိပူရမြို့ ဆွေမျိုးတို့အား ပေးလိုက်မည်ဟု ပုသိမ်သို့သွား၍ သင်္ဘောတင်လေသည်။ ထိုအကြောင်းကို အရှင်သီဝလိနှင့် အရှင်တာမလိန္ဒတို့သိသောအခါ ဤသို့မိန့်တော်မူကြ သည်။

“ငါ့ရှင်၊ ငါတို့အား မင်းတရားကလှူသောဆင်ကို ချမ်းသာစေရန် တောသို့ လွှတ်စေသည်။ ငါ့ရှင်သည် သတ္တဝါဆင်းရဲစေခြင်းငှာ ဆွေမျိုးတို့အား ပေးလိုက်သည်။ ငါ့ရှင်၏ အမူအကျင့်သည် တရားနှင့်မလျော်ကပတ်” ဟု မိန့်တော်မူကြသည်။ ထိုအခါ အရှင်အာနန္ဒာ က -

"ဘုရားရှင်ကိုယ်တော်တိုင် ဆွေမျိုးတို့အား ထောက်ပံ့ခြင်းကို 'ဉာတကာနုဥသင်ဟော' ဟု ဟောတော်မူသည် မဟုတ်ပါလော " ဟုပြန်၍ လျှောက်ထားသည်။ မထေရ်နှစ်ပါးက -

"အကျိုးကို လိုလား၍ ငါတို့ဆိုသည်။ တို့စကားကို မနာယူက ယနေ့ကစ၍ သီးခြား သံဃကံကိုပြုလေ။ ငါတို့နှင့် (သံဝါသ သမ္ဘောဂ) အပေါင်းအသင်းမလုပ်နှင့်တော့" ဟု ခွဲလေသည်။ ထိုနေ့ကစ၍ သီးခြားစီ သံဃကံကိုပြုကြသည်။

ဤသို့ သီဟိုဠ်မှကွဲလာသော သံဃာချင်းကွဲပြားခဲ့ကြသည်။ နောင်တွင် အရှင် တာမလိန္ဒသည် စာပေ ဗဟုသုတပြည့်စုံ၍ ဗျတ္တိဗလရှိသော တပည့်များထွန်းကား လာသောအခါ တပည့်များကို ချီးမြှောက်လိုသဖြင့် ဆည်းကပ်လာသူတို့အား -

"ဒါယကာ၊ ဤသူသည် အကြားအမြင် စာပေဗဟုသုတပြည့်စုံသည်။ ပစ္စည်းလေးပါး ပြည့်စုံမှ ပရိယတ္တိ၊ ပဋိပတ္တိသာသနာကို အားထုတ်နိုင်သည်။ ပစ္စည်းလေးပါးမပြည့်စုံက ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့တာဝန်ကို မထမ်းဆောင်နိုင်ပေ" ဟု လှူဒါန်းချင်လာအောင် ပြောဟောသည်။ ဝစီဝိညတ်ဖြင့် ပစ္စည်းလေးပါးကို ဖြစ်စေသည်။ ထိုအကြောင်းကို အရှင် သီဝလိထေရ် ကြားသိရသောအခါ -

"ငါ့ရှင်၊ မြတ်စွာဘုရားသည် ဝစီဝိညတ်ကြောင့်ဖြစ်သော ပစ္စည်းကို ဘုရားရှင် စက်ဆုပ်တော်မူသည်။ အဘယ့်ကြောင့် ဝစီဝိညတ်ဖြင့် ပစ္စည်းလေးပါးကို ဖြစ်စေသနည်း၊ ငါ့ရှင်၏ အမူအကျင့်သည် မအပ်စပ်" ဟု မိန့်ဆိုသည်။ ထိုသို့ဆိုသောအခါ အရှင်တာမလိန္ဒက ဤသို့ စကားတုံ့ပြန်သည်။

"ငါ့ရှင်၊ မြတ်စွာဘုရားက မိမိအဟွက်ရည်၍ ဝစီဝိညတ်ပြုသောပစ္စည်းတို့ကို စက်ဆုတ်ရွံရှာတော်မူသည်။ ငါကား ငါ့အတွက်မဟုတ်ပါ။ ဗျတ္တိဗလပြည့်စုံသော တပည့်တို့ အား သာသနာတော်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ဖို့ရာ နှလုံးသွင်းဖြင့် ပြောဆိုခြင်းဖြစ် သည်။ အပ်ပါသည်" ဟု မိန့်ဆိုလေသည်။ အရှင်သီဝလိထေရ်က - "အကျိုးလိုလား၍ ပြောကြားခြင်းဖြစ်သည်၊ မလိုက်နာဘဲကျင့်သုံးလျှင် သံဃကံကို သီးခြားပြုတော့မည်" ဟု မိန့်ဆို၍ ကွဲပြန်လေသည်။ ထိုနေ့မှစ၍ ပုဂံပြည်တွင် -

၁။ သုဝဏ္ဏဘူမိ သထုံမှလာသော အရှင်အရဟံအနွယ် သံဃာတစ်စု

၂။ အရှင်မဟာသီဝလိအနွယ် သံဃာလည်းတစ်စု

၃။ အရှင်တာမလိန္ဒအနွယ် သံဃာလည်းတစ်စု

၄။ အရှင်အာနန္ဒာအနွယ် သံဃာလည်းတစ်စု

ဤသို့လေးစုသော သံဃာတို့သည် လေးဂိုဏ်းကွဲကြသည်။

## ပုရိမသံဃာ၊ ပစ္ဆိမသံဃာ

သုဓမ္မပူရ သထုံမှ ရှေးဦးစွာရောက်လာသော အရှင်အရဟံအနွယ်သံဃာများကို ပုရိမသံဃာ (ပုရိမဂိုဏ်း)၊ သီဟိုဠ်က နောက်မှရောက်လာသော သံဃာသုံးစုကို ပစ္ဆိမသံဃာ (ပစ္ဆိမဂိုဏ်း) ဟူ၍ ခေါ်ဆိုကြသည်။ ဤသို့လျှင် ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်တွင် သံဃာဂိုဏ်းကွဲများ ပေါ်ပေါက်လာခဲ့သည်။ သီဟိုဠ်မှကြွလာသော မထေရ်သုံးပါးတို့တွင် အရှင်သီဝလိ၊ အရှင်တာမလိန္ဒနှစ်ပါးသည် သက်တော်ရှည်သရွေ့ သာသနာတော်ကို ချီးမြှောက်ပြီး ကံအလျောက် လွန်တော်မူကြသည်။ အရှင်အာနန္ဒာထေရ်သည် ၅၄ နှစ်ပတ်လုံး သာသနာတော်ကို ထွန်းလင်းစေသည်ဟု မှန်နန်းရာဇဝင်၌ ရေးသားထားသည်။ (ပ တွဲ၊ နှာ - ၃၂၄)

## ပုဂံခေတ်ရေး ကျမ်းစာများ

ပုဂံ၌ ပရိယတ္တိသာသနာကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ အရပ်သူ အရပ်သားပင် စာပေများသင်ကြားခဲ့ကြသည်။ ရှင်ဘုရင်ကလည်း စာချသည်။ သာသနာ့ဝင် သာသနာသမိုင်းများ၌ ပုဂံခေတ်သံဃာတော်တို့ ဘွဲ့မည်ကို အနည်းငယ်သာ ဖော်ပြနိုင်ကြသည်။ ပုဂံကျောက်စာများကိုကြည့်လျှင် ပုဂံခေတ်တွင် ထင်ရှားသောဘွဲ့အမည်များကို တွေ့နိုင်သည်။ မြစေတီကျောက်စာဟု ထင်ရှားသော ရာဇကုမာရကျောက်စာ၌လည်း ရဟန်းတော်များ၏ ဘွဲ့မည်များကို တွေ့နိုင်သည်။ သက္ကရာဇ် ၅၇၅ ခုနှစ်ထိုး၊ သင်လျှင်အိုကပ်သင်ချင်ကျောက်စာတွင် "မင်းဆရာသုခမိန်ကြီး ငါးယောက်၊ သခင်နယဂမ္ဘီ တစ်ယောက်၊ သခင်တိလောကသာရ တစ်ယောက်၊ သခင်ပညာဝိလာသ တစ်ယောက်၊ သခင်ဒိသာပါမောက္ခ တစ်ယောက်၊ သခင်အဂ္ဂပဏ္ဍိတ် တစ်ယောက်"ဟု မှတ်တမ်းတင်ထားရာ ကျော်ကြားထင်ရှားသော သံဃာတော်များ အများပင်ရှိခဲ့ပါသည်။

ပုဂံခေတ်ရေး ကျမ်းစာများကို တွေ့ရသမျှ ဖော်ပြရလျှင် -

| | | |
|---|---|---|
| ၁။ | သီမာလင်္ကာရ | အရှင်သဒ္ဓမ္မဇောတိပါလ |
| ၂။ | သင်္ခေပဝဏ္ဏနာ | ။ |
| ၃။ | နာမစာရဒီပက | ။ |
| ၄။ | ပရမတ္ထဝိန္ဒုဋီကာ | အရှင်မဟာကဿပ |
| ၅။ | မဟာဗောဓိဝင်ဋီကာ | ပေါင်လောင်အရှင်ကဿပ |
| ၆။ | တထာဂတုပ္ပတ္တိ | အရှင်ဉာဏဓမ္မ |
| ၇။ | ဗုဒ္ဓဃောသုပ္ပတ္တိ | အမည်မသိထေရ် |

| | | |
|---|---|---|
| ၈။ | လောကုပ္ပတ္တိပကာသနီ | အရှင်အဂ္ဂပဏ္ဍိတ |
| ၉။ | သင်ပျင်ဋီကာ | သံပျင်အမတ် |
| ၁၀။ | မုခမတ္တဒီပနီ | အရှင်ဂုဏသာရ |
| ၁၁။ | မုခမတ္တသာရဋီကာ | အရှင်ဂုဏသာရ |
| ၁၂။ | သုတ္တနိဒ္ဒေသ | အရှင်ဆပဒ |
| ၁၃။ | သဒ္ဒနီတိ | အရှင်အဂ္ဂဝံသ |
| ၁၄။ | သမ္ဗန္ဓစိန္တာဋီကာ | အရှင်တိပိဋကဓရ အဘယ |
| ၁၅။ | ကာရိကာစာကိုယ် | အရှင်ဓမ္မသေနာပတိ |
| ၁၆။ | သဒ္ဒတ္ထဘေဒစိန္တာ | အရှင်သဒ္ဓမ္မသိရိ |
| ၁၇။ | သဒ္ဒတ္ထဘေဒစိန္တာဋီကာ | အရှင်တိပိဋကဓရ အဘယ |
| ၁၈။ | ကစ္စာယနသာရ | အရှင်ယသ |
| ၁၉။ | ကစ္စာယနသာရဋီကာဟောင်း | အရှင်သဒ္ဓမ္မဝိလာသ |
| ၂၀။ | ဗာလာဝတာရ | အရှင်သဒ္ဓမ္မကိတ္တိ |
| ၂၁။ | ဗာလာဝတာရဋီကာ | အရှင်ဥတ္တမ |
| ၂၂။ | ဝစ္စဝါစကစာကိုယ် | အမည်မသိ |
| ၂၃။ | သဒ္ဒဗိန္ဒု | ကျစွာမင်း |
| ၂၄။ | ပရမတ္ထဗိန္ဒု | |

ဤကျမ်းများကား ပုဂံခေတ် ပုဂံဆရာတော်များ ပြုစုခဲ့သော ကျမ်းများဖြစ်ပါသည်။ ပုဂံခေတ် ပုဂံသာသနာသမိုင်းကို ဤမျှဖြင့် နိဂုံးချုပ်အပ်ပါသတည်း။

## သရေခေတ္တရာ သာသနာ

"သိရိခေတ္တရာပျက်ပြီးခါလျှင်၊ ပေါက္ကာရာမ နဂရဝယ်၊ သမုတိရာဇ် ပြည်သစ်စိုးငြား" ဟူသော ရာဇဝင်ချုပ်လင်္ကာအရ သရေခေတ္တရာပျက်ပြီးမှ ပုဂံကိုတည်ခဲ့သည်။ ပုဂံသာသနာသမိုင်းရှေ့က သရေခေတ္တရာသာသနာသမိုင်းကို ဘာကြောင့် မရေးသလဲဟု စောဒကတက်စရာ ရှိပါသည်။

သရေခေတ္တရာပျက်ပြီးမှ ပုဂံမြို့တည်ခဲ့သည်ကား မှန်ပါသည်။ သာသနာသည် သထုံမှ ပိဋကတ်တော်များပါ အပြည့်အစုံရောက်လာသည်။ ပုဂံသည် သမိုင်းတစ်လျှောက်တွင် ကိုးကွယ်ခဲ့သော အရည်းကြီးတို့အယူကိုစွန့်၍ စစ်မှန်သော ဗုဒ္ဓဘာသာသို့ ပြောင်းခဲ့ရာ

သာသနာသမိုင်းတွင် အရေးပါသော ဖြစ်ရပ်များ များစွာရှိခဲ့သည်။ ထို့ကြောင့် ပုဂံသာသနာကို ရှေးဦးစွာ ရေးရခြင်း ဖြစ်ပါသည်။

သရေခေတ္တရာ သာသနာသမိုင်းကို သာသနာလင်္ကာရစာတမ်း သာသနဝံသပ္ပဒီပိကာ ဝံသဒီပနီစသော ကျမ်းများ၌ သက္ကရာဇ် ၄၃၃ ခုနှစ်၊ ကြက်တခေါင်းစား ငတပါးမင်းလက်ထက် ရဟန္တာငါးရာရှိကြောင်းကို ရေးကြသည်။ ကိုးတိုင်း၊ ကိုးဌာန သာသနာပြုစေလွှတ်ရာတွင် ဝါနဝါသီတိုင်းတွင်ပါဝင်၍ အရှင်ရက္ခိတထေရ်ကြွ၍ သာသနာပြုကြောင်းကိုသာ ရေးသားကြသည်။

ဤဗုဒ္ဓသာသနာ့သမိုင်း၌ နရိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်နန္ဒမာလာ (ဆုံထား) ဆရာတော် ပါဠိဘာသာဖြင့် ရေးသားထားသော သာသနသုဒ္ဓိဒီပကပါဠ်၌ ဖော်ပြထားသော သရေခေတ္တရာ သာသနာ့သမိုင်းကို ဖော်ပြပါမည်။

## အရှင်သဒ္ဓမ္မဇ္ဇောတိထေရ်

သာသနာတော် ၁၉၈၆၊ ကောဇာသက္ကရာဇ် ၈၀၄ ခုနှစ်သို့ရောက်သောအခါ သရေခေတ္တရာပြည်၌ တိပိဋကဓရ သီလ အစရှိသောဂုဏ်နှင့် ပြည့်စုံတော်မူသော အရှင်သဒ္ဓမ္မဇ္ဇောတိထေရ် သီတင်းသုံးတော်မူသည်။ ထိုအရှင်မြတ်၏ ရှင်အရိယဝံသ၊ ရှင်မဟာသာမိဟု တပည့်နှစ်ပါးရှိသည်။ ပိဋကတ်သုံးပုံ၌ လိမ္မာကျွမ်းကျင် ဆောင်စွမ်းနိုင်သော အရှင်များဖြစ်သည်။ အရှင်မဟာသာမိထေရ်သည် သီဟိုဠ်သို့ကြွ၍ သီဟိုဠ်ကျွန်း၌ သီတင်းသုံးကြသော သီလဝန္တ (သီလရှိသော) ရဟန်းတို့ကို ပင့်ဖိတ်၍ပြန်လာသည်။ တရုတ်မော်သို့ရောက်သောအခါ သိက္ခာထပ်၍ အစဉ်သဖြင့် မဟာထေရ်အဖြစ်သို့ ရောက်တော်မူသည်။ မြန်မာနိုင်ငံ သရေခေတ္တရာမြို့၌ သီတင်းသုံး၍ သာသနာပြုတော်မူသည်။

## အရှင်အတုလဝံသ

အရှင်မဟာသာမိထေရ်၏ တပည့်နှစ်ပါးရှိသည်။ အရှင်သဒ္ဓမ္မပါလနှင့် အရှင်အတုလဝံသဖြစ်သည်။ ထိုတပည့်နှစ်ပါးလုံး တိပိဋကဓရ သီလဝန္တ လဇ္ဇီပေသလ (သီလချစ်မြတ်နိုးသော) အရှင်မြတ်တို့ဖြစ်သည်။ အရှင်ဒ၊တုလဝံသသည် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မဟာသာမိထံ ပဉ္စင်းဖြစ်သောအခါမှစ၍ အထူးထူးသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု လက်သန်း ကျမ်းဂန်တို့ကို သင်ကြားဆည်းပူးခဲ့သည်။ အင်းဝ၊ စစ်ကိုင်း၊ ပင်းယစသောမြို့များသို့ကြွ၍ သီလဝန္တဖြစ်သော မဟာထေရ်တို့ထံ ဆည်းကပ်၍ ကျမ်းဂန်များကို သင်ယူပြီး သရေခေတ္တရာသို့ ပြန်ကြွခဲ့သည်။ သရေခေတ္တရာမြို့တောင်အရပ် ကွမ်းမစား

ချောက်အမည်ရှိသောအရပ်၌ တောရကျောင်းတွင် သီတင်းသုံးတော်မူသည်။ သိရိသဒ္ဓမ္မ သေနာပတိ တိပိဋကဓရ အတုလဝံသဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။ တောရကျောင်း၌ သီတင်းသုံးတော်မူပြီး ပရိယတ္တိစာပေကျမ်းဂန်များ ပို့ချလျက် ပဋိပတ္တိ သာသနာကို ကောင်းစွာအားထုတ်၍ နေတော်မူသည်။ ထိုမထေရ်မြတ်ထံတော်၌ များစွာ သော မြို့ရွာနိဂုံးတို့မှ လာရောက်ကြသော များစွာသောရဟန်းတို့သည် စာပေကျမ်းဂန်များ ကို သင်ယူကြလေသည်။

အရှင်သဒ္ဓမ္မပါလ

အရှင်သဒ္ဓမ္မပါလထေရ်သည်လည်း အရှင်အတုလဝံသထေရ်ကဲ့သို့ များစွာသော မြို့ရွာနိဂုံးတို့မှ လာရောက်ကြသောရဟန်းတို့ကို သရေခေတ္တရာမြို့ အနောက်တောင်ထောင့် "အပ္ပဝန" အမည်ရှိသောအရပ်၌ သီတင်းသုံးတော်မူ၍ စာပေကျမ်းဂန်များကို ပို့ချပေးတော် မူသည်။ ပဋိပတ္တိသာသနာကိုလည်း ချီးမြှောက်တော်မူသည်။ မီးပုံကြီးပမာ သာသနာတော် ကို ထွန်းလင်းတောက်ပစေသည်။ ထိုအရှင်သည် အထူးအားဖြင့် (ဝိနယဂရုက) ဝိနည်းကို ပို၍အလေးအမြတ်ပြုတော်မူသည်။

မဟာသဒ္ဓမ္မသာမိထေရ်

အရှင်အတုလဝံသထေရ်၏ထံတော်၌ အထူးထူးသော ကျမ်းဂန်တို့ကို သင်ယူနေ သော အရှင်ရတနရံသီထေရ်သည် ငယ်ရွယ်စဉ်ကပင် တိပိဋကဓရ (ပိဋကတ်သုံးပုံဆောင်) ဖြစ်သည်။ နောက်၌ "မဟာသဒ္ဓမ္မသာမိ" ဟူသောဘွဲ့တော်ကို ခံယူလျက် သရေခေတ္တရာ မြို့၌ သာသနာတော်ကို ထွန်းလင်းစေသည်။ ဘုန်းတန်ခိုးလည်း အလွန်ကြီးတော်မူသည်။ ထိုမထေရ်မြတ်ထံ လာရောက်၍ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ တတ်ကျွမ်းလိမ္မာသော ရဟန်းများကား အလွန်များလှသည်။ အထူးထူးသော ကျမ်းဂန်တို့ကို သင်ကြား၍ မင်းဆရာ အဖြစ်သို့ရောက်ကုန်သော မထေရ်တို့ကား -

အရှင်သဂ္ဂဏာဓိဂမ

အရှင်သဒ္ဓမ္မာလင်္ကာရ

အရှင်သုဓမ္မာလင်္ကာရ

အရှင်အဘိသင်္ကေတသာရ - လေးပါးတို့တည်း။ အရှင်သဂ္ဂဏာဓိဂမသည် ဟံသာဝတီပြည် ဆင်ဖြူရှင်မင်း မိဖုရားကြီး၏ဆရာတော် ဖြစ်တော်မူသည်။ အရှင်သဒ္ဓမ္မာ လင်္ကာရသည် ဟံသာဝတီပြည့်ရှင် ဆင်ဖြူရှင်မင်းမြတ်မြေးတော်၏ဆရာ ဖြစ်တော်မူသည်။

အရှင်သုဓမ္မာလင်္ကာရသည် ဟံသာဝတီပြည်သို့ရောက်၍ သဒ္ဒမ္မစက္ကသာမိဟူသော ဘွဲ့တော်ကိုခံယူ၍ နောင်တွင် ဇင်းမယ်မြို့မင်းမြတ်၏ဆရာ ဖြစ်တော်မူသည်။

အရှင်အဘိသင်္ကေတသာရထေရ်သည် အရှင်မဟာဓမ္မသာမိမထေရ်ထံ အထူးထူးသော ကျမ်းဂန်တို့ကို သင်ယူ၍ အလွန်အကြားအမြင်ဗဟုသုတပြည့်စုံသောကြောင့် သရေခေတ္တရာမြို့ဟောင်း သတိုးဓမ္မရာဇာမင်း၏ဆရာ ဖြစ်တော်မူသည်။ ထိုမထေရ်မြတ်၏ အထံ၌ ပိဋကတ်ကျမ်းဂန်တို့ကို သင်ကြား၍ ကျမ်းတတ်ဆရာတော်အဖြစ်သို့ ရောက်ကုန်သောရဟန်းများကား အလွန်များလှပါသည်။ ထင်ရှားသောတပည့်များကား -

၁။ အရှင်စက္ကာဘိရာမထေရ်

၂။ အရှင်မဟာဓမ္မသာမိထေရ်

၃။ အရှင်တိပိဋကာလင်္ကာရထေရ် တို့ဖြစ်သည်။

အရှင်တိပိဋကလင်္ကာရထေရ်ကား နောင်တွင် တောင်ဖီလာဆရာတော်ဟု ထင်ရှားတော်မူသည်။ ဤကား သာသနသုဒ္ဓိဒီပကပါဠိတွင် ရေးသားထားသော သရေခေတ္တရာ သာသနာဝင်၏ဆရာစဉ်ဖြစ်ပါသည်။ သရေခေတ္တရာသာသနာသမိုင်းကို ဤမျှဖြင့် နိဂုံးချုပ်အပ်ပါသည်။

ရာမညတိုင်း သာသနာ

ရှေးခေတ်မြန်မာ့သမိုင်းကိုကြည့်လျှင် မြန်မာနိုင်ငံ၌ ရာမညတိုင်း၊ ယောနကတိုင်း၊ သုနာပရန္တတိုင်း၊ သမ္ဗဒီပတိုင်းဟူသော တိုင်းအမည်များကို တွေ့နိုင်သည်။ ရာမညတိုင်းသည် -

ကုသိမ မဏ္ဍလ၊ ဟံသာဝတီမဏ္ဍလ၊ မုတ္တမ မဏ္ဍလ သင်္ခါတေသု

တိသုရာမည မဏ္ဍလေသု - ဟူသော ကလျာဏီကျောက်စာ (ပါဠိ ၁၄) အရ ကုသိမ မဏ္ဍလခေါ် ကုသိမ် (ပုသိမ်) ၃၂ မြို့၊ ဟံသာဝတီမဏ္ဍလခေါ် ဟံသာဝတီ ၃၂ မြို့၊ မုတ္တမမဏ္ဍလခေါ် မုတ္တမ ၃၂ မြို့သည် ရာမညတိုင်း ဖြစ်သည်။

၁။ သထုံ၊ မုတ္တမ စသော ရာမညတိုင်း အစိတ် သုဝဏ္ဏဘူမိ

၂။ ဒဂုံ၊ ဒလ စသော ရာမညတိုင်း အစိတ် ကုသိမရဋ္ဌ

၃။ ပုသိမ်၊ မြောင်းမြ စသော ရာမညတိုင်း အစိတ် ကုသိမရဋ္ဌ - ဟု ရာမညတိုင်းမွန်သုံးရပ်ဟုလည်း ခေါ်ကြသည်။ အတူတူပင်ဖြစ်သည်။ သုဝဏ္ဏဘူမိ၊ ဥက္ကလာပတို့သည် ရာမညတိုင်းပင်ဖြစ်သည်။ သုဝဏ္ဏဘူမိနှင့် ဥက္ကလာပသာသနာ့သမိုင်းကို ဖော်ပြခဲ့ပေပြီ။ သာသနာတော်နှစ် ၂၀၀၂ နှစ်၊ ကောဇာသက္ကရာဇ် ၈၂၀ ပြည့်နှစ် ဟံသာဝတီပြည်၌

သီရိပရမ မဟာဓမ္မရာဇာဓိရာဇာဘွဲ့ခံ ရာမာဓိပတိမင်း နန်းတက်ခဲ့သည်။ ထိုမင်းသည် ပိဋကတ်သုံးပုံ၊ ဗေဒင်ကျမ်း၊ တက်ကျမ်း၊ ဗျာကရုဏ်ကျမ်း၊ ဆန်း အလင်္ကာ ဟူရားဂဏန်း အတတ်မှစ၍ လောကုတ္တရာ လောကီနှစ်လီသောကျမ်းတို့ကို တတ်သည်ဟု ကလျာဏီ ကျောက်စာ၌ ဆိုထားသည်။ (ကျောက်စာပါဠိ ၁၄)၊ အရှင်ဓမ္မဓရဟူသော ရဟန်းဘဝမှ လူဝတ်လဲလာရာ ကျမ်းဂန်များတတ်သည်ဟုဆိုခြင်းမှာ အမှန်ပင်ဖြစ်သည်။

မိဖုရားကြီးရှင်စောပုသည် သက္ကရာဇ် ၈၁၄ ခုနှစ်တွင် ဗညားထောဘွဲ့ဖြင့် နန်းတက်ခဲ့သည်။ ကိုရင်ဘဝကစ၍ သားရင်းပမာ စောင့်ရှောက်ခဲ့သော ရှင်ဓမ္မဓရကို လူဝတ်လဲစေပြီး သမီးတော် နဲ့တကာသင်နှင့် စုံဖက်၍ အိမ်ရှေ့အရာပေးသည်။

ရှင်ဓမ္မဓရ လူထွက် သမက်တော် အိမ်ရှေ့မင်းကို ဘုရင်မရှင်စောပုသည် သက္ကရာဇ် ၈၂၀ ပြည့်နှစ်လောက်ကစ၍ တိုင်းရေးပြည်ရေး အုပ်ချုပ်ရန် လွှဲအပ်ခဲ့သည်။ ထို့ကြောင့် အထက်တွင် ၈၂၀ ဟု ရေးခဲ့ပါသည်။ သာသနာတော် ၂၀၁၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၈၃၃ ခုနှစ်သို့ရောက်မှ မင်းအဖြစ်သို့ ရောက်သည်ဟုဆိုသည်။ (ကလျာဏီကျောက်စာ မြန်မာပြန်၊ နှာ ၃၀)

### သာသနာအတွက် စဉ်းစားချက်

ဟံသာဝတီပြည့်ရှင် ရာမာဓိပတိမင်းသည် တစ်နေ့သောအခါ သာသနာတော်၌ ရဟန်းတစ်ပါးဖြစ်ရေးနှင့် စပ်လျဉ်း၍ စဉ်းစားလေသည်။ သာသနာတော်၌ ရဟန်းတစ်ပါး ဖြစ်ရန် -

၁။ ဝတ္ထုသမ္ပတ္တိ - ပဉ္စင်းလောင်း၏ပြည့်စုံခြင်း
၂။ ဉတ္တိသမ္ပတ္တိ - ဉတ်၏ပြည့်စုံခြင်း
၃။ အနုသာဝနသမ္ပတ္တိ - ကမ္မဝါစာ၏ပြည့်စုံခြင်း
၄။ ပရိသ သမ္ပတ္တိ - ပရိသတ်၏ပြည့်စုံခြင်း
၅။ သီမာသမ္ပတ္တိ - သိမ်၏ပြည့်စုံခြင်း ဟု အင်္ဂါငါးပါး စုံညီမှ ရဟန်း စစ်စစ်တစ်ပါး ဖြစ်နိုင်သည်။ ထိုငါးပါးတို့တွင် ဝတ္ထု၊ ဉတ္တိ၊ အနုသာဝန သုံးပါးကား မြော်ရှု လေ့လာက သိနိုင်လောက်၏။ ပရိသတ်နှင့်သိမ်တို့ကား တိမ်မြုပ်ကွယ်ဝှက်၍ သိဖို့ရန် ခဲယဉ်းသည်။ ထိုနှစ်ပါးတွင် သိမ်သည် ပဓာနဖြစ်သည်။ ရာမညဒေသရှိသိမ်တို့ကို လေ့လာကြည့်ရှုလျှင် သန့်ရှင်းမှုမရှိဘဲ၊ သိမ်ပျက်လက္ခဏာသာထင်လေသည်ဟု ဆင်ခြင် စဉ်းစားလေသည်။ ရာမာဓိပတိခေါ် ဓမ္မစေတီမင်းကြီးသည် သာသနာတော်၌ စစ်မှန်သော

သိမ်များဖြစ်ပေါ်ရေးအတွက် အရှင်မောဂ္ဂလာန်စသော နှစ်ကျိပ်နှစ်ပါးသော မထေရ်များကို ပင့်ဖိတ်၍ ဤသို့ တောင်းပန်လျှောက်ထားလေသည်။

"အရှင်မြတ်တို့ဘုရား၊ ရာမညတိုင်း၌ ပဥ္စင်းဖြစ်သည်မှာ ယုံမှားဖွယ် ရှိပါသည်။ ပဥ္စင်းခံရာသိမ်များကို စိစစ်ကြည့်လျှင် သန့်ရှင်းသောလက္ခဏာမရှိ၊ သိမ်ပျက်လက္ခဏာသာ ထင်ပါသည်။ သီဟိုဠ်ကျွန်း၌ကား မဟာဝိဟာရဝါသီရဟန်းတော်များ အနွယ်အဆက် သန့်ရှင်းသောဂိုဏ်းသံဃာရှိပါသည်။ အရှင်ဘုရားများ သီဟိုဠ်ကြွတော်မူကြပြီး၊ မဟာဝိဟာရဝါသီ သံဃာများဖြင့်ကလျာဏီမြစ်၌ ဥဒကုက္ခေပသိမ်စီရင်၍ ပဥ္စင်းခံတော်မူကြပါ၊ သီဟိုဠ်ကျွန်း၌ ပဥ္စင်းအဖြစ်ဟူသော သာသနာတော်မျိုးစေ့ကို ပျိုးခဲ့၍ ရာမညတိုင်း၌ အမျိုးသားကောင်းများ ပဥ္စင်းခံပေးပါလျှင် သာသနာတော် အနှစ်ငါးထောင် တည်ပါလိမ့်မည်။ သီဟိုဠ်သို့ကြွတော်မူကြပါ" - ဟုတောင်းပန်လျှောက်ထားလေသည်။ ဆရာတော်များက သီဟိုဠ်ကြွရန် ဝန်ခံသောအခါ လက်ဆောင်ပဏ္ဏာများ စီစဉ်၍ ပေးပြီးလျှင် သက္ကရာဇ် ၈၃၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် (တနင်္ဂနွေနေ့) တွင် သင်္ဘောစီးရန် ယောဂ အမည်ရှိသောမြစ်ဝသို့ ရောက်သည်။ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့တွင် သမုဒ္ဒရာသို့ သင်္ဘောထွက်သည်။

ထိုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်နေ့တွင် သီဟိုဠ်ကျွန်း ကလမ္ဗု ဆိပ်ကမ်းသို့ သင်္ဘောကပ်သည်။

သီဟိုဠ်မင်းကြားသိသောအခါ မဟာထေရ်တစ်ကျိပ်တစ်ပါးနှင့်အတူ ပါလာသော စိတြတမန်တို့ကို ခရီးဦးကြိုဆိုသည်။ ရာမာဓိပတိမင်းပေးအပ်လိုက်သော လက်ဆောင်ပဏ္ဏာများဆက်သပြီး ပေးလိုက်သောသဝဏ်လွှာကို ဖတ်ကြားပြသောအခါ လွန်စွာဝမ်းမြောက်၍ မထေရ်များအား တဲနေရာချထား၍ ဆွမ်းကွမ်းများဆက်ကပ်သည်။

ရာဇတမန်စီးသော သင်္ဘောလှေသည် လမ်းတွင်လေဘေးနှင့် ရင်ဆိုင်ခဲ့ရ၍ တန်ခူးလဆန်း ၉ ရက် (တနင်္ဂနွေနေ့) မှ သီဟိုဠ်ကျွန်းဝလ္လိဂ္ဂါသို့ရောက်သည်။ သီဟိုဠ်မင်းညီတော်ထံမှ သွားခွင့်မရ၍ ငံ့လင့်နေကြရသည်။ သက္ကရာဇ် ၈၃၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင်မှ အခွင့်ရသဖြင့် မထေရ်တစ်ကျိပ်တစ်ဦးနှင့် ရာဇတမန်တို့ ဝလ္လိဂ္ဂါမှထွက်ခဲ့ရာ ဝါဆိုလပြည့်ကျော် ၈ ရက်တွင် ဇယဝဍ္ဎနမြို့သို့ ရောက်ကြသည်။ သီဟိုဠ်မင်းသည် ရောက်လာသောအခါ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်မေးမြန်း၍ ဆွမ်း၊ ပစ္စည်း၊ ရိက္ခာ လုံလောက်အောင် လှူဒါန်းသည်။

### ကလျာဏီမြစ်၌ ရဟန်းခံ

ရာမာဓိပတိမင်း မှာလိုက်သောအတိုင်း ကလျာဏီမြစ်၌ လှေဖောင်ဖွဲ့ပြီး မဟာဝိဟာရ အနွယ် မထေရ်နှစ်ကျိပ်လေးပါးပင့်ဆောင်၍ ရာမညတိုင်းသားတပည့် နှစ်ကျိပ်နှစ်ပါးနှင့် မထေရ်နှစ်ကျိပ်နှစ်ပါးတို့ကို ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့တွင် ပဥ္စင်းခံတော်မူ ကြသည်။ သီဟိုဠ်မင်းသည် ရဟန်းခံပြီးလျှင် များစွာသော ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းသည်။

အရှင်ဘုရားတို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ခြင်းဖြင့် အားရရောင့်ရဲခြင်းမရှိ ပါ။ လှူဖွယ်ပစ္စည်းသည် မကြာမီပျက်စီးနိုင်ပါသည်။ တစ်သက်ပန် အရှည်တည်တံ့သော ဘွဲ့တံဆိပ်အလှူကို ပေးလှူလိုပါသည်ဟု လျှောက်ထားပြီး မထေရ်ကြီးနှစ်ကျိပ်နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည်။

ဓမ္မစေတီမင်းသည် သီဟိုဠ်မှပြန်ကြွလာသော မထေရ်တို့ကို ကြိုဆို၍ ဟံသာဝတီ သို့ပြန်ရောက်သောအခါ မထေရ်များအား သိမ်သမုတ်ရန် လျှောက်ထားသည်။ သိမ်သမုတ် ရန် စီစဉ်ပြီးသောအခါ ကလျာဏီသိမ်တော်ကြီးကို သမုတ်စေသည်။ သီဟိုဠ်ကျွန်းကလျာဏီ မြစ် ဥဒကုက္ခေပသိမ်၌ ပဥ္စင်းခံခဲ့သော ရဟန်းတော်များသမုတ်သောကြောင့် "ကလျာဏီ သိမ်" ဟု အမည်ပေးလေသည်။ (အကြောင်းအရာ အပြည့်အစုံကို ကလျာဏီကျောက်စာ မြန်မာပြန်တွင်ကြည့်ပါ။)

### ကလျာဏီ ကျောက်စာ

မဓမ္မစေတီမင်းကြီးသည် ကလျာဏီသိမ်တော်ကို သက္ကရာဇ် ၈၃၀၊ နတ်တော်လဆန်း ၈ ရက် တနင်္ဂနွေနေ့တွင် သမုတ်၍ပြီးသည်။ သမုတ်ပြီးသောအခါ ထိုသိမ်၌ ၈၄၁ ခုနှစ် အထိ ရဟန်းပေါင်း ၁၅၆၆၆ ပါးကို ရဟန်းခံပေးခဲ့သည်။ ထိုကလျာဏီသိမ်၏ သိမ်သမိုင်းကို ပါဠိဘာသာဖြင့် အမြင့် ၇ ပေ၊ အကျယ် ၄ ပေ၊ ထု ၁ ပေ ၃ လက်မ၊ စာကြောင်းရေ ၇၅ ရှိ ကျောက်စာတိုင်ကြီး ၃ တိုင် ၆ မျက်နှာအပြည့် ရေးထိုးထားသည်။ မွန်ဘာသာဖြင့် ၇ တိုင် ၁၄ မျက်နှာအပြည့် ရေးထိုးခဲ့သည်။ ယင်းသို့ရေးထိုးရာ၌ ကလျာဏီသိမ်သမုတ်ခြင်း ကိုသာ ရေးထိုးခဲ့သည်မဟုတ်ပေ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် မဇ္ဈိမ ဒေသ ဗုဒ္ဓသာသနာသမိုင်းနှင့် သထုံသာသနာဝင်၊ ပုဂံသာသနာဝင်၊ သီဟိုဠ်သာသနာဝင် သမိုင်းများကို ရေးသားထားရာ သာသနာဝင်၊ သာသနာ့သမိုင်းကို ဦးဦးဖျားဖျား ရေးသား ပြုစုထားသော သာသနာ့သမိုင်း ကျောက်စာကြီးပင်ဖြစ်သည်။ ထို့ကြောင့်ပင် သာသနာ လင်္ကာရစာတမ်း ဝံသဒီပနီ သာသနဝံသပ္ပဒီပိကာ စသောကျမ်းများသည် ကလျာဏီ ကျောက်စာကိုပင် အမှီပြု၍ ရေးသားခဲ့ကြရသည်။ မြန်မာအက္ခရာ ပါဠိဘာသာဖြင့်

ရေးထိုးထားသော ကလျာဏီကျောက်စာပါဠိနှင့် ရှေးဆရာတော်များရေးသားထားသော ကလျာဏီကျောက်စာနိဿယကို ရေးသားပုံနှိပ်ခဲ့သည်။ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဘုရားဖြူဆရာတော်က တည်းဖြတ်၍ သုဓမ္မဝတီစာပုံနှိပ်တိုက်၌ ၁၉၃၈ ခုနှစ်တွင် ရိုက်နှိပ်ဖြန့်ချိခဲ့သည်။ တောင်တွင်းကြီးဆရာတော်ခင်ကြီးဖျော်၏ ကလျာဏီကျောက်စာ မြန်မာပြန်ကို ပိဋကဇဗ္ဗူဟာအဖွဲ့က ရိုက်နှိပ်၍ ဖတ်ရှုခွင့်ရခဲ့ရသည်။

ဓမ္မစေတီမင်းကြီးသည် ကလျာဏီသိမ်တော်ကြီးကိုသာ သမုတ်ခဲ့သည်မဟုတ်ပေ။ ဟံသာဝတီနေပြည်တော်ပတ်ဝန်းကျင်၌ သိမ်ပေါင်း ၃၉၇ သိမ်သမုတ်ခဲ့ကြောင်း မွန်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာတွင် ဖော်ပြထားသည်။ သာသနာတော်၏ ပဓာနဖြစ်သော သိမ်ကို သမုတ်ရန် ဦးဆောင်၍ စင်ကြယ်သော ရဟန်းများဖြစ်အောင် ဆောင်ရွက်သာသနာပြုခဲ့သော ဓမ္မစေတီမင်းကြီး၏ ရာမညသာသနာဝင်ကို ဤတွင် နိဂုံးချုပ်အပ်ပါသတည်း။

ပင်းယ သာသနာ

သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ပင်လယ်တစ်စီးရှင်သီဟသူ ပင်းယမြို့ကိုတည်သည်။ မြို့တည်ပြီးနောက် ၂ နှစ်ရှိသောအခါ စမုန်မြစ်ဝယ် ဆင်ဖြူအမအသေတစ်ကောင် မျှောလာသည်။ ထိုဆင်ဖြူအမတစ်စီးရ၍ 'တစ်စီးရှင်' ဟု တွင်သည်။ ထိုမင်းလက်ထက် ပုဂံမှ ပြေးလာသော အရည်းကြီးတို့မှ ကြွင်းကျန်သော အရည်းရှင်ယောင်တို့သာ ရှိသည်။ သီလဝန်၊ ဂုဏဝန်၊ လဇ္ဇီပေသလရဟန်းသံဃာများ မရှိပေ။ နောက်ရဟန္တာ အရှင်ဒိဗ္ဗစက်ရောက်လာ၍ လဇ္ဇီပေသလရဟန်းတော်များ ကိုးကွယ်ရသည်။ အရှင်ဒိဗ္ဗစက်ကို နန်းတော်၌ အမြဲဆွမ်းကပ်သည်။ အနော်ရထာမင်းစောလက်ထက်မှစ၍ မင်းစဉ်ကိုးကွယ်သော ကွမ်းခွက်တော်၌ ဌာပနာထားသည့် ဓာတ်တော် ခုနစ် ဆူအနက် ငါးဆူကို ရွှေစည်းခုံစေတီတော်တွင် ဌာပနာသည်။ ကျန် နှစ် ဆူကို ပုညအမတ်က စစ်ကိုင်းပုညရှင်စေတီတော်၌ ဌာပနာသည်။

စကား ခုနစ် ကျောင်း

တစ်စီးရှင်သီဟသူ ကွယ်လွန်သောအခါ သားတော်ကြီးအိမ်ရှေ့မင်းဥဇ္ဇနာ ပင်းယရွှေနန်းကို တက်တော်မူသည်။ ပင်းကျားအရပ်၌ စကား ခုနစ် ကျောင်းကို ဆောက်လုပ်လှူဒါန်းသည်။ သက္ကရာဇ် ၇၀၂ ခုနှစ်၌ ထိုကျောင်းများကို တင်လှူတော်မူသည်။

၁။ စမ္ပတမည်သော ကျောင်းမတော်ကို စာခိုပေသင်အမတ်သား အရှင်သုဓမ္မ မဟာသာမိအား တင်လှူသည်။ ထိုအရှင်ကား အရှင်အရဟံအနွယ်ပုရိမ သံဃာဂိုဏ်းဝင်ဖြစ်သည်။

၂။ ဝေဠုဝန်မည်သော အာရာမ်ကျောင်းတော်ကို အဘိဓမ္မာတတ်အရှင်ဉာဏဓဇ အား တင်လှူတော်မူသည်။ ထိုအရှင်လည်း အရှင်အရဟံအနွယ် ပုရိမသံဃာ ဂိုဏ်းဝင်ဖြစ်သည်။

၃။ ဇေတဝန်မည်သော အရာမ်ကျောင်းတော်ကို အဌကထာနှင့်တကွ ဝိနည်း ငါးကျမ်း၊ ဝါစုဂ္ဂတရသော အရှင်ဂုဏာဘိရာမအား တင်လှူသည်။ ထိုအရှင် ကား အရှင်အာနန္ဒာ၏အနွယ် ပစ္ဆိမဂိုဏ်းဝင်ဖြစ်သည်။

၄။ ကုလားကျောင်းမည်သော အရာမ်ကျောင်းတော်ကို အရှင်အာဒိစ္စရံသီအား တင်လှူသည်။ ထိုအရှင်လည်း အရှင်အာနန္ဒာအနွယ် ပစ္ဆိမဂိုဏ်းဝင်ဖြစ်သည်။

၅။ ရွှေကျောင်းမည်သော အရာမ်ကျောင်းတော်ကို အရှင်သုဓမ္မာလင်္ကာရအား တင်လှူသည်။ ထိုအရှင်လည်း အရှင်အာနန္ဒာအနွယ် ပစ္ဆိမဂိုဏ်းဝင်ပင် ဖြစ်သည်။

၆။ အိမ်နမ့်မည်သော အရာမ်ကျောင်းတော်ကို ယခင်ကျောင်းမတော်နေ ဆရာတော်၏တပည့်ရင်း ဆန်း၊ အလင်္ကာ၊ ကလာပ်၊ ဝိဒက်၊ ဒဏ္ဍီ၊ ဇာဟိ ဗေဒင်နှင့်တကွ သဒ္ဒါဉာဉ်ကျမ်းတတ်သော သက်ပန်း၊ မြင်စိုင်းအရပ်၌နေ သော သက်တော် ၂၂ နှစ်ရှိ အရှင်ဝရပတ္တအား တင်လှူသည်။ ကျောင်းမ တော်နေ ဆရာတော်နှင့် ဂိုဏ်းတူဖြစ်သည်။

၇။ တောင်စွန်းကျောင်းမည်သော အရာမ်ကျောင်းတော်ကို အရှင်ပုညဝါသီအား တင်လှူသည်။ ထိုအရှင်လည်း ကျောင်းမတော်နေဆရာ၏ အနွယ်ဖြစ်သည်။

စကားသားဖြင့်ဆောက်လုပ်၍ စကား ခုနစ် ကျောင်းဟု ခေါ်သည်။ ကျောင်းမတော် အရှေ့မြောက်အရပ်၌ မင်းကြီးကိုယ်တိုင် လက်တော်နှင့် ဗောဓိညောင်ပင်စိုက်တော်မူသည်။ စကားကျောင်းနေ ဆရာတော် ခုနစ်ပါးသည် သထုံနွယ် ရှေးသံဃာ၊ ပုဂံနွယ်နောက်သံဃာ အပါအဝင်ဖြစ်၍ သီလဝန်၊ ဂုဏဝန်၊ လဇ္ဇီပေသလသိက္ခာကာမဖြစ်သောကြောင့် မြင်စိုင်း၊ ပင်းယဝယ် သာသနာတော်စည်ပင်သန့်ရှင်း ထွန်းလင်းခဲ့သည်။ ထိုစကား ခုနစ်ကျောင်းမှ သက်ဆင်း၍ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝသို့ ပြန့်ပွားလေသော သံဃာကား ထောင်သောင်းမကရှိလေသည်။ သီဟိုဠ် သထုံအနွယ်အဆက်ကလာ၍ သန့်ရှင်းစင်ကြယ် သော သံဃာများဖြစ်ပါလျက် နောင်တွင် ကိဋ္ဌာဂီရိတိုင်းသား ဆဗ္ဗဂ္ဂီရဟန်းများကဲ့သို့

ယုတ်မာဆိုးသွမ်းကြ၍ ပွဲကျောင်းဂါမဝါသီဖြစ်ကြလေသည်။ သီလဝန္တ လဇ္ဇီပေသလရဟန်းများသည် စကားကျောင်းမှထွက်ခွာ၍ အခြားသင့်လျော်ရာဒေသတွင် နေထိုင်ကြလေသည်။ ယင်းသို့ ပွဲကျောင်းအဖြစ် ပြောင်းလဲခြင်းကား ဉဇ္ဇနာမင်းကြီးက ဝတ်မိုး၊ ဝတ်မြေအဖို့အစု အခွန်ဘဏ္ဍာများ လျှုဒါန်းခြင်းကြောင့်ဖြစ်သည်ဟု ကောက်ချက်ချကြသည်။

(ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်ကြီးသည် အဘိဓာန်ဋီကာ ပါဒစက်တော်ရာဘုရားရှိခိုး ၁၂ ဂါထာတို့ကို ရေးသားခဲ့သည်။ လောကနီတိကိုလည်း ထိုအမတ်ကြီးရေးသည်ဟု ပြောစဉ်ရှိသည်။ စတုရင်္ဂဗလအမတ်ကြီးအကြောင်း စာပေသမိုင်းများတွင် ကြည့်ပါ။)

## အင်းဝ သာသနာ

"ထိန့်ကျော်ဟိုးသတိုးဖျား" ဟူသော ရာဇဝင်လင်္ကာရ သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျားအင်းဝကို တည်ထောင်တော်မူသည်။ မြန်မာရာဇဝင်တွင် အင်းဝခေတ်အခန်းကဏ္ဍသစ်ကို ဖွင့်လှစ်ခြင်းပင်ဖြစ်သည်။ သတိုးမင်းဖျားလက်ထက် စစ်ကိုင်းချောက်၌ ရှင်ပျက်တစ်ယောက်သည် မုန့်သည်မ ငွေအပ်နှံထားသည်ကို မအပ်နှံပါဟု ပျက်ဝှက်ပြောဆိုသောကြောင့် ရဟန်းဖြစ်လျက် ပျက်ကွက်ရာသလောဟု လက်တော်ဖြင့်ကွပ်ပြီး နန်းကြမ်းပေါက်မှချလေသည်။ ထိုအကြောင်းကို ကြားကြ၍ ရှင်ပျက်ရှင်သွမ်းတို့ မဆိုးသွမ်းဝံ့ပေ။ သတိုးမင်းဖျားသည် ထီးနန်းသက်မရှည်၍ သာသနာအတွက် အထူးဆောင်ရွက်ချက်မရှိချေ။ အင်းဝခေတ်၌ ရေငုံဆရာတော်အရှင်မဟာအရိယဝံသ၊ အလင်္ကာဘွဲ့ရ ဆရာတော်သုံးပါးစသော ထင်ရှားသော ဆရာတော်များ ပေါ်ထွန်းခဲ့သည်။ ထိုဆရာတော်များ၏ အကြောင်းအရာကို ရေးလျှင် ရှည်လျားမည်ကြောင့် လျစ်လျူရှုရပါတော့မည်။ မြန်မာစာပေကို ဦးဆောင်ခဲ့သော အရှင်မဟာသီလဝံသ၊ အရှင်မဟာရဋ္ဌသာရ စသော ပုဂ္ဂိုလ်ကျော်များလည်း ပေါ်ထွန်းခဲ့ပါသည်။ ထိုအကြောင်းအရာများသည်လည်း စာပေသမိုင်းများတွင် ထင်ရှားပြီးဖြစ်သည်။

## အတင်ဂိုဏ်း၊ အရုံဂိုဏ်း ကွဲပြားခြင်း

အင်းဝခေတ် သာသနာသမိုင်းတွင် အမှတ်ထင်ထင် သမိုင်းတင်ခဲ့ရသောဖြစ်ရပ်ကား အတင်ဂိုဏ်းနှင့် အရုံဂိုဏ်းကွဲပြားခြင်းဖြစ်သည်။ အတင်ဂိုဏ်း၊ အရုံဂိုဏ်းကွဲပြားခြင်းကို သာသနာဝင်ကျမ်းများတွင်သာ မှတ်တမ်းတင်ခဲ့သည်မဟုတ်ပေ။ မှန်နန်းရာဇဝင် (တတိယတွဲ ၃၅၄)၊ မဟာရာဇဝင်ကြီး (တတိယတွဲ ၃၉၃) တို့တွင်လည်း မှတ်တမ်းတင်ခဲ့ကြ

သည်။ သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်၊ နန်းတက်သော မာရ်အောင်ရတနာစေတီတော် ဒါယကာမင်းလက်ထက်တွင် ဒုကုဋ္ဌတင်သောဂိုဏ်း၊ သင်္ကန်းရုံသောဂိုဏ်းဟု နှစ်ဂိုဏ်းကွဲပြားခဲ့သည်။ ဒုကုဋ္ဌတင်သောဂိုဏ်းကို ဦးဆောင်ခဲ့သော ပုဂ္ဂိုလ်ကား တုံရွာဇာတိ အရှင်ဂုဏာဘိလင်္ကာရဖြစ်သည်။ တုံရွာကို 'ဖန်ကျီတွင်း ဣတိပဒေသေ ဟုံဂါမေ' ဟု သာသနသုဒ္ဓိ ဒီပကပါဠ် (နှာ ၂၇) ၌ ရေးထားရာ "ဖန်ကျီကွင်း တုံရွာ" ဟု သာသနာသမိုင်းများတွင် ရေးသည်။ တုံရွာသည် ယခု စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်တွင် ပါဝင်၍ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း၌ရှိသည်။ (ဆားလင်းကြီးသည် ရှေးခေတ်ဖန်ကျီဝိုက်တွင် ပါဝင်သည်။ တုံသည် ဖန်ကျီတိုက်နယ်အတွင်းဖြစ်၍ ဖန်ကျီတွင်းဟု ရေးသည်ဟု ယူဆမိသည်။)

တုံဆရာတော်သည် သာမဏေတို့ကို ရွာဝင်ရွာထွက် တစ်ဖက်လက်ကန်တော့တင်စေ၍ ဦးထုပ်တရပတ်ကို မဆောင်းစေဘဲ ယပ်ကိုသာ ကိုင်စေလျက် "တုံတောနေဂိုဏ်း" ဟု ဂိုဏ်းသီးခြားထောင်လေသည်။

တောင်ငူမြို့အရှင် ဗုဒ္ဓဂိုရ၊ အရှင်ဝိစိတ္တ တပယင်းမြို့ကျေးအရှင်သုနန္ဒတရုတ်မြို့ငရဲအို အရှင်ကလျာဏတို့က သာမဏေတို့ကို ရွာဝင်ရွာသွား လက်ကန်တော့မတင်စေဘဲ ဦးထုပ်တရပတ်ကို မဆောင်းမကိုင်စေဘဲ ယပ်ကိုသာ ကိုင်စေလျက် သင်္ကန်းရုံ၍ ဝင်စေသည်။ အရုံတောနေဂိုဏ်းဟု ဂိုဏ်းသီးခြားထောင်လေသည်။ အရှင်ဂုဏာဘိလင်္ကာရ၏ ဇာတိ တုံရွာကိုအစွဲပြု၍ "တုံဂိုဏ်း" ဟုလည်း ခေါ်ကြသည်။ ထို့ကြောင့်ပင် စိန္တကျော်သူဦးဩက ကဝိလက္ခဏာသတ်ပုံတွင် "ဒုကုဋ္ဌပင်တုံ၊ သင်္ကန်းရုံ၊ တူစုံမယှက်ထွေး" ဟု မှတ်တမ်းတင်ထားသည်။ (ပိုဒ် ၁၆၁)

တုံဆရာတော်သည် ပါဠိတော်အဋ္ဌကထာဋီကာကျမ်းဂန်အနက်အဓိပ္ပာယ်သဘောသဘောကန်မကျန၊ စောဒနာ၊ အာဘော်၊ ကျမ်းထွက်၊ ကျမ်းတက်၊ ကျမ်းရိုးမတတ်၊ ညပါအကောက်အရာကိုသာ ဆောင်ရွက်လေ့လာသည်ဟု သာသနာသမိုင်းဆရာများက ရေးသားကြသည်။ မန်အောင်ရတနာ ဒါယကာမင်းလက်ထက်စတင်၍ အတင်ဂိုဏ်း၊ အရုံဂိုဏ်း ကွဲပြားသော်လည်း မင်းကအာရုံမစိုက်၍ နှစ်ဦးနှစ်ဖက် ပြိုင်ဆိုင်ပြောဆိုရခြင်း မရှိပေ။

## အတင် အရုံ ပထမပြောခြင်း

မာန်အောင်ရတနာဒါယကာမင်းတရားကြီး သက္ကရာဇ် ၁၀၇၆ ခုနှစ် နတ်ရွာစံသောအခါ သားတော်အိမ်ရှေ့မင်း သီရိပဝရ မဟာဓမ္မရာဇာဓိပတိတံဆိပ် နာမံတော်ခံ၍ ရွှေနန်းတက်သည်။ တနင်္ဂနွေမင်းတရားဟူ၍လည်းကောင်း၊ ဆင်ဖြူရှင်ဟူ၍လည်းကောင်း ခေါ်ကြသည်။ ထိုမင်းလက်ထက် နှစ်ဖက်ပြောဆိုကြရသည်။ အရုံဂိုဏ်းဘက်မှဦးဆောင်၍ပြော

သော ဆရာတော်ကား ဝဏ္ဏဗောဓနေသတ်အင်းကျမ်းပြု အရှင်ဥက္ကံသမာလာဖြစ်သည်။ အတင်ဂိုဏ်းမှ တောင်ဘီလူးဆရာတော်ဦးဆောင်၍ပြောသည်။ အရှင်ဥက္ကံသမာလာနှင့် အရုံဂိုဏ်း ဘက်ဆရာတော်များက သာမဏေတို့ မြို့ရွာဝင်လျှင် ပရိမဏ္ဍလ သုပ္ပဋိစ္ဆန္န ဖြစ်အောင် ဝတ်ရုံစေသော အရုံဝါဒသာပါဠိ အဋ္ဌကထာ ဋီကာလာရှိသည်။ လက်ကန်တော့ ဒုကုဋ်တင်ရင် ဖွဲ့စည်းသော အတင်ဝါဒသည် ပါဠိအဋ္ဌကထာ ဋီကာမရှိကြောင်း မင်းထံ စာသွင်းသည်။ မင်းက မိုးထိမှန်စီ အောင်မြေစံလွတ် လက်ကောင်းဆရာတော်ကြီးတို့ မျက်မှောက်၌ဆိုစေ ဟု အမိန့်ထုတ်သည်။ အတင်ဝါဒ ဂါမဝါသီ ပုဂ္ဂိုလ် လေးပါးကို ဝိနည်းမိုရ်ခန့်သည်။ ဝိနည်းမိုရ် လေးပါးကား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာမကျွမ်းကျင်ကုန်၊ ဝိနည်းမိုရ်လေးပါးသည် မူလက အတင်ဝါဒဂိုဏ်းသားများဖြစ်ရာ တစ်ဖက်သတ်အနိုင်ပေး သည်။ ရာဇဝလ္လဘမင်းနှင့် အကျွမ်းဝင်သော မင်းဆရာများဖြစ်၍ အရုံဂိုဏ်းမှ အရေးနိမ့်ရလေသည်။

အတင် အရုံ ဒုတိယပြောဆိုခြင်း

သက္ကရာဇ် ၁၀၉၅ ခုနှစ်၊ လေးကျွန်းမာန်အောင်စေတီတော် ဒါယကာနတ်ရွာစံ သည်။ သားတော်အိမ်ရှေ့မင်းသည် မဟာဓမ္မရာဇာဓိပတိတံဆိပ်တော် နာမံခံ၍ နန်းတက် တော်မူသည်။ ထိုမင်းလက်ထက် အတင်၊ အရုံဝါဒပြောကြရသည်။ အရုံဂိုဏ်းဘက်မှ ကျော်အောင်စံထား ဆရာတော်အရှင်ဉာဏဝရ၊ အတင်ဘက်မှ ကြက်သွန်ခင်းဆရာတော် အရှင်ပါသံသတို့ ဦးဆောင်ပြောဆိုကြရသည်။ မင်းက မိမိနှင့် အကျွမ်းဝင်သော (ရာဇဝလ္လဘ) အောင်မြေရွှေဘုံဆရာတော်ကို ဝိနည်းမိုရ်ခန့်ထားသည်။ ထိုဆရာတော်ကား စာပေကျမ်းဂန်၊ အဟုတ်အဟတ် မတတ်ကျွမ်းပေ။ ဝိနိစ္ဆယ မပြီးမပြတ်ဖြစ်နေရာ မိုးထိ ကျောင်းနေ ဦးထုပ်ဆောင်းအနွယ် အရှင်သာရလင်္ကာက “ကျမ်းဂန်အထူးဆိုရမည်မဟုတ်၊ ရှေးမူလဘူတအနွယ်အဆက်ချည်းဖြစ်သည်” ဟု မင်းထံစာသွင်းရာ မင်းအာဏာစက်ဖြင့် အတင်၊ အရုံဂိုဏ်းနှစ်ဖက်လုံး ဦးထုပ်ဆောင်းကြရမည်ဟု မင်းအာဏာဖြင့် အမိန့်ထုတ် သည်။ အရုံဂိုဏ်းသားဆရာတော်တို့သည် တရားမရှိသည်ကို မကျင့်ဆောင်လိုကြသဖြင့် တောမြို့ကျေးလက်သို့ ထွက်သွားကြသည်။ ထိုမင်းသည် သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီသို့ပါ၍ ဟံသာဝတီရောက်မင်းဟု အမည်တွင်လေသည်။ ရတနာပူရအင်းဝပြည် ကြီး ပျက်စီး၍ အင်းဝခေတ်သည် နိဂုံးချုပ်လေတော့သည်။

## ကုန်းဘောင်ခေတ်

အင်းဝခေတ်ကုန်ဆုံး၍ နိဂုံးချုပ်ခဲ့သော်လည်း အတင်၊ အရုံဝါဒကား မပြီးပြတ်ခဲ့ပေ။ “ဥဩအုလာ ကုန်းဘောင်လောင်းရာဇာ” ဟူသော ရာဇဝင်လင်္ကာအရ သက္ကရာဇ် ၁၁၁၄ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ကုန်းဘောင်ခေတ် ရာဇဝင်အခန်းသစ်ကို ဖွင့်လှစ်လိုက်သည်။ အလောင်းမင်းတရား၏ ဆရာရင်းကား အရှင်အတုလယသ (လူမည် ဦးပန်းထွေး) ဖြစ်သည်။ ၁၁၁၅ ခုနှစ်တွင် အတုလယသ မဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော်နှင့်တကွ သာသနာပြုအပ်နှင်းတော်မူသည်။ အလောင်းမင်းတရားကြီး တိုင်းရေးပြည်ရေး လုပ်ကြံတော်မူရာ အကြံဉာဏ်ပေး၍ ဆုံးမသော ဆရာတော်ဖြစ်သည်။ အလောင်းမင်းတရားကြီးသည် အစဉ်အဆက်ကပင် တုံနွယ်အတင်ဂိုဏ်းကို ကိုးကွယ်ဆည်းကပ်ခြင်းများသည်။ အတုလဆရာတော်ကို အလွန်ကြည်ညို၍ အရုံဂိုဏ်းကို တုံနွယ်အတင်ဂိုဏ်းသို့ပေါင်း၍ တစ်ချက်တည်းစီရင်သဖြင့် ဒုကုဋ်တင်တစ်ဂိုဏ်းတည်းသာဖြစ်စေသည်။ အရုံနွယ် ဖြစ်ကြကုန်သော လဇ္ဇီပေသလသိက္ခာကာမအရှင်မြတ်တို့သည် မင်းအခွင့်မရ၍ မအပ်သောအကျင့်ဖြင့် (ရွာဝင်ဒုကုဋ်တင်ရမည်) ဟု မဆုံးမလို၍ သာမဏေပြု၍ မပေးကြကုန်၏။ ပဉ္စင်းခံလောက်သူကိုသာ ပဉ္စင်းခံပေးကြကုန်၏။ အချို့ဆရာတော်များက “ရာဇန္တရာယ်” ဟု နှလုံးပိုက်၍ တုံနွယ်အကျင့်ဖြင့် ဆုံးမကြသည်။

## နောင်တော်ကြီးမင်း လက်ထက်

အလောင်းမင်းတရားကြီး နတ်ရွာစံသောအခါ သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် သားတော်ကြီး မဟာဥပရာဇာ နန်းတက်သည်။ နောင်တော်ကြီးမင်းဟုခေါ်ကြသည်။ ထိုမင်းသည် ရတနာသိယ်မြို့တော် အနောက်မြောက်ယွန်း၌ ကျောင်းဦးပြာသာဒ်နှင့်တကွ သုံးထပ်ဇေတဝန်ကျောင်းဆောက်လုပ်၍ “မဟာဘုံသာ” ဟု ကမ္ပည်းတပ်၍ တောင်တွင်းပုဂ္ဂိုလ်ကျော် ဉာဏာဘိဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရုဆရာတော်အား တင်လှူတော်မူသည်။ (မကာရလောပ တောင်တွင်းကြီးဆရာတော်ခင်ကြီးဖျော် ဖြစ်သည်။)

မင်းဆရာဖြစ်တော်မူသော တောင်တွင်းဆရာတော်သည် အရုံဂိုဏ်းအနွယ်ဖြစ်၍ ဓမ္မဝါဒီအရုံဆရာတော်တို့က အမှီအခိုရလိမ့်မည်ဟု တင်စားကြသည်။ မင်းအိုဆရာတော်အရှင် ဉာဏသိရီစသော ဆရာတော်များက သာမဏေများ ရွာသွားရွာဝင် သင်္ကန်းရုံစေသင့်ကြောင်း ပါဠိအဋ္ဌကထာနှင့်အညီ စာတင်သွင်းကြသည်။ အတုလဆရာတော်က အင်းဝမင်းတို့လက်ထက် ပြေငြိမ်းပြတ်စဲပြီးဖြစ်၍ ယခုတစ်ဖန် ပြောဆိုရန်မသင့်ကြောင်း ကန့်ကွက်သောကြောင့် ပြောဆိုခွင့်မရခဲ့ပေ။

**စဥ့်ကူးမင်း နန်းတက်ခြင်း**

သက္ကရာဇ် ၁၁၃၈ ခုနှစ်၊ နယုန်လဆုတ် ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် စဥ့်ကူးမင်း နန်းတက်သည်။ မဟာဓမ္မရာဇာဓိရာဇာတံဆိပ် နာမံခံတော်မူသည်။ ထိုမင်းလက်ထက် စလင်းမြို့ရှေ့ကျောင်း၌ သီတင်းသုံးတော်မူသော ဆုံထားဆရာတော် အရှင်နန္ဒမာလာသည် သာမဏေတို့ကို ရွာသွားရွာဝင် လက်ကန်တော့ဟင်စေသော အတင်ဂိုဏ်းသားတို့၏ဝါဒ သည် ဝိနည်းတရားတော်နှင့်မညီဟု ပြောဆိုဆုံးမတော်မူသည်။ ပါဠိ၊ အဋ္ဌကထာ ဋီကာ ကျမ်းလာသောအတိုင်း အဝတ်အရုံကိုပြ၍ စာပေစီကုံးရေးသားတော်မူသည်။ အတင်ဂိုဏ်း သားတို့သည် ထိုစာကို မိမိတို့အားထားရာ မင်းဆရာဖြစ်သော ထန်းတပင်ဆရာတော် အရှင်နန္ဒမေဓာ ထံပို့ကြသည်။ အရှင်နန္ဒမေဓာက ထိုစာကို ဘုရင်မင်းထံပို့စေသည်။ စဥ့်ကူးမင်းသည် သိကြားနတ်တို့ စောင့်မဘိသကဲ့သို့ အပြစ်မယူဘဲ စူးစမ်းဆင်ခြင် မြော်မြင် တတ်သော ပညာနှင့်ပြည့်စုံရကား လွန်စွာနှစ်သက် ဝမ်းမြောက်တော်မူသည်။

သာသနာတော်မြတ်တရားနှင့်အညီ တည်ထွန်းတော့မည်ဟု အသင့်နှလုံးသွင်းလေ သည်။ ၁၁၄၁ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက်နေ့တွင် မှူးမတ်တို့အား စလင်းမြို့နေ အရှင်နန္ဒမာလာထေရ်ကို ရတနာပူရအင်းဝမြို့တော်သို့ ပင့်စေသည်။ မှူးမတ်တို့သည် တပို့တွဲလဆန်း ၁ ရက်နေ့ စလင်းမြို့သို့ရောက်လာကြပြီး "မင်းဧကရာဇ်အမိန့်တော်အရ လာရောက်ပင့်လျှောက်ရပါကြောင်း" လျှောက်ထားသည်။ အရှင်နန္ဒမာလာသည် "သာသနာတော် ကောင်းစွာစင်ကြယ်တော့လတ္တံ့"ဟု နှလုံးသွင်း၍ ကြွတော်မူသည်။ လှေဖြင့် ဆန်တက်ခဲ့ရာ တပို့တွဲလဆုတ် ၆ ရက်နေ့ ရတနာပူရအင်းဝမြို့သို့ ရောက်တော်မူသည်။ မြို့၏အရှေ့မြောက်ထောင့် ဥယျာဉ်တော်အတွင်း လွှတ်တော်၌ တည်းခိုသီတင်းသုံး တော်မူသည်။

ရတနာပူရံ နာမ မဟာ နဂရံ ပတွာ

နာဂရဿ ဧသန္နေ သဥယျာနေ ရာဇဂါရကေ ဝိဟာသိ ဟု သာသနာသုဒ္ဓ ဒီပကပါဌ် (နှာ ၃၈) ဆရာတော်ကိုယ်တိုင်ရေးသားခဲ့သည်။ (သာသနာလင်္ကာရ၌ ရေနန်း တော်ဝယ် တည်းခိုနေထိုင်စေ၏ ဟုဆိုထားသည်။)

အသောကမင်းတရားသည် အဟောဂင်္ဂါတောင်၌ သီတင်းသုံးတော်မူသော အရှင် မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကို ပင့်စေ၍ ဥယျာဉ်တော်၌ သီတင်းသုံးစေတော်မူသကဲ့သို့ ထို့အတူ စလင်းမြို့မှ အရှင်နန္ဒမာလာထေရ်ကို ပင့်စေ၍ ဥယျာဉ်ရှိသော မင်းကွန်း၌ သီတင်း သုံးစေတော်မူသည်။ အသောကမင်းတရားသည် ဤမထေရ်သည် ငါ၏ယုံမှားသံသယကို ပယ်ဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာစွမ်းနိုင်ပါမည်လော၊ မစွမ်းနိုင်အံ့လော

ဟု စုံစမ်းလို၍ တန်ခိုးပြာဋိဟာပြခြင်းကို ရှုမြင်လိုပါသည်ဟု လျှောက်ထားသကဲ့သို့ ထိုအတူ စဉ့်ကူးမင်းသည် ဤမထေရ်သည် သာမဏေတို့၏ ဝတ်ရုံရာသောကျင့်ဝတ်ကို ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်ပါမည်လော စုံစမ်းလို၍ မင်းချင်းယောက်ျားတို့ကို စေလွှတ်၍ ဝိနည်းအဆုံးအဖြတ် စွမ်းနိုင်၊ မစွမ်းနိုင်စူးစမ်းစေသည်။

အရှင်နန္ဒမာလာထေရ်သည် သာမဏေတို့ ရွာတွင်းဝင်သောအခါ၌ ဝတ်ရုံရာသောကျင့်ဝတ်ဟုဆိုအပ်သော ပရိမဏ္ဍလသိက္ခာပုဒ်၊ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တို့ကို ပါဠိအဋ္ဌကထာဋီကာနည်းတို့ဖြင့် ဝိနည်းပိဋကတ်မှထုတ်၍ မင်းကိုသိစေတော်မူသည်။ မင်းတရားသည် ဝိနည်းတော်နှင့်လျော်ကပ်သော ဝတ်ရုံရာသောကျင့်ဝတ်၌ ကောင်းစွာနားလည်သည်အဖြစ်သို့ ရောက်တော်မူသည်။ ဝိနည်းတော်နှင့်အညီ ကျင့်စေလိုသည်ဖြစ်၍ သက္ကရာဇ် ၁၁၄၁ ခု၊ တပေါင်းလဆုတ် ၆ ရက်နေ့၌ ဆရာတော်တို့ကို သုဓမ္မာဇရပ်သို့ပင့်၍ ဆုံးဖြတ်စေသည်။ တုံဂိုဏ်းဆရာတို့သည် စူဠဂဏ္ဌိပါဌ်ကို ကိုးကား၍ ဝိနည်း၌ မကျွမ်းကျင်သောရဟန်းတို့ကို လှည့်ပတ်၍ ဝိနည်းမဟုတ်သည်ကို ဆုံးဖြတ်ကြသည်။

အရုံဂိုဏ်းဆရာတော်သည် ဝိနည်းပိဋကတ်၌လာသော အထူးထူးသော ပါဠိအဋ္ဌကထာဋီကာနည်းတို့ဖြင့် သာမဏေတို့ ရွာတွင်းသို့ဝင်ရာ၌ ကျင့်ရာသော ဝတ်တို့ကို ထုတ်ပြန်တော်မူသည်။ တုံဆရာတို့၏ ဝိနည်းနှင့်မလျော်သော သာမဏေတို့ ရွာတွင်းသို့ ဝင်သောအခါ ဒုကုဋ်တင် ရင်စည်းဖွဲ့၍ ရွာတွင်းသို့ဝင်ခြင်းသည် မိစ္ဆာဝါဒ သာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။ ထိုအဆုံးအဖြတ်သည် ၁၄ ရက်ကြာမှ ပြီးဆုံးသည်။

တုံဂိုဏ်းဆရာတို့က ထပ်မံ၍ ပြောဆိုလိုသည်ဟု ပြောဆိုကြရာ ပြည့်ရှင်မင်းကြားသဖြင့် ရွှေနန်းတော်သို့တက်၍ ဆိုတော်မူကြပါဟု မိန့်တော်မူသည်။ ရွှေနန်းတော်၌ ဆိုကြသောအခါ တုံဂိုဏ်းဆရာတို့သည် သာမဏေတို့ ရွာဝင်သောအခါ ဒုကုဋ်တင် ရင်စည်းခြင်းကို ပါဠိအဋ္ဌကထာဋီကာတို့မှ မပြနိုင်သည်ဖြစ်၍ "ငါတို့၏ ကိုယ်ဝတ်တင်ခြင်း၊ ပခုံး၌ သင်္ကန်းယယ်ကိုတင်၍ ရင်ဖွဲ့စည်း၍ ရွာတွင်းသို့ဝင်ခြင်းငှာ ဆုံးမခြင်းသည် ဆရာသမားတို့၏ အလေ့အကျက်သာဖြစ်သည်။ အဋ္ဌကထာနှင့်တကွသော ဝိနည်းပိဋကတ်၌ ငါတို့၏ အဆုံးအမ ဝိနိစ္ဆယသည် မရှိမလာပေ"ဟု ဝန်ချကြသည်။ သက္ကရာဇ် ၁၁၄၂ ခုနှစ်၊ နယုန်လ၌ ဆင်ဖြူရှင်မင်းမြတ်သည် နိုင်ငံတော်၌ အလုံးစုံသော သာမဏေတို့ကို ပရိမဏ္ဍလ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တို့နှင့်အညီ ဝတ်ရုံစေ၍ ကောင်းစွာကျင့်စေသည်။ တုံဂိုဏ်းကိုသာ အလေးပြုသော အရှင်နန္ဒမေဓာကို ဘုရင်မင်းမြတ်က သာသနာတော်နှင့် မထိုက်တန်ဟု ကျောင်းတော်ကြီးမှ နှင်ထုတ်လေသည်။ ဤသို့လျှင် ဒုကုဋ်တင် တုံဂိုဏ်းသည် စဉ့်ကူးမင်း လက်ထက်၌ အရေးနိမ့်ခဲ့လေသည်။

## ဘိုးတော်ဗဒုံမင်း နန်းတက်ခြင်း

သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် အမရပူရ ပထမမြို့တည် ဘိုးတော်ဗဒုံမင်းတရား နန်းတက်တော်မူသည်။ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် အတုလဆရာတော်က စဉ့်ကူးမင်း လက်ထက်၌ အတင်အရုံဆိုကြသည့်စကားသည် "ပုဆိန်တုံး၍ ကျွန်းတုံးမပြတ်သကဲ့သို့ အတင် ဆရာတို့ညံ့၍ အရုံဘက်ကနိုင်လေသည်" စသည်ဖြင့် လောကသရဖူတိုက်သို့ စာပို့ရာ ထိုစာ နန်းတော်သို့ရောက်လေသည်။ မင်းတရားကြီးက တရားတော်သည် သိမ်မွေ့သည်။ ဆိုလိုက ဆိုစေဦး ဟုအမိန့်ရှိသဖြင့် ၁၁၄၆ ခု၊ ကဆုန်လဆန်း ၁ ရက်နေ့တွင် စာမေးဆရာတော်တစ်စုက မေးရမည့်ပြဿနာကျောင်းနှင့် မဟာဒါန်ဝန်မင်းက ပင့်ဖိတ် လျှောက်ထားစေသည်။ ဘားကရာဆရာတော်က မေးစိစစ်သည်။ မေးစိစစ်၍ပြီးစီးသော အခါ "အတုလဆရာတော်သည် ငါယူမိသည် ကျမ်းဂန်မညီဖြစ်၍ မဟုတ်မမှန်ပါ " ဟု ဝန်ချပါတော့သည်။ တုံဂိုဏ်း (အတင်ဂိုဏ်း) ဆရာတော်များလူဝတ်လဲကြရသည်။ ဖော်ပြခဲ့သည့်အတိုင်း အင်းဝခေတ် သက္ကရာဇ် ၁၀၆၀ ပြည့်နှစ် မာန်အောင်ရတနာမင်း လက်ထက်မှ ကွဲပြားသော အတင်ဂိုဏ်း အရုံဂိုဏ်းသည် ကုန်းဘောင်ခေတ် ဘိုးတော် ဗဒုံမင်းတရား လက်ထက်မှပြီးငြိမ်းရာ မင်းဆက် ရှစ်ဆက်တိုင်တိုင် ကြာမြင့်ခဲ့လေသည်။

## မဟာဓမ္မသင်္ကြန်နှင့် နံမော်ဆရာတော်

အတင်အရုံကွဲပြားမှုသည် ဘိုးတော် (ဗဒုံ) မင်းလက်ထက်တွင် အပြီးတိုင်အေးငြိမ်း ခဲ့သော်လည်း သာသနာဝင်သမိုင်းများတွင် ယနေ့တိုင် မပြီးပြတ်ဘဲ အငြင်းပွားနေသော ပြဿနာတစ်ရပ်ရှိပါသည်။ တုံဆရာတော်၏ ဆရာစဉ်နှင့်ပတ်သက်၍ မဟာဓမ္မသင်္ကြန်နှင့် တတိယနံမော်ဆရာတော် အရှင်ဝိနန္ဒာဘိဝံသတို့ အယူအဆကွဲလွဲလျက်ရှိသည်။ မဟာ ဓမ္မသင်္ကြန်၏ သာသနာလင်္ကာရစာတမ်း (၁၁၉၃ ပြီး) ဆရာစဉ်ဆက် ကောက်နုတ်ချက်တွင် —

အတုလဆရာစဉ်သမိုင်းကား -

၁။ အဘိသင်္ကေတတပည့် တိပိဋကာလင်္ကာရ တောင်ဘီလာပုဂ္ဂိုလ်ကျော်တည်း၊

၂။ ၎င်းတပည့် အမြင့်ဗောဓိသတ်

၃။ ၎င်းတပည့် ဆားလင်းကြီးအရိယဓဇ

၄။ ၎င်းတပည့် ရှင်ဂုဏာဘိလင်္ကာရ တုံဘုန်းကြီးတည်း

၅။ ၎င်းတပည့် တပယင်းပညာရာမ

၆။ ၎င်းတပည့် လိင်လှဓမ္မဇောတိကာဘိသာရ

၇။ ၎င်းတပည့် ကုန်းဘောင်ပြည်တည်ထောင်ဦး မင်းတရားဆရာ မဟာအတုလ ဆရာတော်တည်း (သာသနလင်္ကာရ ၂၃၃)

ဟူ၍ ဆရာစဉ်ဆက်ကို ကြံစည်၍ဆိုလေသည်။ မည်သည့်စာတွင်မှ ထိုဆရာစဉ်မရှိ တောင်ဘီလာပုဂ္ဂိုလ်ကျော်တပည့် အမြင့်ဇောဓိသက်ဟူ၍ စာတမ်းမထွက်ဆို။ အနှစ်နှစ်ရာ ကျော်ကို ပုဂ္ဂိုလ်လေးဆက်နှင့်သာလည်းမတန်ဟု ရေးသားခဲ့သည်။ မဟာဓမ္မသင်္ကြန်၏ ရေးသားချက်ကို တတိယနံမော်ဆရာတော်က သီလဝိသောဓနီကျမ်းတွင် ကန့်ကွက် ရေးသားထားသည်။

သီလဝိသောဓနီကျမ်း (၁၁၉၉ ပြီး) တွင် တုံဆရာတော်၏ ဆရာစဉ် ခုနစ်ဆက်ကို သာသနာ့လင်္ကာရအတိုင်း ဖော်ပြပြီးနောက် ထိုခုနစ်ဆက်ဖြစ်သင့်ကြောင်း ညှိနှိုင်းတွက်ချက် ၍ ပြခဲ့သည်။

တောင်ဘီလာကျော်ဘုရားသည် သက္ကရာဇ် ၉၄၀ ဖွားဖြစ်၍ အသက် ၆၀၊ သက္ကရာဇ် တစ်ထောင်ပြည့်တွင် တောဝင်တော်မူသည်။ သက္ကရာဇ် ၁၀၁၀ ခု မင်းရဲနန္ဒမိတ် လက်ထက် တိုင် ကိုယ်တော်ရှိသေးသည်ဖြစ်၍ ယင်းသက္ကရာဇ် ရှင်ပေါဠိသတ်ပဋ္ဌင်းခံလျှင် တောင်ဘီလာဘုရား ထိုအခါ သက်တော် ၇၀၊ သိက္ခာတော် ၅၀ ဖြစ်ကောင်း၏။ ရှင်ပေါဠိသတ် သိက္ခာတော် ၂၀ တွင် ရှင်အရိယဓဇ ပဋ္ဌင်းခံသော် သက္ကရာဇ် ၁၀၃၀ ပြည့် ပြည်မင်း လက်ထက်ဖြစ်ကောင်း၏။ အရှင်အရိယဓဇ သိက္ခာ ၂၀ တွင် ရှင်ဂုဏာဘိလင်္ကာရ ပဋ္ဌင်းခံသော် သက္ကရာဇ် ၁၀၅၀ ဝမ်းဘဲအင်းစံမင်းလက်ထက်ဖြစ်ကောင်း၏။ မာန်အောင်ရတနာ ဒါယကာမင်းဖြစ်သည့်နှစ် ရှင်ဂုဏာဘိလင်္ကာရ သိက္ခာတော် ၁၀ ဝါရ ကောင်း၏။ ထိုအရှင် ၁၀ ဝါရတွင် ရှင်ပညာရာမ ပဋ္ဌင်းခံသော် သက္ကရာဇ် ၁၀၆၀ ပြည့် မာန်အောင်ရတနာ ဒါယကာမင်းလက်ထက် ဖြစ်ကောင်း၏။ ရှင်ပညာရာမ သိက္ခာ ၂၀ တွင် ရှင်ဓမ္မဇောတာ ဘိသာရ ပဋ္ဌင်းခံသော် သက္ကရာဇ် ၁၀၈၀ ပြည့် ဖြစ်ကောင်း၏။ ရှင်ဓမ္မဇောတာဘိသာရ သိက္ခာ ၂၀ တွင် ရှင်အတုလယသ ပဋ္ဌင်းခံသော် သက္ကရာဇ် ၁၁၀၀ ပြည့် ဟံသာဝတီ ရောက်မင်းလက်ဖြစ်ကောင်း၏။ အတုလဆရာတော်သည် သက္ကရာဇ် ၁၀၈၀ ပြည့်နှစ် လောကသရဘူ ဒါယကာ နန်းတက် ၁၀ နှစ်ရှိတွင် ဖွားကောင်း၏။ စင်စစ်ကား အတုလ ဆရာတော်သည် မန်လည်ဆရာတော်ထက် ကြီးသည် ဟူကြသည်။ မန်လည်ဆရာတော် ၁၀၇၆ ခုဖွား ဤသို့ဆိုလျှင် အတုလဆရာတော်၊ ဆရာ စဉ်သင့်ကောင်းလျက် အတုလ သမိုင်းတွင် ဆိုသည့်စာတမ်းရှိသည်။ အနှစ် ၂၀၀ ကျော်ကို ဆရာလေးဆက်နှင့်မတန်ဟု မောင်းထောင်ဆရာတော် ဆိုလေသည်။ တောင်ဘီလာ ကျော်တစ်ဆက်၊ ရှင်ပေါဠိသတ် တစ်ဆက်၊ ရှင်အရိယတစ်ဆက်၊ ရှင်ဉာဏာ ဘိလင်္ကာရ

တစ်ဆက်၊ သည်လေးဆက်အတွင်း အနှစ်နှစ်ရာကျော်လည်းမရှိ၊ သက္ကရာဇ် ၁၀၁၀ ပြည့် မင်းရဲနန္ဒမိတ်လက်ထက်မှသည် သက္ကရာဇ် ၁၀၆၀ ပြည့် မာရ်အောင်ရတနာ ဒါယကာလက်ထက်တိုင် မင်းငါးဆက်အတွင်း အနှစ်ငါးဆယ်မျှသာရှိသည်ကို အသို့မတန် ရှိရမည်နည်း။ ဆရာတပည့် ဝါ ၂၀ ခြား တွက်လျှင် မာရ်အောင်ရတနာ ဒါယကာမင်း ဖြစ်သည့်နှစ် ရှင်ဂုဏာဘိလင်္ကာရ ၁၀ ဝါရှိပြီး တကား။ အဘယ်မဆိုတန်သိအံ့နည်း။ တန်သည် စူးစူးတည်း (သီလဝိသောဒနီ ၉၉ ၁၀၀) ဟု နှိုင်းချိန်တွက်ဆ၍ ရေးသား ထားသည်။

ဤပြဿနာကား သာသနာဝင်ကျမ်းများတွင် ယနေ့တိုင် မရှင်းလင်းသေးသော ပြဿနာဖြစ်သည်။ နောက်ရေးသာသနာဝင်ကျမ်းများတွင် မဟာဓမ္မသင်္ကြန်နှင့် အရှင် ဝိနန္ဒာသဘတို့၏ အဆိုအမိန့်နှစ်ရပ်လုံးကိုဖော်ပြပြီး "နှစ်သက်ရာယူကြပါကုန်" ဟု ရေးသား ကြသည်။ ဤပြဿနာပေါ်လာရခြင်း၏ အကြောင်းရင်းကိုကြည့်လျှင် တုံဆရာတော်၏ ဖွားသက္ကရာဇ်၊ ပဉ္စင်းခံသက္ကရာဇ်၊ စာသင်ခဲ့သော ဆရာများနှင့် တပည့်များကို မသိရခြင်း ကြောင့် ပေါ်လာသည်။

**တိစီဝရိက အာစရိယဝံသ**

တုံဆရာတော်၏ ဆရာစဉ်ကို ဖော်ပြရေးသားထားသော "တိစီဝရိက အရိယဝံသ" ပေမူတစ်မူ တွေ့ရှိထားပါသည်။ ရှစ်ကြောင်းရေးပေဖြင့် (က အစ ခ အဆုံး) တစ်အင်္ဂါ တစ်ချပ်ရှိသည်။ တုံဆရာတော်၏တပည့် ဆားထုံးဇာတိ ဆားလင်းကြီး မြောက်တိုက် ဆရာတော် ရှင်သာရဓမ္မရေးသည်ဟု ပေအဆုံးတွင် တွေ့ရသည်။ ထိုပေမူမှ တုံဆရာတော် ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို ဖော်ပြပါဦးမည်။

တုံဆရာတော်သည် သက္ကရာဇ် ၁၀၀၁ ခုနှစ် တုံရွာတွင် ဖွားမြင်သည်။ တုံရွာမှ ပစ္စာ (ပန်းစွာ) ရွာ မြောက်တိုက် ဘိုးတော်ဆရာကြီးထံသွားရောက်၍ ထိုဆရာကြီး ဥပဇ္ဈာယ် ပြု၍ ၁၀၂၁ ခုနှစ်တွင် ပဉ္စင်းဘောင်တက်သည်။ ပစ္စာတွင် တစ်ဝါသာနေ၍ အမြင့်မြို့ ရှင်အရိယဓဇဆရာတော်ထံ၌ တာရှည်စွာနေ၍ စာပေများကို သင်ကြားခဲ့သည်။ ထို့နောက် အမြင့်မြို့ရှင်ပေါရိသတ်ဆရာကြီးထံဆည်းကပ်၍နည်းခံခဲ့သည်။ ထိုမှ ပခန်းကြီးမြို့သို့ကြွ၍ ခလုကျောင်း ဆရာတော်ထံဆန်းကျမ်း ခုနစ်ရက်သင်ယူသည်။ ပခန်းမှအင်းဝသို့ပြောင်း ရွှေ့၍ ညောင်စင်ဆရာတော်ထံ ကလပ်ဝိတက်ကျမ်းကို သင်ယူသည်။ ထိုမှ ပင်းယ အောင်တပ်ကျောင်း ဆရာတော်ထံတွင် နေတ္တိကျမ်းကို သင်ယူသည်။ အထက်ပါ ဆရာတော်များထံ စာပေသင်ကြား၍ပြန်လာပြီး ဆားလင်းကြီး တောင်ရိုးကျောင်း

(ယခုအခေါ် တောင်ပေါ်ကျောင်း) ဆရာတော် ရှင်စကြာဝဠာဘိဓဇထံတွင် ဆည်းကပ်ပြီး တရားဆွေးနွေး၍ အရညကင် တောဝင်ခဲ့သည်။

တစ်ဖန်ပုဂံမြို့ ရွှေကျောင်းဆရာတော်ထံနည်းခံ၍ နေသည်။ စစ်ကိုင်း အင်းဝသို့ သွား၍ဘားတီမွန်၊ ဘားမြို့က်မွန်ဆရာတော်များထံဆည်းကပ်သည်။ တောင်ဘီလာဆရာ တော်ကြီးထံတွင် အကျင့်အာစာရနှင့်စပ်၍ ရ လ နည်းခံသည်ဟုဆိုသည်။ (ဝိနယာလင်္ကာရ ဋီကာကျမ်းပြု တောင်ဘီလာဆရာတော်မဟုတ်နိုင်ပေ။ ဆရာတော်သည် ၁၀၁၃ ခုနှစ်ကပင် ပျံလွန်ခဲ့သည်။) ရွာသစ်ကြီးအရှင် အာစာရမ္ဘဆရာတော်ထံ နည်းခံ၍ နေတော်မူသည်။

ထိုအချိန်က ရဟန်းများဦးထုပ်ဆောင်းခြင်း၊ ဆေးတံသောက်ခြင်းတို့ကို ပြုလုပ် လျက်ရှိသည်။ တံဆရာတော်သည် ဦးထုပ်ဆောင်းခြင်းကို ဝိနည်းနှင့်မလျော်ဟု ဆင်ခြင်မိ သည်။ သို့ဖြင့် မူလဆရာရင်းဖြစ်သော အမြင့်မြို့ဆရာများထံသွား၍ ဘုရားခွင့်မပြုသော အသုံးအဆောင်တို့ကိုပယ်၍ ဝိနည်းနှင့်ညီသောပစ္စည်းတို့ကိုသုံးဆောင်၍ ပဋိပတ်ခံတင်ကို အားထုတ်ရန် တောင်းပန်လျှောက်ထားလေသည်။ ဆရာများက "ငါတို့မှာ အိုမင်းခဲ့ပြီကို မင်းသာအစွမ်းသတ္တိရှိသည်အလျောက် အားထုတ်ဆောင်ရွက်ကျင့်ပါလေတော့" ဟု ခွင့်ပြုတော်မူသည်။

တောဝင် စာချ

ထိုသို့ဆရာများကိုလျှောက်ထားပြီး ချောင်းဦးသဖောက်ရွာ ပဲပြစ်တောမှာ တစ်ဝါ တစ်ပါးတည်း အရညကင် တောဝင်တော်မူသည်။ တိစီဝရိတ်ပိဋကပါတ်၊ ပတ္တပိုက်၊ ဓကောသနိက်ခံတင်များ အမြဲဆောက်တည်၍ အခြားခံတင်များကိုလည်း အခါအားလျော်စွာ ဆောက်တည်သည်။ ထို့နောက် သဖောက်ရွာ တောင်ဘီတောအရဲဘုရားအနီးတွင် တစ်ပါး တည်း နေပြန်သည်။ ထိုဘုရားမှာပင် ဦးထုပ်၊ ဆေးတံတို့ကို စွန့်ပယ်ခဲ့သည်။ ထိုဘီတော မှာနေစဉ် ဆားလင်းရှင်ယသတုံရှင်သာဂရ တလုပ်မြို့ ရှင်ဗုဒ္ဓဂုံရစသော တပည့် ခုနစ်ပါးကို စာဝါပို့ချပေးသည်။ ထို့နောက် ကျောက်တစ်လုံးဥမင်တွင် စာကြည့်၍ သုံးဝါနေသည်။ ထိုအခါ နှီးတရပတ်ကိုစွန့်၍ ထမ်းရွက်ယပ်ကို ဆောင်တော်မူသည်။

တံဆရာတော်၏ ဩဝါဒကိုခံယူ၍ ဆရာနည်းအတိုင်း ကျင့်သောတပည့်များကား မနည်းလှပေ။ ဆားလင်းရှင်ယသ အမြင့် ရှင်ဝရသီလ၊ သစ်ဆိမ့်ကိုးကျောင်းရှင် ဂုဏသေီ၊ တပယင်း ရှင်ပညာရာမ စသည်ဖြင့် များစွာဖော်ပြထားသည်။ ဆရာစဉ်ဆက်စာတမ်းတွင် ဖော်ပြထားသော တပယင်းရှင်ပညာရာမကို တွေ့ရသည်။ ဆရာစဉ်တွင် ဆိုထားသော လေးဆက်မျှတွေ့ရှိရသည်။

ဤ "တိစီဝရိက အာစရိယဝံသ" ပေမူကိုကြည့်လျှင် အရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီအဆိုကို လက်ခံသင့်လှပေသည်။ အတင်ဂိုဏ်းကို တည်ထောင်ခဲ့သော ရှင်ဂုဏာဘိလင်္ကာရ၏ ထေရုပ္ပတ္တိကို ပေမူမှရှာဖွေရေးသားအပ်ပါသည်။ ဤမျှဖြင့် အတင်ဂိုဏ်း၊ အရုံဂိုဏ်းအကြောင်းကို နိဂုံးချုပ်အပ်ပါသည်။

(အကျယ်ကိုသိလိုက သာသနသုဒ္ဓိဒီပကပါဠိ၊ သာသနာလင်္ကာရစာတမ်း သီလဝိသောဓနီ၊ သာသနဝံသပ္ပဒီပိကာ ရုံသင့် တင်သင့် အဆိုစာတမ်း စသည်များကို ကြည့်ပါ။)

## သာသနာရေး ဆောင်ရွက်ချက်များ

ဘိုးတော် (ဗဒုံ) မင်းတရားသည် ၁၇၈၁ ခုနှစ်တွင် ရတနာပူရ အင်းဝမြို့၌ နန်းတက်တော်မူပြီး ၁၇၈၄ ခုနှစ်တွင် အမရပူရမြို့ကို တည်ထောင်ဖန်ဆင်း၍ နန်းစံတော်မူသည်။ ဘိုးတော်မင်းတရားသည် သာသနာတော်ကို ကြည်ညိုလေးစားလှသဖြင့် ရွှေမြို့တော်နှင့်တစ်ပြိုင်နက် ကျောင်းတော်ကြီး (၄) ကျောင်း ဆောက်လုပ်၍ ဆရာတော်များအား တင်လှူတော်မူသည်။ ဆရာတော်များအား ဘွဲ့တံဆိပ်တော်များကိုလည်း လှူဒါန်းဆက်ကပ်တော်မူသည်။ သာသနာပိုင်မောင်းထောင်ဆရာတော်စသော ထင်ရှားသော ဆရာတော်များလည်း ထွက်ပေါ်ခဲ့သည်။

ဘိုးတော် (ဗဒုံ) မင်းတရားသည် ဆရာတော်ကြီးလေးပါးကိုလည်း သာသနာပိုင်ဆရာတော်အဖြစ် အပ်နှင်းတော်မူသည်။ သာသနာပိုင်ဆရာတော်လေးပါးမှာ -

၁။ မင်းအိုဆရာတော်ကြီး (ဂုဏာဘိလင်္ကာရသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု)

၂။ မင်းရွာဆရာတော် (ဉာဏဗမ္ဗူဒီပအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု)

၃။ မန်လည်ဆရာတော် (ဂုဏမုနိန္ဒာဓိပတိ ပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု)

၄။ ဆုံထားဆရာတော် (တိပိဋကသဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု)

ဆရာတော်တို့ဖြစ်သည်။ ရာဇဂုရုဘွဲ့တံဆိပ်တော်ရဆရာတော် ၂၄၆ ပါးကို ပိဋကတ်စုံရေပေါင်း ၅၆ စုံ အပ်နှင်း၍ နိုင်ငံတော်အနှံ့ သာသနာပြု စေလွှတ်တော်မူသည်။ သက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် သာသနာပိုင်ဆရာတော်က ဝင်္ဂတိုင်း နဝဒီပ သီဟိုဠ်ကျွန်းများ၌ သာသနာရေး၊ လောကရေးကျမ်းဂန်များ အများပင်ရှိသည်။ ဆောင်ယူစေသင့်ကြောင်း စံသွင်း၍ ကျမ်းဂန်အများယူဆောင်စေသည်။ သဒ္ဒါကျမ်း၊ ဗျာကရုဏ်ကျမ်း၊ ဓာတ်ကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်း၊ အဘိဓာန်ကျမ်း၊ နီတိကျမ်း၊ ဣတိဟာသကျမ်း ကျမ်းပေါင်း (၁၁) မျိုး စောင်ရေ ၂၅၃ တို့ကို ယူဆောင်စေသည်။ မောင်းထောင် သာသနာပိုင်ဆရာတော် အနက်ပြန်ဆိုတော်မူသဖြင့် စာပေများစုံလင်အောင်လည်း

**ဆောင်ရွက်တော်မူခဲ့သည်။ ဤသို့ သာသနာရေးကိစ္စများကို အထူးဆောင်ရွက်တော်မူခဲ့သည်။**

ဤသို့ သာသနာတော်ကို အထူးချီးမြှောက်ဆောင်ရွက်ခဲ့သော ဘိုးတော် (ဗဒုံ)မင်းတရားသည် စိတ်ဖောက်ပြန်ခဲ့လေသည်။ ယင်းသို့ စိတ်ဖောက်ပြန်ကြောင်း ရာဇဝင်ဆရာတို့က စာမတင်ခဲ့ကြပေ။ ဘိုးတော်မင်းတရားကြီး စိတ်ဖောက်ပြန်၍ ဆရာတော်အများအမှုရောက်ကြရသည်။ "သမ္မုတိသံဃာ မရှိတော့" ဟု ယူဆ၍ အချို့ဆရာတော်များ လူဝတ်လဲကြရသည်။

မင်းတရားကြီးအမိန့်တော်ဖြင့် "မန်လည်ဆရာတော်ကို **သမ္မုတိမှန်၏လော" ဟု** အတွင်းဝန်ကို မေးလျှောက်စေသည်။ ဆရာတော်က "ငါ့ဆရာလည်း **သမ္မုတိမှန်၏။** ငါလည်း သမ္မုတိမှန်၏ ရေး" ဟု မိန့်တော်မူသည်။ အတွင်းဝန်က သည်အတိုင်းဖြစ်လျှင် နှလုံးတော်နှင့်မတိုက်ဆိုင်ရှိတော့မည်ဟု လျှောက်ထားရာ "မတိုက်ဆိုင်မိသည်ကို တိုက်ဆိုင်မိအောင် ငါမဆိုသာ မတိုက်ဆိုင်၍ မင်းဒဏ်ထားလည်း စိုးရိမ်သင့်မည်မဟုတ် ရေးသာရေး" ဟု မင်းမျက်နှာကိုမငဲ့ တိုက်ရိုက်မိန့်ဆိုသည်။ ဤအကြောင်းကိုထောက်က သမ္မုတိသံဃာမရှိတော့ဟု စိတ်ဖောက်ပြန်ကြောင်း ထင်ရှားသည်။ ဤသို့ သမ္မုတိသံဃာ မရှိဟု ထင်မြင်ချက်ကို မည်သည့်ဆရာတော်နှင့်မှ မဆွေးနွေး မလျှောက်ထားဘဲ စိတ်ထင်တိုင်း ယူဆခြင်းဖြစ်သည်။

### ဆုံထားဆရာတော် မေတ္တာစာသွင်းခြင်း

သမ္မုတိသံဃာအစဉ်အဆက် ဆင်းသက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အရှင်နန္ဒမာလာဘိဝံသဆုံထားဆရာတော်က မေတ္တာစာဆက်သွင်းခဲ့သည်။ ထိုမေတ္တာစာမှာ တိမ်မြုပ်နေ၍ မူအတိုင်း ဖော်ပြပါဦးမည် -

ဆရာတော် မေတ္တာဆက်သွင်းအပ်သည့် သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ် -

ဘဝများစွာ ဆည်းပူးတော်မူသော ပါရမီပုညသမ္ဘာရရှိတော်မူ၍ သာသနာတော်မြတ်ကို မရက်မစက် ကြည်ညိုတော်မူ၍ သာသနာတော်မြတ်ကို သန့်ရှင်းထွန်းလင်းအောင် ပြုစုသုတ်သင်တော်မူခြင်းငှာ သမုတိသံဃာသာသနာတော်မြတ် အမြစ်အခြေရှိမရှိ ဆွေးနွေးတော်မူသည်မှာ ပရမတ္ထသံဃာမရှိသော်လည်း သမုတိသံဃာရှိမှသာ သာသနာတော် အစဉ်မပြတ် တည်ထွန်းသည် ယူရန်ရှိသည်။ သာသနာတော် အစဉ်မပြတ် တည်ထွန်းမှ

လည်း သာသနာပြုစုကျိုး ရှိမည်ဖြစ်၍ သာသနာပြုပါရမီဖြည့် တရားမင်းမြတ်ဖြစ်သည်နှင့် အညီ သမုတိသံဃာရှိမရှိ ဆွေးနွေးတော်မူသင့်သည်။

အခါတစ်ပါး မင်းတို့စီစဉ်မဆွေးနွေးပါသောကြောင့် ဆရာစဉ်ဆက် အာစရိယပရမ္ပရသိဿာနုသိဿ မထင်မရှားသည်။ ဆရာစဉ်ဆက် အာစရိယပရမ္ပရသိဿာနုသိဿ မထင်မရှားသောကြောင့် ဆရာစဉ်ဆက်သိဿာနုသိဿကို သင်္ဂါယနာသုံးတန်တင်သည်နှင့် မဟာကဿပစသော အနွယ်အဆက်တိုင်အောင် မနွယ်မဆက် မပြည့်နိုင် ဖြစ်သည်။ အရှင်မဟာကဿပစသော အနွယ်အဆက်တိုင်အောင် မဆက်မနွယ် မညွှန်မပြနိုင်သော်လည်း မှတ်စဉ်မှတ်စာ တစ်စုံတစ်ရာရှိပါသမျှ ယူဆနိုင်းရှည်တော်မူသာအောင် ပြသင့်သည်။ အချင်းခပ်သိမ်း မဆက်မနွယ် မညွှန်မပြနိုင်သော် ယူဆနိုင်းရှည်တော်မူသာအောင် ဆက်နွယ်ညွှန်ပြသင့်သည်။ အချင်းခပ်သိမ်း မဆက်မနွယ် မညွှန်မပြနိုင်သော် ယူဆနိုင်းရှည်သာမည်မဟုတ် ဖြစ်သည်။ မှတ်စဉ်မှတ်စာ တစ်စုံတစ်ရာ ရှိသမျှယူဆနိုင်းရှည်တော်မူသာအောင် ဆက်နွယ်ညွှန်ပြသော် -

သာသနာ ၁၉၈၆ ခု၊ ကောဇာသက္ကရာဇ် ၈၀၄ ခု ရောက်သောအခါ သရေခေတ္တရာပြည်တွင် သဒ္ဓမ္မဋ္ဌိတိမဟာထေရ်၊ တပည့်မဟာသာမိမထေရ်သီဟိုဠ်ကျွန်းသို့ကြွ၍ သီဟိုဠ်ကျွန်းက ဂိုဏ်းသံဃာနှင့်တကွ ပြန်လည်ကူး၍ သရေခေတ္တရာပြည်တွင် သာသနာပြုစု နေထိုင်သည်။ ၎င်းမဟာသာမိထေရ် တပည့် အတုလဝံသမထေရ်သည် စာပေတတ်မြောက်လျှင် သရေခေတ္တရာက အရှေ့ကွမ်းမစား ချောက်တွင်သာသနာပြုစု နေထိုင်သည်။ ၎င်းအတုလဝံသမထေရ် တပည့် မဟာဓမ္မသာမိမထေရ်သည် စာပေသင်ကြားပြီးလျှင် သရေခေတ္တရာပြည်တွင်ပင် သာသနာပြုစုနေထိုင်သည်။ ၎င်းမဟာသာမိမထေရ် တပည့် ဘုရင်သတိုးဓမ္မရာဇာဆရာ အဘိသင်္ကေတမထေရ်လည်း သရေခေတ္တရာ ပြည်တွင် သာသနာပြုစုနေထိုင်သည်။ အဘိသင်္ကေတမထေရ်တပည့် မုနိန္ဒဃောသမထေရ်လည်း သရေခေတ္တရာပြည်တွင် နေသည်ကို အနောက်ဘက်သာလွန်မင်းတရား ပင့်ခဲ့၍ သက္ကရာဇ် ၉၀၇ တွင် ရတနာပူရအဝသို့ရောက်သည်တွင် ရှမ်းမင်းဇလုမ် ဘေးကြောင့် ရတနာပူရက တောင်ငူကေတုမတီသို့ရောက်သော် တိသာသနဓဇမထေရ် ဓမ္မရာဇဂုရု တပည့်ခံ စာပေသင်ကြား၍ အလွန်ကျမ်းဂန်တတ်မြောက်သည်။ အဝါ ၆၀ ရှိသည့်ကာလ စစ်ကိုင်းအရပ်တွင် တောရဆောက်တည်လျက် သာသနာကို ပြုစုနေထိုင်သည်။ ၎င်းရှင်မုနိန္ဒဃောသတပည့် အမြင့်မြို့ မဟာတိဿမထေရ်သည် စာပေသင်ကြားလျှင် ကျမ်းဂန်တတ်မြောက်၍ ဆားလင်းကြီးတောအရပ်တွင် စာပေပို့သနေထိုင်သည်။ ၎င်းမဟာတိဿမထေရ်တပည့် ရေမိန်ရှင်ဂုဏသီရိ၊ ၎င်းရှင်ဂုဏသီရိတပည့် ရေမိန် ရှင်ကလျာဏဓဇ၊

ရှင်ဓမ္မဓရ နှစ်ပါးတွင် ရှင်ကလျာဏဓဇကား ဗဒုံကြေးမောင်းထောင် ညောင်ကန်ရွာများတွင် စာပေ ပို့သနေထိုင်သည်။ ရှင်ဓမ္မဓရကား ဗဒုံကြေးပန်းရင်းရွာတွင် စာပေပို့သနေထိုင်သည်။ ၎င်း ရှင်ကလျာဏဓဇတပည့် ဗဒုံကြေးညောင်ကန် ရှင်ဣန္ဒောဘာသ၊ ရှင်ကလျာဏစက္က၊ ရှင်ဝိမာလာစာရ၊ မောင်းထောင် ရှင်ဂုဏသာရ၊ ဝံသို ရှင်ဝရဓသီ၊ ရှင်စန္ဒသာရ၊ ကန်းနီ မိုးကြိုးမင်းအိုရှင်ဂုဏသီရိတို့လည်း ကျမ်းဂန်သိမြင်သည်။ သီလဝန္တဂုဏဝန္တလဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ချည်းဖြစ်၍ ဆရာတော်တို့အနွယ်အဆက် အရုံဝါဒရှိသည်။ သံဃာတို့ သာမဏေပြုစဉ် ပဗ္ဗဇ္ဇာစရိယဆရာ။ ပဥ္စင်းခံစဉ် ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာ ချည်း ဖြစ်ကုန်သည်။ တရားကို အလေးအမြတ်ပြုကုန်လျက် သိမ်ဟူသောတွင် (သိမ်ဟူသမျှ တွင်) ကံကြီးကံငယ် မဆောင်ကုန်၊ ယုံကြည်လောက်အောင် အခြေအမြစ်ရှိသည့်သိမ်တွင် ကံကြီးကံငယ်ဆောင်လေ့ရှိကုန်သည်။ ပွဲကျောင်းနွယ် အတင်နွယ်အများအပြား ရှိသည်ကို လည်း စာပေအသင်အကြားကိုမျှမပြု ကြဉ်ဖယ်ကုန်သည်။ ၎င်းဆရာ အာစရိယ မုနိန္ဒ ဃောသလည်း ၈၀၄ ခု၊ သီဟိုဠ်ရောက် ရှင်မဟာသာမိ အနွယ်အဆက် အဘိသင်္ကေတ တပည့်ဖြစ်သည်။

တစ်ကြောင်းလည်း သက္ကရာဇ် ၅၁၂ တွင် ပုဂံပြည်မှ သီဟိုဠ်ကျွန်းသို့ ဥတ္တရာဇီဝ မထေရ်ကူးသည့်ကာလ။ ၎င်း ဥတ္တရာဇီဝမထေရ်နှင့်အတူပါသည့် ဆပ္ပဒမထေရ်သည် သီဟိုဠ်ကျွန်းမှ ပြန်လည်သည့်ကာလ ပုဂံပြည်တွင် သာသနာပြုစုနေထိုင်သည်။ ၎င်း ဆပ္ပဒမထေရ် အဆက်အနွယ်ဖြစ်သော မထေရ်တစ်ဦးသည် ပုဂံပြည်မှ စစ်ကိုင်းမြို့သို့ ရောက်၍ စာပေပို့သနေထိုင်သည်။ ၎င်းမထေရ်တပည့် ရှင်တိသာသနာဓဇ ၎င်းတိသာသန ဓဇတပည့် ရှင်ဓမ္မရာဇဂုရု၊ ၎င်းဓမ္မရာဇဂုရုထံ ရှင်မုနိန္ဒဃောသ စာပေသင်ကြားသည်ဖြစ်၍ ယခင်ဆိုခဲ့ပြီးသော အယူဝါဒရှိ သံဃာတို့ အာစရိယပါစရိယဖြစ်သော ရှင်မုနိန္ဒဃောသ သည် ၅၃၅ ခု၊ သီဟိုဠ်ကျွန်းရောက် ဥတ္တရာဇီဝ ဆပ္ပဒမထေရ်တို့ အဆက်အနွယ်ဖြစ်သည် ဟူ၍လည်း မှတ်စဉ်မှတ်စာရှိသည်။ ၎င်းမှတ်စဉ်မှတ်စာရှိသည်အတိုင်း ယူဆနိုင်းရှည်သာ အောင် အမြွက်မျှ ဆက်သွင်းသည်။ သမုတိသံဃာ ရှိမရှိကို အဆက်အနွယ်ဖြင့်လည်း ယူဆနိုင်းရှည်တော်မူသင့်သည်။

သဘောသကန်မှာ - ဝိနယေဌိတေ သာသနံဌိတံ ဟူ၍ တရားကျမ်းဂန် အထင်အရှားရှိသည်နှင့်အညီ ဝိနည်းပညတ်တော် မကွယ်မပရှိသည့်တိုင်လည်း တရား မင်းမြတ်လက်ထက်တော်တွင် ဥပဇ္ဈာယူခြင်း၊ နိဿရည်းယူခြင်း သာသနာတော်တည်ထွန်း သည့် သဘောသကန်များနှင့်လည်း သမုတိသံဃာရှိမရှိ ယူဆနိုင်းရှည်တော်မူသင့် ကြောင်းကို မေတ္တာဆက်အပ်သည် - သာသနဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်။

**အမရပူရနှင့် သီဟိုဠ် ဆက်ဆံရေး**

ဘိုးတော်ဗဒုံမင်းတရားလက်ထက်တွင် သီဟိုဠ်ကျွန်းနှင့် ဆက်ဆံရေးမှာ ကောင်းမွန်လှပါသည်။ သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သာမဏေငါးပါးနှင့် ဥပါသကာတစ်ယောက် အမရပူရမြို့တော်သို့ ရောက်လာသည်။ ဘိုးတော်မင်းတရားသည် ရောက်လာသော သာမဏေငါးပါးကို ဆင်ကြီးရွှေဂူသိမ်၌ သာသနာပြုဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီးလျှင် -

ကဝိန္ဒာဘိရာဇဂုရုဆရာတော်

ဇနိန္ဒာဘိရာဇဂုရုဆရာတော်

မုနိန္ဒဃောသရာဇဂုရုဆရာတော် - ဆရာတော်သုံးပါးက ကမ္မဝါစာဆရာအဖြစ် ဆောင်ရွက်၍ ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူသည်။ ဥပါသကာကိုလည်း ရှင်သာမဏေအဖြစ်သို့ ရောက်စေသည်။ အမရပူရမြို့တော်မှ ရဟန်းပြုကြသော ရဟန်းတော်များ သီဟိုဠ်ကျွန်းပြန်ကြ၍ သီတင်းသုံးတော်မူကြသောအခါ ထိုရဟန်းတို့၏ အဆက်အနွယ်ကို အမရပူရဂိုဏ်းဟု ဂိုဏ်းသီးခြားဖြစ်လာသည်။ ယနေ့တိုင် သီဟိုဠ်ကျွန်း၌ အမရပူရဂိုဏ်းဟု ထင်ရှားရှိပါသည်။ ဘိုးတော်ဗဒုံမင်းတရားသည် စိတ်မဖောက်ပြန်မီက သာသနာရေး သာသနာမှုတို့ကို ကြီးကြီးပမ်းပမ်းပြုစုခဲ့ပါသတည်း။

ဘိုးတော်ဗဒုံမင်းတရား နတ်ရွာစံသောအခါ ၁၁၈၁ ခုနှစ်တွင် ရတာပူရ စတုတ္ထမြို့တည် (ဘကြီးတော်) မင်းတရား နန်းတက်ခဲ့သည်။ ထိုမင်းတရားလက်ထက် ညောင်ကန်ဆရာတော်အရှင်ပုညရံသီ (ဦးပို)၊ ညောင်ကန်ဆရာတော် အရှင်ဇမ္ဗူဓဇ (ဦးဗုစ်)စသော ထင်ရှားသော ဆရာတော်များ ပေါ်ထွန်းခဲ့ပါသည်။ ရှေးဆရာများ ရေးသားပြီး သာသနာဝင်ကျမ်းများရှိပြီးဖြစ်၍ ဤသာသနာသမိုင်းတွင် လျစ်လျူရှုရပါတော့မည်။

သာသနာသမိုင်းတွင် မပါလျှင် မပြီးသော ကုန်းဘောင်ခေတ်နှောင်း မန္တလေးခေတ် ပဉ္စမသင်္ဂါယနာတင်အကြောင်းကို အကျဉ်းမျှ ဖော်ပြပါဦးမည်။ မင်းတုန်းမင်းတရားကြီးသည် အမရပူရမြို့တော်မှ ရွှေ့ပြောင်း၍သာသနာတော်နှစ် ၂၄၀၁၊ ကောဇာသက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် မန္တလေးမြို့တော်ကိုတည်ထောင်ခဲ့သည်။ မင်းတုန်းမင်းတရားသည် သာသနာတော်ကို ကြည်ညိုမြတ်နိုးသောမင်းဖြစ်ရာ မန္တလေးမြို့တော်ကို တည်ထောင်သောအခါ သာသနာတော်ကိုပါ အခိုင်အမာ ပန္နက်ချခဲ့သည်ဟု ဆိုထိုက်လှပါသည်။ မြို့တော်၊ ကျုံးတော်၊ စေတီတော်၊ သိမ်တော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော် ဤ ခုနစ် ဌာနကို တစ်ပြိုင်နက်တည်ထောင်ခဲ့သည်။ ခုနစ် ဌာနတွင် ငါး ဌာနသည် သာသနာတော်အတွက်သာဖြစ်သည်။မင်းတုန်းမင်းတရားကြီး၏ သာသနာရေး

ဆောင်ရွက်ချက်များတွင် ကမ္ဘာတည်မည့်သာသနာသမိုင်းဝင် ဆောင်ရွက်ချက်ကား သေလက္ခရာရှင်ခေါ် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်၍ ပဉ္စမသင်္ဂါယနာ တင်ခဲ့ခြင်းပင် ဖြစ်သည်။

မင်းတုန်းမင်းတရားကြီးသည် စကျင့်တောင်တော်မှ သလင်းကျောက်ဖြူတော်များကို ချဆောင်ချောမောစေသည်။ သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ကစ၍ ရွှေနန်းတော်အတွင်း၌ ခမ်းနားလှစွာဆောက်လုပ်ထားသော တန်ဆောင်းတော်ကြီးအတွင်း၌ -

၁။ တောင်တော်မိဖုရားကြီး၏ဆရာ
ဇဂရာဘိဝံသတိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု

၂။ မြတောင်မြို့စား သေနတ်ဝန်ကြီးဆရာ
နရိန္ဒာဘိသိရိသဒ္ဓမ္မဇောတိပါလဇမဟာဓမ္မရာဇာဓိရာဇဂုရု

၃။ စီးတော်မြင်းဝန်တိုက်ဆရာတော် သုမင်္ဂလသာမိ သိရီပဝရမဏိဇ
မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရဆရာတော်ကြီးသုံးပါးတို့ကို ပုဒ်၊ ပါဠိ အက္ခရာ မချွတ်မယွင်းသန့်ရှင်းအောင် ပြင်ဆင်ရန် လျှောက်ထား၍ -

၁။ အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီး မဟာသိရိဥဇနာ

၂။ အတွင်းဝန် ယောမြို့စားမင်းကြီး မဟာမင်းလှစည်သူ

၃။ ခင်မ မင်းဝန် မိုင်းခိုင်မြို့စား မဟာသိရိဇေယျသူ

၄။ သံတော်ဆင့် နေမျိုးရာဇစည်သူ

၅။ အမိန့်တော်ရေး မင်းထင်ဇေယျသူ

၆။ အသုံးစာရေး နေမျိုးကျော်သူတို့ကို ကြီးကြပ်စေ၍ ကျောက်ထက်အက္ခရာတင်ရသည်။

ဝိနည်း (၅)ကျမ်း၊ ပါဠိတော် ကျောက်ချပ်ရေ (၁၁၁)

အဘိဓမ္မာ (၇)ကျမ်း၊ ပါဠိတော် ကျောက်ချပ်ရေ (၂၀၈)

နိကာယ်ငါးကျမ်း၊ သုတ်ပါဠိတော် ကျောက်ချပ်ရေ (၄၁၀)

တို့ကို ကျောက်ထက်အက္ခရာတင်ရာ ၁၂၃၀၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ပြီးသည်။ ထိုကျောက်စာတော်များကို မဟာလောကမာရဇိန်ဘုရားအတွင်း အုတ်ပြာသာဒ်ဂူတည်ထား၍ ကိုးကွယ်တော်မူသည်။

## မုခါရှင့် ပဉ္စမသင်္ဂါယနာ

ကျောက်ထက်အက္ခရာတင်၍သာ သင်္ဂါယနာတင်ခဲ့သည်မဟုတ်ပေ။ သံဃာတော် ၂၄၀၀ တို့ကို ၁၂၃၃ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက်နေ့ (နှစ်ဆန်း ၁ ရက်နေ့) တွင် ရွှေနန်းပြာသာဒ်တော်ကြီး သီဟာသနပလ္လင်တော်ရှေ့တွင် ဝိနည်းပိဋကတ်တော်ကစ၍ နှုတ်ဖြင့်ရွတ်ဆိုကာ သင်္ဂါယနာတင်တော်မူကြရသည်။ ၁၂၃၃ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်နေ့တွင် ပဉ္စမသင်္ဂါယနာတင် မဟာဓမ္မသဘင်ကြီး ပြီးစီးအောင်မြင်သည်။

## ပဉ္စမသင်္ဂါယနာတင် အန်ချင်း

သူကောင်းလေ။ ကုန်းဘောင်ရွှေပြည်၊ ထောင်ဦးတည်သား၊ ဇာနည် ဥက္ကင်၊ ဘေးလောင်နတ်မှ၊ မပြတ်စည်းရုံး၊ များပြုံးပွားပြုံး၊ မုတ္တာကုံးသို့ မင်းဆုံနှင့်နှင့်၊ ဆဒ္ဒန်ရှင်တွင်၊ သိုက်ဝင်ဒသမ၊ ကွာပိန္ဒကား၊ စကြာ့တန္ဆန်း၊ သက္ကဘုန်းဖြင့်၊ ကုန်း-အင်း-ကိုင်း-အ-မ၊ ငါးဌာန တွင်၊ မအက္ခရာ၊ မန္တလာကို၊ ပထမာဒီက၊ လက်မွန်စ၍၊ ရာဇနဂရေ၊ မင်းနေပြည်ကြီး၊ ဖန်ဆင်းပြီးသော်၊ စောထီးမြတ်စွာ၊ န-လေဖြာဖြင့်၊ မှာတော်မူခဲ့၊ ပုံးရာမဲ့ကို၊ ပြဲ့ပြဲ့တင်မြင်၊ ရှုမြင်ဆင်ခြင်၍၊ သင်သရာဝင်၊ လွတ်ပစေသော၊ ကျွတ်စေသြဟု၊ မနောပဏီဓိ၊ ရည်သန် ရှိလျက်၊ ပကတိငွေရောင်၊ သလင်းတောင်မှ၊ ယူဆောင်ကျောက်ချပ်၊ တမော့အပ်၍၊ ပွတ်သပ်ပြီးခါ၊ သာသနာမူ၊ ယာ-နာဝရ၊ ဂေါစာ့ပုံရေး၊ ဒွေး ဒွေး ဒွေက၊ သရဒသဘင်၊ ဦးရက်တွင်၌၊ ရေးတင်ဆစ်ထု၊ လက်သားစုတို့၊ သုမင်္ဂလာ၊ ဇာဂရာနှင့်၊ နရိန္ဒာဘိဓဇ အတုလမိပ်၊ တံဆိပ်တစ်မှတ်၊ ပိဋကတ်ကို၊ ပတ်ပတ်ရစ်လို့မှ၊ စက်နယ်အိမ့်သား၊ နှစ်သိမ့် လောက်စွာ၊ ထေရ်သုံးဖြာလျှင်၊ သေချာဖြတ်တည်း၊ ပြင်ဆင်လည်းသည်၊ ဝိနည်းဘိဓမ္မာ၊ သုတ္တန္တာဟု၊ ရာတစ်ဆယ်တစ်၊ နှစ်ရာရှစ်နှင့်၊ ဇောဇက်သုည၊ ပေါင်းလကမူ၊ ခုနစ်နှစ်ဆယ်၊ ကိုးသွယ်ချပ်မှန်၊ ဓမ္မက္ခန်ရှစ်သောင်း၊ လေးထောင်ပေါင်းကား၊ ရှင်ကောင်းသာသနာ၊ နှစ်ထောင်းသာလျက်၊ လေးရာဆယ့်နှစ်၊ သက္ကရာဇ်မူ၊ တစ်နှစ်သုံးနောက်၊ သုညပေါက်၍၊ လရောက်ကဆုန်၊ ပုဏ္ဏာဘိတ်နေ့၊ ပြီးစုံစေ့ရှင့်၊ ချမ်းမြေ့နှစ်သက်၊ အထက်လေးဖြာ၊ သင်ယနာတွင်၊ သေဋ္ဌာရှင့်၊ ပဉ္စမသင်္ဂါယနာ၊ တင်ပြန်လာသည်။ ရတနာပုံနန်းတွင် တည့်လေး၊ မေတ္တာသက်ဝေ သူတော်ကောင်းတို့-ဟု ဇီးပန်နီဆရာတော်က အန်ချင်း ကဗျာဖွဲ့၍ သမိုင်းတင်ခဲ့ပါသည်။

## ဆဋ္ဌသင်္ဂါယနာ

ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံသောအခါ သားတော် သီပေါမင်း နန်းတက်ခဲ့သည်။ သာသနာရေး သာသနာမှုကို ပြုစုတော်မူခဲ့သည်။ သီပေါမင်း နန်းစံစဉ်အခါ နယ်ချဲ့သမားတို့၏ ဝါးမျိုခြင်းကိုခံရသဖြင့် မြန်မာနိုင်ငံသည် ထီးကျိုး စည်ပေါက် သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝ၏ ခါးသီးလှသော အရသာကို ကိုယ်တိုင်ခံစားရသော ဇီးပင်နီဆရာတော်က "သေသော်မှတည့်ဩော်ကောင်း၏" ဟု ညည်းညူ တော်မူခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေး ရခဲ့သည်။ မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၀၀ ခန့် နေရသဖြင့် မြန်မာနိုင်ငံ သားတို့၏ အားထားကိုးကွယ်ရာ ဗုဒ္ဓသာသနာတော်သည် ညှိုးနွမ်းမှေးမှိန်ခဲ့ရသည်။ သာသနာတော်သန့်ရှင်းစင်ကြယ်ရေးသည်လည်း အားနည်းမှေးမှိန်ခဲ့သည်။ သာသနာ့ ဥဿျောင် ဆရာတော်ကြီးများနှင့် နိုင်ငံတော်အကြီးအကဲများသည် သာသနာတော် သန့်ရှင်း စင်ကြယ်ရေးစည်ပင်တိုးတက်ရေးကို အလေးအနက်ထား၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကို ဆင်ယင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ သာသနာ တော်သန့်ရှင်းတည်တံ့ရေးအတွက် ပရိယတ်စာပေခေါ် ပိဋကတ်တော်သန့်ရှင်းစင်ကြယ် ရေးသည် ပဓာနလိုအပ်ချက်ဖြစ်သည်။

ပဉ္စမသင်္ဂါယနာတင်ကျောက်စာတော်မူဟု ပုံနှိပ်တိုက်များက ရိုက်နှိပ်ထားသော ပိဋကတ်စာအုပ်များရှိခဲ့သည်။ သို့သော် စနစ်တကျကြည့်ရှုတည်းဖြတ်မှုမရှိ၍ ချွတ်ယွင်း နေသော အရာများကို ပိဋကတ်ကျွမ်းကျင်တတ်မြောက်တော်မူသော ဆရာတော်များက သတိပြုမိတော်မူကြသည်။ ထို့ကြောင့် ပါဠိဂိသောဓေကအဖွဲ့၊ ပဋိဝိသောဓေကအဖွဲ့၊ ဩသာန ဝိသောဓေကအဖွဲ့များကို ဖွဲ့စည်းတော်မူကြပြီး ပါဠိတော် အဋ္ဌကထာ ဋီကာများကို စနစ် တကျပြင်ဆင်တော်မူကြသည်။ ထိုပြင်ဆင်ပြီးစာမူများကို ရိုက်နှိပ်ထားရာ စံချိန်စံညွှန်းမီ သော ပိဋကတ်စာအုပ်များပေါ်ထွက်လာခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ၏ အနှစ်သာရဟုပင် ဆိုထိုက်လှပါသည်။

ဆဋ္ဌသင်္ဂါယနာတင် မဟာဓမ္မသဘင်ကို သာသနာတော်နှစ် (၂၄၉၈) မြန်မာ သက္ကရာဇ် (၁၃၁၆) ခုနှစ် (ခရစ် ၁၉၅၄) ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပတော်မူခဲ့ကြသည်။ မန္တလေးမြို့

ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတ (အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်ဘုရားကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘဏ (အဂ္ဂမဟာပဏ္ဍိတ)က ပုစ္ဆကဆရာတော်အဖြစ် ဆောင်ရွက်၍ မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (တိပိဋကဓမ္မဘဏ္ဍာဂါရိက) ဆရာတော်က ဝိသဇ္ဇကဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ထေရဝါဒ ငါးနိုင်ငံမှ ရဟန်းသံဃာတော် (၂၅၀၀)တို့က ဆဋ္ဌသင်္ဂါယနာတင် ဓမ္မသဘင်ကို ဆင်ယင်ကျင်းပတော်မူခဲ့ကြသည်။ မြန်မာနိုင်ငံတော်သည် ပဉ္စမသင်္ဂါယနာတင်နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ဆင်နွှဲကျင်းပနိုင်ခဲ့ရာ "ထူးခြားသောနိုင်ငံတော်" ဟု သာသနာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်လှပေသည်။

## နိဂုံးလင်္ကာ

ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ဦးစွာအစ၊ ဖြစ်စဉ်ကလျှင်၊ ကာလရှည်ကြာ၊ ကြောင်းအရာကို၊ ကောင်းစွာစုံလင်၊ သမိုင်းတင်၍၊ လူရှင်အများ၊ သိစေသားဟု၊ စိတ်ထားစေတနာ၊ မွန်မြတ်စွာဖြင့်၊ ဖွေရှာစေ့ငု၊ ရေးသားပြုခဲ့၊ မှတ်ရှုဖို့ရာ၊ သမိုင်းမှာကား၊ လွန်စွာရှည်လျား၊ ကျယ်ဝန်းများ၍၊ မှတ်သားလွယ်မူ၊ အကျဉ်းပြုရှင့်၊ ကြည့်ရှုကောင်းစွာ၊ ကြောင်းအရာကို၊ လေ့လာမှတ်သား၊ မြတ်ဘုရား၏၊ ထူးခြားလှစွာ၊ သာသနာကို၊ ရောင်ဝါမညှိုး၊ တိုးတက်တိုးအောင်၊ အားကြိုးလုံ့လ၊ စွမ်းဆောင်ကလျှင်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊ ကမ္ဘာလူသား၊ ကောင်းကျိုးပွား၍၊ စိတ်ထားမြင့်မြတ်၊ အကျင့်ခါတ်ဖြင့်၊ လွှမ်းပတ်ကမ္ဘာ၊ သာသနာသည်၊ ရောင်ဝါနေသို့ ထွန်းစေသောဝ်။

## ကိုးကားမှီငြမ်းပြုသော ကျမ်းများ


၁။ သုတ်မဟာဝါ ပါဠိတော်
၂။ ပါရာဇိကဏ် အဋ္ဌကထာ (ပ)
၃။ ဓမ္မပဒ အဋ္ဌကထာ (ပ)
၄။ သာရတ္ထ ဒီပနီ ဋီကာ
၅။ ကပ္ပဒ္ဒုမ
၆။ ကလျာဏီကျောက်စာ ပါဠိနိဿယ
၇။ ကလျာဏီကျောက်စာမြန်မာပြန်
၈။ ဇိနတ္ထ ပကာသနီ
၉။ တထာဂတ ဥဒါန ဒီပနီ
၁၀။ တိစိဝရိက အာစရိယဝံသ (ပေမူ)
၁၁။ ပိဋကတ်တော်သမိုင်း
၁၂။ ပုဂံကျောက်စာ လက်ရွေးစင်
၁၃။ ပေါရာဏဒီပနီ
၁၄။ ဘူမိစာပေနိဒါန်း
၁၅။ မဃဒေဝ လင်္ကာသစ်
၁၆။ မှန်နန်းရာဇဝင်
၁၇။ မဟာရာဇဝင်ကြီး (ဦးကုလား)
၁၈။ မဟာဝံသပါဠိ
၁၉။ ရွှေကျင်နိကာယ သာသနာဝင်
၂၀။ ဝံသဒီပနီ
၂၁။ သတ ပဒိတ ပုဒ္ဓာ
၂၂။ သမန္တ စက္ခုဒီပနီ
၂၃။ သာသန ဝံသပ္ပကာသနီ
၂၄။ သာသနဝံသ ဒီပနီ (မဟာဒွါရနိကာယ)
၂၅။ သာသနသုဒ္ဓိ ဒီပကပါဠိ
၂၆။ သာသန ဗဟုသုတ ပကာသနီ
၂၇။ သာသနာလင်္ကာရ စာတမ်း

ပ၊စ၊လ/၅၃၄/၀၄/စာပေ(စာတည်း)/၁၀၀၀+၂၅·အုပ်/အောင်ဆန်း။

